www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၂၆၃/ ၂၀၀၄(၃)
အဖုံးခွင့်ပြုချက် - ၅၀၀၉၀၂၀၆၁၁
မျက်နှာဖုံးဒီဇိုင်း - မဒွေး
အတွင်းအပြင်အဆင် - နွယ်နီဝင်း
ထုတ်ဝေသူ - ဦးတင်လှိုင် (မြ-၀၄၁၀၁)
ပင်းမြိုင်လယ်စာပေ
၅၇၊ ခရေပင်လမ်း၊
၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ။
ပုံနှိပ်သူ - ဦးဝင်းလွင် (မြ-၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဘွန်းလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။
ပုံနှိပ်ခြင်း - ပထမအကြိမ်
ပုံနှိပ်ဖြန့်ချိသည့်လ - ၂၀၀၇-ခုနှစ်၊ လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - **ဝန်းမြိုင်လယ်** စာပေ
၅၇(က)၊ ခရေပင်လမ်း၊
၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်း - ၆၃၅၂၆၂

လယ်တွင်းသား
# စောချစ်
# ရွှေမြင်းမိုရ်ရှိပြီးမှာစိုးတယ်
တ တိ ယ အ ကြိ မ်



www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်လပြည့်နေ့ညသည် လောကတခွင် အလှဆင်သော ည၊ ကျက်သရေတင့်သော ည။ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း မီးအလှပြိုင်သော ညဖြစ်သည်။

ရန်ကုန်မြို့၏ မီးထွန်းပွဲစည်ကားရာ ရပ်ကွက်အတွင်းဝယ် မြမြသက်သည် အိမ်ပြတင်းတွင်ရပ်လျက် သီတင်းကျွတ်လပြည့်ည၏ အလှဝယ် နစ်မြောနေသည်။ အိမ်ပြတင်းပေါက်၌ ချိတ်ဆွဲထားသည့် ဝါ၊ စိမ်း၊ နီ မီးပုံးကလေးများ၏ အရောင်ဟပ်၍ သူ၏ မျက်နှာသည်လည်း ရောင်စုံ ခြယ်ထားသည့်နှယ် နုပျိုလှပနေသည်။

လမ်းပေါ်တွင်ကား သွားလာသူတို့နှင့် စည်းကားနေ၏။ အားလုံးသည် ဝတ်ကောင်းစားလှများနှင့် မြူးကြွနေသည်။ ပွဲသွားကြော့ကြော့ဆိုသည့်အတိုင်း ကြော့ကြော့မော့မော့ ဖြစ်နေကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်မှ ဇာတ်ခုံတွင် တေးသရုပ်ဖော် အစီအစဉ်များ ဖျော်ဖြေတင်ဆက်ရန် လူငယ်များ တက်ညီလက်ညီ ပြင်ဆင်နေကြသည်။

အရှေ့ဘက်ကောင်းကင်တွင်ကား အလှဆုံးမီးပုံးကြီးတစ်လုံးနှင့်တူသည့် ဖိုးလမင်းကြီးသည် ဝင်းပကြည်လင်စွာနှင့် သာချင်တိုင်းသာ၍နေသည်။

လမ်းထဲသို့ မီးထွန်းပွဲသွားကြည့်ကြသော သားနှင့်သမီးတို့ ပြန်လာကြပြီ။

အငယ်ဆုံးသမီးလေးက ဖယောင်းတိုင်ထည့်ထွန်းထားသော သင်္ဘောပုံမီးပုံးလေးကို ကြိုးဖြင့်ချည်၍ ဆွဲလာသည်။ အကြီးနှစ်ယောက်ကတော့ ဘာကိုစိတ်ဝင်စားလာကြသည်မသိ။ အချီအချပြောဆိုလာကြသည်။

မြမြသက်သည် ချစ်သောသားသမီးများ၏ ပျော်ရွှင်နေသောမျက်နှာကလေးများကိုကြည့်၍ ကြည်နူးမဆုံးဖြစ်နေသည်။

'ကဲ. . . . သားတို့ သမီးတို့ အားလုံးလာကြ၊ မိသားစုဘုရားမီးပူဇော်ကြရအောင်'

ဘုရားစင်တွင် နေ့စဉ်ထွန်းနေကျ ရောင်စုံမီးပွင့်ကလေးများသည် လင်းချည်တခါ မှိတ်ချည်တလှည့်နှင့် စိန်ပွင့်ကလေးများနှယ် မြူးကြွတက်နေကြသည်။

'ကဲ. . . . အစ်ကို၊ မီးပူဇော်ကြရအောင်လေ'

မြမြသက်က ခင်ပွန်းဖြစ်သူ ကိုကျော်ခိုင်ကို လှမ်းခေါ်လိုက်သည်။

ကိုကျော်ခိုင်သည် ဖတ်လက်စ စာအုပ်ကိုချ၍ ဇနီးနှင့်သား သမီးများရှိရာ ဘုရားစင်သို့လာသည်။

'အေး. . . . ကောင်းတယ်ကွ၊ ပေး. . . . အစ်ကို အယ
ပူဇော်မယ်'

ကိုကျော်ခိုင်သည် မြမြသက်ထံမှ မီးထွန်းထားသော ဖယောင်း တိုင်ကို လှမ်းယူယင်း ပြုံးလိုက်သည်။ ကြည်နူးသောအပြုံး၊ ချစ်ကြင်နာ သော အပြုံး။

ဘုရားစင်ရှေ့တွင် အသင့်စိုက်ထူထားသော ဖယောင်းတိုင် များမှ တတိုင်ကို မီးထွန်းညှိလိုက်သည်။

'ကဲ. . . . ရော့၊ ဖေဖေပြီးတော့ မေမေ့အလှည့်'

ကိုကျော်ခိုင်က မီးကူးပေးသော ဖယောင်းတိုင်ကို မြမြသက်ထံ ပေးလိုက်သည်။ နှုတ်မှလည်း တိုးတိုးရွတ်ဆိုနေသည်။

'ကဲ. . . . သားတို့သမီးတို့အလှည့်၊ လာထွန်းကြ'

သမီးကြီးသီတာက ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်သည် ပြီးတော့ သားလတ်အောင်အောင်၊ နောက်ဆုံးတွင် သမီးငယ်လေး ပိုးအိ ၏အလှည့်။

ပိုးအိ မီးထွန်းသည်ကို ဖေဖေ မေမေနှင့် အစ်ကို အစ်မများ ကြည့်၍ ပြုံးနေကြသည်။

ပိုးအိသည် ဖယောင်းတိုင်မီးတောက်ကလေးများကို ကြည့်၍ သဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . . ဘုရားရှိခိုးကြရအောင်'

ကိုကျော်ခိုင်က အားလုံးကို နှိုးဆော်လိုက်သည်။

သားသမီးသုံးယောက်က ရှေ့မှထိုင်၍ ဖေဖေနှင့်မေမေက နောက်မှထိုင်ပြီး လက်အုပ်ချီ ညီညီညာညာ ဘုရားကန်တော့ကြသည်။

မြမြသက်၏ စိတ်ထဲတွင် လင်နှင့်သားသမီးတို့နှင့်အတူ ဘုရားမီးပူဇော်ရသည်ကို ကြည်နူးနေလေသည်။

မီးပူဇော်၍ ပြီးကြပြီ။

'ကဲ. . . . ဖေဖေကြီးကို ကန်တော့ကြရအောင်၊ အစ်ကိုက ဒီမှာ ထိုင်လေ'

မြမြသက်က ဘုရားစင်ရှေ့မှ သင်ဖြူးဖျာတလေးကို တည့်တည့်ဖြစ်အောင် ပြင်ခင်းလိုက်သည်။ ကိုကျော်ခိုင်သည် သင်ဖြူးပေါ်တွင် တင်ပျဉ်ခွေထိုင်ယင်း မြမြသက်ကိုကြည့်၍ ပြုံးလိုက်သည်။ 'ဟုတ်ပြီလား' ဟု မေးသည့်သဘော။

သမီးနှင့်သားတို့က ဖခင်၏ရှေ့တွင် ဒူးတုပ်၍ ထိုင်လိုက်ကြသည်။

'ခဏလေးနော် အစ်ကို'

မြမြသက်သည် အိမ်ခန်းထဲသို့ ဝင်သွား၍ စက္ကူအိတ်တခု ယူလာသည်။

'ဘာလဲကွ'

'နေဦးလေ အစ်ကိုရဲ့၊ ပြီးမှကြည့်၊ အခု ကန်တော့ဦးမယ်'

မြမြသက်သည် သားနှင့်သမီးတို့၏ ရှေ့ဆုံးမှ နေရာယူပြီး



ဒူးတုပ်၍ ထိုင်လိုက်သည်။

'ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြစ်မှားမိတာများရှိခဲ့ရင် ခွင့်လွှတ်ပါ အစ်ကို'

မြမြသက်နှင့် သားသမီးများက ကန်တော့ကြသည်။

ကိုကျော်ခိုင်၏စိတ်ထဲတွင် ဝမ်းသာကြည်နူးမှုတွေ ပြည့်လျှမ်းနေမိသည်။

'ခွင့်လွှတ်ပါတယ်ဗျာ၊ အားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိကြပါစေ'

'ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ'

'ကဲ. . . . ကြည့်တော့မယ် နော်'

ကိုကျော်ခိုင်က စက္ကူအိတ်ကို ဖွင့်ကြည့်လိုက်သည်။

'ဟာ. . . . ရခိုင်လုံချည်လေး၊ လှလိုက်တာကွာ၊ ငါ့မိန်းမက ဝယ်တတ်လိုက်တာ'

မြမြသက်နှင့် ကလေးများသည် ကိုကျော်ခိုင် သဘောကျနေသည်ကို ကြည့်၍ ဝမ်းသာနေကြသည်။

'အစ်ကိုမှာ သွားစရာလာစရာရှိယင် လုံချည်ကောင်းကောင်း မရှိလို့ သက် စုဗူးကိုဖောက်ပြီး ဝယ်ကန်တော့တာ'

'နှမြောစရာ သက်ရယ်၊ သက် ယုန်မွေးဆွယ်တာ ဝယ်ချင်လို့ စုထားတာ မဟုတ်လား'

'ဟင့်အင်း. . . . အဲဒါက အရေးမကြီးပါဘူး၊ နောက်ကုန် ဆောင်းကလဲ ဒီလောက် အေးတာမဟုတ်ပါဘူး၊ အစ်ကို့အတွက် လုံချည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းတထည်ရှိဖို့က တကယ် လိုအပ်နေတာ၊ သီတင်းကျွတ် ဆိုရင် မင်္ဂလာဆောင်တွေက လာတော့မယ်'

'သာဓုဗျာ သာဓု သာဓု၊ ငါ့မိန်းမ ဘဝဆက်တိုင်းဆက်တိုင်း အဝတ်အထည်တွေ ပေါများပါစေ'

'အစ်ကိုပေးတဲ့ ဆုနဲ့ ပြည့်ပါစေ'

'ပြည့်ပါဂျေ. . . . ပြည့်ပါဂျေ'

ပိုးအိက ဝမ်းသာပျော်ရွှင်စွာ ပြော၍ လက်ခုပ်တီးသောကြောင့် အားလုံးရယ်ကြရသည်။

'ကဲ. . . . သားနဲ့သမီးတို့က မေမေ့ကိုကန်တော့ကြဦး၊ လာသတ်တ ဒီမှာထိုင်'

တိုကျော်ခိုင်က သင်ဖြူးဖျာပေါ်မှာဖယ်ပေး၍ ကုလားထိုင်ပေါ်တွင် သွားထိုင်သည်။

'သမီးတို့ သားတို့ ကာယကံ ဝစီကံ မနောကံနဲ့ပြစ်မှားမိတာများရှိရင် ခွင့်လွှတ်ပါ မေမေ'

မောင်နှမသုံးယောက် အမေ့ကိုကန်တော့ကြသည်။

'ခွင့်လွှတ်ပါတယ်ကွယ်၊ သာဓု သာဓု သာဓု၊ သားတို့ သမီးတို့ ကိုယ်ကျန်းမာ စိတ်ချမ်းသာရှိကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ'

'မမကို ကန်တော့မယ်'

ပိုးအိပြော၍ အားလုံးရယ်ကြရပြန်သည်။

'အေး. . . . ဟုတ်တယ်၊ ဟုတ်တယ်၊ အစ်မကြီးတော့ အမိအရာ တဲ့၊ သားနဲ့သမီးလေးက မမကြီးကို ကန်တော့ကြ'

ကိုကျော်ခိုင်က သမီးငယ်၏အဆိုကို ထောက်ခံလိုက်သည်။

'လာ. . . . သမီးက ဒီမှာထိုင်'

မြမြသက်က သမီးကြီးကို နေရာဖယ်ပေးသည်။

သီတာက ရှက်ရွံ့စွာရယ်ပြုံးရင်း သင်ဖြူးပေါ်တွင် ဒူးတုပ်၍ ထိုင်လိုက်သည်။

'ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါမမ'

အောင်အောင်နှင့်ပိုးအိတို့က အစ်မကို ကန်တော့ကြသည်။

သီတာ ဆုမပေးတတ်၊ ဖေဖေနှင့်မေမေကို လှမ်းကြည့်ပြီး ပြုံးနေသည်။

'မမ ချပေးလေ'

ပိုးအိက ခတောင်းဆိုလိုက်၍ အားလုံးပြုံးရယ်ကြသည်။

'ဟုတ်တယ်လေ၊ သမီးက ဆုပေးမှပေါ့'

မိခင်က တိုက်တွန်းနေသည်။

'မောင်လေးနဲ့ညီမလေးတို့ ကျန်းမာချမ်းသာကြပါစေ'

သီတာက ဆုပေးရင်း ရှက်နေသည်။

'မမကြီး ဖယ်လေ၊ ကိုကို ထိုင်လိမ့်မယ်'

'အေး. . . . ဟုတ်တယ်၊ သမီးကြီးဖယ်လိုက်၊ သားက ထိုင်၊ ညီမလေး ကန်တော့လိမ့်မယ်'

သီတာကဖယ်ပေးသည်။ အောင်အောင်က လူကြီးလိုခပ်

www.burmeseclassic.com

www.burmeseclassic.com



တည်တည်နှင့် တင်ပျဉ်ခွေထိုင်လိုက်သောကြောင့် ရယ်ကြရသည်။

'ကာယက် ဝဂျီက် မနောက်တို့နဲ့ ပြစ်မှားမိတာပါ။ ခွင့်လွှတ်ပါ ကိုကို'

ပိုးအိက အစ်ကိုအောင်အောင်ကို ကန်တော့သည်။

မြမြသက်သည် လိမ္မာသောသမီးငယ်လေးကိုကြည့်၍ သဘောကျလွန်းသောကြောင့် မျက်ရည်များပင်လည်လာသည်။

'သာဓု သာဓု သာဓု ညီမလေး မုန့်တွေအများကြီးစားရပါစေ'

အောင်အောင်ကခပ်တည်တည်နှင့် ဆုပေးနေသောကြောင့် ရယ်ကြရပြန်သည်။

'အေး....ကောင်းတယ်၊ ကိုကိုပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ ကိုကို ဖယ်တော့လေ'

'ဘာလုပ်ဦးမလို့လဲ'

'အဲဒီသင်ဖြူးဖျာပေါ်မှာ ညီမလေးထိုင်လှည့်လေ'

အားလုံးရယ်ကြသည်။

'ဟား....ဟား ညီမလေးကို ဘယ်သူကကန်တော့မှာတုံး'

'မီးမီးကျတော့ ဘယ်တူမှကန်တော့မယ့်လူ အရှိဘူးလား ဖေဖေ'

ပိုးအိက ဖခင်ကိုလှမ်းပြော၍ ရယ်ကြရသည်။

'မေမေ မောင်လေးတစ်ယောက် ထပ်မွေးပေးပါ၊ ဒါမှ မီးမီး ကန်တော့ခံရမှာ'

ပိုးအိက ဖျာပေါ်တွင်ထိုင်၍ ကန်တော့မည့်သူကို တောင်းဆို



နေသည်။

'ကဲ....ကဲ သားတို့ သမီးတို့ နားထောင်ကြ၊ ဖေဖေကြီးက သီတင်းကျွတ်မှာ မီးထွန်းရတဲ့အကြောင်းကို ပြောပြလိမ့်မယ်၊ အစ်ကို ပြောပြလိုက်ပါ'

'ဟား....ဟား ဒီနေ့တော့ ငါမိန်းမက အခမ်းအနားမှူး ပဲဟေ့'

'ဒါဖြင့်လဲ သဘာပတိကြီးက မိန့်ခွန်းမြွက်ကြားလိုက်ပါဦး'

'သဘာပတိကျီး ပြောပါ ပြောပါ'

ပိုးအိကပါ တောင်းဆိုလိုက်ပြန်သည်။

ယနေ့တော့ မိသားစုရယ်၍ချည်းနေရသည်။

'ကဲ....ကဲ နားထောင်ကြ၊ သီတင်းကျွတ်လပြည့်နေ့ညမှာ ဘာဖြစ်လို့ မီးထွန်းရတာလဲဆိုရင် မြတ်စွာဘုရားရှိစဉ်တုန်းက....'

ကိုကျော်ခိုင်က စကားစလိုက်သည်။ သီတာ၊ အောင်အောင် နှင့် ပိုးအိတို့က ဖခင်၏ခြေရင်းသို့ တိုးကပ်သွားကြသည်။

'မြတ်စွာဘုရားဟာ ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်မှာဝါဆိုပြီး မယ်တော်နတ်သားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရုပ်နာမ်တို့၏ သဘောတရားဖြစ်သည့် အဘိဓမ္မာတရားတော်ကို ဟောတော်မူတယ်၊ သီတင်းကျွတ်လပြည့်နေ့ရောက်တော့ မြင်းမိုရ်တောင်ထိပ်မှာရှိတဲ့နတ်ပြည်ကနေ လူ့ပြည်ကို ပြန်ကြွလာတယ်၊ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဆိုတဲ့ စောင်းတန်းသုံးသွယ်နဲ့ နတ်ဗြဟ္မာတွေခြံရံပြီး လူ့ပြည်ကိုပြန်ကြွတော်မူလာတယ်၊ သက်သေနဝိုရ်

www.burmeseclassic.com



ပြည်ကို ပြန်ကြွလာတော်မူတယ်တဲ့၊ အချိန်က ညမှောင်ရီသမ်းတဲ့ အချိန်မို့ လူတွေ နတ်တွေ ဗြဟ္မာတွေက ဘုရားကို မီးရှူးတိုင် တွေနဲ့ ပူဇော်ကြတယ်တဲ့၊ အဲဒါကိုအကြောင်းပြုပြီး သီတင်းကျွတ်လပြည့် နေ့ရောက်တိုင်း ဘုရားကိုရည်စူးပြီး မီးထွန်းကြတာဖြစ်တယ်၊ လူတွေ က ဥပုသ်သီတင်း စောင့်ကြတယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုကြတယ်၊ အသက် အရွယ် ကြီးသူတွေကို ကန်တော့ကြတယ်၊ ဘုရားဖူးသွားကြ၊ မီးထွန်းပွဲလည်ကြနဲ့ ပျော်ရွှင်ကြတယ်၊ ဘုရားသားတော် ရဟန်းတော် တွေ ကလည်း ဝါလကင်းလွတ်တဲ့ သီတင်းကျွတ်ရောက်လို့ လိုရာခရီး ကိုသွားနိုင်ကြတယ်၊ ဝါတွင်းသုံးလမှာတော့ ကိုယ်နေတဲ့ကျောင်းမှာပဲ ဝါကပ်နေကြရတယ်၊ ခရီးမသွားရဘူး၊ ဝါတွင်းမှာ လူတွေလဲ အိမ် ထောင်သားမွေး မပြုကြဘူး၊ မင်္ဂလာဆောင်တွေ မရှိဘူးပေါ့၊ သီတင်း ကျွတ်မှာ မင်္ဂလာဆောင်ရတယ်'

'မေမေ၊ ဖေဖေနဲ့ မေမေ့အကြောင်းကို မောင်လေးနဲ့ ညီမလေး ကို ပြောပြလိုက်ပါဦး'

သီတာက မိခင်အနားသို့ကပ်၍ တိုက်တွန်းလိုက်သည်။

'ဘာလဲ မေမေ၊ ပြောပါ ပြောပါ'

ပိုးအိက ခပ်ချွဲချွဲ တောင်းဆိုလိုက်သည်။

'ဟုက်တယ် မေမေ၊ ပြောပြပါ'

အောင်အောင်ကပါ တောင်းဆိုလာသည်။

'ကဲ. . . . အစ်ကို၊ ဆက်ပြောပြလိုက်ပါဦး'

မြမြသက်က ရှက်စနိုးပြုံးရင်း ကိုကျော်ခိုင်ကို တာဝန်လွှဲပေး



နေသည်။

'ပြောပြပါ ဖေဖေ'

ကလေးများသည် ကိုကျော်ခိုင်၏အနီးသို့ ပြန်ကပ်လာကြပြန် သည်။

'အေး. . . . အေး ပြောပါ့မယ်၊ ဖေဖေနဲ့မေမေလည်း ခုလို သီတင်းကျွတ်လပြည့်နေ့ညမှာ မီးထွန်းပွဲကြည့်ရာကနေ ခိုးပြေးခဲ့ကြ တယ်'

'ဟင် ဘာပြုလို့ ခိုးပြေးရတာလဲ ဖေဖေ'

'မေမေတို့အမေက သဘောမတူလို့ပေါ့'

'ဟင် ဘွားဘွားကလည်း ဖေဖေ့လိုသဘောကောင်းတဲ့လူနဲ့ တောင် တသဘောအတူဘူးတဲ့လား'

ပိုးအိစကားကြောင့် အားလုံးရယ်ကြသည်။

'အေး. . . . ဟုတ်တာပေါ့သမီးရဲ့၊ ဘွားဘွားက ဖေဖေနဲ့ သဘောမတူဘဲ သူတို့ပုသိမ်က ပိုက်ဆံချမ်းသာတဲ့လူတစ်ယောက်နဲ့ မေမေ့ကို ပေးစားမယ်လုပ်တယ်'

'အို. . . . ဘွားဘွားကလည်း ပိုက်ချံဘာလုပ်ဖို့လဲ၊ ပိုက်ချံတ ကိုက် ချားလို့ရတာလည်း ဟုတ်ဘဲနဲ့'

ပိုးအိက ဘွားဘွားကို မကျေမနပ် ဖြစ်နေသည်။

'အေးပေါ့သမီးရဲ့၊ ဒါနဲ့ သီတင်းကျွတ်လပြည့်နေ့မှာ မီးကြည့် ဖို့ထွက်လာတဲ့မေမေ့ကို ဖေဖေက ခိုးပြေးတာပေါ့'

'ကောင်းတယ်. . . . ကောင်းတယ်၊ ဒါမှ ဘွားဘွားမှတ် ကရော'

www.burmeseclassic.com

www.burmeseclassic.com



ပိုးအိစကားကိုဘဲ မိသားစုအားလုံး ရယ်နေကြရသည်။

'ဘွားဘွားက လိုက်မရှာဘူးလား ဖေဖေ'

အောင်အောင်က မေးသည်။

'ရှာတာပေါ့သားရဲ့'

'ဖေဖေတို့က ဘယ်သွားနေတုံး'

'ဖေဖေတို့က ပုန်းနေတာပေါ့ သမီးရဲ့'

'ဟာ. . . . ပျော်စရာကြီး ဘွားဘွားနဲ့ဖေဖေတို့နဲ့ တူတူပုန်းတမ်း တရှားနေကြတယ်'

'နောက်တော့ ဘယ်လိုတွေ့သွားလဲ ဖေဖေ'

အောင်အောင်က မေးသည်။

'မတွေ့ပါဘူး။ ဖေဖေနဲ့မေမေက အမိခံလိုက်တာ'

'အင်. . . . ဘာဖြစ်လို့လဲ၊ ဘွားဘွားက ပန်းပေးလို့လား'

'ဟား. . . . ဟား မဟုတ်ပါဘူး သမီးရယ်၊ ဖေဖေနဲ့မေမေက ဘွားဘွားကိုသနားလို့ အမိခံလိုက်တာပါ'

'အဲဒီတော့ ဘွားဘွားက ဘာပြောလဲ ဖေဖေ'

'ဘွားဘွားက မေမေ့ကိုဆူတာပေါ့'

မြမြသက်က ဖြေသည်။

'ဟင်. . . . ဘွားဘွား အကောင်းဘူး၊ ဘွားဘွားဆိုးတာပေါ့'

'ကွယ်လွန်သွားတဲ့ဘွားဘွားကို မကောင်းမပြောရဘူး သမီးရဲ့၊ ဘွားဘွားက နောက်တော့ ဖေဖေနဲ့မေမေကို ကောင်းကောင်း မင်္ဂလာဆောင်ပေးပါတယ်၊ ဖေဖေ့ကိုလည်း ချစ်ပါတယ်၊ အခု ဖေဖေတို့ သမီးတို့နေတဲ့ဒီအိမ်ဟာ ဘွားဘွားပေးခဲ့တဲ့အမွေပေါ့'



'ဟုတ်တယ် သမီးရဲ့'

မြမြသက်က ကိုကျော်ခိုင်ကို ထောက်ခံလိုက်သည်။

'ဒါဖြင့် မီးမီးမှားတွားတယ်၊ ဘွားဘွားကို ကန်တော့ပါတယ်'

ပိုးအိက ဘွားဘွားကို ရည်မှန်း၍ လက်အုပ်ချီ ရှိခိုးလိုက်သည်။

'လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ မေမေ့ဆီ လာစမ်းပါဦး'

မြမြသက်က ပိုးအိကို ပွေ့၍ မွှေးလိုက်သည်။

'ဖေဖေနဲ့မေမေ ထွက်ပြေးတာ ဒီလိုနေ့ပေါ့နော်'

အောင်အောင် က စကားဆက်နေပြန်သည်။

'အေးပေါ့သားရဲ့၊ ဒီနေ့ဆိုရင် ဆယ့်ငါးနှစ်ပြည့်တဲ့နေ့ပေါ့၊ ကဲ. . . . ကဲ ဆယ့်ငါးနှစ်မြောက် မင်္ဂလာနေ့မှာ မေမေက ဘာကျွေးမှာလဲ'

'ရှိတယ် ဖေဖေ ရှိတယ်၊ သမီးနဲ့ မေမေနဲ့လုပ်ထားတယ်'

သီတာက ဖြေသည်။

'ကဲ. . . . သမီးကြီးနဲ့ သားက သွားယူကြ'

'ဟုတ်ကဲ့ မေမေ'

'လာပါဦး၊ သမီးလေးက ဖေဖေ့ဆီ လာပါဦး'

ကိုကျော်ခိုင်သည် မြမြသက်၏ ရင်ခွင်ထဲမှ သမီးငယ်ပိုးအိကို ပွေ့ယူ၍ မွှေးလိုက်သည်။

'မီးမီး မမတို့ကို သွားကူဦးမယ်နော် ဖေဖေ'

'နေစမ်းပါ မီးမီးရယ်၊ ဖေဖေနဲ့ မီးမီးက သူတို့လာပြီးမှ စားကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ညမှ ကြီးကြီးတိမ်း အရှိဘူးနော် မေမေ၊ ကြီးကြီးတိမ်းတော့ ရွှေရင်အေး အသောက်ရတော့ဘူး'

'ကြီးကြီးသိန်းက ချမ်းမြေ့ရိပ်သာမှာသွားပြီး ဥပုသ်စောင့်တာ သမီးရဲ့၊ မနက်ကျ အစောကြီး ပြန်လာမှာပေါ့'

မြမြသက်သည် စားပွဲဝိုင်းကိုချ၍ အဝတ်စားပွဲခင်းတစ်ခု ခင်းလိုက်သည်။

သီတာနှင့် အောင်အောင်က ရွှေရင်အေး ထည့်ထားသော ပန်းကန်များကို ယူလာ၍ စားပွဲပေါ်တွင်ချသည်။

'ဟေး ကိုကိုပေးတဲ့ချက မြည့်တယ်ကွ၊ မုန့်တွေအများကြီး များရတော့မယ်'

ပိုးအိ ပြောလိုက်တိုင်း ရယ်၍ချည်း နေကြရသည်။

မိသားစု ပျော်ပျော်ပါးပါး စားသောက်ကြသည်။

စားသောက်ပြီးသောအခါ မိသားစု မီးထွန်းပွဲ ထွက်ကြည့်ကြသည်။ လမ်းထိပ်တွင် တောင်းတင်ရထား လည်နေသည်ကို တွေ့ရသည်။ အောင်အောင်၏ တောင်းဆိုချက်ကြောင့် မိသားစု ရထားစီးကြသည်။ အတက်တွင် ငြိမ့်ကနဲဖြစ်သွား၍ အရသာရှိသည်။ အပေါ်ဆုံးသို့ ရောက်သောအခါ မီးထွန်းထားသော လမ်းများကို အထက်စီးမှ ကြည့်ကြရသည်။ သို့သော် အဆင်းသို့ရောက်သောအခါ ရင်ထဲတွင် ဖိုလှိုက်သွားအောင် ခံစားရသည်။ သမီးငယ်ပိုးအိသည် အတက်တွင် ပျော်ရွှင်စွာဖြင့် မျက်စိဖွင့်ကြည့်နေသော်လည်း အဆင်းသို့ ရောက်သောအခါ မျက်စိမှိတ်ထားရှာသည်။ ထို့ကြောင့် အဆင်းသို့ရောက်



တိုင်း ကိုကျော်ခိုင်က သမီးငယ်၏ရင်ကို လက်ဖြင့် ဖိထားပေး သည်။

ရထားစီး၍ ပြီးသောအခါ မီးထွန်းပွဲလည်ရင်း တေးသရုပ်ဖော်များကို လိုက်ကြည့်ကြသည်။

ကိုကျော်ခိုင်နှင့် မြမြသက်တို့၏ ၁၅ နှစ်မြောက် မင်္ဂလာညသည် မိသားတစုလုံး ပျော်စရာည တည၊ ကြည်နူးစရာည တည၊ မမေ့နိုင်သော ညတညပင်ဖြစ်လေသည်။

✱ ✱ ✱

'သက်ရေ. . . ပြီးပြီလားဟေ့ သွားကြစို့၊ ရုံးချိန်နီးနေပြီ၊ တော်တော်ကြာ ဘတ်စ်ကားကြပ်နေလိမ့်မယ်'

'ပြီးပါပြီ အစ်ကို၊ ဒီမှာ သမီးနဲ့ သားရဲ့ ထမင်းဗူး ထည့်ပေးနေလို့ပါ'

'ကဲ. . . . သက်၊ သွား သွား မမသိန်း ထည့်လိုက်မယ်'

'ပြီးပါပြီ မမသိန်း၊ သမီးနဲ့သား ဒီမှာဟေ့ ထမင်းဗူး'

'ဟုတ်ကဲ့ မေမေ'

'သမီးနဲ့သား ကျောင်းသွားရင် ကားတွေ သတိထားသွားနော် အောင်အောင်'

'ဗျာ မေမေ'

'လမ်းမှာ မဆော့နဲ့နော်၊ မမစကား နားထောင်'

'ဟုတ်ကဲ့ပါ မေမေ'

'သမီး သီတာ'

'ရှင် မေမေ'

www.burmeseclassic.com

www.burmeseclassic.com

'မောင်လေးနဲ့ အတူသွားနော်၊ မောင်လေး လမ်းမှာ မဆော့စေနဲ့'

'ဟုတ်ကဲ့ပါ မေမေ'

'အတန်းထဲမှာ ဆရာသင်တာကိုလည်း အသေအချာဂရုစိုက်နားထောင်ကြနော်၊ ငေးမောမနေနဲ့ကြားလား'

'ဟုတ်ကဲ့ပါ မေမေ'

'ဘယ်သူနဲ့မှ ရန်မဖြစ်ကြရဘူးနော်'

'စိတ်ချပါ မေမေ'

**'သက်ရေ မှာလို့မပြီးတော့ဘူးလားဟေ့'**

'ပြီးပါပြီ အစ်ကို၊ လာပါပြီ၊ သြော် မမသိန်း ကျောင်းအိမ်ထဲမှာ သမီးလေးဖို့မုန့်ရှိတယ်၊ သူ့ကိုမုန့်ကြိုပို့ရင် အဲဒီမုန့်ပေးလိုက်ပါ၊ ညနေကျတော့လည်း မမသိန်းပဲ သွားကြိုနော်'

'အေးပါ စိတ်ချပါ သက်ရယ်'

'သမီးလေးရေ'

'ချင် မေမေ'

'ကြီးကြီးသိန်းဆီမှာ မေမေ မုန့်ပေးခဲ့တယ်နော်'

'ဟုတ်ကဲ့'

'မုန့်ကို ကျောင်းဆင်းမှစားနော်၊ ကျောင်းတက်နေတုန်းစားရင် ဆရာမ ဆူလိမ့်မယ်သိလား'

'ဟုတ်ကဲ့'

'မမသိန်း သမီးအင်္ကျီမှာ လက်ကိုင်ပုဝါလေး တွယ်ချိတ်နဲ့



တွယ်ပေးလိုက်ဖို့ မမေ့နဲ့နော်'

'အေးပါ သက်ရယ်၊ မမေ့ပါဘူး'

'သက်ရေ'

ကိုကျော်ခိုင်၏အသံက စိတ်မရှည်သံ။

'လာပြီ အစ်ကို၊ လာပြီ'

မြမြသက်သည် ကိုကျော်ခိုင်နှင့်သူ့အတွက် ထမင်းဗူးနှစ်ဗူးကို ယူခဲ့သည်။

'ရော့ အစ်ကို၊ ဆီနည်းနည်းတော့ပါတယ်နော်၊ မစောင်းအောင်ကိုင်၊ ပေးပေး အစ်ကို့အိတ်ပေး၊ သက်ထည့်ပေးမယ်'

'ရပါတယ်ကွာ ငါ့ဘာသာထည့်ပါ့မယ်၊ သက်ကိုကြည့်ရတာ စောစောစီးစီး မောလိုက်တာ'

မြမြသက်က သူ့ထမင်းဗူးကိုခြင်းထဲမှာထည့်သည်။

ရုံးသမားချင်းတူသော်လည်း ရုံးချင်းမတူ၍ ထမင်းဗူးကိုခွဲထည့်ရသည်။

'သြော် . . . အစ်ကို ခဏလေးနော်၊ စိတ်မတိုလိုက်ပါနဲ့၊ လက်ကိုင်ပုဝါမေ့နေလို့'

မြမြသက်သည် ဗီရိုသော့ဖွင့်၍ လက်ကိုင်ပုဝါနှစ်ထည်ကို ထုတ်ယူသည်။

'မမသိန်းရေ ရော့ . . . ရော့၊ ဒီမှာ သမီးလေးကို ဒီလက်ကိုင်ပုဝါအသစ် တွယ်ပေးလိုက်ပါ'

'အေး . . . အေး၊ အဲဒီစားပွဲပေါ် ထားခဲ့သက်ရေ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . . ပြီးပြီလား၊ မရွှေသက်'

'ပြီးပါပြီ အစ်ကိုရယ်၊ ဟင်. . . . အစ်ကို့ဖိနပ်လဲကြည့်ပါဦး၊ သည်းကြိုးမှာဖုန်တွေပေလို့၊ ခဏလေးချွတ်လိုက်ပါဦး အစ်ကိုရယ်၊ သက်လုပ်ပေးပါ့မယ်'

မြမြသက်က ဖိနပ်စင်ပေါ်မှ ဘရပ်ချ်ကို ယူလိုက်သည်။

'ကိစ္စမရှိပါဘူးကွာ၊ ကြာအောင်လုပ်မနေပါနဲ့'

'မကြာပါဘူး အစ်ကိုရယ်၊ ကဲ. . . . ကဲ၊ မချွတ်နဲ့၊ ခြေထောက်ရွှေ့တိုး'

ကိုကျော်ခိုင်က ဖိနပ်ကိုစီးလျက် ခြေထောက်ကိုရွှေ့တိုးပေးသည်။

မြမြသက်က ဖိနပ်သည်းကြိုးများကို ဘရပ်ဖြင့်တိုက်ပေးသည်။

'ကဲ. . . . ပြောင်သွားပါပြီ၊ သွားစို့၊ သားတို့ သမီးတို့ မေမေတို့သွားတော့မယ်ဟေ့'

'ဟုတ်ကဲ့ မေမေ'

'ကလေးတွေကို မုန့်ဖိုးပေးပြီးပြီလား အစ်ကို'

'ပေးပြီးပါပြီ သက်ရယ်၊ သက်မှာ ပူပင်ရတာတွေများလိုက်တာ၊ ကဲလာ သွားကြစို့'

'သားနဲ့သမီး၊ ရှစ်နာရီထိုးမှ ကျောင်းသွားကြနော်၊ စာကျက်နေကြဦး'

အိမ်ရှေ့သို့ရောက်မှ မြမြသက်က လှမ်းအော်လိုက်ပြန်သည်။

'မမသိန်းရေ ဟင်းနည်းနေရင် ညနေကျတော့ ဝက်သားနဲ့



အာလူးတစ်ခွက် ချက်ထားလိုက်ဦးနော်'

'အေး. . . . အေး'

အိမ်ပေါက်မှထွက်ခါနီးအထိ မြမြသက်သည် လှမ်းအော်နေခဲ့ဖြစ်သည်။

လမ်းပေါ်သို့ရောက်ခဲ့ပြီ။

'ပေး. . . . ပေး၊ သက်ခြင်းကို အစ်ကိုယူခဲ့မယ်'

'ရပါတယ် အစ်ကို'

'ငါ့မိန်းမ အလုပ်သွားခါနီးဆိုရင် သူ့သားသမီးတွေကို စိတ်မချနိုင်ဘူး၊ မှာလိုက်ရတာတို့ မောနေတာဘဲ'

'မှာနိုင်လွန်းမှ တော်ကာကျတာမို့ပါ အစ်ကိုရယ်'

'သက်ကလည်း စိုးရိမ်တတ်လွန်းလို့ပါ၊ တော်ရုံသင့်ရုံပါဒေါ်သိန်းရှိတာပဲ၊ သူကြည့်လုပ်သွားမှာပေါ့'

'အမေအဖေနဲ့တော့ ဘယ်တူပါ့မလဲ အစ်ကိုရယ်'

'သက် ပင်ပန်းလွန်းလို့ပြောတာပါ။ သက်ကိုကြည့်ရတာလည်းအားနည်းသလိုပဲ၊ နည်းနည်းလည်း ပိန်လာတယ်၊ ကိုယ့်ကိုယ်ကိုလည်းသက်သာအောင်နေတတ်ဖို့ လိုသေးတယ်'

မြမြသက်သည် ကိုကျော်ခိုင်၏ကြင်နာတတ်မှုကို သဘော. . . ၍ ပြုံးလိုက်သည်။

'ဟော. . . . လာ သက်ရေ ဟိုမှာ ဘတ်စ်ကား . . .'

လင်မယားနှစ်ယောက် အပြေးအလွှားသွား၍ . . . ကားပေါ်သို့တက်လိုက်ကြ၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် ရုံးသို့ရောက်သောအခါ ကိုးနာရီထိုးရန်ငါးမိနစ်သာလို တော့သည်။ ရုံးချိန်အမီရောက်၍ တော်ပေသေး၏။ မနက်က အိမ်မှအထွက်တွင် မြမြသက်မှာကြားနေသည်များကို စောင့်နေရသောကြောင့် နောက်ကျသွားသည်။ နောက်ကျလျှင် ဘတ်စ်ကားကြပ်စမြဲ။ ကိုကျော်ခိုင်၏ရုံးက အမှတ် (၈) နှင့် အမှတ်(၇) ဘတ်စ်ကားနှစ်ဆင့်ပြောင်းစီးရ၍ ပိုကြာသည်။

ကိုကျော်ခိုင် ရုံးနောက်မကျချင်ပါ။ ကိုယ်ကရုံးအုပ်တစ်ယောက်။ သူများနောက်ကျလျှင် မင်နီတားပြီး အထက်လူကြီးထံ တင်ပေးရသည်။ ကိုယ်တိုင်က မင်နီနှင့်ဖြစ်နေလျှင်မကောင်း။ ဒီသဘောတရားကို ကိုကျော်ခိုင် ကောင်းကောင်းသဘောပေါက်သည်။ သဘောပေါက်သည့်အတိုင်း အမြဲတမ်း ကျင့်သုံးသည်။

ရုံးတက်ရုံးဆင်း မှတ်တမ်းစာအုပ်တွင် ကိုကျော်ခိုင်လက်မှတ်ထိုးလိုက်သည်။

တစ်ယောက်ပြီးတစ်ယောက် အချိန်မီရောက်လာကြသည်။ သတ်မှတ်ချက်အရ ကိုးနာရီ ဆယ့်ငါးမိနစ်အထိ စောင့်သည်။ တစ်ယောက်မျှ နောက်ကျသူမရှိ။ မင်နီသုံးရန်မလို၍ ကိုကျော်ခိုင် ဝမ်းသာရသည်။ တာဝန်အရ မလွှဲမကင်းသာ၍ လုပ်ဆောင်ရသော်လည်း ကိုကျော်ခိုင် မည်သူ့ကိုမျှ မင်နီမတားချင်။ ကိုကျော်ခိုင်သည် ရုံးအကူမောင်ခင်ထွန်းကိုခေါ်၍ မှတ်တမ်းစာအုပ်ကို ဌာနခွဲမှူးစားပွဲပေါ်သို့သွားအတင်ခိုင်းလိုက်သည်။

မောင်ခင်ထွန်း ပြန်ထွက်လာသောအခါ. . . .



'ဆရာ၊ ဌာနခွဲမှူးက ဆရာ့ကိုတွေ့ချင်လို့တဲ့'

ဟူသော စကားလက်ဆောင်ပါလာသည်။

ကိုကျော်ခိုင်သည် ဆင်နားရွက်တံခါးကိုတွန်း၍ ဌာနခွဲမှူးအခန်းသို့ ဝင်ခဲ့သည်။

'ထိုင် ဦးကျော်ခိုင် ဟောဒီမှာ အရေးကြီးတဲ့တာဝန်တစ်ခုတော့ ရောက်လာပြန်ပြီ'

ဌာနခွဲမှူးက ကိုကျော်ခိုင်၏ရှေ့တွင် ကပ်ဖိုင်တစ်ခုနှင့် စာရွက်တစ်ထပ်ကို ချပေးလိုက်သည်။

'အဲဒီစာရင်းတွေကို ဌာနမှူးက နက်ဖြန်ခါမနက် ရချင်တယ်တဲ့၊ အမြန်ဆုံးလုပ်ပေးပါဦး'

'ဟုတ်ကဲ့ ဆရာ'

ကိုကျော်ခိုင်သည် ဌာနခွဲမှူး၏လမ်းညွှန်ချက်များကိုခံယူပြီး ကပ်ဖိုင်နှင့်စာရွက်ထပ်ကိုယူ၍ ပြန်ထွက်လာခဲ့သည်။ သူ့တွင် နေ့စဉ်ပုံမှန်လုပ်ရသည့် လုပ်ငန်းတာဝန်များလည်း ရှိသေးသည်။

ဤစာရင်းများကို ရုံးချိန်အတွင်း ပြီးအောင်ဆိုလျှင် အတော်ကြိုးစားလုပ်ရလိမ့်မည်။ အချိန်ပိုလည်း မဆင်းချင်။ မြမြသက်တညနေရုံးဆင်းလျှင် အတူပြန်ရန်မှာထားခဲ့သည်။ အခြားသူများကို ခိုင်းရမည်ကလည်း သူ့တာဝန်နှင့်သူ ကိုယ်စီကိုယ်ငှ မအားကြ။ ကိုယ်တရုံးအုပ်ဖြစ်၍ စီမံခန့်ခွဲရုံသက်သက်မျှနှင့် အောက်လက်ငယ်သားများကိုချည်း ခိုင်းနေတာမျိုးလည်း မလုပ်ချင်။ ထို့ပြင် စာရင်းများမှာအရေးကြီး၍ အမှားအယွင်းမရှိအောင်လည်း ကိုယ်တိုင်လုပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်သည် သက်ဆိုင်ရာဖိုင်တွဲများကို ဗီရိုအတွင်းမှ ဆွဲထုတ်လိုက်သည်။ သူ့ကိုကူညီရန် စာရေးကိုရွှေသိန်းတစ်ယောက်ကိုသာ ခေါ်လိုက်သည်။ ဆရာတပည့်နှစ်ယောက် တက်ညီလက်ညီကြိုးစား၍ ဆယ့်တစ်နာရီခွဲသောအခါ တဝက်ခန့်ပြုစုပြီးသွားသည်။

'ဆရာ၊ ဝေဝေ ကူရဦးမလား ဆရာ'

'ရပါတယ် ဝေဝေ၊ မလိုတော့ပါဘူး၊ အချိန်မီပြီးမှာပါ'

'ဒါဖြင့် ထမင်းစားကြမယ် ဆရာ၊ ဆယ့်တစ်နာရီခွဲပြီ'

'ဩော်. . . . အေးအေး ရော့. . . . ဆရာ့ ထမင်းဗူး ကဲ. . . . ကိုရွှေသိန်းရေ နားကြ စားကြဦးစို့'

ကိုကျော်ခိုင့်ဌာနစိတ်သည် ထမင်းစားချိန်၌ အားလုံးတစ်စုတရုံးတည်း လက်ဆုံစားကြသည်။ ထမင်းဗူးမျိုးစုံမှ ဟင်းမျိုးစုံစားရသည်။ ရင်းရင်းနှီးနှီး ပြောရင်းဆိုရင်း စားကြရသည်ကို ကိုကျော်ခိုင်အဖို့ ထမင်းစားမြိန်သဖြင့် အလွန်သဘောကျသည်။

ထမင်းစားခန်းသို့ ကိုကျော်ခိုင် ရောက်သွားသောအခါ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ကိုကျော်ခိုင်၏ထမင်းဗူးကိုလည်း ဝေဝေ ကဖွင့်၍ပြင်ဆင်ထားပြီး ဖြစ်နေသည်။ ကိုကျော်ခိုင်၏ ထမင်းဗူးထဲတွင် အသည်းဟင်းတစ်ဖတ်ရောက်နေသည်။

'ဟ. . . . အဲဒီအသည်းဖတ်က ဘယ်သူထည့်တာတုံးကွ၊ သိန်းထွန်းလားဟေ့'

'မဟုတ်ဘူး ဆရာ၊ ဝေဝေ'

'မဟုတ်ဘူး ဆရာ၊ မမသက်'



ဝေဝေပြောပြီး ရယ်သည်။

'ဘယ်က မမသက်လဲ'

'ဟင်. . . . ဆရာကလဲ မမသက်တောင် မသိတော့ဘူးလား'

အားလုံးရယ်ကြသည်။

'ဒီလို ဆရာရေ့၊ ဆရာ့သက်က ကြက်သားဟင်းထဲမှာ အသည်းထည့်ပေးလိုက်တယ်၊ အဲဒါ သူတို့နိုက်စားမှာစိုးလို့ မေတ္တာနဲ့ ထည့်ပေးသူရဲ့စေတနာလေး အထမြောက်အောင် ဝေဝေက ဆရာ့ အထဲကို ထည့်ထားလိုက်တာ'

ဒေါ်အုံးကြည်က ရှင်းပြလိုက်သည်။

သိန်းထွန်းနှင့်စံလှက ဒေါ်အုံးကြည်ကို မျက်စောင်းထိုးလိုက်ကြသည်။

'ဟုတ်တယ်ကွ၊ သက်ကပေးတဲ့အသည်းကိုတော့ ဝေမစားနိုင်ဘူး'

'ဟားဟား၊ ငါတို့ဆရာကလဲ ကဗျာဆန်လိုက်တာ၊ သက်ကပေးတဲ့ အသည်းတဲ့'

သိန်းထွန်းကပြော၍ ရယ်ကြသည်။

'ဒါနဲ့ နေပါဦး၊ ဆရာ့ကိုတော့ ဆရာ့သက်က အသည်းပေးလိုက်တယ်၊ မမကြည်ကိုတော့ သူ့ယောက်ျားကြီးက ကြက်ခြေထောက်ရိုးပဲ ထည့်ပေးလိုက်ပါလား၊ ဟား ဟား'

စံလှကပြော၍ ဝိုင်းရယ်ကြသည်။

'ဟဲ့. . . . သေနာလေး၊ ဒါ ငါ့ဘာသာ အရိုးကိုက်ချင်လို့ ထည့်လာတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ. . . . ခင်ဗျားက အရိုးကိုက်တာ ဝါသနာပါတယ်နော်'

ဝိုင်းရယ်ကြပြန်သည်။

'စံလှ၊ မင်းကလည်း ဘာမှမသိပဲနဲ့၊ သူကလည်း ဆရာ့သက်လို နေမှာပေါ့ကွ၊ သူ့ထမင်းပူးထဲကို အရိုးချည်းထည့်လာပေမယ့် သူ့ယောကျ်ားကိုတော့ အသည်းထည့်ပေးလိုက်မှာပေါ့'

ငြိမ်နေသောကိုအောင်မြင့်က ဝင်နှောက်လာပြန်သည်။

'အောင်မြင့်နော်'

'ဒါဖြင့် ဟိုမှာလဲ ကြည်ကပေးတဲ့အသည်းနဲ့ ကြည်နေမှာပေါ့'

'သိန်းထွန်းနော်'

'ငါကတော့ မထင်ဘူး'

'စံလှ၊ နင့်ပါးစပ်ပိတ်ထား'

'ဘာဖြစ်လို့တုံးကွ'

အောင်မြင်တဲ့ အတို့အထောင်သမား။

'ငါတို့ဆရာက သက်ကပေးတဲ့အသည်းကို ခွဲဝေမစားပေမယ့် သူ့ယောကျ်ားကတော့ ကြည်ကပေးတဲ့အသည်းကို ဆပ်စလူးမလေးနဲ့ ခွဲစား'

'ကဲဟယ်. . . . ကဲဟယ်၊ နင့်ပါးစပ်ကိုပိတ်ထားလို့ ပြောတာ မရဘူး'

'အံမယ်လေးဗျာ'

ဒေါ်အုံးကြည် စံလှ၏မျက်နှာကို သောက်နေသော ရေနွေးကြမ်းနှင့် ဈမ်းပက်လိုက်သည်။



အားလုံး ရယ်ကြသည်။

'မင်းကလည်း အံမယ်လေးဗျာလို့ မအော်ရဘူးကွ၊ ဂိန်လို့ အော်ရတယ်၊ အဲဒါ တရုတ်မောင်း မောင်းတာ ခေါ်တယ်ကွ'

'တော်ပြီ. . . . အောင်မြင့်၊ မင်းပြောမှ ပိုဆိုးတယ်၊ တော်ပါ သေးရဲ့ကွာ၊ ရေနွေးကြမ်းက သိပ်မပူလို့၊ ပူရင်လည်း ငါ့ အစ်မကြီးက ရက်စက်မှာ မဟုတ်ပါဘူး'

ဤထမင်းစားဝိုင်းမှာ နေ့စဉ်ပင် ဤသို့သော အစအနောက်များ၊ အရယ်အပြုံးများနှင့် ပျော်စရာကောင်းခဲ့သည်၊ ဤထမင်းစားဝိုင်းကြောင့်လည်း ရုံးသူရုံးသားအချင်းချင်း ပို၍ရင်းနှီးချစ်ခင်လာကြသည်။ စည်းလုံးညီညွတ်လာကြသည်။

ထမင်းစားပြီးသောအခါ ရေနွေးကြမ်းသောက်ရင်း ခဏတဖြုတ် စကားပြောကြပြန်သည်။

ဝေဝေက သူ့တွင်ပါလာသော နေကြာစေ့လှော်နှစ်ထုပ်ကို ဖောက်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ကိုယ်စီကိုယ်ငှယူ၍ စားကြသည်။

ဒေါ်အုံးကြည် သူပါလာသော ထန်းလျက်ငါးခဲကို အားလုံးစားလောက်အောင် ထုခွဲပြီး စက္ကူပေါ်တင်ပေးသည်။

'မမကြည်၊ ကျွန်တော်လည်း စားရပါတယ်နော်'

စံလှကပြောနေဆဲမှာပင် လက်ကယူပြီးနေပြီ။

'မသိဘူး သေနာလေး'

ကိုကျော်ခိုင်ကတော့ ရေနွေးကြမ်းသောက်ရင်း ဆက်လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com

မည့်စာရင်းများကို စဉ်းစားနေသည်။

'ဆရာ၊ ကျွန်တော့်ကက်ဆက် အဒက်ပတာ ဆရာ ကွိုင်ပြန်ပတ်ပေးတာ အိုကေပဲ၊ မနေ့ညကဖွင့်တာ သိပ်ကောင်းတာပဲ၊ ကျေးဇူးပဲ ဆရာ'

'ဟော့ကောင် သိန်းထွန်း၊ မင်းပါးစပ်က ကျေးဇူးတင်ရုံနဲ့တော့ ဘယ်ရမလဲကွ၊ အဲဒါ မင်းဆိုင်သွားပြင်ရင် ရှစ်ရာတစ်ထောင်ပေးရမယ်'

ကိုအောင်မြင့်က ဝင်ထောက်လိုက်သည်။

'ဆရာ့ကို သူ ဘယ်လောက်ပေးလဲ ဆရာ'

ဒေါ်အုံးကြည်က မေးသည်။

'ဒီကောင်က တပြားမှမပေးဘူး'

ရွှေသိန်းက ဖြေသည်။

'ဟယ်. . . . ဒါဆိုရင်တော့ မကျေနပ်ဘူး'

'အံမယ်. . . . ပြင်ပေးတဲ့ဆရာက ကျေနပ်ပါတယ်၊ ခင်ဗျားတို့က ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ဟဲ့၊ ဆရာကအားနာလို့မပြောတာကို နင်က အခွင့်ကောင်းယူတာ၊ တို့က မခံနိုင်ဘူး၊ အဲဒီတော့ ဒီလိုလုပ်၊ တစ်ထောင်လောက်တန်တာကို နင် ငါးရာတော့ပေး၊ ဆရာရော ငါတို့အားလုံးပါ အခုမုန့်ဝယ်စားကြမယ်၊ ဆရာ သဘောတူလား'

ကိုကျော်ခိုင်က ပြုံးရင်းခေါင်းညိတ်ပြသည်။

'ဟုတ်တယ်. . . . ဟုတ်တယ်၊ သဘောတူတယ်'



ဝေဝေက ဒေါ်အုံးကြည်ကို ထောက်ခံလိုက်သည်။ အားလုံးကလည်း သဘောတူကြောင်းလက်ခုပ်တီး၍ ထောက်ခံလိုက်ကြသည်။

'အံမယ်၊ နင်တို့က တယ်စားချင် သောက်ချင် နေကြပါလား'

'ဟော့ကောင်၊ ဟိုမှာ ဆရာကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြတယ်ကွ'

စံလှက ကိုကျော်ခိုင်ကို သက်သေထူသည်။

'ကဲပါကွာ၊ ငါးရာများပါတယ်၊ အခု မင်းမှာဘယ်လောက်ပါလဲ'

ဘေးမှစံလှနှင့်အောင်မြင့်က သိန်းထွန်း၏အိတ်ထောင်များကို နှိုက်၍စစ်ဆေးကြသည်။

'ဒီမှာ ဆရာ၊ သုံးရာပါတယ်'

'ကဲ. . . . တစ်ရာကို ပြန်ပေးလိုက်ကွာ၊ ကျန်တာကို ၄က်ပျောသီးနဲ့ မလိုင်ခဲ အဝယ်ခိုင်းလိုက်၊ အားလုံးစားကြမယ်'

'ကောင်းတယ်. . . . ကောင်းတယ်'

အားလုံး လက်ခုပ်တီးကြသည်။

'ဟော့. . . . ညီလေး မောင်ခင်ထွန်း၊ ရော့ သွားဝယ်ချေ'

စံလှက မောင်ခင်ထွန်းကို ငွေခုနစ်ကျပ်ပေးလိုက်သည်။

'ဟော့. . . . သိန်းထွန်း၊ မင်းကျေနပ်ရဲ့လား'

'ကျေနပ်ပါတယ် ဆရာ၊ ဆရာစားတာကို ကျေနပ်တယ်၊ သူတို့တော့ မသထာဘူး'

www.burmeseclassic.com

www.burmeseclassic.com


'ကောင်းတယ်. . . . ကောင်းတယ်၊ တို့ကလည်း မသထာ ရေစာမှ စားချင်တာ'

ဒေါ်အုံးကြည်က ဝမ်းသာအားရ ဖြစ်နေသည်။

ကိုကျော်ခိုင်၏စားပွဲပေါ်မှ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

ဝေဝေက ဖုန်းကိုသွားကိုင်သည်။

'ဟုတ်ကဲ့ ပြောပါရှင်'

'ဟုတ်ကဲ့ ဆရာ၊ ရှိပါတယ်ရှင်၊ ကိုင်ထားပါနော်'

ဝေဝေက ကိုကျော်ခိုင်ကို လှမ်းကြည့်လိုက်သည်။

'ဆရာ၊ မမသက်တို့ရုံးက တယ်လီဖုန်း'

'သက်လား'

'မမသက် မဟုတ်ဘူး ဆရာ'

ကိုကျော်ခိုင်ထလာ၍ ဝေဝေ၏လက်မှတယ်လီဖုန်းကို ယူလိုက်သည်။

'ဟုတ်ကဲ့. . . . ပြောပါ၊ ကျွန်တော် ကျော်ခိုင်ပါ'

'ဗျာ. . . . သက် မူးလဲလို့ ဟုတ်လား'

'ဗျာ. . . . ရန်ကုန်ဆေးရုံကြီးကို'

'အရေးပေါ် လူနာဌာန'

'ဟုတ်ကဲ့. . . . ဟုတ်ကဲ့၊ ကျွန်တော် အခုလိုက်သွားပါ့မယ်'

ကိုကျော်ခိုင် တယ်လီဖုန်းကို ပြန်ချသောလက်သည် အနည်းငယ်တုန်နေသည်။

'ဆရာ၊ မမသက် ဘာဖြစ်လို့လဲ'

ဝေဝေက စိုးရိမ်စွာဖြင့်မေးသည်။

'သက် မူးလဲသွားလို့တဲ့'

'ဗို ဘာဖြစ်လို့လဲ ဆရာ'

'ဒေါ်မြမြသက် မူးလဲတယ် ဟုတ်လား'

'ဗို ဒုက္ခပါပဲ'

'ဆရာ လိုက်သွားလေ'

'ကျွန်တော်တို့ လိုက်ခဲ့မယ် ဆရာ'

အားလုံးကပင် တစ်ယောက်တစ်မျိုး မေးကြပြောကြနှင့် ကိုကျော်ခိုင် ဘာပြန်ပြောရမှန်းမသိ။

'ကဲ. . . . ကျွန်တော် ဆေးရုံကိုလိုက်သွားဦးမယ်၊ ဪ. . . . ကိုရွှေသိန်း၊ အခုလုပ်နေတဲ့စာရင်းတွေကို ဒီနေ့ပြီးပြတ်အောင် ဆက်လုပ်ပါနော်၊ ဝေဝေ သိပါတယ်၊ ဟိုတခါ ဝေဝေ လုပ်ဖူးတယ်။ ဝေဝေရေ ရွှေသိန်းကို ကူလိုက်ပါဦးနော်'

'ဟုတ်ကဲ့ ဆရာ'

'အချိန်မီမပြီးနိုင်ရင် ဒေါ်အုံးကြည်နဲ့စံလှတို့လည်း ဝိုင်းကူလိုက်ကြပါဦး'

'စိတ်ချပါ ဆရာ၊ အဲဒီစာရင်းတွေအတွက် နောက်ဆံတင်း မနေပါနဲ့'

သိန်းထွန်းက သူဝယ်ကျွေးသည်ကို အစားစေ့ဆုံးဖြစ်သူ ဆရာမစားရတော့၍ စိတ်မကောင်းဖြစ်မိသွားသည်။ သိန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



နည်းတူပင် အားလုံးမှာလည်း စိတ်မကောင်းဖြစ်နေကြသည်။

ကိုကျော်ခိုင်သည် ဌာနခွဲမှူး၏ရုံးခန်းအတွင်းသို့ဝင်၍ အကျိုးအကြောင်းပြောပြီး ရုံးပေါ်မှ အမြန်ဆင်းခဲ့သည်။ လှေကားထစ်များကို တထစ်ကျော်ဆင်းသည်ပင် နှေးသည်ဟုထင်မိ၏။ ရုံးအောက်သို့ရောက်သောအခါ သုံးဘီးတစ်စီးကိုတွေ့၍ ဆေးရုံကြီးသို့ လိုက်အပို့ခိုင်းသည်။

'အရေးပေါ်လူနာဌာနကိုဗျာ၊ မြန်မြန်လေးမောင်းပေးပါ' ဟုလည်း လောလိုက်မိသည်။

ကားသမားက အမြန်မောင်းပေးပါသည်။ ဆယ့်ငါးမိနစ်နှင့် ဆေးရုံကြီးကို ရောက်သွားသည်။ အရေးပေါ်လူနာဌာနတွင် ဝင်၍စုံစမ်းသည်။ အဆင်သင့်ပင် သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မိုးနှင့် တွေ့သည်။

'ဟေ့ကောင်ကြီး၊ ခုမှ လိုက်လာရသလား'

ဒေါက်တာအောင်မိုးက လှမ်းမေးလိုက်သည်။

'သက် ဘယ်မှာတုံးကွ'

'ရှိပါတယ်ကွ၊ လာ ဟိုဘက်ကအခန်းမှာ'

'ဘာဖြစ်တာလဲကွ၊ မင်းတွေ့ပြီးပြီလား'

'တွေ့ပြီးပါပြီကွာ၊ သွေးအားနည်းလို့ ရုတ်တရက် မူးသွားတာပါ၊ ကလူးကို့စ်သွင်းထားတယ်'

ခန်းဆီးကာထားသောအခန်းကလေးအတွင်းသို့ ဝင်လိုက်သောအခါ ခုတင်ပေါ်တွင် မြမြသက်ကိုတွေ့ရသည်။ ဘေးတွင်



မြမြသက်တို့ရုံးမှ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်ကို တွေ့ရသည်။

'ဟော. . . . လာ ကိုကျော်ခိုင်'

မြမြသက်နှင့်လုပ်ဖော်ကိုင်ဖက် ဒေါ်မြဆွေက ခရီးဦးကြိုပြုသည်။

'သက် ဘယ့်နှယ်နေသေးသလဲ ဒေါ်မြဆွေ'

'ခုတော့သက်သာနေပါပြီ ဦးကျော်ခိုင်'

မြမြသက်ကိုကြည့်၍ ကိုကျော်ခိုင် စိတ်မကောင်းဖြစ်မိသည်။ မြမြသက်၏လက်မောင်းတွင် အပ်တစ်ချောင်းစိုက်ထားသည်။ ထိုအပ်ကိုပိုက်ဖြင့်ဆက်၍ ဂလူးကို့စ်သွင်းနေသည်။ မြမြသက်က မျက်စိမှိတ်၍ မှိန်းနေသည်။ ကိုကျော်ခိုင်၏အသံကြား၍ မျက်စိဖွင့်ကြည့်သည်။

'သက်သာရဲ့လား သက်'

ကိုကျော်ခိုင်က မြမြသက်အနီးသို့ကပ်၍ မေးသည်။

မြမြသက်က ခေါင်းညိတ်ပြပြီး ပြန်မှိန်းနေသည်။

ကိုကျော်ခိုင်သည် မြမြသက်၏လက်ကို ကြင်နာစွာဆုပ်ကိုင်၍ အားပေးနေမိသည်။

ပုလင်းထဲမှ အားဆေးရည်များသည် ပိုက်ထဲသို့တစက်ချင်းစီးကျနေသည်။ ကိုကျော်ခိုင် ပုလင်းကိုငေးကြည့်နေမိသည်။ သက်ကျန်းမာပါစေဟုလည်း စိတ်ထဲမှဆုတောင်းနေမိသည်။

'သက်မှာ ရောဂါတစ်ခုခုများ ရှိလေသလား'

ကိုကျော်ခိုင် စဉ်းစားရင်း စိုးရိမ်စိတ်ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြမြသက်ပါလက်ကို အိပ်ရာပေါ်တွင် အသာအယာတင်၍ ဒေါက်တာအောင်မိုးရှိရာ တဖက်ခန်းသို့ ကူးလာခဲ့သည်။

'သူငယ်ချင်း ဘာဖြစ်တာလဲကွာ၊ ငါ့ကို အသေအချာပြောပြပါဦး'

ကိုကျော်ခိုင်က ဒေါက်တာအောင်မိုးကို ခပ်တိုးတိုးမေးလိုက်သည်။

'မင်းပေါ့တာပေါ့ကွာ၊ မြမြသက်က တော်တော်ကိုအားနည်းနေတာပဲ၊ စောစောစီးစီး ဆေးရုံကိုလာပြဖို့ကောင်းတယ်'

'ငါ ခဏခဏ ပြောပါတယ်ကွာ၊ သူက ဘာမှမဖြစ်ပါဘူး၊ သွားရ လာရ အလုပ်လုပ်ရနဲ့ လူပင်ပန်း၊ စိတ်ပင်ပန်းမို့ပါလို့ ပြောတယ်ကွ၊ အခုအခြေအနေက ဘယ်လိုရှိလို့လဲကွာ'

'ဘာမှတော့ကိစ္စမရှိပါဘူးကွာ၊ မစိုးရိမ်ပါနဲ့၊ အခုဂလူးကို့စ်သွင်းပေးထားပါတယ်၊ ဆေးလဲထိုးပေးထားတယ်၊ အားရှိမယ့်အစာလည်းကျွေးပေါ့ကွာ၊ ကြက်ဥ၊ နွားနို့၊ ကြက်သားစွပ်ပြုတ်၊ ငါးစွပ်ပြုတ်တို့ပေါ့၊ နောက်ပြီး အပင်ပန်းမခံစေနဲ့ဦးကွ၊ တစ်ပတ်လောက်တော့ အနားယူနိုင်းမှဖြစ်မယ်'

'တခြားရောဂါတစ်ခုခုများ ရှိသလားလို့ကွာ၊ ရှိရင်လည်း ငါ့ကိုပြောပါ'

'မရှိနိုင်ပါဘူးကွာ၊ မစိုးရိမ်ပါနဲ့၊ အားနည်းလို့ပါ၊ ဒါမျိုးဖြစ်တတ်ပါတယ်၊ နှလုံးတွေ ဘာတွေလည်း ငါအသေအချာ စမ်းကြည့်တာကောင်းပါတယ်၊ သွေးချိန်ကြည့်တာလည်း ကောင်းပါတယ်'



'တော်သေးတာပေါ့ကွာ၊ ငါက စိုးရိမ်နေတာ'

'သွေးသွေးကိုလည်း ဖောက်ယူထားတယ်ကွ၊ စစ်ကြည့်ရဦးမယ်'

'ဆေးရုံတက်ရမှာလားကွ'

'အမှန်တော့ တက်လိုက်ရင်ကောင်းတာပေါ့ကွာ'

'မတက်လို့ရရင်တော့ အိမ်မှာပဲနားချင်တာပေါ့ကွာ၊ အိမ်မှာ အားဆေးတိုက်မယ်၊ အားရှိတဲ့အစာလည်းကျွေးမယ်၊ မင်းတို့ညွှန်ကြားတဲ့အတိုင်း အားဆေးလည်းထိုးမှာပေါ့'

'ဘာလဲ မင်းက ဒီလောက်ကလေးတောင် မခွဲနိုင် မခွာရက်ဖြစ်နေလို့လား'

'အိမ်မှာလည်း ကလေးတွေနဲ့ဆိုတော့ ရုံးကတဖက်၊ အိမ်ကတစ်ဖက်နဲ့ ဆေးရုံတက်ရရင် တော်တော်ကသီမှာကွ၊ နောက်ပြီး သက်ကလည်း ဆေးရုံသာတက်နေရရင် လူကနားနေပေမယ့် စိတ်ကနားရမှာမဟုတ်ဘူး၊ သူ့သားသမီးတွေကို အမျိုးမျိုးပူပင်သောက ရောက်နေမှာမို့ ပါ၊ မတက်လို့မဖြစ်ဘူးဆိုရင်တော့ တက်ရမှာပေါ့၊ ဖြစ်နိုင်ရင်တော့ အိမ်မှာဘဲနားချင်တာပေါ့ သူငယ်ချင်းရာ'

'မင်းတို့လာလိုက်ရင် ဒါမျိုးချည်းပဲ၊ မင်းကို ငါအသေအချာတော့ မှာလိုက်မယ်နော်၊ အိမ်မှာနားရင်လည်း လူရောစိတ်ပါ အပြည့်အဝနားမှဖြစ်မယ်၊ လိုအပ်တဲ့ဆေးကိုတော့ ငါပေးလိုက်ပါ့မယ်၊ အားရှိမယ့်အစာလည်းကျွေးပါ၊ မင်းတို့အနားမှာ ဆေးခန်းရှိတယ်မဟုတ်လား'

'ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှိရင် ဆေးခန်းသွားပြီး အားဆေးလည်းထိုးဖို့လိုတယ်၊ တစ်ပတ်ပြည့်ရင်တော့ ဒီမှာလာပြဖို့လိုမယ်'

'အေးပါ သူငယ်ချင်းရာ၊ ပြမှာပေါ့'

ခုမှ ကိုကျော်ခိုင် သက်ပြင်းချနိုင်တော့သည်။

'ကျေးဇူးပါပဲ သူငယ်ချင်းရာ၊ မင်း ဒီမှာ တာဝန်ကျနေတာ ဟန်ကျသွားတာပဲ'

'အခု အားဆေးသွင်းပြီးရင် ကောင်းသွားမှာပါ'

'ငါ သက်ဆီ သွားလိုက်ဦးမယ်နော်'

'အေး. . . . အေး. . . . သွား'

ကိုကျော်ခိုင်သည် မြမြသက်၏အခန်းဘက်သို့ ပြန်ကူးလာ၍ မြမြသက်၏ခုတင်ဘေးမှ ခုံလွတ်တွင်ထိုင်သည်။ ဒေါ်မြဆွေက မြမြသက်ကို ညင်သာစွာ ယပ်ခတ်ပေးနေသည်။

ကိုကျော်ခိုင်သည် မျက်စိမှိတ်၍ မှိန်းနေသောမြမြသက်ကို ကြည့်နေရင်း ကလေးများထံသို့ စိတ်ရောက်သွားမိသည်။ ထို့မှ တစ်ဆင့် ရုံးမှစာရင်းများထံသို့ စိတ်ရောက်မိပြန်သည်။

'အဆင်မှပြေပါ့မလား၊ အချိန်မီမှ ပြီးပါ့မလား' ဟု စိုးရိမ်နေမိသည်။

သူနာပြုဆရာမတစ်ယောက် ဝင်လာသည်။

ပုလင်းထဲတွင် ဆေးရည်ကုန်တော့မည်။ ဆရာမသည် ခဏစောင့်ကြည့်နေပြီး မြမြသက်၏လက်မှအပ်ကိုဖြုတ်လိုက်သည်။ အရက်ပြန်ဆွတ်ထားသော ဂွမ်းစကလေးကို အပ်စိုက်သည့် နေရာတွင်



ကပ်ပေးပြီး လက်ကိုပြန်ကွေးထားလိုက်သည်။

'သက်၊ ဘယ့်နှယ်နေလဲ'

'ကိုကျော်ခိုင်က မြမြသက်ကို တိုးတိုးမေးလိုက်သည်။

'သက်သာပါတယ်အစ်ကို၊ သက် ဆေးရုံတက်ရမှာလားဟင်'

'မတက်ရပါဘူး၊ သက်သာရင် အစ်ကိုတို့ အခုတက်စီးငှားပြီး အိမ်ပြန်ကြတာပေါ့'

'တော်သေးတာပေါ့၊ ဆေးရုံသာတက်နေရရင် သားတို့ သမီးတို့တော့ ဒုက္ခပဲ'

'အင်း. . . . အဲဒီ စိုးရိမ်ပူပန်စိတ်တွေကိုလည်း လျှော့ထားဦး။ အိမ်ရောက်ရင်လည်း အေးအေးဆေးဆေး အနားယူရမယ်တဲ့၊ တပတ်လောက်နားရမယ်လို့လည်း အောင်မိုးက ပြောလိုက်တယ်'

'တစ်ပတ်တောင် ဖြစ်ပါ့မလား အစ်ကိုရယ်၊ ရုံးမှာလည်း လုပ်စရာအလုပ်တွေက အများကြီး'

'အင်း. . . . အဲဒါကြောင့် သက်က ခက်တာပေါ့၊ ကျန်းမာမှ အလုပ်လုပ်နိုင်မှာပေါ့ သက်ရယ်၊ နားတယ်ဆိုရင် ကိုယ်ရောစိတ်ပါ နားမှ၊ မဟုတ်ရင်တော့ အောင်မိုးက ဆေးရုံတင်စေချင်တယ်'

'ဟင့်အင်း. . . . သက် ဆေးရုံတော့ မတက်ချင်ဘူး၊ အိမ်မှာပဲ နားပါ့မယ်'

'သက် ကားစီးလို့ ရပါ့မလား'

'ရပါတယ်'

'ဒါဖြင့် ခဏနေဦးနော်၊ အစ်ကို ကား သွားငှားလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



မြမြသက် မျက်စိကိုမှိတ်၍ ပြန်မှိန်းနေလိုက်သည်။

ကိုကျော်ခိုင်သည် ဆေးရုံရှေ့မှ အဆင်သင့်တွေ့ရသော လေးဘီးကားတစီးကို ခေါ်ခဲ့သည်။ မြမြသက်၏ ရုံးမှလိုက်လာကြသော အမျိုးသမီးနှစ်ယောက်က မြမြသက်ကိုတွဲ၍ ကားပေါ်တင်ပေးသည်။ ကိုကျော်ခိုင်က ဒေါက်တာအောင်မိုးကို သွားနှုတ်ဆက်သည်။ ဒေါက်တာအောင်မိုးက လိုအပ်သောဆေးများကို ပေးလိုက်သည်။

❀ ❀ ❀

သမီးကြီး သီတာသည် အသက် ၁၂နှစ်သာ ရှိသေးသော်လည်း သိတတ်လွန်းသည်။ ကြက်သားစွပ်ပြုတ်ကို ကိုယ်တိုင်လုပ်သည်။

'သက်ရေ. . . . ပြင်လို့ ပြီးပြီလားဟေ့၊ မော်တော်ကားလာပြီ'

'ပြီးပါပြီ အစ်ကို'

'သားနဲ့ သမီးတို့ရေ ကြီးကြီးသိန်းကို ကူပြီး ခြင်းတွေ ချိုင့်တွေ ကားပေါ်တင်ကြဟေ့'

'ဟုတ်ကဲ့ ဖေဖေ၊ ကိုကိုရေ. . . . ကားလာပြီဟေ့၊ မမကြီး လာလေ'

'ညီမလေး ကားပေါ်သွားနှင့်၊ မမကြီး ချိုင့်ဆွဲခဲ့ဦးမယ်၊ မောင်လေးရေ ဒီခြင်းယူခဲ့ဟေ့'

'ငယ်တဲ့ခြင်းကိုယူပါ အောင်အောင်ရယ်၊ ပေးပေး အဲဒီခြင်းကို ကြီးကြီးသိန်း ယူခဲ့မယ်'



ကလေးများမှာ ဝတ်ကောင်းစားလှများနှင့် ပျော်ရွှင်မြူးကြွနေကြ၏။

'အစ်ကိုရေ တံခါးတွေကို သော့ခတ်ပါဦး'

'အေးပါ သက် သွားနှင့်ပါ၊ အစ်ကို သော့ခတ်ခဲ့မယ်'

"မမသိန်းရေ ခင်းထိုင်ဖို့ ဂရောင်းရှိ ပါရဲ့လား'

'ပါတယ် သက်ရေ ပါ ပါတယ်'

"မေမေ လာလေ'

'လာပြီ သမီးရေ'

ကိုကျော်ခိုင်သည် တံခါးအားလုံးကို သော့ခတ်သည်၊ မြမြသက်က ကိုကျော်ခိုင်ကိုစောင့်ပြီး နှစ်ယောက်အတူ ကားဆီသို့ သွားကြသည်။

ရွှင်ရွှင်လန်းလန်းဖြစ်နေသော မြမြသက်ကိုကြည့်၍ ကိုကျော်ခိုင် ဝမ်းသာနေမိသည်။ သို့သော် မြမြသက်၏ အသားအရောင်သည် ဖြူဖျော့ဖျော့ပင် ရှိသေးသည်။ မူလအသားအရောင်အတိုင်းတော့ ဖြစ်မလာသေး။

'ကဲ. . . . သက် ရှေ့ကတက်၊ အတွင်းကထိုင်'

ကိုကျော်ခိုင်သည် မြမြသက်၏ဘေးမှ ထိုင်လိုက်သည်။

'ကဲ. . . . ကိုအောင်ဌေးရေ ရွှေတိဂုံကိုမောင်း'

ကလေးများမှာ တစ်လမ်းလုံး ပျော်နေကြသည်၊ ပိုးတစ်ယောက် စကားတွေ ဖောင်နေသည်။ တွေ့သမျှ မြင်သမျှကိုလည်း မေး၍မဆုံးအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းမှာ ခြင်းတွေ ချိုင့်တွေမလဲအောင် ထိန်းရင်း ပိုးအိ မေးသမျှကို ဖြေနေရသည်။

ရွှေတိဂုံဘုရားပေါ်သို့ အရှေ့ဘက် ဓာတ်လှေကားဖြင့် တက်ခဲ့ကြသည်။ ပိုးအိတစ်ယောက် ဓာတ်လှေကားစီးရသည်ကို သဘောကျနေသည်။

ဘုရားပေါ်သို့ ရောက်သောအခါ မိသားစု အတူတကွ ဘုရားဖူးကြသည်။ ပန်းကပ်ကြသည်။ ရေလှူကြသည်။ ရွှေလျှားနေသော အမိဋ္ဌာန်ဖလားများတွင် ပိုက်ဆံပစ်၍ လှူကြသည်။

'ဟောဟိုမှာ ကျန်းမာပါစေဆိုတဲ့ ဖလားဟော့၊ မေမေ့အတွက် ပစ်မယ်'

'အောင်အောင် ကောင်းကောင်းပစ်နော်'

သီတာက စိုးရိမ်နေသည်။

အောင်အောင်က သံဘောင်ပေါ်မှ ကိုယ်ကို ကိုင်းညွတ်၍ အသေအချာ ပစ်ထည့်လိုက်သည်။

'ချွမ်'

ဆယ်ပြားစေ့သည် ဖလားနှုတ်ခမ်းကို မှန်ပြီး ဖလားထဲသို့ ကျသွားသည်။

'အံမယ်လေး တော်ပါသေးရဲ့ ကိုကိုရယ်၊ ခုမှ စိတ်အေးရတယ်'

ပိုးအိစကားကြောင့် အားလုံးရယ်ကြသည်။

'မီးမီးလဲ ပစ်ချင်တယ် ဖေဖေ'



ကိုကျော်ခိုင်က ပိုးအိကို ဆယ်ပြားတစ်စေ့ ပေးလိုက်သည်။

'မီးမီးလဲ မေမေ့အတွက် ကျန်းမာပါစေဖလားကို ပစ်ချင်တယ်'

'မီးမီးက အကြံအောင်ပါစေ ဖလားထဲကိုပစ်ပေါ့'

'အေး. . . . ဟုတ်တယ်၊ ဟုတ်တယ်၊ အကြံအောင်ပါရေ'

ပိုးအိက အသေအချာချိန်၍ ပစ်သည်။ သို့သော် လက်မှန်းမတည့်၍ ဆယ်ပြားစေ့သည် ဖလားဆီသို့မရောက်ပဲ အောက်သို့ကျသွား၏။

'ဟာကွာ'

ပိုးအိ စိတ်မကောင်း ဖြစ်သွားသည်။

'ကိစ္စမရှိပါဘူး သမီးရယ်၊ အလှူငွေထည့်ပြီးသား ဖြစ်သွားတဲ့အတွက် ကုသိုလ်ရသွားပြီ၊ ကုသိုလ်ရတဲ့အတွက် သမီး အကြံအောင်မှာပါ'

ကိုကျော်ခိုင် ရှင်းပြမှ ပိုးအိ ကျေနပ်သွားသည်။

'ကဲ. . . . သမီးတို့ သားတို့ လာကြ၊ ဒီနေ့ သမီးတို့ သားတို့ပြုတဲ့ကုသိုလ်ကို ခေါင်းလောင်းထိုးပြီး အမျှဝေကြမယ်'

မြမြသက်ကပြော၍ ဘုရားရှေ့မုခ်မှ ခေါင်းလောင်းများဆီသို့သွားပြီး ခေါင်းလောင်းထိုးကြသည်။

အောင်အောင်သည် ခေါင်းလောင်းကို ဆက်ကာ ဆက်ကာထိုးရင်း သဘောကျနေသည်။

အားလုံး ခေါင်းလောင်းထိုး၍ အမျှဝေပြီးမှ ဓာတ်လှေကားဖြင့်ပြန်ဆင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ငွေးကားဖြင့် တိရစ္ဆာန်ဥယျာဉ်သို့ ဆက်သွားကြသည်။

တိရစ္ဆာန်ဥယျာဉ်တွင် မြွေရုံအနီးမှ သစ်ပင်ရိပ်မြက်ခင်းတွင် စတည်းချကြသည်။

ကိုကျော်ခိုင်သည် နေရာထိုင်ခင်း ရှင်းလင်း စီစဉ်ပေးပြီးမှ သားနှင့် သမီးတို့ကို တိရစ္ဆာန်ဥယျာဉ်ထဲသို့ လိုက်ပြသည်။

မြမြသက်နှင့် ဒေါ်သိန်းတို့သည် နားနေရင်း ကျန်ရစ်ကြ၏။

ကိုကျော်ခိုင်သည် ကလေးများကို မြွေအိမ်၊ မိကျောင်းရုံ၊ ဖျံ ကလေးများနှင့် မျောက်ရွာတို့ကို လိုက်ပြသည်။

မျောက်ရွာတွင် အငြိမ်မနေတတ်သော မျောက်များ ဆော့ နေကြသည်ကို အောင်အောင်နှင့် ပိုးအိတို့ သဘောကျနေကြသည်။

'ဟို ဖေဖေ ဟိုမှာ ကြည့်ပါဦး၊ မျောက်ကလေးက နို့စို့နေတာ သနားစရာလေး'

သီတာက မျောက်သားအမိကို လက်ညှိုးထိုးပြသည်။

မျောက်မကြီးက သူ့ကလေးအတွက် စိုးရိမ်ဟန်တူ၏။ မျောက် သားငယ်ကို လက်တစ်ဘက်ဖြင့် ပွေ့၍ သံကိုင်းများကိုဆွဲပြီး လွှားကနဲ အပေါ်သို့ ပြေးတက်သည်။ အန္တရာယ်ကင်းလောက်သည်ထင်သည့် နေရာသို့ရောက်မှ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်၍ သီတာတို့ကို ကြည့်နေသည်။

သီတာက စိတ်မကောင်း ဖြစ်မိသည်။

'သူ့ကလေးအတွက် စိုးရိမ်လို့သမီးရဲ့၊ မိခင်မေတ္တာပေါ့ သမီးရယ်'



'သမီး သူ့ကို မြေပဲကျွေးချင်တယ် ဖေဖေ'

'ကျွေးချင် ကျွေးလေ သမီး'

သီတာက မြေပဲကတော့တစ်ခုကို ဝယ်လိုက်သည်။

"မမ ပစ်ပေးလိုက် သူဖမ်းတတ်တယ်၊ ပေး ကျွန်တော် ပစ် ပေးမယ်'

အောင်အောင်က မြေပဲကတော့ကိုယူ၍ မျောက်မကြီးထံ ပစ်ပေးလိုက်သည်။ မျောက်မကြီးက ကျွမ်းကျင်စွာ ဖမ်းယူလိုက် သည်။ မြေပဲတောင့်ကို သွားဖြင့်ကိုက်၍ ခွဲပြီး အထဲမှ မြေပဲစေ့ ကလေးများကို ထုတ်ယူသည်။ လက်ထဲတွင်ထည့်၍ ကျွမ်းကျင်စွာ အခွံချွတ်လိုက်သည်။ သူ့ရင်ခွင်တွင် တွယ်ကပ်နေသော မျောက် ကလေးသည် မြေပဲစေ့ ဖြူဖြူလေးများကို မိခင်၏ လက်ထဲမှယူ၍ စားသည်။

'လူလိုပဲနော် ဖေဖေ၊ လုပ်တတ်လိုက်တာ၊ သူ့ကလေးကို လည်း ချစ်တတ်လိုက်တာ'

မျောက်သားအမိကိုကြည့်၍ သီတာ သဘောကျနေသည်။

'ကဲ လာကြ ဟိုဘက်ဆက်ကြဦးစို့၊ ကြာရင်မေမေတို့ ဖျင်းနေ လိမ့်မယ်'

'အင်း ဟုတ်ပါရဲ့၊ မေမေလည်း သမီးတို့ကို သိပ်ချစ်တာပဲ နော်'

'ဖေဖေ မိုမိုဆီသွားချင်တယ်'

'ဟုတ်တယ် ဖေဖေ၊ မိုမိုဆီသွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်နှင့်ပိုးအိတို့၏ တောင်းဆိုချက်။

'ကဲ လာ၊ ဒီလိုဆို ဟိုဘက်ကုန်းပေါ်တက်ရအောင်'

တစ်ကိုယ်လုံးလှုပ်ယမ်းနေသော ဆင်ကြီးများကို အဝေးကပင် မြင်နေရသည်။

'ရော့ သမီး မိုမိုကို ပိုက်ဆံတမတ်ပေးလိုက်၊ သူ ကြံဝယ်စားလိမ့်မယ်'

'သူက ဝယ်ချားတတ်လို့လား ဖေဖေ'

'စားတတ်တာပေါ့ သမီးရဲ့'

'မိုမိုရေ'

'ချင်'

ပိုးအိခေါ်သည်ကို မိုမိုကထူးသည်။

'ဟာ ထူးတယ် ဖေဖေ၊ မိုမိုက သိပ်လိမ္မာတာပဲ'

'ပိုက်ဆံပေးလိုက်လေ ညီမလေး၊ ကြံဝယ်စားတာ မမ ကြည့်ချင်လို့'

'မိုမိုရေ ကြံဝယ်ချားဟေ့ ရော့'

ပိုးအိက ပိုက်ဆံတစ်မတ် ပစ်ပေးလိုက်သည်။

မိုမိုက နှာမောင်းဖြင့်လှမ်းကောက်ပြီး ကြံသည်ထံ ပစ်ပေးလိုက် သည်။ ကြံသည်က ပိုးအိကို ကြံတုံးကလေးနှစ်ချောင်းပေးသည်။ ပိုးအိက မိုမိုထံပစ်ပေးသည်။ မိုမိုက နှာမောင်းဖြင့်ယူပြီး ပါးစပ်တွင်းသို့သွင်းသည်။

'ဖေဖေ သမီးလည်း ချာလှပြီ၊ ထမင်းချားချင်တယ်'



'ဟား. . . . ဟား. . . . ဆင်စားတာကိုကြည့်ပြီး ငါ့သမီးလည်း ဆာသွားပြီ၊ ကဲ လာ သွားကြစို့၊ မေမေတို့လည်း စောင့်နေရော့မယ်'

ကိုကျော်ခိုင်တို့ သစ်ပင်ရိပ်သို့ပြန်ရောက်သောအခါ မြမြသက်နှင့်ဒေါ်သိန်းတို့က အဆင်သင့် ထမင်းပြင်ဆင်ထားပြီးသားဖြစ်ကြသည်။

ကိုကျော်ခိုင်ရော ကလေးများပါ မောလည်းမော ဆာလည်းဆာ၍ စားကောင်းကြသည်။

သီတာက မျောက်သားအမိကြင်နာပုံကို မိခင်အားပြောပြသည်။

အောင်အောင်နှင့်ပိုးအိကတော့ ကြည့်ခဲ့သမျှ တိရစ္ဆာန်များအကြောင်းကို စုံနေအောင် ပြောပြကြသည်။

ပြောလည်းပြော စားလည်းစားမို့ မြမြသက်နှင့်ဒေါ်သိန်းမှာ အင်းလိုက်ရင်း ထမင်းဟင်းလိုက်၍ လက်မလည်အောင် ဖြစ်နေကြသည်။

ပျော်နေသော သားသမီးများကိုကြည့်၍စားရသောကြောင့် အစားပျက်နေသော မြမြသက်သည်ပင်ရောယောင် စားကောင်းသွားသည်။

ထမင်းစားပြီးသောအခါ ငှက်ပျော်သီးစားကြသည်။ ရေနွေးကြမ်းသောက်ရင်း လက်ဖက်သုပ် စားကြသည်။ စားသောက်ကောင်းနေကြသော ခင်ပွန်းသည်နှင့် သားသမီးများကိုကြည့်၍ မြမြသက်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေသည်။

'ဖေဖေ၊ သား ကျားကြီးတွေ ကြည့်ချင်တယ်'

'ကဲ. . . . လိုက်ပြလိုက်ပါဦး အစ်ကို၊ ပြန်လာရင် ကော်ဖီနဲ့ ပေါင်မုန့် ကျွေးမယ်'

'ကောင်းတယ် ကောင်းတယ်၊ လာ. . . . သွားမယ်'

'ပိုးအိရေ၊ ဆင်ကြီးက ဘယ်လိုအော်လဲဟေ့'

'ချင်. . . .'

ပိုးအိအဖြေကို သဘောကျ၍ ဒေါ်သိန်းရယ်ရင်း ကျန်ရစ်သည်။

သားအဖလေးယောက် ကျားရုံ ငှက်ရုံများဘက်သို့ တပတ်လှည့်ကြည့်ကြသည်။

လူဝံကြီးသည် ဖျင်းရိစွာ အိပ်နေရာမှ ကလေးများကို မြင်သောအခါ လက်ပမ်းပေါက် ခတ်ပြသည်။ ကလေးများ သဘောကျသွားကြ သည်။

မျောက်လွှဲကျော်ကို ကြည့်ပြီးသောအခါ ပိုးအိနှင့် အောင်အောင်တို့ သည် မျောက်လွှဲကျော် အော်သလို 'ဘိုတူ. . . . ဘိုတူ'ဟု အော်လာခဲ့ကြသည်။

အားလုံးနုံး၍ ပြန်လာကြသောအခါ ကော်ဖီနှင့်ပေါင်မုန့် စားကြပြန်သည်။

တိရစ္ဆာန်ရုံကို လာရသည်မှာ တိရစ္ဆာန်မျိုးစုံကိုလည်းကြည့်ရသည်။ အစားမျိုးစုံလည်း စားရသည်။ ထို့ကြောင့် ကလေးသုံးယောက်



လုံး ပျော်ရွှင်နေကြသည်။

ပျော်နေသော သားသမီးများကို ကြည့်၍ မြမြသက်နှင့် ကိုကျော်ခိုင်တို့လည်း ပျော်ကြသည်။

* * *

ရန်ကုန်၏ ဆောင်းဦးပေါက် ညများသည် မချမ်းသော်လည်း ကျန်းမာသူများအဖို့ အေးအေးကလေးမို့ အိပ်၍ ကောင်းလှသည်။

ကိုကျော်ခိုင်တို့ တစ်အိမ်သားလုံး တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေကြပေမယ့် ကျန်းမာရေးမကောင်းသူ မြမြသက်မှာမူ ချောက်ကမ်းပါးကြီးတစ်ခုထဲသို့ ကျသွားသည်ဟု အိပ်မက်မက်ပြီး အိပ်ရာမှ လန့်နိုးလာသည်။ ရင်က တလှပ်လှပ်ခုန်၍ ခေါင်းထဲမှာမူးနောက်နောက် ဖြစ်နေသည်။

သမီးငယ် ပိုးအိက မြမြသက်ဖက်၍ အိပ်ပျော်နေသည်။ မီးရောင် ပြာပြာကလေး၏အောက်တွင် အိပ်ပျော်နေကြသော ခင်ပွန်းသည်နှင့် သမီးသားတို့ကို လှမ်းကြည့်လိုက်သည်။

အောင်အောင်က ဖခင်ကို ခွ၍ အိပ်နေသည်။ နှစ်မြိုက်စွာ အိပ်နေကြသော လင်နှင့် သားသမီးများကို မြမြသက် အားကျမိသည်။ သမီးကြီး သီတာကတော့ ဒေါ်သိန်းနှင့်အတူ အခန်းခွဲအိပ်သည်။

ကိုကျော်ခိုင်ကို နှိုးဦးမည် ပြုပြီးမှ. . . .

'ဩော် သူ ညက ကက်ဆက် ဖြင့်နေတာနဲ့ ညဉ့်နက်မှ အိပ်တာ၊ အိပ်ပါစေလေ' ဟု စဉ်းစားမိသောကြောင့် မနှိုးဘဲနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်သည် ရေဒီယို၊ ကက်ဆက် ပြင်ခြင်းကို ကျောင်းသားတတည်းက ဝါသနာပါခဲ့သည်။ လူပျိုဘဝက ရေဒီယိုပြင်သော သင်တန်းကိုတက်ခဲ့၏။ တတ်တျွမ်းနားလည်သူများ၏ဆိုင်တွင် တပည့်ခံ၍လည်း ကူညီလုပ်ကိုင်ခဲ့၏။

အိမ်ထောင်ကျပြီးသည့် အခါတွင်မူ ရုံးတာဝန်၊ မယားတာဝန်၊ သားသမီးတာဝန်များနှင့်မို့ မလုပ်နိုင်တော့။ သို့သော်လည်း ရင်းနှီးသူများက အပ်လာလျှင် လုပ်ပေးသည်။ ငွေကြေးပေးသူလည်း ရှိသည်၊ မပေးသူလည်း ရှိသည်။ ကိုကျော်ခိုင်ကတော့ ဝါသနာအလျောက် လုပ်ပေးသည်သာဖြစ်၏။ ထို့သို့ ရေဒီယိုပြင်ရသော ညများတွင် ကိုကျော်ခိုင် ညဥ့်နက်မှအိပ်ရ၏။ ထို့ကြောင့် မြမြသက် မနိုးရက်။

ကိုကျော်ခိုင်ကိုကြည့်၍ မယားအပေါ် သားသမီးအပေါ်တွင် ကြင်နာတတ်ပုံ၊ သဘောထားကောင်းပုံ၊ အလုပ်တာဝန်ကျေပွန်တတ်ပုံများကို မြမြသက် စဉ်းစားနေမိသည်။

တက္ကသိုလ်တွင် သမီးရည်းစား ဘဝကတည်းက မြမြသက်သည် ကိုကျော်ခိုင်ကို ချစ်ရုံသာမက လေးလည်း လေးစားခဲ့သည်။ ထို့ကြောင့် မိခင်ကြီး သဘောမတူသည့် ကြားမှပင် မြမြသက်သည် ကိုကျော်ခိုင်ကို ယူဖြစ်အောင် ယူခဲ့သည်။ နောက်တော့လည်း လိမ္မာတတ်သိသော ကိုကျော်ခိုင်ကို မြမြသက်၏မိခင်သည် ချွေးသမက် ငွေသမက်အဖြစ် ချစ်ခဲ့သည်။

မြမြသက်နှင့် ကိုကျော်ခိုင်တို့၏ အိမ်ထောင်မှုဘဝကလေးမှာ သာယာချမ်းမြေ့ခဲ့သည်။ သို့ရာတွင် မမျှော်လင့်ဘဲ မိမိ၏ကျန်းမာရေး



ချွတ်ယွင်းလာပုံကို မြမြသက် မကျေမနပ် ဖြစ်မိသည်။

ရဲကင်းစခန်းမှ သံချောင်းခေါက်သံ သုံးချက် ကြားရသည်။ သုံးနာရီထိုးပြီ။

မြမြသက်၏ ရင်ထဲမှာနုံးပြီး အလိုလိုနေရင်း မောနေသည်။ ရင်ဘတ်ကလည်း အောင့်နေသည်။

သူ၏ဗိုက်ပေါ်တွင် တင်ထားသော သမီးငယ်၏လက်ကို ဖယ်လိုက်ချင်သည်။ သို့သော် အိပ်ပျော်နေသော သမီးလေးအတွက် အနှောင့်အယှက် ဖြစ်သွားမည်စိုး၍ မဖယ်ရယ်။

'အိပ်မက် မက်လို့ လန့်နိုးပြီး မောတာ ဖြစ်မှာပါလေ၊ အိပ်ပျော်ရင် အားရှိသွားမှာပါ'

မြမြသက် ကြိုးစား၍ အိပ်သည်။ အတော်ကြာမှ အိပ်ပျော်သွားပါသည်။

ᯅ ᯅ ᯅ

နံနက်ခင်းသည် လန်းဆန်းနေသည်။ သစ်ပင်သစ်ရွက်ကလေးများမှာ နှင်းရည်ဖြင့် စိုနေသည်။ လေနုအေးကလေးတိုက်၍ ငှက်ကလေးများက တေးဆိုနေကြသည်။ သွားလာလှုပ်ရှားသံများဖြင့် တစ်နေ့တာ၏ မိုးသောက်ယံသည် လူးလွန့်ရှင်သန်လာခဲ့ပြီ။ မိုးသောက်ယံနှင့်အတူ အိပ်ရာနိုးလာသူတို့သည် အားအင်ပြည့်ဖြိုး၍ လန်းလန်းနေကြ၏။

သို့သော် မြမြသက်မှာ မရွှင်လန်းနိုင်ပါ။ ရင်ထဲတွင် နုံးချည့်

www.burmeseclassic.com

www.burmeseclassic.com



မောဟိုက်နေသည်။ ခေါင်းထဲမှာ မူးနေသည်။ နံနက်ခင်းသည် မြမြသက်အတွက် မလှမပ ဖြစ်နေသည်။

'ဟော့. . . . သက်၊ မျက်နှာကလည်း ဖြူဖျော့ဖျော့နဲ့တွာ၊ နေကောင်းရဲ့လားဟင်'

ကိုကျော်ခိုင်မေးကာမှ အားနည်းချက်ရှိနေသော မြမြသက် ပို၍ ဝမ်းနည်းလာသည်။ ပါးပြင်ပေါ်တွင် မျက်ရည်များ ယိုစီးကျလာသည်။

'အို. . . . သက်၊ ဘာလို့ငိုတာလဲ၊ နေမကောင်းဘူးလားဟင်'

ကိုကျော်ခိုင် ထိတ်ထိတ်ပျာပျာ ဖြစ်ရပြီ။

'သက် ရင်ထဲက မောနေတယ်၊ ခေါင်းထဲကလည်း မူးနေတယ်၊ တရေနိုးကတည်းက သက်ရင်ထဲက တလှပ်လှပ်နဲ့ ဖြစ်နေတယ်၊ အခု ရင်ညွန့်ကလည်း နာနေတယ်'

'ဟာ. . . . သက်ကလည်း ဘာလို့ အစ်ကို့ကို မနှိုးတာလဲကွာ'

'အစကတော့ နှိုးမလို့ပါပဲ၊ နောက်တော့ အစ်ကို ညဥ့်နက်အောင် ရေဒီယိုပြင်နေတာကို သတိရလို့'

'အို. . . . သက်ကလည်းကွာ၊ ကဲ. . . . မဖြစ်ဘူး၊ ဆေးရုံသွားပြမယ်၊ သက်ကိုကြည့်ရတာ သိပ်ကိုအားနည်းနေတာပဲ၊ ဆေးရုံတက်ချင်တက်ရမယ် ထင်တယ်'

'ဆေးရုံတော့ မတက်ချင်ဘူး အစ်ကိုရယ်'

'ဩော်. . . . သက်ကလဲကွာ၊ ရောဂါဆိုတာ ပျောက်အောင်ကုပစ်မှ ကောင်းမှာပေါ့၊ ကဲ. . . . မျက်နှာသစ်ပြီး ပြင်တော့၊ သီတာရေ



သီတာ'

'ရှင် ဖေဖေ'

'မေမေ့ကို ဆေးရုံသွားပြမလို့၊ မေမေ နေမကောင်းဘူး သိပ်အားနည်းနေတယ်၊ ဆေးရုံတက်ချင် တက်ရမယ်ထင်တယ်။ လိုတာတွေ ပြင်ဆင်ထည့်ပေးလိုက်'

'ဟုတ်ကဲ့ ဖေဖေ'

'ဒေါ်သိန်းရေ'

'ဟေ. . . . ဘာလဲ မောင်ကျော်ခိုင်'

'သက် ဆေးရုံတင်ချင် တင်ရမယ်၊ ကလေးတွေကို လိုတာကြည့်ရှုလုပ်ပေးလိုက်ပါနော်'

'ဟင်. . . . အေး အေး'

'ကဲ. . . . ဒေါ်သိန်း၊ သမီးနဲ့ကူပြီး လိုမယ်ထင်တာတွေ ထည့်ထားပါဦး၊ ကျွန်တော် ကားသွားခေါ်လိုက်ဦးမယ်'

'အေး. . . . အေး သွား'

အောင်အောင်နှင့်ပိုးအိတို့ အိပ်ရာမှထလာကြသည်။ မျက်နှာသစ်ပြီးသောအခါ မီခင့်ဘေးတွင်သွားထိုင်ကြသည်။ မြမြသက်က ပိုးအိခေါင်းကို လက်ဖြင့်ပွတ်ပေး၏။

'သမီးလေး မေမေ ဆေးရုံတက်ရမယ် ထင်တယ်၊ အိမ်မှာ လိမ်လိမ်မာမာ နေခဲ့နော်'

'ဟင့်အင်း သမီးလည်း ဆေးရုံလိုက်တက်မယ်'

'အို. . . . အဲဒီလို မပြောရဘူး သမီးရဲ့၊ အိမ်မှာ ကြီးကြီးသိန်း

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်၊ ကိုကိုနဲ့ မမလည်းရှိတယ်၊ ကျောင်းကို ကြီးကြီးသိန်း လိုက် ပို့မှာပေါ့'

'မေမေ ဆေးရုံမတက်လို့ မရဘူးလား၊ အိမ်မှာဆို သားနင်းနှိပ် ပေးနိုင်တာပေါ့'

အောင်အောင်ကလည်း မိခင် ဆေးရုံတက်ရမည်ကို စိတ်မကောင်း ဖြစ်နေသည်။

'မသိသေးပါဘူး သားရယ်၊ တက်ချင်မှလဲ တက်ရမှာပါ၊ လိုလိုမယ်မယ် ပြောထားတာပါ'

ဒေါ်သိန်းနှင့် သီတာက မြမြသက်အတွက် လိုမည်ထင်သည့် ပစ္စည်းများကို ခြင်းကြီးတစ်ခုတွင် ထည့်နေကြသည်။

ကိုကျော်ခိုင် လေးဘီးတစ်စီးငှား၍ ပြန်လာသည်။

ဒေါ်သိန်းက ပစ္စည်းများကို ကားပေါ်သို့တင်သည်။

ကိုကျော်ခိုင်နှင့် သီတာက မြမြသက်ကိုတွဲ၍ ကားပေါ်သို့တင်ပေးသည်။

'သမီးလိုက်ရဦးမလား ဖေဖေ'

'သမီး မလိုက်ခဲ့ပါနဲ့၊ အိမ်မှာ မောင်လေး ညီမလေးတွေကိုသာ အားလုံးအဆင်ပြေအောင် စီစဉ်ပေးလိုက်၊ ဪ. . . . ဒေါ်သိန်း၊ ရော့. . . . ဟင်းချက်စရာဝယ်ပြီး အဆင်ပြေအောင်ကြည့်ရှုလုပ်ပေတော့'

ကိုကျော်ခိုင်က ဆယ်တန်နှစ်ရွက်ကို ဒေါ်သိန်းထံ လှမ်းပေးလိုက်သည်။

'အိမ်အတွက် ဘာမှ မပူပါနဲ့ကွယ်၊ သတ့် ကျန်းမာရေးကိုသာ ဂရုစိုက်ပါ'

'ကဲ. . . . သွားမယ်၊ ကားဆရာ မောင်းဗျာ'

ㅈ ㅈ ㅈ

ဆည်းဆာအချိန်ကို လွန်ခဲ့ပြီ။ မှောင်ရီသန်း၍လာ၏။ လမ်းမီးများ လင်းနေပြီ၊ ငှက်ကလေးများပင် သိုက်မြုံရှိရာ ပြန်ကြပြီ။ အိပ်တန်းကိုယ်စီ ရှာကြပြီ။

အချိန်တန်သော်လည်း အိမ်ပြန်ရောက်မလာကြသည့် မိဘနှစ်ပါးကို သီတာတို့မောင်နှမ အိမ်ရှေ့မှထွက်၍ မျှော်ကြသည်။

'မောင်လေးနဲ့ ညီမလေး၊ ထမင်းဆာရင် စားနှင့်ကြနော် မမ ပြင်ကျွေးမယ်'

'ဟုတ်တယ်နော် သီတာ၊ သမီးရော သုံးယောက်လုံးစားလိုက်ကြပါလား'

'သမီး မဆာသေးဘူး ကြီးကြီးသိန်း၊ မေမေတို့ကို စောင့်ဦးမယ်'

'မီးမီးလဲ မဆာပါဘူး၊ မေမေ့ကို စောင့်ဦးမယ်'

'ဟုတ်တယ်၊ မေမေက ပြောတယ်၊ မိသားစု စုံညီစားမှ ထမင်းမြိန်တယ်တဲ့'

အောင်အောင်က မိခင်ပြောဖူးသည်ကို အမှတ်ရ၍ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေကလဲ ပြောပါတယ်၊ မေမေမပါရင် ထမင်းချားရတာ ဟင်းတစ်ခွက် လျော့နေတယ်တဲ့'

ပိုးအိစကားကြောင့် သီတာနှင့် အောင်အောင်တို့ ပြုံးမိကြသည်။

သို့သော် ခါတိုင်းပြုံးနေကျ အပြုံးမျိုးမဟုတ်၊ သူတို့အရွယ်အသိ ခံစားချက်နှင့် လိုက်ဘက်သော မပီပြင်သည့်အပြုံး။

သီတာ့၏ရင်ထဲမှာ ပူနေသည်။ ဘာကိုမျှ စားချင်စိတ်မရှိ။ မေမေ၏ ကျန်းမာရေးအတွက် စိုးရိမ်နေသည်။ 'မေမေ နေကောင်းပြီး ဖေဖေနှင့်အတူ ပြန်လာပါစေ' ဟု စိတ်ထဲမှ အခါခါ ဆုတောင်းနေမိသည်။

မောင်နှမသုံးယောက် အိမ်ရှေ့မှ ခုံတန်းလေးတွင် ထိုင်၍ လမ်းထိပ်သို့ မျှော်ငေးရင်း စောင့်နေကြသည်။

မှောင်၍လာပြီ။ ရပ်ကွက်ထဲရှိ အိမ်များအားလုံး မီးထွန်းထားကြပြီ။

အိမ်ဘေးမှ အောင်အောင်၏ သူငယ်ချင်း အတူးအိမ်တွင် စားပွဲဝိုင်းကြီး၌ မိသားစု ပျော်ရွှင်စွာ ထမင်းစားနေကြသည်ကို လှမ်းမြင်ရသည်။ အောင်အောင်နှင့် ပိုးအိက အတူးတို့ ထမင်းစားနေသည်ကို လှမ်းကြည့်နေကြသည်။ သီတာ၏ရင်ထဲတွင် ဆို့သွားမိ၏။

'သီတာရေ၊ အိမ်ရှေ့ကမီးတွေ ဖွင့်လိုက်ဦးဟေ့'

'ဟုတ်ကဲ့ ကြီးကြီးသိန်း၊ တဲ.... မောင်လေးနဲ့ ညီမလေး လာကြ၊ ထမင်းစားရအောင်'



သီတာသည် စားချင်စိတ်မရှိသော်လည်း အငယ်နှစ်ယောက် စိတ်ပြောင်းသွားစေရန် အိမ်ထဲသို့ခေါ်ခဲ့သည်။

'ဖေဖေနဲ့ မေမေ့ကို စောင့်ဦးမယ်ဆို'

'ဟုတ်တယ်၊ ဖေဖေနဲ့မေမေလာမှ ချားမယ်'

အောင်အောင်နှင့် ပိုးအိစကားကြောင့် သီတာ ငိုချင်စိတ် ဖြစ်မိသည်။ စိတ်ကိုပြောင်း၍ မီးများ ဖွင့်လိုက်သည်။

'ဒါဖြင့် မမတို့ ပြင်ထားမှာပေ့ါ၊ မေမေတို့လာရင် အဆင်သင့် စားရအောင်'

'ဟုတ်တယ်၊ လာ ကိုကို'

ပိုးအိက တက်ကြွလာသည်။

ဒေါ်သိန်းက ခူးခပ်ပေးသည်ကို မောင်နှမသုံးယောက် ပြင်ဆင်ကြသည်။

'သမီးရေ သားရေ'

အိမ်ရှေ့မှ ခေါ်သံကြားရသည်။

ဟော....ဖေဖေ့အသံ'

မောင်နှမ သုံးယောက် ဝမ်းသာအားရ ပြေးထွက်လာကြသည်။

'ချွမ်'

ပိုးအိ တိုက်မိ၍ ပန်းကန်တစ်ချပ် ကျကွဲသွား၏။

'ဟယ်....ညီမလေး၊ ပန်းကန်ကွဲသွားပြီ'

'ဟဲ့....ကွဲကုန်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းက လှမ်းအော်သည်။

ပိုးအိမျက်နှာ ငိုမဲ့မဲ့ဖြစ်နေပြီ။

'ဩော်. . . . မတော်တဆဖြစ်တာပဲ၊ ကိစ္စမရှိပါဘူး သမီး လေးရယ်၊ လာ လာ'

အိမ်ပေါ်တတ်လာပြီ ဖြစ်သော ကိုကျော်ခိုင်က ပိုးအိကို ပွေ့ချီ လိုက်သည်။

'ဟော. . . . မောင်ကျော်ခိုင် ပြန်လာပြီလားဟေ့၊ သက်ရော'

ဒေါ်သိန်း အိမ်ရှေ့သို့ထွက်လာသည်။

အောင်အောင်က ကိုကျော်ခိုင်၏ လက်မှ အိတ်ကို ယူလိုက် သည်။ ကိုကျော်ခိုင်သည် ပိုးအိကို ချီထားရင်း ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်၏။

'မေမေရော ဖေဖေ'

သီတာက စိုးရိမ်စွာ မေးလိုက်သည်။

'မေမေ ဆေးရုံတက်ရတယ်သမီး'

'ဟင်. . . . မေမေ နေမကောင်းဘူးလား ဖေဖေ'

သီတာ မျက်ရည်များ လည်လာသည်။

'ကိစ္စမရှိပါဘူး သမီးရယ်၊ အားနည်းလို့ပါ၊ တပတ်လောက် ဆေးရုံမှာနေပြီးရင် ပြန်ကျန်းမာသွားမှာပါ၊ အဲဒီတော့ ဆင်းလာမှာ သမီး'

'မနက်ဖြန်ကာကျတော့ သမီးတို့ မေမေ့ဆီ မလိုက်ရဘူးလား [illegible]'



'သမီးတို့ ပင်ပန်းပါတယ်၊ ကျောင်းပိတ်ရက် စနေ တနင်္ဂနွေ ကျတော့ ဖေဖေ ခေါ်မှာပေါ့'

'မေမေ တစ်ယောက်တည်း အိပ်ရတာ သနားပါတယ် ဖေဖေ ရယ်၊ မေမေ ပျင်းနေမှာပေါ့နော်'

'မပျင်းပါဘူး သမီးလေးရဲ့၊ ဘေးမှာ အဖော်တွေရှိပါတယ်၊ ဆေးရုံဆိုတော့ ဆရာဝန် ဆရာမတွေလည်း တစ်ညလုံးရှိနေတာပေါ့၊ ကဲ. . . . သမီးတို့ သားတို့ စားပြီးကြပြီလား'

ကိုကျော်ခိုင်က ကလေးများကို အာရုံပြောင်းပစ်ရန် ကြိုးစား သည်။

'မစားရသေးဘူး ဖေဖေ၊ သားတို့ ဖေဖေနဲ့ မေမေကို စောင့် နေကြတာ'

ဒေါ်သိန်းက ကွဲသွားသော ပန်းကန်အစများကို ကောက်ယူ ရှင်းလင်းနေသည်။

'ကဲ. . . . လာကြ၊ ဖေဖေလည်း ဆာနေတာနဲ့အတော်ပဲ၊ စားကြ စို့'

သီတာက ပန်းကန်များတွင်ထမင်းထည့်ပေးသည်။

ကိုကျော်ခိုင်သည် သားသမီးများ စိတ်မကောင်းဖြစ်မည်စိုး၍ သာ စားရသော်လည်း စားချင်စိတ်မရှိပါ။ ဆေးရုံ ခုတင်ပေါ်တွင် ဖြူဖျော့ဖျော့နှင့် ကျန်ရစ်သော ချစ်ဇနီး မြမြသက်ကို မျက်စိထဲတွင် မြင်ယောင်နေမိသည်။

'သက်က ကိစ္စမရှိပါဘူး အစ်ကိုရယ်၊ ပြန်လာတော့နော်၊ သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဲလေးတွေ ပျော်နေရင်းနဲ့ စိတ်ပူနေကြလိမ့်မယ်'

သတ်၏ စကားသံကို ကိုကျော်ခိုင် ကြားယောင်နေမိသည်။

'ဖေဖေ စားလေ'

အောင်အောင်က ဟင်းတစ်ဇွန်းခပ်၍ ဖခင်၏ ပန်းကန်ထဲသို့ ထည့်ပေးသည်။

'အေး. . . . အေး၊ သားတို့သမီးတို့ စားကြလေ'

သီတာက ဟင်းတစ်ဇွန်းကိုခပ်၍ ပိုးအိ ပန်းကန်ထဲသို့ ထည့်ပေးသည်။ ယခင်က ထမင်းစားလျှင် မေမေသည် ပိုးအိပန်းကန်ထဲသို့ ဟင်းထည့်ပေးနေကျ ဖြစ်၏။ ထမင်းဝိုင်းသည် ခါတိုင်းလိုဆူဆာညံသည် မရှိ။ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေ၏။

'ဖေဖေကြီးအတွက် ဟင်းတစ်ခွက် လျှော့နေတယ်နော်'

'ဘာဟင်းလဲ သမီးရဲ့၊ ဘာကျန်သေးလို့လဲ'

ပိုးအိ စကားကို ရုတ်တရက်မို့ ကိုကျော်ခိုင် နားမလည်လိုက်။

'ညီမလေးကလဲ'

သီတာက လှမ်း၍ ဟန့်လိုက်သည်။

'မေမေ မပါလို့လေ'

ပိုးအိက ဖခင့်မျက်နှာကို လှမ်းကြည့်ရင်း ဖြေသည်။

'ဪ . . . ဟုတ်ပါရဲ့ သမီးရယ်၊ နောက်တပတ်လောက်ဆိုရင်တော့ ပြန်ရောက်လာမှာပေါ့ သမီးရဲ့၊ ဟား ဟား ဟား'

ကိုကျော်ခိုင်၏ ရယ်သံမှာ ခြောက်သွေ့အက်ကွဲ၍ နေသည်။ ကလေးများ ပျော်ရွှင်သွားစေရန် ရည်ရွယ်သော်လည်း သီတာနှင့်

အောင်အောင်က ဖေဖေ စိတ်မကောင်းဖြစ်နေသည်ကို သိပ်မိကြပါသည်။

အမှန်ပင်လည်း ကိုကျော်ခိုင်၏ ရင်ထဲမှာ မကောင်းပါ။

ⴀ ⴀ ⴀ

ရုံးခန်းထဲမှာ နာရီကြီး၏ လက်တံများသည် လေးနာရီထိုးရန် နှစ်မိနစ် သာ လိုတော့သည်ကို ညွှန်ပြနေသည်။ ကိုကျော်ခိုင်သည် သူ့ပစ္စည်းများကို သိမ်းဆည်းလိုက်သည်။ ဝေဝေက ကူညီ၍ ဗီရိုများကို သော့ခတ်ပေးသည်။

'ဆရာ ဆေးရုံကို သွားမှာလား'

'နှစ်ဆယ့်ကိုးလမ်းမှာ ကြက်သားစွပ်ပြုတ် မှာထားတာကို ဝင်ယူရဦးမယ်လေ၊ ပြီးမှ ဆေးရုံကို သွားမယ်'

'မမသက် နေကောင်းပြီလားဆရာ'

'သိပ် မထူးသေးပါဘူး ဝေဝေရယ်၊ မနေ့ကတော့ သွေးသွင်းတယ်၊ သွေးအားနည်းလို့တဲ့'

'ဝေဝေ ရောက်တဲ့နေ့တ မမသက်ကို ကြည့်ရတာ ခတ်တော်ကို အားနည်းတာပဲ နော်'

'ကျွန်တော်တို့လည်း တခေါက်ပဲရောက်ပြီး နောက်ထပ်မရောက်ရသေးဘူး၊ တနင်္လာနေ့ကျမှ ရုံးဆင်းရင် ဆရာနဲ့လိုက်ဖို့ စီစဉ်ထားကြတယ် ဆရာ'

'ဟုတ်တယ် ဆရာ၊ တနင်္လာနေ့ကျမှ ကျွန်မတို့လိုက်ကြမယ်'

စံလှ၏စကားကို ဒေါ်အုံးကြည်က ယပ်ရှိပြည့်စွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တိစ္ဆမရှိပါဘူးဗျာ၊ ခင်ဗျားတို့လည်း ရုံးဆင်းရင် အိမ်ကိစ္စ အသီးရတွေနဲ့ ပင်ပန်းပါတယ်၊ မလိုက်ကြပါနဲ့'

'မဟုတ်တာပဲ ဆရာရယ်၊ ဆရာက သူများကို သိပ်အားနာ တတ်တာပဲ၊ ဆေးတွေဘာတွေ ရှာဝယ်ဖို့ လိုတာဆိုရင်လည်း ကျွန် တော်တို့ကို ပြောပါဆရာ'

'ဟုတ်တယ် ဆရာ၊ ဆေးရှာတာတော့ သိန်းထွန်းက ကျွမ်း တယ်၊ သူ့အပေါင်းအသင်းတွေလည်းရှိတယ် ဆရာ'

'ခုတော့ မလိုသေးပါဘူးကွာ၊ နောက်တော့ လိုရင် ပြောပါ့မယ်၊ ငါသွားမယ်၊ မောင်ခင်ထွန်းရေ တံခါးတွေအားလုံး အသေအချာ ပိတ် နော်'

'ဟုတ်ကဲ့ ဆရာ'

ကိုကျော်ခိုင်သည် ရုံးဆင်းခဲ့ပြီး ၂၉ လမ်း၌မှာထားသော ကြွက်သားစွပ်ပြုတ်ကို သွားယူသည်၊ ကြက်ဥပူတင်းလည်း ဝယ်ခဲ့သည်။

ဆေးရုံပေါ်သို့ တက်လာသောအခါ 'သက်၏ အခြေအနေ ရွှင်ရွှင်လန်းလန်း တွေ့ပါရစေ' ဟု ဆုတောင်းနေမိသည်။

အခန်းထဲသို့ ဝင်လိုက်သောအခါ ကိုကျော်ခိုင် ကြီးစွာတုန်လှုပ် သွားရသည်။

မြမြသက်၏ ခုတင်ပေါ်တွင် အိပ်ရာခင်း မပါသော မွေ့ရာ အဟောင်းကြီးသာ ရှိတော့သည်။

'အို. . . ဘုရား ဘုရား'

ကိုကျော်ခိုင်၏ ခေါင်းတစ်ခုလုံး ချာချာလည်သွားအောင်



ခံစားလိုက်ရသည်။ ခြေထောက်များမှာ အားအင်ကုန်ခန်းသွားသလို ဖြစ်၍ မလှမ်းနိုင်အောင် ဖြစ်ရသည်။ တံခါးဝတွင်ရပ်၍ ငေးကြည့် နေမိသည်။

'မနက်က ဝင်တွေ့တော့ သက် အခြေအနေ ဒီလောက်မဆိုး ဘူး၊ အကြောင်းထူးရင်လည်း အောင်မိုး ဖုန်းဆက်မှာပါ'

ကိုကျော်ခိုင် စိတ်ကို တင်းပြီး ခုတင်ဆီသို့ လျှောက်သွားသည်။

'ဒီခုတင်ပေါ်က အမျိုးသမီး ဘယ်ရောက်သွားလဲ ဗျာ'

ဘေးမှ အဒေါ်ကြီးကို မဝံ့မရဲ မေးမိသည်။

'ဪ. . . စောစောကပဲ ဟိုဘက်အခန်းကို ရွှေ့သွားပါ တယ်'

'ဟင်း. . . .'

ကိုကျော်ခိုင် သက်ပြင်းချလိုက်ရသည်။

အဒေါ်ကြီး ညွှန်ပြသည့် အခန်းဘက်သို့ လိုက်သွားသည်။

တွေ့ပါပြီ၊ မြမြသက်၏ မျက်နှာမှာ ဖြူဖြူရွှင်ရွှင် ဖြစ်ပါသည်။

သွေးပုလင်းနှင့် သွေးပိုက်များပင် တပ်ဆင်ထားခြင်းမရှိ၊ လွတ်လပ်စွာ အိပ်ရာပေါ်မှာ လှဲ၍ အိပ်နေသည်။

'ဟိုဘက်အခန်း ဝင်သွားတော့ သက်ကို မတွေ့ရလို့ အစ်ကို ဖြင့် မောသွားတာပဲ'

မြမြသက်က ပြုံးသည်။ သို့သော် ယဲ့ယဲ့မျှသော အပြုံးပြုံး၏။

'ဒီဘက်ကို ရွှေ့လိုက်တယ် အစ်ကို၊ ဒီနေရာက ဆရာဝန် ဆရာမတွေနဲ့လည်း ပိုနီးတယ်၊ အောက်ဆီဂျင် ပေးဖို့လည်း အဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ ထင်ပါရဲ့'

'သက် နေကောင်းတယ် မဟုတ်လား'

'သိပ် မထူးပါဘူး အစ်ကိုရယ်၊ တကိုယ်လုံးနုံးပြီး အားမရှိ သလိုပဲ'

'ကောင်းသွားမှာပေါ့ သက်ရယ်၊ အားရှိအောင် စွပ်ပြုတ် သောက်ကြဦးစို့နော်'

မြမြသက်က ကလေးငယ် တစ်ယောက်နှယ် ခေါင်းညိတ်၍ ပြသည်။

ကိုကျော်ခိုင်က မြမြသက်ကို ထူမ၍ နောက်ကျောတွင် ခေါင်းအုံးနှစ်လုံးကို ခုထားပေးသည်။

သက်၏ ကိုယ်ကို ပွေ့ထူရသည်မှာ ပေါ့လွန်းလှသည်ဟု ကိုကျော်ခိုင် ထင်မိသည်။

'မောင်မိုး လာသေးသလား'

'လာပါတယ်၊ ဂရုလည်း စိုက်ပါတယ်'

'ရော့. . . . သက်၊ အစ်ကို တိုက်ရမလား'

မြမြသက်က ကျေးဇူးတင်သော မျက်လုံးများနှင့်ကိုကျော်ခိုင်ကို ကြည့်လိုက်သည်။

'အစ်ကို ကိုင်ထားပေးပါ၊ သက် ဘာသာ သောက်လို့ရပါတယ်'

မြမြသက်က စွပ်ပြုတ်ကို ဇွန်းဖြင့် ခပ်၍ သောက်သည်။

'သားတို့ သမီးတို့လည်း အဖေရော အမေပါ ဂရုမစိုက်နိုင်တော့ အာဟာရ မပြည့်ဝပဲ ဖြစ်နေဦးမယ်၊ ကောင်းကောင်းကျွေးပါ



အစ်ကိုရယ်'

'ကလေးတွေအတွက် ဘာမှ မပူပါနဲ့ သက်ရယ်၊ မနက်ဆိုရင် အစ်ကို အသေအချာ စီစဉ်ပေးခဲ့ပါတယ်၊ ဒေါ်သိန်းက လုပ်တတ်ပါတယ်၊ ကလေးတွေကလည်း သိပ်လိမ္မာတာပဲ သက်ရယ်'

'သမီးတို့ သားတို့ကို ခေါ်ခဲ့ပါဦး အစ်ကိုရယ်'

'မနက်ဖြန်ကာ စနေနေ့ဆိုတော့ သူတို့ ကျောင်းပိတ်တယ်လေ၊ ခေါ်ခဲ့မယ်၊ သောက်လိုက်ဦး သက်'

မြမြသက်က စွပ်ပြုတ်ကို ခပ်၍ သောက်သည်။ ကိုကျော်ခိုင် ကျေနပ်အောင် ကြိုးစား၍ သောက်ရခြင်း ဖြစ်သည်။

'ရော့. . . . ဒီအသားက နူးမြည့်နေတာပဲ သက်ရယ်၊ ဒါလေး စားလိုက်ပါဦး'

ကိုကျော်ခိုင်က ဇွန်းဖြင့်ခွဲ၍ မြမြသက်က ပါးစပ်ကို ဟပေးသည်။ အသားနုနုကို စားကြည့်သည်။ အရသာ မရှိ။

'အစ်ကိုလည်း သိပ်ပင်ပန်းတာပဲ၊ အားရှိအောင် စားဦးနော်'

'စားပါတယ် သက်ရဲ့၊ အစ်ကို မပင်ပန်းပါဘူး'

'ည ရေဒီယို ပြင်သေးလား၊ အအိပ်ပျက် မခံနဲ့ဦးနော်၊ အစ်ကိုပါ လဲနေလို့ ကလေးတွေ ဒုက္ခဖြစ်နေဦးမယ်'

'ရေဒီယို ပြင်စရာ မရှိပါဘူး သက်ရဲ့၊ သက်က အိမ်အတွက်ပူပင်နေတာကိုး၊ အစ်ကိုတို့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ သက်ရဲ့ ကျန်းမာရေးကိုသာ ကောင်းအောင် ကြိုးစားပါ၊ ဒီတစ်ဇွန်းသောက် လိုက်ဦး'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ အစ်ကို'

'နည်းလိုက်တာ သက်ရယ်၊ များများစားမှ အားရှိပြီး ကျန်းမာလာမှာပေါ့။ ကဲ. . . . ဒါဖြင့် ကြက်ဥပွတင်းစား'

ကိုကျော်ခိုင် ခွံ့ကျွေးသည်ကို မြမြသက်က ကြိုးစား၍စားသည်။ ငါးဇွန်းအထိ မှိတ်ကြိတ်စားပြီး ဆက်၍ စားချင်စိတ်မရှိတော့ပါ။

'တော်ပြီ အစ်ကို'

'နည်းလိုက်တာ သက်ရယ်'

ကိုကျော်ခိုင် အားမရပါ။

ကိုကျော်ခိုင်က မြမြသက်၏နှုတ်ခမ်းများကိုလက်ကိုင်ပဝါဖြင့် တယုတယ သုတ်ပေးသည်။

'သက်ကို ပြန်သိပ်ပေး'

ကိုကျော်ခိုင်က နောက်မှ မှီထားသော ခေါင်းအုံးများကိုဖြုတ်၍ မြမြသက်ကို ပြန်သိပ်ပေးလိုက်သည်။

'သက် ခေါင်းမူးသေးသလား'

'ခုတော့ မမူးပါဘူး၊ နေ့လည်က မူးသေးတယ်၊ သွေးသွင်းပြီးရင် နေရတာ သက်သာတယ်၊ ဘာရောဂါမှန်းလည်း မသိဘူး'

'ကောင်းသွားမှာပေါ့ သက်ရယ်'

'အစ်ကို စောစောပြန်လေ၊ သားတို့ သမီးတို့ မျှော်နေလိမ့်မယ်. . . .'

'စောပါသေးတယ် သက်ရယ်၊ မနက်ဖြန်ကာ ဘာစားချင်လဲ



ပြောလေ'

'ဘာမှ စားချင်တာရယ်လို့ မရှိပါဘူး အစ်ကိုရယ်၊ အစ်ကိုတို့ အဆင်ပြေတာသာ လုပ်ခဲ့ပါ'

ကိုကျော်ခိုင်က မြမြသက်၏ လက်ကလေးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။ မြမြသက်၏ မျက်လုံးအိမ်တွင် မျက်ရည်ကြည်တို့ လဲ့လာကြသည်။

ကိုကျော်ခိုင်သည် မြမြသက်၏လက်မောင်း လက်ဖျံမှ အပ်ရာများကိုကြည့်၍ စိတ်မကောင်း ဖြစ်နေမိသည်။

'သက် ရောဂါ ဘာလဲဆိုတာ ဒေါက်တာအောင်မိုးကို မေးကြည့်စမ်းပါ၊ အစ်ကိုရယ်'

'အစ်ကို မေးပြီးပါပြီ၊ သွေးအားနည်းတာပါလို့ ပြောတယ်'

'ကဲ. . . . အစ်ကို ပြန်တော့လေ၊ မနက်ဖြန်ကာကျတော့ ကလေးတွေခေါ်ပြီး စောစောလာခဲ့နော်'

မြမြသက်၏ မျက်လုံးများ တောက်ပနေသည်။ သူ့သားသမီးများနှင့် တွေ့ရမည်ကို တွေး၍ ဝမ်းသာနေသောကြောင့် ဖြစ်ပေမည်။

'အေး. . . . အေး အစ်ကိုတို့ စောစောလာခဲ့မယ်၊ သက်လည်း ကျန်းမာအောင် ကြိုးစားထားနော်'

မြမြသက်က ခေါင်းညိတ်သည်။

'အိမ်အတွက် ဘာမှတွေးပြီး ပူမနေနဲ့နော်'

မြမြသက်က ခေါင်းညိတ်ရင်း ပြုံးပြသည်။

ကိုကျော်ခိုင်က မြမြသက်၏ ဖြူနုသောပါးလေးကို ချ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးဖြင့် ထိလိုက်သည်။ ကြင်နာစွာ မွေးလိုက်ချင်သော်လည်း ဘေးမှလူများရှိ၍ စိတ်ကို ထိန်းချုပ်လိုက်ရသည်။

'သွားမယ်နော် သက်'

ကိုကျော်ခိုင်က အိတ်နှင့်ချိုင့်ကို ယူလိုက်သည်။

'အစ်ကို'

'ဘာလဲ သက်'

'ကားစီးရင် သတိထားနော်'

'စိတ်ချပါ သက်ရယ်'

ချစ်သော ဇနီးမောင်နှံတို့ မျက်လုံးချင်း ကြည့်နေမိကြသည်။ မြမြသက်၏ မျက်လုံးတွင် မျက်ရည်များ လည်လာသည်။

'အစ်ကို မသွားသေးဘူး သက်ရယ်'

ကိုကျော်ခိုင်က ပြန်ထိုင်မည်ပြုသည်။

'သွားပါ အစ်ကိုရယ်၊ ကလေးတွေ မျှော်နေလိမ့်မယ်၊ သက်လည်း အားရှိအောင် အနားယူလိုက်ဦးမယ်'

ကိုကျော်ခိုင်က မြမြသက်၏ မျက်နှာကလေးကို ကြင်နာစွာ ကြည့်နေမိသည်။

'ကဲ. . . .သွား သွား'

ကိုကျော်ခိုင် ကျေနပ်စေရန် မြမြသက်က ပြုံးပြသည်။ ကိုကျော်ခိုင်ကလည်း ပြုံး၍နှုတ်ဆက်ရင်း ပြန်ထွက်လာခဲ့သည်။

ကိုကျော်ခိုင် ထွက်သွားသည်နှင့် တပြိုင်နက် မြမြသက်၏ပါးပြင်ပေါ်တွင် မျက်ရည်များက တစိမ့်စိမ့် ယိုစီးကျလာကြသည်။

☨ ☨ ☨



ကိုကျော်ခိုင်သည် မြမြသက်ကို ပြုံး၍ နှုတ်ဆက်ခဲ့ရသော်လည်း အခန်းထဲမှ ထွက်လာသည်နှင့် တပြိုင်နက် သောကဝေဒနာကို ရင်မှာနင့်အောင် ခံစားရသည်။ မိမိ စိတ်ချမ်းသာအောင်ကြိုးစား၍ ပြုံးပြသော ဇနီးသည်ကိုလည်း သနားနေသည်။ ထိုအပြုံး၏ နောက်ကွယ်တွင် မြမြသက် ခံစားနေရသည့် ရုပ်ပိုင်းဆိုင်ရာ ဝေဒနာများနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို မှန်းဆကြည့်မိသည်။

'အစ်ကို သိပါတယ် သက်ရယ်၊ အစ်ကိုသိပါတယ်'

ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်မိသည်။

မြမြသက်ကို ကြည့်ရသည်မှာအားနည်းလွန်းလှသည်။ တစ်ရက်ထက်တစ်ရက် တိုးတက်ကောင်းမွန်လာသော သဘောကိုလည်း မတွေ့ရ။ ရင်ညွန့်နေရာမှ နာခြင်းမှာလည်း ကောင်းသော လက္ခဏာမဟုတ်ဟု ထင်သည်။

'သက်မှာ ရောဂါကြီးကြီးမားမား မရှိပါစေနဲ့ဗျာ၊ ဒီလိုနဲ့ပဲ ကုသရင်း ပျောက်ကင်း သွားပါစေ'

ကိုကျော်ခိုင် ဆုတောင်းနေမိသည်။

ရောဂါ၏ အခြေအနေ သိလိုသောကြောင့် ဒေါက်တာအောင်မိုး ရှိလေမည်လားဟု ပြင်ပလူနာဌာနသို့ ဝင်ခဲ့သည်။

'ဒေါက်တာအောင်မိုးရှိလား ဆရာမ'

စာရေးနေသော ထဘီနီဝတ် ဆရာမလေးကို မေးမိသည်။

ဆရာမလေးက ခေါင်းညိတ်ပြစဉ်မှာပင်. . . .

www.burmeseclassic.com

www.burmeseclassic.com



'ဖိုးကျော်ခိုင်လားဟေ့'

ဒေါက်တာအောင်မိုး ထွက်လာသည်။

'အမျိုးသမီးလာတွေ့တာလား'

'အေးကွ၊ မင်းမပြန်သေးဘူးလား'

'အခုပြန်တော့မှာပဲ၊ မင်းလာတာနဲ့ အတော်ပဲ၊ လာ တခါတည်းလိုက်ခဲ့၊ ငါ မင်းကို လိုက်ပို့ပေးမယ်'

'နေပါစေကွာ၊ ငါက မင်းနဲ့စကားနည်းနည်း ပြောချင်လို့ပါ'

'လာပါကွာ၊ ပြန်ရင်းနဲ့ ကားပေါ်မှာပြောတာပေါ့'

'နေပါစေသူငယ်ချင်းရာ၊ လိုက်မပို့ပါနဲ့'

'လာစမ်းပါကွာ၊ မင်းကလည်း ငါ့ကိုများ အားနာစရာမှတ်လို့'

ဒေါက်တာအောင်မိုးက ရှေ့မှ ထွက်သွား၍ ကိုကျော်ခိုင် နောက်မှ လိုက်ခဲ့ရသည်။

'ကဲ....တက်၊ သူငယ်ချင်း'

ဒေါက်တာအောင်မိုးက တောက်စ်ဝတ်ဂွန်း ကားကလေး၏ တံခါးကို ဖွင့်ပေးသည်။ ကိုကျော်ခိုင် ကားပေါ်သို့တက်သည်။

'သူငယ်ချင်း တစ်ခုခုစားဦးမလား၊ စားရင်း စကားပြောတာပေါ့'

'ငါ မစားချင်ဘူးကွာ၊ သက်ကိုကြည့်ရတာ ပိုများ ဆိုးလာသလားလို့၊ ရောဂါအခြေအနေကို မင်းများ သိမလား မေးချင်လို့ပါ'

ဒေါက်တာအောင်မိုးက ကားကလေးကို ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့ဆီသို့ ဦးတည်၍ မောင်းနေသည်။



ကိုကျော်ခိုင်သည် ဒေါက်တာအောင်မိုး၏ မျက်နှာကို လှမ်းကြည့်ရင်း သူ့ထံမှထွက်လာမည့် စကားကို နားစွင့်နေမိသည်။ ဒေါက်တာအောင်မိုးက ဘာမျှမပြော။ လဟာပြင်ဈေးထောင့်ရှိ မီးပွိုင့်မှ အစိမ်းရောင်ပြနေသဖြင့် မီအောင် စက်ရှိန်ကို မြှင့်လိုက်သည်။

မီးပွိုင့်မှနေ၍ ရွှေတိဂုံဘုရားလမ်းဘက်သို့ မောင်းခဲ့သည်။

'သူငယ်ချင်းသိရင်လည်း အမှန်အတိုင်း ငါသိပါရစေကွာ'

'မင်း ကလေးတွေကို ဘာလို့ မခေါ်ခဲ့တာလဲ'

ဒေါက်တာအောင်မိုးက ကိုကျော်ခိုင်မေးသည်ကို မဖြေသေးပဲ မေးခွန်းတစ်ခုကို ပြန်မေးနေသည်။

'ကလေးတွေက ကျောင်းတက်နေရတယ်ကွ၊ သွားရ လာရတာကလည်း မလွယ်ဘူး'

'နောက်နေ့တွေကျ ခေါ်ခဲ့ပါကွာ၊ အပြန်ကျရင် ငါလိုက်ပို့ပါ့မယ်'

မနက်ဖြန် ကျောင်းပိတ်တယ်၊ ခေါ်ခဲ့မှာပါ။ သက်ရဲ့ အခြေအနေက ဘယ်လိုလဲကွာ၊ ငါမေးတာလဲ မင်းမဖြေသေးဘူး'

ဒေါက်တာအောင်မိုးက ကိုကျော်ခိုင်ကို တချက်လှမ်းကြည့်လိုက်သည်။

'ငါပြောမှာပေါ့ သူငယ်ချင်းရာ၊ ပြောမှာပါ။ ငါ ဆရာဝန်လုပ်ရတဲ့ဘဝမှာ စိတ်ဆင်းရဲစရာအကောင်းဆုံးတစ်ခု ရှိတယ်ကွာ၊ အခါတော်ကျတော့ အဲဒါကြောင့် ငါ ဆရာဝန်လုပ်ချင်စိတ်တောင် တုန့်တုန့်သွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်က ရှေ့ဆက်မည့် စကားများကို စိုးရွံ့စွာဖြင့် နားစွင့်နေမိသည်။

ဒေါက်တာအောင်မိုးသည် ဦးဝိစာရလမ်းဘက်သို့ ချိုးကွေ့ရန် ယဉ်ကြောနေရာ ယူနေရသောကြောင့် စကားမဆက်နိုင်သေးအောင် ဖြစ်နေသည်။ ကားရှင်းသည်နှင့် ယာဉ်ကြောအတိုင်းဆက်၍ မောင်းခဲ့သည်။

'ပွင့်ပွင့်လင်းလင်းသာပြောပါ သူငယ်ချင်းရာ'

ကိုကျော်ခိုင်က စကားပြန်ဆက်စေရန် ထောက်ပေးလိုက်သည်။ သို့သော် ဆက်မည့်စကားကိုလည်း စိုးရွံ့နေမိသည်။

'အင်း. . . . မြမြသက်ရဲ့ အခြေအနေက မကောင်းဘူးကွာ'

'ဘာ. . . . သက်ရဲ့အခြေအနေက မကောင်းဘူး၊ ဟုတ်လား'

ကိုကျော်ခိုင်၏ခေါင်းတွင် မိုးကြိုးထိမှန်သည်သို့ ခံစားလိုက်ရ၏။

'ငါ ဒီစကားကိုပြောရတာ သိပ်ဝန်လေးတာပဲကွာ၊ မပြောချင်ဆုံး စကားပဲ၊ မလွှဲသာလို့သာ ပြောရတာ'

'ဘာရောဂါလဲ သူငယ်ချင်း'

'သွေးနီဥနည်းတဲ့ရောဂါပေါ့ကွာ'

'ဘာ. . . . လူကီးမီးယား ဆိုတာမျိုးလားကွာ'

'အေးကွာ အဲဒီသဘောပါပဲ'

'ဒါဖြင့် သက်ကို ကုလို့မရတော့ဘူးလားကွာ'

'အင်း လူကီးမီးယားမှာကလည်း အမျိုးမျိုးရှိတယ်ကွ၊ အကြမ်း



အားဖြင့်ဆိုရင်တော့ အပြင်းစားနဲ့ အပျော့စားပေါ့ကွာ'

'အခု သက်မှာဖြစ်တဲ့ လူကီးမီးယားက အပြင်းစားလား အပျော့စားလားကွာ'

'သက်မှာဖြစ်တဲ့ရောဂါက သိပ်မကောင်းဘူးလို့ ပြောရမှာပေါ့ကွာ'

'ငါသိပါပြီကွာ'

ကိုကျော်ခိုင် နားလည်လိုက်ပါပြီ။

ရင်ထဲမှာ ဆို့နင့်နေအောင် ခံစားလိုက်ရသဖြင့် မျှော်လင့်ချက်တောင်ကြီး ပြိုလဲသွားလေပြီ။

'သက်ကို ဆုံးရှုံးရတော့မည်၊ သက်နှင့် သေကွဲခွဲရတော့မည်' ဆိုသည့်အသိက ကိုကျော်ခိုင့်ခေါင်းထဲ ဝင်လာသည်။ မယုံချင်ပါ။ သို့သော် သူငယ်ချင်းဆရာဝန်က ပြောပြနေပေပြီ။

ကလေးများကို မည်သို့ ပြောရပါမည်နည်း။ ကလေးများ သိစေ ၍မဖြစ်။ သမီးငယ်ပိုးအိကို မြင်ယောင်လာသည်။ သမီးငယ်လေးအတွက် စိတ်မကောင်း ပိုဖြစ်ရသည်။ စောစောကသာသိလျှင် ကလေးများကို နေ့တိုင်း ခေါ်လာမိမည်။ ရနိုင်သလောက် အချိန်ကလေး အတွင်းမှာ ကလေးများကို သူတို့အမေနှင့် နေစေချင်သည်။

'သူငယ်ချင်းရာ၊ မင်းသိရင်လည်း စောစောက ပြောရောပေါ့ကွာ'

'အမှန်အတိုင်းပြောရရင်တော့ ငါတို့လည်း မနေ့[illegible]မှ အသေအချာ သိရတာပါကွာ၊ မြမြသက် ပထမအကြိမ် ရောက်လာတာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



'သက်နဲ့ မကြာခင် ခွဲရတော့မှာပါလား၊ သက် ဘယ်လောက်ကြာအောင် နေရဦးမှာလဲ'

ကိုကျော်ခိုင် ဝမ်းနည်းမိသည်။

'တခုတော့ မေးပါရစေဦး သူငယ်ချင်းရာ၊ သက် ဘယ်လောက်ထိ နေရဦးမလဲကွာ'

'အင်း. . . . အတိအကျတော့ ပြောလို့ မရဘူးပေါ့ကွာ၊ ဒါပေမယ့် ငါ မင်းကို မညာချင်ဘူးကွာ၊ မင်းအတွက် အမှန်အတိုင်းသိသင့်တယ် ထင်လို့ပါ၊ အလွန်ဆုံး နှစ်လလောက်တော့ ခံမယ်လို့ ငါတို့ ထင်တာပဲ'

မညာချင်၍ အမှန်အတိုင်းပြောရပြန်တော့လည်း ဒေါက်တာအောင်မိုး စိတ်မကောင်း ဖြစ်ရသည်။

'နှစ်လဆိုသောအချိန်မှာ တိုတောင်းလွန်းလှပါကလား'

ကိုကျော်ခိုင်မှာ တစ်မျိုးတိုးသိရလေ ပို၍ စိတ်ဆင်းရဲရလေဖြစ်နေမိသည်။ ထိုနှစ်လဆိုသည်မှာပင် အလွန်ဆုံးဟု သူငယ်ချင်းကပြောထားသည်။ ပိုပိုမိုမို ခန့်မှန်းထားလေသလားဟု သံသယဖြစ်မိသည်။

'အနည်းဆုံးဆိုရင်ကော သူငယ်ချင်းရာ'

'အင်း. . . . အနည်းဆုံး ဆိုရင်တော့ တစ်လလောက်ပေါ့ကွာ'

'တစ်လ'

ကိုကျော်ခိုင် တုန်လှုပ်သွားမိသည်။

ပို၍ တိုတောင်းလွန်းလှသော အချိန်ပါတကား။ ဆက်၍



မေးချင်စိတ် မရှိတော့။ ဒေါက်တာအောင်မိုးမှာလည်း အတော်ပင်စိတ်ပန်းလူပန်း ဖြစ်သွားပြီ။

ဤရက်များအတွင်းမှာ အတတ်နိုင်ဆုံးအစွမ်းကုန်ကြိုးစား၍ သက်ကို ကြင်ကြင်နာနာ ယုယုယယ ပြုစုချင်သည်။ စိတ်အချမ်းသာဆုံး နေသွားစေချင်သည်။ သူချစ်သော သမီးသားများနှင့်အတူ ထားချင်သည်။ ဆေးရုံမှဆင်း၍ အိမ်ပြန်ခေါ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ငါ သက်ကို အိမ်ပြန်ခေါ်ချင်တယ်ကွာ'

'ဟာ. . . . အဲဒါဆိုရင်တော့ မင်းမှားမှာပေါ့ကွာ'

'ကျန်တဲ့ရက်ကလေးအတွင်း သူ့သားသမီးတွေနဲ့ အတူတူနေရရင် စိတ်ချမ်းသာမလားလို့ပါကွာ'

'ဘယ်ဟုတ်ပါ့မလဲကွာ၊ ဆေးရုံမှာဆိုတာက ကျွမ်းကျင်တဲ့ဆရာဝန်တွေနဲ့ လိုအပ်တဲ့ ကိရိယာတွေ ဆေးဝါးတွေနဲ့ဆိုတော့ သူ့အတွက် တတ်နိုင်သလောက် ကြာကြာနေရအောင် ကြိုးစားပေးနိုင်တာပေါ့၊ နောက်ပြီး သွေးကလည်း သွင်းပေးနေရမှာ၊ ဝေဒနာကို သိပ်မခံစားရအောင်လည်း နည်းအမျိုးမျိုးနဲ့ လုပ်ပေးလို့ရတယ်၊ အိမ်မှာဆိုရင် သူ့ခမျှာ ဝေဒနာတွေကို သိပ်ခံစားရမှာပေါ့၊ အဲဒီတော့ ကလေးတွေလည်း ပိုပြီး စိတ်မကောင်းဖြစ်ရမယ်၊ နေရတဲ့ရက်လည်း သိပ်နည်းသွားလိမ့်မယ်၊ စိတ်ကူးမလွဲပါနဲ့ သူငယ်ချင်းရာ၊ ကလေးတွေကိုညနေတိုင်း ခေါ်လာပါ'

'အေးပါကွာ၊ ငါက ကောင်းမလားလို့ စဉ်းစားမိတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်မိုး၏ ကားကလေးသည် မရမ်းကုန်းမီးပွိုင့်မှတဆင့် သမိုင်းလမ်းဘက်သို့ ချိုးကွေ့လိုက်သည်။

'သူငယ်ချင်း၊ မင်းလည်း ပင်ပန်းလာတယ်၊ ရှေ့ကမှတ်တိုင်မှာ ဝဲ ရပ်ပါတော့၊ ငါ ဒီကနေ ဘတ်(စ်)ကားစီးပြီး သွားပါ့မယ်'

'အို . . . . မဟုတ်တာကွာ၊ ငါ အိမ်အထိ လိုက်ပို့မှာပေါ့'

ဒေါက်တာအောင်မိုးက မှတ်တိုင်တွင် ရပ်ထားသော လိုင်းကားကို ကျော်တက်လိုက်သည်။

ကိုကျော်ခိုင်၏ မျက်လုံးအစုံမှာ ရီဝေ၍နေပြီ။

ᥐ ᥐ ᥐ

'ဩော် . . . . သက်ရယ်၊ ကုန်လွန်ခဲ့တဲ့ အချိန်တွေက တိုတောင်း လိုက်တာ'

ကိုကျော်ခိုင်၏ ရီဝေသော မျက်လုံးအစုံတွင် တက္ကသိုလ်မှ မောင်မယ်သစ်လွင်နေ့တွင် သက်နှင့်စတင်တွေ့ခဲ့ရသည်ကို မြင်ယောင်နေမိသည်။

အတန်းအတူ တက်ရာမှ ရင်းနှီးခင်မင်၍ စားသောက်ဆိုင်တွင် အတူစားသောက်ခဲ့ရသည်များကိုလည်း သတိရမိသည်။

ချစ်သူတို့ဘာဝ တက္ကသိုလ်၏ကုံကော်ပင်ကလေးများအောက်တွင် အတူထိုင်ခဲ့ကြသည်။

ဘွဲ့နှင်းသဘင် ခန်းမရှေ့မှ သစ်ပုတ်ပင်ကြီးကိုမော့ကြည့်ရင်း မေတ္တာစကားနှင့် သစ္စာတရားတွေ တိုင်တည်ခဲ့ကြသည်။



အင်းလျား ကန်ဘောင်ရိုးတွင် ဘေးချင်းယှဉ် ပခုံးချင်းတိုက်၍ လမ်းလျှောက်ရင်း ရယ်လိုက် မောလိုက် ပျော်ခဲ့ရသည်။

ထိုစဉ်က သက်၏မျက်နှာကလေးမှာ ပြုံးနေသည်။ သက်၏မျက်လုံးများမှာ တောက်ပနေသည်။ သွားဟန် လာဟန် လှုပ်ရှားဟန်ကလေးများက ချစ်စရာ။

ကိုကျော်ခိုင် သက်ပြင်းတချက် ချလိုက်မိသည်။

ဘွဲ့ရပြီးနောက် သီတင်းကျွတ် လပြည့်ညတွင် မီးပွဲကြည့်ရာမှ ကိုကျော်ခိုင်နှင့် သက်တို့ အိမ်သို့မပြန်တော့ပဲ နှစ်ဦးသဘောတူ ထွက်ခဲ့ကြသည်။

ရင်ခုန်ရသော ညတစ်ည။

ပျော်ခဲ့ရသော ညတစ်ည။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍မဝ။

တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းပါအောင် ဆုပ်ထားကြသည်။

ခိုင်ခိုင်မြဲမြဲ လက်တွဲမဖြုတ်ဆိုသည့်သဘော။

ကိုကျော်ခိုင် လွမ်းဆွတ်တသမိသည်။

'ဩော် . . . . ခုတော့ သက်က လက်တွဲ ဖြုတ်သွားတော့မှာပါကလား'

ကိုကျော်ခိုင်၏ ပါးပြင်ပေါ်သို့ ပူနွေးသော မျက်ရည်များသို့ စီးကျလာကြသည်။

'ငါ သက်ကို မကယ်နိုင်တော့ဘူးလား'

www.burmeseclassic.com



'ဘယ်သူမှ သက်ကို မကယ်နိုင်တော့ဘူးလား'

'သွေးဖြူဥတွေက သွေးနီဥတွေထက် ဘာဖြုလို့ များလာကြရတာလဲ'

'သွေးနီဥတွေ ဘာဖြစ်လို့ နည်းကုန်ကြတာလဲ'

'သွေးဖြူဥတွေနဲ့ သွေးနီဥတွေ ပြန်ပြီ မျှမျှတတ မဖြစ်နိုင်ကြတော့ဘူးလား'

'ဒီလောက်တောင် တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ဆေးပညာဟာ ဒီရောဂါကို မကုနိုင်သေးဘူးလား'

'ဩော် . . . . လူတွေ လူတွေ၊ လူလူချင်းသတ်ဖို့ရာအတွက် လူသတ်လက်နက်တွေကျတော့ အဆန်းတကြယ် ကြောက်မက်ဖွယ် တိုးတက်အောင်တီထွင်နေကြတာပါကလား၊ လူ့အသက်ကိုကယ်ဖို့ ဆေးပညာရဲ့တိုးတက်မှုကျတော့ နှေးကွေးလွန်းလှပါကလား'

ဤကမ္ဘာပေါ်တွင် လက်နက်ထုတ်လုပ်မှုစရိတ်သည် တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း နှစ်သိန်း တစ်သောင်း ဖြစ်နေပြီး လက်နက်များအတွက် သုတေသနလုပ်၍ ကုန်ကျစရိတ်မှာ ဒေါ်လာသန်းပေါင်း နှစ်ထောင့်ငါးရာရှိသည်။ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများတွင် သုံးစွဲသောငွေထက် လေးဆ ပိုမိုများပြားသည်ဟူ၍ စတော့ဟုမ်း ငြိမ်းချမ်းရေး သုတေသနအကြီးအကဲက ပြောကြားခဲ့သည်။ ယင်းအချက်ကို သတင်းစာထဲတွင် ဖတ်ရစဉ်က ကိုကျော်ခိုင် စိတ်မကောင်းဖြစ်၍ မှတ်မှတ်သားသား ဖြစ်နေမိသည်။ ခုတော့ ကိုယ်တွေ့ကြုံရလေပြီ။

'လူသတ်လက်နက်အတွက် အပြိုင်အဆိုင်သုံးနေကြတဲ့ငွေတွေကို လူ့အသက်ကယ်တဲ့ ဆေးပညာအတွက် သုံးကြရင် ဘယ်လောက်ကောင်းလိုက်မလဲ'



ကိုကျော်ခိုင် အတွေးနက်နေမိသည်။

ကားကလေးသည် စက်ရှိန်လျှော့၍ လမ်းဘေးသို့ဆင်းလိုက်သည်။

'လမ်းထိပ်ရောင် ရောက်နေပြီကိုး'

ကိုကျော်ခိုင် ပတ်ဝန်းကျင်ကို ပြန်လည်သတိထားမိသည်။

လမ်းဘေးတွင် အရက်ဖြူဆိုင်ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။

'အဲဒီဆိုင်နားမှာပဲ ရပ်လိုက်ကွာ'

ကိုကျော်ခိုင်၏စကားကြောင့် ဒေါက်တာအောင်မိုးမျက်လုံးပြူးသွားမိသည်။

'အရက်သောက်မလို့လား၊ မလုပ်ပါနဲ့သူငယ်ချင်းရာ၊ ကလေးတွေ မျှော်နေကြလိမ့်မယ်'

ကိုကျော်ခိုင် ပြုံးလိုက်မိသည်။ ပျက်ပြယ်သောအပြုံး။

'မသောက်ပါဘူး သူငယ်ချင်းရာ စိတ်ချပါ၊ ငါ့အတွက် တစ္ဆေမြေကြီး ချာချာလည်အောင် မူးနေပါပြီ၊ အရက်သောက်စရာ မလိုတော့ပါဘူး'

ဒေါက်တာအောင်မိုးသည် သူငယ်ချင်းကိုကြည့်၍ စိတ်မကောင်း ဖြစ်သွားမိသည်။

'အရက်ဆိုင်မှာအရပ်ခိုင်းလို့ ပြောမိတာပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူးသူငယ်ချင်းရာ၊ လမ်းထဲက ကားလမ်းမကောင်းလို့ ဒီနားမှာ အရပ်ခိုင်းတာပါ'

ဒေါက်တာအောင်မိုးက ကားကိုရပ်ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ၊ သက်ကိုလည်း တတ်နိုင်သလောက်တော့ ကြိုးစားပေးပါဦးနော်'

'စိတ်ချပါကွာ၊ ငါတင်မကပါဘူး ဆရာဝန်ကြီးတွေလည်း အစွမ်းကုန်ကြိုးစားကြပါတယ်၊ ငါတို့အနေနဲ့ လူနာတစ်ယောက်ကို ရမှာမဟုတ်တော့ဘူး ဆိုပြီး လက်လျှော့ထားတာမျိုး လုပ်လေ့မရှိဘူး၊ လူ့ကံဆိုတာလည်း ပြောလို့မရဘူးကွ၊ မရတော့ဘူးလို့ထင်ထားရာကနေ အံ့ဩစရာ အပြောင်းအလဲတွေ ဖြစ်တတ်တာမျိုးလည်း အများကြီးရှိပါတယ်၊ 'ကဲ. . . . ငါသွားမယ်နော်၊ မနက်ဖြန်တော့ ကလေးတွေပါ ခေါ်ခဲ့၊ ငါ အပြန်လိုက်ပို့ပါ့မယ်'

ကိုကျော်ခိုင် ခေါင်းညိတ်ပြသည်။

ဒေါက်တာအောင်မိုး၏ ကားကလေး ပြန်ထွက်သွားသည်။

'အောင်မိုးပြောသလို အံ့ဩစရာကောင်းတဲ့ အပြောင်းအလဲမျိုး ဖြစ်ပါစေတော့' ဟု ကိုကျော်ခိုင် ဆုတောင်းလိုက်မိသည်။

ѫ ѫ ѫ

'မေမေလာပြီ၊ ဖေဖေလာပြီ'

သမီးပိုးအိက ဝမ်းသာအားရ အော်ပြောသည်။

'ကြော်. . . သမီးလေး မျှော်နေရှာတာကိုး'



ကိုကျော်ခိုင် စိတ်မကောင်းဖြစ်ရသည်။ ပြေးလာသော သမီးလေးကို ပွေ့ချီ၍ မွှေးလိုက်သည်။ ကိုကျော်ခိုင် စိတ်ကိုထိန်းချုပ်ရန် မကြိုးစားနိုင်မီမှာပင် ပါးပြင်ပေါ်သို့ မျက်ရည်များက စီးကျလာသည်။ ကိုကျော်ခိုင်သည် မျက်ရည်များကို သမီးလေးမမြင်နိုင်အောင် မျက်နှာလွှဲထားလိုက်သည်။

အောင်အောင်ရောက်လာ၍ ကိုကျော်ခိုင်၏လက်မှ အိတ်ကိုယူသည်။

'ဟင်. . . . ဖေဖေ ငိုနေတာလား၊ မျက်ရည်တွေနဲ့'

ပိုးအိ မမြင်အောင် ရှောင်နိုင်ခဲ့သော်လည်း အောင်အောင်မြင်သွားလေပြီ။

'မဟုတ်ပါဘူး သားရယ်၊ ဒီနားရောက်မှ မျက်လုံးထဲကို ပိုးကောင်ဝင်သွားလို့ပါ'

ကိုကျော်ခိုင် မုသားဆိုရသည်။

'မေမေ နေကောင်းရဲ့လား ဖေဖေ'

သီတာက စိုးရိမ်စွာဖြင့် မေးနေပြန်သည်။

'ကောင်းပါတယ် သမီးရယ်၊ မေမေ သက်သာပါတယ်'

'ဖေဖေ၊ ဒါဖြင့် မေမေ ဆေးရုံက ဆင်းရတော့မှာလား ဟင်'

ပိုးအိက သူ့မေမေကို ဆေးရုံမှ ဆင်းစေချင်ရှာပြီ။

'ဆင်းရတော့မှာပေါ့ သမီးလေးရယ်'

သမီးငယ် ပိုးအိမေးသည်ကို ဖြေရင်းမှ ကိုကျော်ခိုင်မျက်ရည် လည်ရပြန်သည်။ သို့သော် ကလေးများ မသိအောင် စိတ်ကိုထိန်း၍

www.burmeseclassic.com

www.burmeseclassic.com



-ည်။

'ဘယ်တော့ ဆင်းရမလဲ ဖေဖေ'

ခတ်ပြီး အောင်အောင်က မေးနေပြန်သည်။

'မြန်ရင် တစ်လ၊ ကြာရင် နှစ်လပေါ့ သားရယ်'

'ဟင်. . . . နှစ်လဆိုရင် အကြာကြီးပဲ၊ တစ်လလောက်နဲ့ ဆင်းရပါစေ'

သမီးကြီး သီတာက ဆုတောင်းနေသည်။

ကိုကျော်ခိုင်၏ ရင်ထဲမှာ ဆို့သွားသည်။

'တစ်လ မြန်မြန်ပြည့်ပါစေ'

ပိုးအိက ဆုတောင်းနေပြန်ပြီ။

'အဲဒီလို ဆုမတောင်းကောင်းဘူး သမီးတို့ရဲ့၊ နေကောင်းရင် ဆင်းမှာပေါ့။ ကဲ. . . . ဖေဖေ ထမင်းဆာပြီ၊ ထမင်းစားရအောင်နော်'

ကိုကျော်ခိုင်သည် ကလေးများကိုစိတ်ပြောင်းပစ်ရန်ကြိုးစားသည်။

'ဖေဖေ ရေချိုးလိုက်ဦးလေ သမီးတို့ အဆင်သင့် လုပ်ထားမယ်. . . .'

'အေး. . . . အေး'

ကိုကျော်ခိုင်က ပွေ့ချီထားသော သမီးငယ်၏ ပါးပြင်ကို ကြင်နာစွာမွှေး၍ အောက်သို့ချပေးလိုက်သည်။

'ဖေဖေ့ကို ရေလဲပခုံးနဲ့ တဘက်ယူပေးမယ်'

ပိုးအိက သွက်လက်စွာ ပြေးလွှားနေသည်။ အဖေပြန်လာ၍





ပျော်နေရှာသည်။

သမီးငယ်ကို ကြည့်၍ ကိုကျော်ခိုင်၏ရင်မှာ ဆို့နင့်လာရပြန်သည်။

'ဪ သနားစရာ သမီးလေးရယ်'

ပိုးအိက ရေလဲပုဆိုးနှင့် တဘက် ယူလာပေးသည်။

'လိမ္မာလိုက်တဲ့ သမီးလေးကွာ၊ သိပ်အားကိုးရတာပဲ'

'နက်ဖြန်ကျတော့ မီးမီးတို့ မေမေ့ဆီကို လိုက်ရမှာနော်'

'အေး. . . . အေး လိုက်ရမယ်'

'ဟေး. . . . မေမေနဲ့ တွေ့ရတော့မယ်၊ မေမေနဲ့ တွေ့ရတော့မယ်၊ ပျော်လိုက်တာ ပျော်လိုက်တာ'

ပိုးအိက ဟစ်အော် ခုန်ပေါက်နေသည်။

ကိုကျော်ခိုင် မကြည့်ရက်ပါ။ ရေချိုးခန်းသို့ ဝင်ခဲ့သည်။

ရေချိုးခန်းထဲရောက်မှ စီးကျလာသော မျက်ရည်များကို အဆီးအတားမရှိ ကျခွင့်ပြုလိုက်မိသည်။

ထမင်းစားသောအခါ ကလေးများမှာ ဘာမျှ မသိ၍ ပျော်ရွှင်စွာ စားနိုင်ကြသော်လည်း ကိုကျော်ခိုင်တော့ စား၍သာ စားနေရသည်။ ဘာအရသာမျှ မသိ။ ဝါးပြီးသော ထမင်းဟင်းမှာလည်း ရင်မှာတစ်ဆို့ နေ၏။

'ဪ သက်နဲ့အတူ ထမင်းလက်ဆုံးစားခွင့်ကို ဘယ်အခါမှ ကြုံနိုင်တော့မှာ မဟုတ်ပါလား' ဟု စဉ်းစားမိသောအခါ ရင်ထဲမှာ နာကျင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ခံစားနေရသောအဖြစ်၊ ကလေးများမရိပ်မိအောင် ဟန်လုပ်နေရသော အဖြစ်ကလည်း ကိုကျော်ခိုင့်အတွင် ပင်ပန်းလှသည်။

အိပ်ရာထဲရောက်၍ အိပ်ကြသောအခါတွင်လည်း အောင်အောင်နှင့်ပိုးအိက ကိုကျော်ခိုင်၏ ဘေးတဘက်စီမှ ဖက်တွယ်၍ အိပ်ကြသည်။ ကလေးများ အိပ်ပျော်ကြပြီ ဖြစ်သော်လည်း ကိုကျော်ခိုင် အိပ်မပျော်နိုင်။

ယခင်ကဆိုလျှင် ကလေးနှစ်ယောက်ကို သူတစ်ယောက် ကိုယ် တစ်ယောက် ပွေ့ဖက်၍ သိပ်ကြသည်။ ခုတော့ မိခင်၏ရင်ခွင်နှင့် ဝေးရှာကြလေပြီ၊ ဖခင်၏ရင်ခွင် တစ်ခုတည်းကိုသာ နှစ်ယောက်စလုံး ခွဲဝေ၍ ယူကြရတော့မည်။

'ဩော် ဒီအိပ်ရာပေါ်မှာ သူချစ်တဲ့ မိသားစုနဲ့အတူ သက်တစ်ယောက် ပြန်အိပ်ခွင့်ကို ရနိုင်ပါဦးတော့မည်လား'

လေးလံသော သက်ပြင်းရှည်တစ်ချက်ကို ကိုကျော်ခိုင်ချလိုက်မိ၏။ မျက်ရည်များက စီးဆင်းလာကြပြန်ပြီတကား။

ㅈ ㅈ ㅈ

မြမြသက်သည် နာရီကို တကြည့်ကြည့်နှင့် ဖြစ်နေ၏။ လင်နှင့် သားသမီးများ လာတော့မည်ကိုမျှော်ရင်း ပျော်နေမိသည်။ ကလေးများနှင့် တွေ့ရတော့မည်ကို စိတ်အားထက်သန်၍ လူမှာ လန်းလန်းဆန်းဆန်း ဖြစ်နေသည်။ ဝမ်းထဲမှလည်း ဆာသလိုလို ဖြစ်လာ၍ မြမြသက် ဝမ်းသာမိသည်။



ခေါင်းမှ ဆံပင်များကို ဘီးဖြင့် သပ်သပ်ရပ်ရပ် ဖြီးထားလိုက်သည်။

အင်္ကျီနှင့် လုံချည် လဲလိုက်သည်။

မျက်နှာကိုလည်း ရေဆွတ်ထားသော တဘက်ဖြင့်သုတ်၍ သန့်သန့်ရှင်းရှင်းဖြစ်အောင် ပြုပြင်ထားလိုက်သည်။

လှချင်၍ မဟုတ်သော်လည်း ကလေးများအမြင်မှာ တင့်တင့်ရှိစေချင်သည်။ ကလေးတို့ကို စိတ်ညစ်ဖွယ် မမြင်စေချင်၊ သပ်သပ်ရပ်ရပ် ပြုပြင်ပြီးသောအခါ ကိုယ်တိုင်လည်း စိတ်လက် ကြည်ကြည်လင်လင် ဖြစ်လာသည်။

'ဒေါ်မြမြသက် ဒီနေ့တော့ ရွှင်လို့လန်းလို့ပါလား'

သူနာပြုဆရာမကလေးက ဖြတ်သွားရင်းမှ မြမြသက်တို့ လှမ်းပြောလိုက်သည်။

'သားနဲ့ သမီးတွေ လာမယ်ဆိုလို့ ဆရာမရေ'

မြမြသက်၏ အသံမှာ အခါတိုင်းနှင့်မတူ၊ တက်ကြွနေသည်။

မိခင်၏ကြီးမားသော မေတ္တာစိတ်ကြောင့် ရောဂါဝေဒနာတို့ ပင်လျှင် ခေတ္တအားဖြင့် ငုပ်လျှိုးပုန်းရှောင်သွားကြသည် ထင်ရ၏။

'ဒေါ်မြမြသက်တို့ လင်မယားက အဖေချော အမေချော ဆို တော့ သားသမီးတွေလည်း ချောမယ် ထင်တယ်နော်'

ဘေး ခုတင်မှ အဒေါ်ကြီးက ထင်မြင်ချက်ပေးလေသည်။

မြမြသက် ပြုံးလိုက်မိ၏။

'ချောပါတယ်' ဟု ပြောလိုက်ချင်သော်လည်း ကြွားရာကျမည်

www.burmeseclassic.com

www.burmeseclassic.com



…သာ ပြုံးနေရလိုက်ရသည်။

'လာတော့ မြင်ရမှာပေါ့ အဒေါ်ရယ်'

တုလည်း ရင်ထဲမှ ပြောနေမိသည်။

လာစေချင်လှပါပြီ၊ သားချော သမီးချောတို့ဖြင့် ဂုဏ်ယူချင်

…ည်။

'တော. . . . ဧည့်ချိန်ဖွင့်ပြီ၊ လာကုန်ကြပြီ'

ဆေးရုံပေါ်သို့ တက်လာသော လူသံများကို ကြားရပြီ။

'မေမေ. . . .'

ပိုးအိကအလျင်ပြေး၍ ဝင်လာသည်။

ပြီးတော့ အောင်အောင်။

လက်ထဲတွင် ချိုင့်တစ်ခုကို ဆွဲလာသည်။

သမီးကြီး သီတာက ခြင်းတစ်ခုကိုဆွဲ၍ ဝင်လာသည်။

ကိုကျော်ခိုင်က နောက်ဆုံး။

'သမီးလေး. . . .'

'ဟဲ့. . . . ငါ့သား အောင်အောင်'

'သမီးကြီး သီတာ'

မြမြသက်သည် သားသမီးများကို ဝမ်းသာအားရ နှုတ်ဆက်…

…း ပြုံးရွှင်နေသည်။

'ဟယ်. . . . သမီးလေးက ချစ်စရာ၊ သမီးကြီးကလည်း …လိုက်တာ၊ မိန်းမချောတွေ၊ သားကလည်း ပြောစရာ မရှိပါဘူး၊ …ချည့်လို့ ကောင်းလိုက်တာ၊ အချောတွေချည့်ပဲ မွေးတတ်လိုက်တာ'





ဘေးခုတင်မှ လူနာများက တအံ့တဩ ချီးမွမ်းနေကြသည်။ မြမြသက်မှာ သားတို့သမီးတို့အလည်တွင် ဂုဏ်တင့်နေ၏။ ဆေးရုံ ရောက်သည့်နေ့မှစ၍ မပြုံးနိုင်သည်မှာ ကြာခဲ့ပြီ။ ယခုတော့ မြမြသက် တပြုံးပြုံး ဖြစ်နေသည်။

ကိုကျော်ခိုင် တစ်ယောက်တည်းသာလျှင် မိခင်နှင့် သားသမီး များကို ကြည့်၍ရင်နာရ၏။

'သြော်. . . . သူတို့အားလုံးဟာ ဘာမှ မသိလို့သာ ပြုံးပျော် နေကြတာပါကလား'

ကိုကျော်ခိုင် တွေးရင်း စိတ်မကောင်း ဖြစ်မိသည်။

'မီးမီးလေ မေမေ့ကို လွမ်းလိုက်တာ၊ မေမေ ဆေးရုံက မြန်မြန် ချင်းပါနော်'

ပိုးအိက အလွမ်းသည်နေသည်။

'ဆင်းမှာပေါ့ သမီးရဲ့၊ မေမေလည်း သမီးတို့ သားတို့ကို လွမ်း တာပဲ'

'ဖေဖေက ပြောတယ်၊ မြန်ရင် တစ်လ၊ ကြာရင် နှစ်လတဲ့၊ အဲဒီလောက်ဆိုရင် ဆင်းရမယ်တဲ့'

အောင်အောင်က ပြောသည်။

'သားကို ဖေဖေက ပြောတာလား'

အောင်အောင်က ခေါင်းညိတ်ပြသည်။

'ဟုတ်လား အစ်ကို၊ ဘယ်သူ ပြောလဲ'

မြမြသက်က ကိုကျော်ခိုင်ကို လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်မိုးက ခန့်မှန်းခြေ ပြောတာပါ'

'နှစ်လဆိုတာ ကြာလိုက်တာ အစ်ကိုရယ်၊ တစ်လဆိုရင် တောင် အကြာကြီးပဲ၊ မြန်မြန်ဆင်းရအောင် ပြောပေးပါ အစ်ကိုရယ်၊ သားတို့ သမီးတို့နဲ့ အတူနေချင်လှပါပြီ'

ကိုကျော်ခိုင် ဘာမျှပြန်မပြောနိုင်။ မြမြသက်၏ မျက်နှာကလေးကိုသာ စိတ်မကောင်းစွာနှင့် ငေးကြည့်နေမိသည်။

'မေမေ စွပ်ပြုတ်သောက်ရအောင်နော်၊ သမီးကိုယ်တိုင် လုပ်လာတာ၊ သိပ်ချိုတာပဲ'

သီတာက စွပ်ပြုတ်ထည့်လာသောချိုင့်ကို အဆင်သင့်ပြင်ပြီး မီခင်ရှေ့တွင် လက်ဖြင့်ကိုင်ပေးသည်။

'သမီးလက်ရာဆိုရင် ကောင်းမှာပေါ့၊ မေမေ ဒီနေ့ ဆာနေတာနဲ့ အတော်ပဲ'

'ဟုတ်လား မေမေ၊ ဟန်ကျတာပဲ၊ သမီးတိုက်မယ်နော်'

မြမြသက်က ခေါင်းညိတ်ပြသည်။

သီတာက စွပ်ပြုတ်ကို ဇွန်းဖြင့်ခပ်၍ မိခင်ကိုတိုက်သည်။

မြမြသက် တော်တော်လေးဝင်အောင် စားနိုင်သွားသည်။

'မေမေ ဒီနေ့ စားလို့ကောင်းလိုက်တာ သမီးရယ်၊ ဒီအတိုင်းဆိုရင်တော့ဆယ့်လေးငါးရက်နဲ့ဆင်းရမယ်ထင်တယ် အစ်ကိုရေ'

မြမြသက်က သမီးကိုပြောရင်းမှ ကိုကျော်ခိုင်ကိုပါ လှမ်းပြောလိုက်သည်။

ကိုကျော်ခိုင်က ခေါင်းညိတ်ပြရင်း ပြုံးလိုက်သည်။ သို့သော်



ဟန်ပြုံး၊ ဆွေးပြုံး၊ မချိပြုံး။

'သား အောင်အောင်၊ ကျောင်းမှာကျရင် သိပ်မဆော့နဲ့၊ စာကြိုးစားနော်'

'ဟုတ်ကဲ့၊ ကြိုးစားပါတယ် မေမေ'

'ညီမလေးကို ညှာနော်၊ မမ စကားကိုလည်း နားထောင် ကြားလား'

'ဟုတ်ကဲ့ပါ မေမေ'

'သမီးကြီးက သိပ်လိမ္မာတာပဲလို့ ဖေဖေက အမြဲတမ်း ပြောတယ်၊ ငါ့သမီးကို အားကိုးနေရပြီ၊ မောင်လေးနဲ့ ညီမလေးကို ဂရုစိုက်နော်'

'ဟုတ်ကဲ့ မေမေ'

'စာလည်းကြိုးစားနော် သမီး'

'ဟုတ်ကဲ့၊ ကြိုးစားပါတယ် မေမေ'

'မေမေ၊ မီးမီးလည်း လိမ္မာပါတယ်၊ ဖေဖေရေချိုးရင် တဘက်ယူပေးတယ်'

ပိုးအိက ဖြတ်၍ပြောသည်။

'ဟုတ်လား၊ လိမ္မာလိုက်တဲ့ မေမေ့သမီးလေး'

မြမြသက်က ပိုးအိ၏ ပါးနုနု မို့မို့လေးကို ချစ်ကြင်နာစွာ သပ်လိမ်လိုက်သည်။

အမေနှင့် သားသမီးများမှာ စကားတွေ ပြော၍မဝ၊ မှာကြား၍မကုန်၊ ဆုံးမ၍မပြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့တော့ ကိုကျော်ခိုင်က ပွဲကြည့်သမား၊ ဇနီးနှင့် သားသမီးများ ပြောကြသည်ကိုသာ ထိုင်၍ကြည့်ရင်း နားထောင်နေမိသည်။

မြမြသက်သည်သားသမီးများကိုအနားသို့ခေါ်၍ တစ်ယောက်ပြီးတစ်ယောက် မွှေးနေသည်။ ကလေးများကလည်း မိခင်၏ပါးကို မွှေး ကြသည်။

ကိုကျော်ခိုင်၏ ပါးပြင်ပေါ်တွင် မျက်ရည်များက စီးကျလာကြ၏။ ချစ်ဇနီးနှင့်သားသမီးများမမြင်အောင် ကိုကျော်ခိုင် အပြင်သို့ ထွက်ခဲ့သည်။ ဝရန်တာလက်တန်းကိုကိုင်၍ ရှေ့တူရူသို့ အဓိပ္ပာယ်မဲ့စွာ ငေးနေမိသည်။

'ဩော်. . . . ကြေကွဲစရာကောင်းလိုက်တဲ့ ဘဝရယ်'

ကိုကျော်ခိုင်၏လက်ကို လူတစ်ယောက်က ကြင်နာစွာဆုပ်ကိုင်လိုက်သည်။

ကိုကျော်ခိုင် လှည့်ကြည့်လိုက်သည်။

ဒေါက်တာအောင်မိုး ဖြစ်သည်။

ကိုကျော်ခိုင် လက်ကိုင်ပုဝါထုတ်၍ မျက်ရည်များကိုသုတ်ပစ်လိုက်သည်။

'စိတ်ကိုထိန်းမှပေါ့သူငယ်ချင်းရာ၊ မြမြသက်သိရင်မကောင်းဘူး၊ ကလေးတွေသိရင်လည်း စိတ်မကောင်း ဖြစ်ကုန်ကြလိမ့်မယ်၊ ဒါလာ အထဲကိုသွားရအောင်'

'ဟော. . . . ဆရာလာပြီ၊ ထိုင်ပါ ဆရာ၊ သမီးကြီး ဆရာ့ကို



ခုံ ပေးလိုက်ပါ'

သီတာက ဒေါက်တာအောင်မိုးကို ခုံရွှေ့ပေးသည်။

'နေပါစေ ကိစ္စမရှိပါဘူး၊ သားတွေ သမီးတွေက အချောတွေပဲ၊ အလိမ္မာတွေချည်းပဲမို့ ဒေါ်မြမြသက်က သူ့သားသမီးတွေကို လွမ်းနေတာ'

မြမြသက်ရော ကလေးများကပါ ပြုံးနေကြသည်။

'မြန်မြန်ဆင်းရအောင် ကုပေးပါဆရာရယ်၊ သားသမီးတွေနဲ့ အတူတူနေချင်လှပြီ'

ဒေါက်တာအောင်မိုး စိတ်မကောင်းဖြစ်သွားမိ၏။

'ကောင်းသွားမှာပါ၊ သားတို့ သမီးတို့ကိုလည်း နေ့တိုင်းခေါ်ခဲ့ဖို့ ကိုကျော်ခိုင်ကို ကျွန်တော် ပြောထားပါတယ်၊ အပြန်ကျတော့ ကျွန်တော်လိုက်ပို့ပေးမှာပေါ့'

'ဆရာ့ကို အားနာလိုက်တာ၊ ဆေးလည်း ကုပေးရသေးကယ်၊ ကားနဲ့လည်း ပြန်ပို့ပေးရသေးတယ်'

'အားနာစရာ မရှိပါဘူး၊ ဒီကောင်ကြီးနဲ့ ကျွန်တော်နဲ့က ငါးတန်းခြောက်တန်းကနေ ဆယ်တန်းအထိ သူငယ်ချင်းတွေ၊ ဒီလို ကူညီခွင့်ရတာကိုပဲ ကျွန်တော်က. . . .'

ဝမ်းသာနေတာဟု ပြောမည်ပြုပြီးမှ ထိုစကားလုံးကို မသုံးမိ၍ ဒေါက်တာအောင်မိုး စကားပြတ်သွားသည်။ နောက်မှ. . .

'ဒီကောင်ကလည်း သူငယ်ချင်းဖော် အားနာတတ်လို့ အားမနာဖို့ အမြဲပြောနေရတာ' ဟု ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာစမ်းပါဦး သမီးငယ်လေး'

ဒေါက်တာအောင်မိုးက ပိုးအိကို ပွေ့ချီလိုက်သည်။

'သမီးလေးနာမည်က ဘယ်လိုခေါ်လဲ'

'ပိုးအိပါ ဦးဦးဆရာဝန်'

'ဪ . . . ပိုးအိတဲ့လား၊ နာမည်လေးကလည်း ချစ်စရာကောင်းလိုက်တာ၊ လူနဲ့နာမည်နဲ့ သိပ်လိုက်တာပဲ'

ဒေါက်တာအောင်မိုးက ပိုးအိ၏ ပါးကလေးကို မွှေးလိုက်သည်။

ရင်ထဲမှာလည်း ခံစားလိုက်ရသည်။

'ဪ . . . ကျော်ခိုင်ဝမ်းနည်းမယ်ဆိုရင်လည်း ဝမ်းနည်းစရာပဲ' ဟု တွေးလိုက်မိသည်။

'သမီးကြီးရဲ့ နာမည်က'

'သီတာပါ ဦးဦး'

'ဘယ်နှစ်တန်းရောက်ပြီလဲ'

'ခြောက်တန်းပါ ဦးဦး'

'သား နာမည်ကကောကွ'

'အောင်အောင်ပါ ဦးဦး'

'သားက ဘယ်နှစ်တန်းလဲကွ'

'လေးတန်းပါ ဦးဦး'

ဒေါက်တာအောင်မိုး ကလေးများနှင့် စကားပြောနေစဉ် ကိုကျော်ခိုင်သည် မြမြသက်၏အနီးတွင်ရပ်၍ မြမြသက်၏လက်ကို



ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

'သက် ဒီနေ့ တော်တော် နေကောင်းတယ်နော်'

မြမြသက်က ခေါင်းညိတ်ပြသည်။

'ဒီနေ့ ရွှင်ရွှင်လန်းလန်းနဲ့ သိပ်ဝမ်းသာဖို့ကောင်းတာပဲ'

'အစ်ကို့ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးနော်'

ကိုကျော်ခိုင်က ခေါင်းညိတ်ပြသည်။

'သားတို့ သမီးတို့ကိုလည်း ဂရုစိုက်ပါနော်'

ကိုကျော်ခိုင်က ခေါင်းညိတ်ပြသည်။

ကိုကျော်ခိုင်သည် သက်၏မျက်လုံးများကို ကြင်နာစွာ ကြည့်နေမိ၏။ နဖူးပေါ်တွင် ကျနေသော ဆံပင်ကလေးများကို လက်ဖြင့် ပွတ်သပ်ပေးလိုက်သည်။

ခေါင်းလောင်းခေါက်သံ ကြားရသည်။

ဧည့်သည်များကို နှင်လေပြီ။

မြမြသက်၏ ရွှင်လန်းနေသော မျက်နှာလေးသည် ရုတ်ခြည်းပင် ညှိုးငယ်ခြင်းသို့ ကူးပြောင်းသွားလေ၏။

နှစ်နာရီမျှသော အချိန်ကလေးသည် တိုတောင်းလွန်းလှ၏။

ဝမ်းသာပျော်ရွှင်၍ မကြာသေးမီ ဝမ်းနည်းကြရသည်။

ချစ်ကြည်နူး၍ မဝမီ ခွဲခွာကြရသည်။

ကလေးများသည် ဒေါက်တာအောင်မိုးနှင့် စကားပြောနေရာမှ မိခင်ဘေးသို့ ပြေးလာပြီ၊ မွှေးမွှေးပေး၍ နှုတ်ဆက်ကြသည်။

'ဪ ငါ့မှာတော့ ဒီနည်းမျိုးနဲ့ သက်ကို နှုတ်ဆက်ခွင့် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ရနိုင်မှာ မဟုတ်တော့ပါလား'

ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်မိသည်။

ကိလေသာ တဏှာရာဂစိတ်နှင့်မယှဉ်ပဲ ပကတိ ဖြူစင်သော မေတ္တာနှင့် နှမငယ်တစ်ယောက်နှယ် ကြင်နာစွာ မွေးချင်မိပါသည်။ သို့သော် မဖြစ်နိုင်။

'သွားမယ်နော် သက်'

တည်ငြိမ်သော အသံဖြစ်အောင် ကိုကျော်ခိုင် သတိထား၍ ပြောဆိုလိုက်သည်။

မြမြသက် ခေါင်းညိတ်ပြသည်။

သားသမီးများက နှုတ်ဆက်ကြသည်။

မြမြသက်က ခေါင်းညိတ်ပြီး မချိပြုံး ပြုံးပြသည်။

တွေ့စတုန်းက မိခင်၏မျက်နှာ ရွှင်လန်းနေသလို ကလေးများ၏ မျက်နှာများလည်း ရွှင်လန်းနေသည်။ ယခုတော့ မိခင်၏ မျက်နှာ ညှိုးနွမ်းနေသကဲ့သို့ ကလေးများ၏ မျက်နှာများလည်း ညှိုးနွမ်းနေကြပြီ။

'ဪ ခုလို ခေတ္တတလေး ခွဲရတာတောင် ဒီလောက်ခံစားနေကြရင် နောင်အပြီးအပိုင် ခွဲကြရတဲ့အခါမှာ ဘယ်လောက်များ ခံစားကြရမလဲ'

ကိုကျော်ခိုင် မတွေးဝံ့အောင် ဖြစ်ရသည်။

သူတတာတွေ အသီးသီး ပြန်သွားကြပြီ။

ကိုကျော်ခိုင်တို့ မိသားစုသာ မထွက်နိုင်သေးအောင် ဖြစ်နေရ



သည်။

'မေမေ မနက်ဖြန်ကျတော့ မီးမီးတို့ ချောချောလာခဲ့မယ်နော် မေမေ"

ပိုးအိ၏ ချစ်ဖွယ်သောစကားကြောင့် မြမြသက် ပြုံး၍ခေါင်း ညိတ်ပြသည်။

ဒေါက်တာအောင်မိုးက ပိုးအိကို ပွေ့ချီလိုက်သည်။

'ကဲ. . . . လာ သွားကြစို့'

မြမြသက်သည် ခင်ပွန်းသည်နှင့် သားသမီးများ ကွယ်သွား သည်အထိ လိုက်ကြည့်နေသည်။

အားလုံး ပျောက်ကွယ်သွားသောအခါ မျက်ရည်များ ယိုစီးကျ လာသည်။

ဘေးကုတင်မှ အဒေါ်ကြီးသည် မြမြသက်ကိုကြည့်၍ ခေါင်း တညိတ်ညိတ်နှင့် စိတ်မကောင်း ဖြစ်နေရှာသည်။

❋ ❋ ❋

အခန်းထဲတွင် ဆရာမက ဂျီဩမေတြီ ဘာသာရပ်ကို သင်ကြားနေသည်။ သို့သော် သီတာ၏နားထဲတွင် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေ၏။ သီတာ ငိုချင်သည်။ ရှိုက်၍ရှိုက်၍ အားပါးတရ ငိုပစ်လိုက် ချင်သည်။ ငိုချင်သည်ကို မငိုမိအောင် ချုပ်ထိန်းထားရ သည်က ပို၍ အခံရခက်သည်။

မနေ့ညနေ ဆေးရုံမှ ပြန်လာကတည်းက ဆောက်တည်ရာမရ အောင် အရှုယ်နှင့်မလိုက်အောင် သီတာ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ၏ ကျန်းမာရေး အခြေအနေမှာ တစ်ရက်ထက်တစ်ရက် တိုးတက်လာခြင်းမရှိ၊ ပို၍သာ ဆိုးလာသည်။

မေမေသည် ပိန်ချုံး၍ အသားအရေမှာလည်းဖြူဖပ်ဖြူရော်ဖြစ်နေသည်။

မေမေ့လက်မောင်းကို ဖောက်၍ သွေးသွင်းနေကြသည်။ သွေးပုလင်းနှင့် သွေးပိုက်များက မေမေ့နားသို့ သီတာတို့မောင်နှမ ကပ်နိုင်အောင် ဟန့်တားနေသည်။

သီတာတို့ မောင်နှမကို မြင်သောအခါ မေမေ ငိုသည်။ သီတာတို့လည်း ငိုကြသည်။

မေမေ၏ အသံက တိုးညင်းလွန်းသည်။ သီတာတို့ မောင်နှမတို့ ချစ်ချစ်ခင်ခင်နှင့် လိမ်လိမ်မာမာနေကြဖို့ ပညာကြိုးစားကြဖို့ ဆုံးမသည်။ ကျန်းမာအောင် ဂရုစိုက်ကြဖို့ ပြောသည်။ ပြီးတော့ မေမေ မောနေသည်။

ဆေးရုံမှ အပြန်တွင် သီတာ တလမ်းလုံး ငိုမိသည်။

'မေမေ သေတော့မှာလား' ဟူသော စိုးရိမ်စိတ်က သီတာ၏ ရင်ကို ပူလောင်စေသည်။

အိမ်သို့ ရောက်သောအခါ ငိုနေသော သီတာကို ဖေဖေက

'သမီးရယ် မငိုပါနဲ့၊ သမီးငိုတော့ မောင်လေးနဲ့ ညီမလေးတို့က ပိုပြီး စိတ်မကောင်း ဖြစ်မှာပေါ့' ဟု ချော့ရသည်။

ဖေဖေ့စကားကို သီတာ နားထောင်ချင်သည်။ ဖေဖေ့ကို ချစ်သည်။ မေမေ့ကို သနားသလို ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်သော ဖေဖေ့ကိုလည်း သနားသည်။ ထို့ကြောင့် သီတာ မငိုမိအောင် နေသည်။ မောင်လေးနှင့် ညီမလေးကိုလည်း မငိုအောင် အားပေးသည်။ သို့သော် အားပေးတာမှ ပို၍ပို၍ ငိုချင်လာသည်။



ညရောက်မှ အားလုံးမသိအောင် ကျိတ်၍ ငိုရသည်။ မနေ့ညက သီတာ တစ်ညလုံး အိပ်၍မပျော်၊ စာသင်ခန်းထဲတွင် ထိုင်နေရသော်လည်း သီတာစာကို စိတ်မဝင်စားနိုင်၊ မေမေ့ကိုသာ မြင်ယောင်နေသည်။

စာသင်ခန်းအနီးရှိ သစ်ပင်မှ ရွက်ဝါလေးတစ်ရွက် ကြွေကျသွားသည်ကို ပြတင်းပေါက်မှ သီတာမြင်ရသည်။

'အို ရွက်ဝါလေး ကြွေသလို မေမေ မကြွေပါစေနဲ့၊ ရွက်နုလေးလို လန်းဆန်းပါစေ၊ မေမေ နေကောင်းပါစေ'

သီတာ စိတ်ထဲမှ ဆုတောင်းနေမိသည်။

'သီတာ ထစမ်း'

ဆရာမက ဂျီဩမေတြီ ရှင်းပြနေရာမှ သီတာကို လှမ်းပြောလိုက်သည်။ သို့သော် သီတာမကြားပါ၊ တွေးဆဲ ငေးဆဲဖြစ်သည်။

'သီတာ ထစမ်းဆိုတာ မကြားဘူးလား'

'ဟေ့ သီတာ၊ ဆရာမက ထခိုင်းနေတယ်'

သီတာ၏ ဘေးမှ ချိုလွင်ဦးက သီတာ၏ ပခုံးကို လှုပ်၍ ပြောလိုက်သည်။ သီတာ ထိတ်လန့်သွားသည်၊ လျင်မြန်စွာ ထောင်ရပ်လိုက်သည်။

'ဒီထောင့် ဒီဂရီ ဘယ်လောက်ရှိသလဲ ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက သင်ပုန်းကြီးပေါ်တွင် ရေးဆွဲထားသော ဂြိုဟ်တစ်ခု မှ ထောင့်တစ်ထောင့်ကို ထောက်ပြ၍ မေးသည်။

သီတာ မဖြေနိုင်။

ကျောင်းသူကျောင်းသားများသည် သီတာကိုလှမ်းကြည့်နေကြသည်။ သီတာရှက်သည်၊ ဆရာမ၏ မျက်နှာမှာ တင်းမာနေသည်၊ သီတာကြောက်သည်။

'ဘယ်ဖြေနိုင်ပါ့မလဲ၊ ပြတင်းပေါက်ကို ငေးပြီး တွေးချင်ရာတွေးနေတာကိုး၊ ဆရာမကတော့ အားလုံးနားလည်အောင် ရှင်းလိုက်ရတာ အာပေါက်မတတ်ပဲ၊ စာသင်တဲ့အချိန်မှာ စာကိုစိတ်မဝင်စားရင် ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး၊ ဒီအခြေခံကို နားမလည်ရင် နောက်ဆက်သင်တာတွေကို ဘယ်လိုလုပ် နားလည်မလဲ၊ ကျော်ခိုင်ထွေး ပြောစမ်း'

'ကိုးဆယ် ဒီဂရီရှိပါတယ် ဆရာမ'

'ဟုတ်တယ် ကျော်ခိုင်ထွေးထိုင်၊ အားလုံး သေသေချာချာ နားထောင်ကြ'

ဆရာမက ဆက်ပြီးရှင်းပြသည်။ ကျော်ခိုင်ထွေးကို အထိုင်ခိုင်းသော်လည်း သီတာကို အထိုင်မခိုင်းပါ။ ထို့ကြောင့် သီတာ မတ်တပ်ရပ်နေရသည်။

သီတာ၏ ပါးပေါ်တွင် မျက်ရည်များ စီးကျလာသည်။

သီတာ ခံစားနေရသည့်အဖြစ်ကို သိထားသော ချိုလွင်ဦးသည် သီတာအတွက် စိတ်မကောင်း ဖြစ်မိသည်။ သီတာ၏လက်ကို



ဆုပ်ကိုင်၍ အားပေးလိုက်ချင်သည်။ သို့သော် ဆရာမကိုကြောက်၍ အားမပေးဝံ့။ ဆရာမ ရှင်းပြသည်ကိုသာ အားစိုက်၍ နားထောင်နေရသည်။

သီတာ ဝမ်းနည်းသည်၊ မေမေက ပညာ့ကြိုးစားစေချင်သည်၊ သီတာကတော့ ဒဏ်အပေးခံနေရသည်။

'ပညာကို ကြိုးစားပါ သမီး'

မေမေ့အသံကို နားထဲမှာ ကြားယောင်လာမိသည်။

မျက်ရည်တို့က စီးကျလာပြန်၏။

'ခွင့်လွှတ်ပါ မေမေရယ်၊ သမီး မေမေ ဖြစ်စေချင်သလို ပညာတော်အောင် ကြိုးစားပါ့မယ်'

သီတာ၏ ရင်ထဲမှာ မိခင်ကို တောင်းပန်နေမိသည်။

သီတာသည် ဆရာမ ရှင်းပြသည်ကို စိတ်ဝင်စားနိုင်အောင် ကြိုးစားကြည့်သည်။

သို့သော် ဆရာမကို ကြည့်ရင်း ကြည့်ရင်း မျက်ရည်များကြောင့် ဝေဝါးသွားသည်။ ဆရာမ၏နေရာတွင် ဖြူရော်၍ ညှိုးငယ်လှစွာသော မေမေ့ကို မြင်နေရသည်။ သင်ပုန်းကြီးပေါ်မှ ဂြိုဟ်များကို ကြည့်ရင်း သွေးပိုက်များကို မျက်စိထဲမှာ မြင်ယောင်လာမိသည်။

သီတာ ငိုလိုက်ချင်သည်။ အားပါးတရ ရှိုက်၍ ရှိုက်၍ ငိုကြွေးချင်သည်။

ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာသည်။ နေ့ခင်း ထမင်းစားကျောင်းဆင်းပြီ။

www.burmeseclassic.com



ဆရာမထွက်သွားမှ သီတာထိုင်ရသည်။

သီတာသည် စာရေးခုံတွင် မျက်နှာအပ်၍ ရှိုက်ပြီး ငိုလိုက်သည်။

'တိတ်ပါ သူငယ်ချင်းရာ၊ မငိုပါနဲ့၊ ဆရာမက ဘာမှမသိလို့ ဆူတာပါ'

'ငါ ဆရာမကို စိတ်မဆိုးပါဘူး၊ ငါ့အဖြစ်ကို ဝမ်းနည်းလို့ပါ'

'ငါသိပါတယ်ဟယ်၊ ငါလည်း နင့်အတွက်စိတ်မကောင်းပါဘူး၊ ကဲ. . . . လာပါဟာ၊ မငိုပါနဲ့တော့၊ ငါတို့ ထမင်းစားကြရအောင်နော်'

'ငါ မစားချင်တော့ပါဘူးဟာ၊ နင် စားပါ'

သီတာက သူ့ခုံထဲမှ ထမင်းဗူးကို ထုတ်ပေးသည်။

'နင် မစားရင် ငါလည်း မစားချင်တော့ဘူးဟာ'

ချိုလွင်ဦး အတန်းထဲမှ ထွက်သွားသည်။

သီတာကတော့ ခုံပေါ်မှာ မျက်နှာအပ်၍ ငိုနေမိသည်။

'ခွင့်လွှတ်ပါ မေမေရယ်၊ သမီးကို ခွင့်လွှတ်ပါ၊ သမီးနောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ သမီး ပညာကို ကြိုးစားပါ့မယ်'

စိတ်ထဲမှ မေမေ့ကို တောင်းပန်နေမိပြန်သည်။

'သီတာ သမီး၊ ဆရာမ စိတ်မကောင်းပါဘူးကွယ်'

ဘေးနားမှ ဆရာမအသံကို ကြား၍ သီတာ မျက်နှာကို ခုံပေါ်မှခွာပြီး မျက်ရည်များကို လက်ကိုင်ပုဝါငယ်ဖြင့် သုတ်လိုက်သည်။

'သီတာ့ရင်ထဲမှာ ဘယ်လို ခံစားနေတယ်ဆိုတာကို အခု မိချို

လာပြောမှပဲ ဆရာမ သိရတယ်ကွယ်'

မိချိုက ဆရာမ၏ဘေးတွင်ရပ်၍ သီတာကို ကြင်နာစွာ ကြည့်နေသည်။

'သမီး တောင်းပန်ပါတယ် ဆရာမ၊ နောက်ကို ဒီလိုမဖြစ် အောင်နေပါ့မယ်၊ သမီး ဒီနေ့တော့ မျက်စိထဲမှာမေမေ့ကိုချည်း မြင်မြင် နေမိလို့ပါ'

ပြောရင်း သီတာ ငိုသည်။

'တိတ်ပါ ကလေးရယ်၊ ဆရာမက မသိလို့ ဆူမိတာပါ'

'သမီး ဆရာမကို ဘယ်လိုမှ မအောက်မေ့ပါဘူး၊ မေမေ လည်း သမီးကို စာသိပ်တော်စေချင်တယ် ဆရာမ၊ သမီး ကြိုးစားပါ့ မယ်'

'အေးကွယ် အခုလည်း သီတာဟာ အတန်းထဲမှာ စာတော် တဲ့အထဲမှာ ပါပါတယ်၊ ဒါကြောင့်မို့ သီတာ ငေးနေတာကို မြင်ရတာ လုံးဝ စိတ်မဝင်စားဘဲ ပြတင်းပေါက်ကို အကြာကြီးကြည့်နေတော့ ဆရာမ စိတ်ဆိုးသွားမိတာပါကွယ်'

'သမီး မှားပါတယ် ဆရာမ'

'ဒါကို မေ့လိုက် ကလေးရယ်၊ သမီးမေမေ နေကောင်းပါစေ လို့ ဆရာမလည်း ဆုတောင်းပေးပါ့မယ်၊ သမီး ပညာတော် ဆရာမတို့ကလည်း ကူညီပါ့မယ်၊ ကဲ ကဲ ခုတော့ ထမင်း နော်၊ သမီးသူငယ်ချင်းကလည်း စိတ်မကောင်း မြင်နေရတယ် ဆရာမလည်း ထမင်းသွားစားလိုက်ဦးမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဆရာမ'

စေတနာကောင်း၍ ကြင်နာတတ်သော ဆရာမကို သိတာ လေးစားမိသည်။ မိမိအပေါ်မှာ စာနာစိတ်နှင့် ကူညီသော သူငယ်ချင်း မိခို၏ မေတ္တာကိုလည်း လေးစားမိသည်။

ထို့ကြောင့် မျက်ရည်များကို သုတ်ပစ်လိုက်သည်။ စားချင်စိတ် မရှိသော်လည်း သူငယ်ချင်း ကျေနပ်အောင် ထမင်းဘူးကို ဖွင့်လိုက်သည်။ သို့သော် ထမင်းဘူးထဲမှ ဟင်းကိုကြည့်၍. . . .

'ဩော် မေမေ ချက်ကျွေးတဲ့ ဟင်းကို စားမှစားရပါဦးမလား' ဟု စဉ်းစားမိသောအခါ ရင်ထဲမှာ ဆို့နင့်သွားမိသည်။

ဣ ဣ ဣ

အချိန်တို့က ကုန်လွယ်လွန်းလှသည်။ တစ်နေ့ဝင်တစ်နေ့ထွက် ၍ တစ်ရက်ကူးတိုင်း ချစ်သောဇနီးနှင့် အပြီးအပိုင် ခွဲရတော့မည့် အချိန်က ပို၍ ပို၍ နီးလာသည်ကို ကိုကျော်ခိုင် ခံစားနေရသည်။

မြမြသက်၏ ရောဂါမှာလည်း တစ်ရက်ထက်တစ်ရက် တိုး၍ လာသည်။ သွေးသွန်းရသည့် အကြိမ်မှာလည်း များ၍ များ၍လာ သည်။ ကိုကျော်ခိုင်သည် အချိန်တို့ကို ဆွဲထားလိုက်ချင်သည်။

မြမြသက် ခံစားနေရသည့် ရောဂါကိုလည်း နောက်ဆုတ်သွား အောင် တွန်းထုတ်ပစ်လိုက်ချင်သည်။ သို့သော် အချိန်ကိုဆွဲထား၍မရ၊ သဘာဝနိယာမအတိုင်း အစဉ်တစိုက် ပြောင်းလဲနေသည်သာ ဖြစ် သည်။



ရောဂါကိုလည်း တား၍မရ။

အသက်အိုးအိမ် စည်းစိမ်ဥစ္စာ ရွှေငွေ ရတနာတွေလည်း အနိစ္စသဘောတရားအရ ကုန်ခန်းခြင်း ပျက်စီးခြင်းသို့ ရှေးရှုနေလေ သည်။

တခါတခါတော့လည်း ကိုကျော်ခိုင် သံဝေဂပွား၍ တရားကျ မိသည်။ အရာခပ်သိမ်းတို့၏ မမြဲသော သဘောဖြစ်သည့်သင်္ခါရတရား ကို စဉ်းစားဆင်ခြင်မိသည်။ သို့သော် သင်္ခါရတရားသည် သက်မှာကျမှ ငယ်ငယ်ရွယ်ရွယ်နှင့် အပျက်မစောရလေခြင်းဟု စဉ်းစားမိသောအခါ ဖြေမဆည်နိုင်အောင် ဖြစ်ရပြန်သည်။

မကြာခင် မိခင်မဲ့ရှာကြတော့မည် ကလေးငယ်များ၏ ဘဝရှေ့ ရေးကို တွေးတောမိသောအခါတွင်မူကား သံဝေဂတရားဟူသမျှ လွင့် စင်ကွယ်ပျောက်ရပြန်သည်။

ချစ်ဇနီးနှင့် ကလေးများအကြောင်းကို ကိုကျော်ခိုင် မတွေးပဲ နေချင်သည်။ သို့သော် မေ့မရ။ အချိန်တိုင်းမှာပင် အသည်းနှလုံးတို့ကို ဆွဲကိုင် ဆုပ်ညှစ်ထားသလို ခံစားနေရသည်။

'ဆရာ ဒီနေ့ ဆေးရုံသွားရင် ဝေဝေနဲ့မကြည် လိုက်မယ်လို့ ဆရာ၊ ကိုသိန်းထွန်းတို့ ကိုစံလှတို့လည်း လိုက်မယ်လို့ ပြောတယ်ဆရာ'

'ဩော် . . . ကိစ္စမရှိပါဘူး၊ ဝေဝေတို့ နှစ်ခါတောင် လိုက်ခဲ့ပြီ ပဲ၊ အိမ်အပြန် သိပ်မိုးချုပ်နေမှာပေါ့'

'ကိစ္စမရှိပါဘူး ဆရာ၊ ဝေဝေရော မမကြည်ပါ အိမ်ကိုမှာခဲ့ ပြီးသားပါ'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် ဘာမျှ ပြန်မပြောတော့ပါ။

ရုံးဆင်းခါနီးပြီဖြစ်၍ ဝေဝေက ဗီရိုများကို သော့ခတ်ပေးသည်။

ဒေါ်အုံးကြည် စံလှနှင့် သိန်းထွန်းတို့ ရောက်လာကြသည်။

'ဆရာတို့ သွားချင်သွားတော့ ဆရာ၊ ကျွန်တော် ကြည့်ပြီး သိမ်းခဲ့ပါ့မယ်၊ ကျွန်တော် ဒီကအပြန်မှာ ကလေးတွေ ဝင်ကြိုရဦးမှာမို့ မလိုက်နိုင်တော့ဘူး ဆရာ'

ကိုအောင်မြင့်က သူမလိုက်နိုင်၍ စိတ်မကောင်း။

'အေးပါကွာ၊ ကိစ္စမရှိပါဘူး။ ကဲ. . . . ဒါဖြင့် ငါတို့ သွားတော့မယ်'

ကိုကျော်ခိုင်တို့ လူသိုက် ရုံးပေါ်မှ ဆင်းခဲ့ကြသည်။

စံလှနှင့် သိန်းထွန်းတို့က လေးဘီးတစ်စီးကို တားပြီး ငှားကြသည်။

ဆေးရုံသို့ ရောက်သောအခါ မြမြသက်ကို ကြည့်၍ အားလုံး စိတ်မကောင်း ဖြစ်ကြရသည်။

သွေးသွင်းနေသည့်ကြားမှာပင် မြမြသက်၏ မျက်နှာမှာ ဖျော့ဖျော့ ဖြစ်နေသည်။

အိပ်ရာထက်တွင် အရိုးပေါ် အရေတင် ပိန်လှီချည့်နဲ့သော မြမြသက်၏လက်ကို ကိုကျော်ခိုင်က ဆုပ်ကိုင်လိုက်သည်။

မြမြသက် ငိုသည်။

ကိုကျော်ခိုင်၏ ရင်ထဲမှာ ဆို့နင့်စွာ ခံစားရသည်။



'အစ်ကို. . . .'

မြမြသက်က တိုးညှင်းသော အသံဖြင့် ခေါ်သည်။

'ဘာလဲ သက်၊ ပြောလေ'

'ဒေါက်တာ အောင်မိုးကို ပြောပေးပါ အစ်ကို၊ သွေးမသွင်းပါနဲ့တော့လို့၊ သေချင်လဲ သေပါစေတော့ အစ်ကိုရယ်၊ သက် ဝဋ်ခံမနေချင်တော့ဘူး'

'မဟုတ်တာပဲ သက်ရယ်၊ အဲဒီလို မပြောပါနဲ့၊ ကောင်းလာမှာပါ'

ပြောသာ ပြောရသော်လည်း ကိုကျော်ခိုင် အားမရှိ။

မြမြသက်က ညင်သာစွာ ခေါင်းရမ်းပြသည်။

'သက် သိပါတယ် အစ်ကို၊ သားနဲ့ သမီးတို့ကို ဂရုစိုက်ပါနော် အစ်ကို၊ သက်ကို ဒီတစ်ခုတော့ စိတ်ချမ်းသာအောင် ကတိပေးပါ အစ်ကိုရယ်'

မြမြသက်၏ ပါးပေါ်တွင် မျက်ရည်များ စီးကျနေကြသည်။

'မဟုတ်တာပဲ သက်ရယ်၊ ဘာဖြစ်လို့ ဒီလို စဉ်းစားနေရတာလဲ'

'ကတိပေးပါ အစ်ကိုရယ်'

'စိတ်ချပါ သက်ရယ်၊ အစ်ကို ကတိပေးပါတယ်'

ကိုကျော်ခိုင်၏ရင်ထဲတွင် ဆို့နင့်နေသည်။ ကိုကျော်ခိုင် ဆက်မပြောချင်တော့ပါ။

'ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ သက် ဝမ်းသာလိုက်တာ'

မြမြသက်၏ အသံများမှာ တုန်ခါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်၏ ပါးပေါ်တွင် မျက်ရည်များက စီးကျလာကြသည်။

ဒေါ်အုံးကြည်နှင့်ဝေဝေတို့လည်း မျက်ရည်ကျနေကြသည်။

စံလှနှင့် သိန်းထွန်းတို့မှာ ကိုကျော်ခိုင်တို့ ဇနီးမောင်နှံ၏အဖြစ်ကို မကြည့်ချင် မမြင်ရက်သောကြောင့် ဝရန်တာဘက်သို့ ထွက်ခဲ့ကြသည်။ မြမြသက်၏ရောဂါအခြေအနေကို ကိုကျော်ခိုင်ပြောပြ၍ သိထားသောကြောင့်လည်း ပို၍ စိတ်မကောင်း ဖြစ်ကြရသည်။

'မောမှာစိုးလို့ စကား သိပ်မပြောပါနဲ့နော်'

ဆရာမတစ်ယောက်က မြမြသက်နှင့် ကိုကျော်ခိုင်ကို မေတ္တာရပ်ခံလိုက်သည်။

ကိုကျော်ခိုင်က ခေါင်းညိတ်ပြသည်။

မြမြသက်၏ ပါးပေါ်မှ မျက်ရည်များကိုလည်း သူ၏ လက်ကိုင်ပုဝါဖြင့် ကြင်နာစွာ သုတ်ပေးလိုက်သည်။

မြမြသက်က မျက်စိကိုပိတ်၍ မှိန်းနေသည်။

ကိုကျော်ခိုင်သည် မြမြသက်၏ မျက်နှာကလေးကို ငေးကြည့်ရင်း သက်ပြင်းချမိသည်။

'ဩော် . . . နောက်ဆုံးအချိန်တွေ နီးလာပြီကော'

ကိုကျော်ခိုင်၏ ရင်မှာ ပူလောင်လွန်းလှသည်။

ဒေါက်တာအောင်မိုး ရောက်လာသည်။

'သူ နားပါစေ သူငယ်ချင်းရာ'

ဒေါက်တာ အောင်မိုးက ကိုကျော်ခိုင်၏ ပခုံးကို ဆုပ်ကိုင်၍



ပြောလိုက်သည်။

ကိုကျော်ခိုင် နားလည်ပါသည်။

သက်၏ အပါးမှ ခွာရပြီ၊ မျက်လုံးများကတော့ သက်ကို ကြည့်နေဆဲ။

ဆ ဆ ဆ

'မမရေ ဟိုမှာ ကြည့်လိုက်စမ်းပါ'

အိမ်ရှေ့ လှေကားတွင် ထိုင်နေသော ပိုးအိက လှမ်းအော်ပြော၍ သီတာ အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။

ပိုးအိအရွယ် သမီးငယ်လေးက သုံးဘီး ဘိုင်စကယ်ကိုစီး၍ အဖေနှင့် အမေက ဘေးမှထိန်းပြီး လိုက်လာကြသည်။

မိခင်နှင့် ဖခင်တို့၏ ကြင်နာမှုဖြင့် ကင်းဝေးနေရသော ညီမလေးကို သီတာ သနားမိသည်။

'ညီမလေး ထမင်းဆာပြီလား၊ မမကျွေးမယ်လေ'

'ဟင့်အင်း ဖေဖေကို မျှော်နေတာ'

'အဲဒီလို မမျှော်ရဘူး ညီမလေးရဲ့၊ ဖေဖေ ခလုတ်တိုက်မိတတ်တယ်'

'ဟင် ဟုတ်လား၊ အဲဒီလိုဆိုရင် မမျှော်တော့ဘူး၊ ခုနေ က မျှော်မိတာ ဖေဖေ ခလုတ်တိုက်မလား မမ'

ပိုးအိသည် ဖေဖေ့အတွက် စိုးရိမ်သွားမိသည်။

ညီမလေး၏ စကားကြောင့် သီတာ စိတ်မကောင်း ဖြစ်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ကိစ္စမရှိပါဘူး ညီမလေးရယ်၊ ဆက်ပြီး မျှော်မနေနဲ့၊ သွားနေပေါ့’

ပိုးအိသည် ခပ်ဝေးဝေးသို့ ရောက်သွားပြီဖြစ်သော မိခင်နှင့်ဖခင်တို့ ခြံရံ၍ စက်ဘီးစီးသည့် ကလေးကို ငေးကြည့်နေရှာသည်။

အောင်အောင်ကတော့ စာကြည့်စားပွဲတွင်ထိုင်၍ စာတစ်အုပ်ကို ဖတ်နေသည်။

‘မောင်လေး အောင်အောင်၊ ဘောလုံးသွားမကန်တော့ဘူးလား၊ ကစားချင် ကစားချေလေ’

‘ဟင့်အင်း မကစားချင်ပါဘူး မမရာ’

‘ဘာဖြစ်လို့လဲ အောင်အောင်၊ ကစားချေပါလား’

‘ဘာမှ မဖြစ်ပါဘူး၊ ကစားချင်စိတ် မရှိလို့ပါ၊ မေမေ နေကောင်းမှပဲ ကစားမယ် မမရယ်’

‘ဩော်. . . . မောင်လေးရယ်’

‘မေမေ နေကောင်းရင် သိပ်ပျော်စရာကောင်းမှာပဲနော်၊ မမ’

ပိုးအိက ဆက်လာပြန်သည်။

အိမ်ခေါင်းရင်းမှ ဘုရားစင်ကို သီတာ ငေးကြည့်နေမိသည်။ မောင်လေးနှင့် ညီမလေးတို့ စိတ်ကိုပါ ပြောင်းပစ်ချင်သည်။

‘ကဲ မောင်လေးနဲ့ ညီမလေး လာ၊ မေမေ နေကောင်းအောင် ဘုရားရှိခိုးပြီး တို့ဆုတောင်းကြမယ်’

‘ကောင်းတယ် ကောင်းတယ်၊ မေမေနေကောင်းအောင် ချူတောင်းမယ်’



ပိုးအိက သဘောတူ ထောက်ခံသည်။

အောင်အောင်က ဘာမျှ မပြောသော်လည်း ဘုရားစင်ရှေ့သို့ လျှောက်လာသည်။

မောင်နှမသုံးယောက် ဘုရားရှိခိုး ကန်တော့ကြသည်။

‘မေမေ ကျန်းမာပါစေ၊ ဖေဖေ သွားလေရာမှာ အန္တရာယ်ကင်းပါစေ၊ တပည့်တော်မတို့ မိသားစု ပျော်ပျော်ရွှင်ရွှင်နေရပါစေ ဘုရား’

သီတာက အသံထွက် ဆုတောင်းပြီး ဘုရားကို ကန်တော့သည်။

အောင်အောင်နှင့် ပိုးအိတို့လည်း သီတာ ဆုတောင်းသည့်အတိုင်း စိတ်ထဲမှ လိုက်ဆိုပြီး ဘုရားကန်တော့ကြသည်။

နောက်ဖေးတွင် ချက်ပြုတ်နေရာမှ အိမ်ပေါ်သို့ တက်လာသော ဒေါ်သိန်းသည် ဘုရားကန်တော့နေကြသော ကလေးသုံးယောက်ကို ကြည့်၍ စိတ်မကောင်း ဖြစ်ရသောကြောင့် မျက်ရည်များ လည်လာရ၏။

‘ဆရာ ဦးကျော်ခိုင် တယ်လီဖုန်းလာတယ် ဆရာ၊ ဒေါက်တာ အောင်မိုး တဲ့’

ကိုကျော်ခိုင် ဌာနခွဲမှူး အခန်းတွင် စကားပြောနေစဉ် မောင်ခင်ထွန်း လာခေါ်သည်။

‘ဟင် အေးအေး၊ ဆရာ ကျွန်တော် သွားနားထောင်လိုက်ဦးမယ်နော်’

ကိုကျော်ခိုင်က ဌာနခွဲမှူးကို သွားခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'သွားလေ သွားပါ'

ကိုကျော်ခိုင် ဌာနခွဲမှူးအခန်းမှ အမြန်ထွက်လာခဲ့သည်။

ရင်ထဲမှာ ပူလောင်နေသည်။

'သက် အခြေအနေများ ဆိုးလို့လား'

တယ်လီဖုန်း ကိုင်ရမည်ကိုပင် ကိုကျော်ခိုင် ကြောက်နေသည်။

မောင်ခင်ထွန်းက တယ်လီဖုန်းကိုကောက်ပေးသည်။

ရုံးထဲမှ လူများကလည်း ကိုကျော်ခိုင်ကို လှမ်း၍ အကဲခတ်နေကြသည်။

'ဟုတ်ကဲ့ ကျော်ခိုင်ပါ ပြောပါ'

ကိုကျော်ခိုင်၏ လက်များ တုန်လာသည်။

'ဟင် ဟုတ်လား၊ အမြန်လာခဲ့ပါ့မယ်'

ကိုကျော်ခိုင်၏ အသံများ တုန်နေသည်။

ကိုကျော်ခိုင် ဖုန်းကို ပြန်ချလိုက်သည်။

မြမြသက်၏ အခြေအနေမကောင်းသောကြောင့်ကိုကျော်ခိုင် ခွင့်ယူထားသည်မှာ သုံးရက်ရှိပြီ၊ မြမြသက်ကို အနီးကပ် ပြုစုနေခဲ့သည်။ ယနေ့မှ ဌာနခွဲမှူးက အလုပ်ကိစ္စတစ်ခုအကြောင်း မေးချင်၍ ခေါ်သောကြောင့် ဆေးရုံမှ ခဏထွက်လာခဲ့ခြင်း ဖြစ်သည်။ ကိုကျော်ခိုင် ထွက်လာစဉ် မြမြသက် အိပ်ပျော်နေခဲ့သည်။

'ဒေါ်မြမြသက် နေကောင်းရဲ့လား ဆရာ'

ဒေါ်အုံးကြည်က အခြေအနေကို သိလို၍ စူးစမ်းလိုက်သည်။



'အခြေအနေ မကောင်းဘူး ထင်ပါတယ်ဗျာ၊ အမြန် လာပါလို့ ပြောတယ်၊ ကျွန်တော်သွားမယ်'

ကိုကျော်ခိုင်သည် ပြောပြောဆိုဆိုပင် ရုံးပေါ်မှ အမြန်ဆင်းခဲ့သည်။

အဆင်သင့်တွေ့သော ကားတစ်စီးကိုငှားပြီး ဆေးရုံသို့ အလို့ခိုင်းသည်။

ကိုကျော်ခိုင် ရောက်သွားသောအခါ မြမြသက်၏ဘေးတွင် ဆရာဝန် ဆရာမများ ဝိုင်းနေသည်။

မြမြသက်၏ နှာခေါင်းတွင် အောက်ဆီဂျင်ပိုက် သွင်းထားသည်။ လက်မောင်းတွင်လည်း သွေးပိုက်မှတဆင့် သွေးသွင်းနေသည်။

'လာလာ သူငယ်ချင်း'

ဒေါက်တာအောင်မိုးက ကိုကျော်ခိုင်ကို ခေါ်လိုက်သည်။

ကိုကျော်ခိုင်သည် သက်၏ခုတင်ဘေးတွင် ရပ်၍ သက်၏ လက်ကို ကိုင်လိုက်သည်။

'သက်'

'သက်ရေ'

'သက်'

ကိုကျော်ခိုင် အကြိမ်ကြိမ် ခေါ်သော်လည်း မြမြသက်ထား မထူးနိုင်တော့ပါပြီ။ မျက်လုံးတော့ ဖွင့်ကြည့်သည်။

'သက် အစ်ကိုလေ'

www.burmeseclassic.com

www.burmeseclassic.com



မြမြသက်၏မျက်လုံးတွင် မျက်ရည်များနှင့်ဝေဝါးနေသည်။

ကိုကျော်ခိုင် ကိုင်ထားသောလက်ကို ပြန်၍ ဆုပ်ကိုင်လိုက်သည်။

အားမပါသော်လည်း အသိအမှတ်ပြုကြောင်းတော့ ပေါ်လွင်သည်။

မြမြသက်သည် အသက်ကို ကြိုးစား၍ ရှူနေသည်။ ရင်မှာ ဖိုလှိုက်ဖိုလှိုက် ဖြစ်နေ၏။ ကိုကျော်ခိုင် မြမြသက်ကို ကြည့်ရင်း အလိုလို မောလာသည်။ အသက်ရှူ၍ မဝသလို ခံစားလာရသောကြောင့် သက်ပြင်းရှိုက်မိသည်။

ကိုကျော်ခိုင်သည် မြမြသက်၏လက်ကို တင်းတင်းပါအောင် ဆုပ်လိုက်မိသည်။ လက်မှာ ပူနွေးနေသေးသည်။ သွေးတိုးနေသေးသည်။

'သက်'

'သက်ရေ'

မြမြသက်၏ မျက်လုံး သူငယ်အိမ်မှာ ရွေ့လျားနိုင်ခြင်းမရှိတော့။ ကြည့်မိကြည့်ရာသို့သာ ကြည့်နေသည်။ သို့သော် ဘာကိုမျှ မြင်ရဟန်မတူပါ။

ကိုကျော်ခိုင်သည် မိမိနဖူးတွင် စီးကျလာသော ချွေးများကို မသုတ်နိုင်။ မြမြသက်၏နဖူးမှ ချွေးဥကလေးများကို လက်ကိုင်ပုဝါဖြင့် တို့၍ တို့၍ သုတ်ပေးလိုက်သည်။

ချစ်သောဇနီးနှင့် အပြီးအပိုင် ခွဲရတော့မည်ဟူသော အသိက



ကိုကျော်ခိုင်၏ရင်မှာ ပူလောင်လှသည်။

ကိုကျော်ခိုင်၏မျက်လုံးတွင် မျက်ရည်များ ရစ်ဝဲလာသည်။

သွေးပုလင်းမှ သွေးတို့သည် တပေါက်ချင်းကျ၍ ပိုက်မှတဆင့် မြမြသက်၏ သွေးကြောအတွင်းသို့ စီးဝင်နေကြဆဲဖြစ်သည်။

အားလုံးသည် တိတ်ဆိတ် ငြိမ်သက်နေသောကြောင့် မျက်နှာကျက်မှ ပန်ကာလည်သံကို ညည်းညူသံကဲ့သို့ ကြားနေရသည်။

ကိုကျော်ခိုင်သည် ဝေဒနာခံစားနေရရှာသော မြမြသက်ကို မကြည့်ရက်။

သို့သော် မျက်လုံးများကိုလည်း မြမြသက်ထံမှ မလွှဲဖယ်နိုင်။

အသက်ရှင်လျက် နောက်ဆုံး မြင်နေရသော မျက်နှာကလေးကို ငေးကြည့်နေမိသည်။

တစ်ချိန်က သွေးရောင်သမ်းခဲ့သော မြမြသက်၏ နှုတ်ခမ်းကလေးများသည် ယခုအခါမှာ ဖြူဖျော့ဖျော့ ဖြစ်နေကြပေပြီ။

တစ်ချိန်က မှိုမှိုဖောင်းဖောင်းနှင့် ကြည့်ကောင်းခဲ့သော ပါးအစုံသည် ယခုအခါတွင် ကျုံ့ဝင် ချိုင့်ခွက်နေကြပေပြီ။

တစ်ချိန်က နက်မှောင်တောက်ပသော မျက်လုံးအစုံသည် ယခုအခါတွင် အရောင်ကင်း၍ အဆင်းမဲ့ကြပေပြီ။

တစ်ချိန်က အလှကြီးလှခဲ့သော နှာတံစင်းစင်းကလေးသည် ယခုအခါတွင် အောက်ဆီဂျင်ပိုက်များနှင့် အကျည်းတန်၍ နေပေပြီ။

ဤမျက်နှာကလေးတွင် ချစ်စဖွယ်သော အပြုံးကလေးများ ကွယ်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဇနီး၏ ရယ်ရယ်မောမောနှင့် ပြောဟန်ဆိုဟန်ကလေးများ မြင်ရတော့မည် မဟုတ်တော့ပါဘူးဆိုသည့် အတွေးများ ဝင်လာသည့်အခါ ကိုကျော်ခိုင်၏ရင်ထဲတွင် ဆို့နင့်သွားမိသည်။ ပါးပြင်ပေါ်တွင်လည်း မျက်ရည်များက အလိုလို ယိုစီးကျလာကြသည်။

မျက်နှာကြက်မှ ပန်ကာလည်နေသလို ကိုကျော်ခိုင်၏ ခေါင်းထဲမှာ ချာချာလည်အောင် ခံစားနေရသည်။

ဒေါ်အုံးကြည်၊ ဝေဝေ၊ စံလှနှင့် သိန်းထွန်းတို့ အခန်းထဲကို ဝင်လာကြသည်။ ရုံးမှ လိုက်လာကြခြင်း ဖြစ်၏။

ကိုကျော်ခိုင် နှုတ်မဆက်နိုင်။

သူတို့ကလည်း မြမြသက်နှင့် ကိုကျော်ခိုင်တို့ကိုကြည့်၍ စိတ်မကောင်း ဖြစ်နေရှာကြသည်။

'ဒီနေ့မှ ရုံးကို သွားမိလေခြင်း' ဟု ကိုကျော်ခိုင် ကိုယ့်ကိုယ်ကို စိတ်မကောင်း ဖြစ်နေမိသည်။

ကိုကျော်ခိုင်သည် သေငယ်ဇောနှင့်မြောနေသည့် သူ့ချစ်ဇနီးအား ကြင်နာမှု မြတ်နိုးမှု ယုယမှု အပြည့်အဝဖြင့် . . .

'သက်. . .'

'သက်ရေ. . .'

ထူးလိုထူးငြား ကြိုးစား၍ ခေါ်နေရှာသည်။ သို့သော် မြမြသက်ကမူ ကြားဟန်မတူ။ ဆုပ်ကိုင်ထားသော လက်တွင် သွေးတိုးနှုန်းတလည်း အားနည်းလွန်းလှသည်။

မြမြသက်၏လက်ကို ကိုကျော်ခိုင် ပို၍ တင်းကြပ်စွာ လွတ်



ထွက် မသွားအောင် ဆုပ်ကိုင်ထားလိုက်မိသည်။ သို့သော် မြမြသက်၏ လက်တွင် သွေးတိုးသည်ကို မတွေ့ရတော့။

မြမြသက်သည် ခံစားနေရသည့် ဝေဒနာအပေါင်းမှ လွတ်မြောက်သွားရှာလေပြီ။ သူချစ်သော ခင်ပွန်းနှင့် သားသမီးများကို အဆုံးစွန် စွန့်ခွာသွားရှာလေပြီ။

ဒေါက်တာ အောင်မိုးနှင့် ဆရာမနှစ်ယောက်သာ ကျန်တော့သည်။ ကျန်သော ဆရာဝန် ဆရာမများ ထွက်ခွာသွားကြပြီ။

ဆရာမ နှစ်ယောက်က မြမြသက်၏လက်နှင့် နှာခေါင်းမှ ပိုက်များကို ဖြုတ်ယူကြသည်။ မျက်စိကို ပိတ်ပေးသည်။ ခေါင်းကို တည့်ပေးသည်။

ကိုကျော်ခိုင်ကတော့ အသိတရားမရှိသော သစ်သားရုပ်ထုကဲ့သို့ မတုန်မလှုပ် ရပ်လျက်ရှိနေသည်။

ဒေါက်တာ အောင်မိုးက ကိုကျော်ခိုင် ဆုပ်ကိုင်ထားဆဲ ဖြစ်သော မြမြသက်၏ လက်ကို ဖြုတ်ယူလိုက်သည်။

'လွှတ်လိုက်ပါတော့ သူငယ်ချင်း'

ကိုကျော်ခိုင် လက်ကို ဖြေလျှော့၍ လွှတ်ပေးလိုက်ရသည်။

'လက်တွဲ ဖြုတ်ကြရပြီ သက်ရေ'

ဟု စဉ်းစားမိသောအခါ မျက်ရည်များက အဆီးအတားမရှိ ယိုစီးကျလာပြန်သည်။

'သွားနှင့်ပေဦးတော့ သက်ရေ သွားနှင့်ပေဦးတော့'

ကိုကျော်ခိုင်သည် ပြင်းထန်စွာ ခံစားရမှုများကို မချွလာ

www.burmeseclassic.com

www.burmeseclassic.com

ဆည်းပူးမှတ်သားထားသော တရားသဘောဖြင့် ဆင်ခြင်၍ ထိန်းချုပ်နိုင်ရန် ကြိုးစားနေသည်။

'ဪ. . . . သက်ရဲ့ ကိုယ်ခန္ဓာ ပျက်ယွင်းနေသလို ငါရဲ့ ကိုယ်ခန္ဓာလည်း ပျက်ယွင်းနေတာပါပဲလား၊ သက်က အရင်သေရင် ငါက နောက်သေရမှာပါလား၊ သေခြင်းတရားကို ဘယ်သူမှ လွန်ဆန်လို့ မရကြပါလား၊ မမြဲသောသဘောကို ဘယ်သူမှ လွန်ဆန်လို့ မရကြပါလား၊ ကြီးတဲ့သူတွေ သေသလို ငယ်ရွယ်သူတွေလည်း သေနေကြတာပါပဲလား၊ ချစ်လှချည့်ရဲ့ဆိုတဲ့သူတွေလည်း သေလည်း သေခြင်းတရားက ခွဲတော့ ကွဲကြရတာပါပဲလား၊ ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး ငါ့ဥစ္စာ ဘယ်ဟာမှ ပိုင်တာ ရှိသေးလည်း၊ ဒါဟာ တရားသဘောတွေပဲ၊ ဒီတရားသဘောတွေကို ငါသိသားပဲ၊ ဘာဖြစ်လို့ လွမ်းနေရမှာလဲ၊ ဘာဖြစ်လို့ ဆွေးနေရမှာလဲ၊ မလွမ်းဘူး မဆွေးဘူး၊ ဒီလောက်တောင် ပူပင်သောက ရောက်နေရမှာ မဟုတ် ဘူး'

ကိုကျော်ခိုင်သည် မိမိကိုယ်ကို ဒွတ်အတင်းပင် တရားချနေသည်။ သို့သော် တရားသဘောကို ဆင်ခြင်နေရင်းမှာပင် ချစ်ဇနီးနှင့် သေကွဲကွဲရခြင်း ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော မျက်ရည်များက စီးကျနေဆဲ ဖြစ်၏။

ကိုကျော်ခိုင်သည် စီးကျလာသော မျက်ရည်များကို မသိမ်းဆည်းနိုင်ရှာတော့။

မြမြသက်ကို သယ်ဆောင်ယူငင်သွားကြမည့် ဆေးရုံဝန်ထမ်းများ ရောက်လာကြပြီ။



ဒေါ်အုံးကြည်နှင့်ဝေဝေ၊ စံလှနှင့် သိန်းထွန်းတို့က မြမြသက်၏ ပစ္စည်းများကို သိမ်းဆည်းကြသည်။

'ကဲ. . . . သူငယ်ချင်း လာပါကွာ၊ ဟိုဘက်အခန်းကို သွားကြပါစို့'

ဒေါက်တာ အောင်မိုးက ကိုကျော်ခိုင်၏လက်ကို ဆုပ်ကိုင်လိုက်သည်။

ကိုကျော်ခိုင်သည် မြမြသက်၏မျက်နှာကို တချက်လှမ်းကြည့်လိုက်၏။

'ဪ အိပ်နေသလိုပါပဲလား သက်ရယ်၊ နားပေတော့လေ၊ နားပေတော့၊ အစ်ကို သွားတော့မယ်ကွယ်'

တစ်နေ့သောအခါတွင် ဤအခြေအနေမျိုးသို့ဆိုက်ရောက်မည်ကို ကြိုတင်၍ သိမြင်ခဲ့သော်လည်း တကယ်တန်း ခွဲရပြီ ဆိုတော့ ရင်မှာ ပူလောင်လွန်းလှသည်။ သက်၏အပါးမှ မခွာရက်နိုင်အောင် ဖြစ်ရသည်။

'လာပါ သူငယ်ချင်းရာ၊ သွားကြပါစို့'

ဒေါက်တာ အောင်မိုးက ကိုကျော်ခိုင်၏လက်ကို ဆွဲ၍ခေါ်သည်။

ကိုကျော်ခိုင်၏ လေးလံသော ခြေထောက်များသည် မလှမ်းချင်သော်လည်း လှမ်းရပြီ။

ချစ်သော ဇနီး၏အပါးမှ မခွာချင်သော်လည်း ခွာ[illegible]ပြီ။

ᄎ ᄎ ᄎ

www.burmeseclassic.com

www.burmeseclassic.com

'ဟော. . . . အဖေကြီး ပြန်လာပြီ၊ ဦးဦး ချရာဝန်လည်း ပါတယ်၊ ဦးဦး အိမ်ပေါ်တက်ပါဦး'

ပိုးအိက ဝမ်းသာအားရ ခရီးဦးကြို ပြုနေသည်။

သမီးလေးကို ကြည့်၍ ကိုကျော်ခိုင်၏ ရင်ထဲမှာ ဆို့နင့်သွားမိ၏။ ဒေါက်တာ အောင်မိုးလည်း စိတ်မကောင်းဖြစ်မိသည်။

'ဦးဦး မတက်တော့ပါဘူး သမီးရယ်၊ နောက်မှ လာမယ်နော်'

'ဟုတ်ကဲ့ ဦးဦး၊ တာ့တာ'

ဒေါက်တာ အောင်မိုးက လက်ပြနှုတ်ဆက်ပြီး ကားဆီသို့ ပြန်ထွက်သွားသည်။

သီတာနှင့် အောင်အောင်က ဒေါ်သိန်းကို ကူညီ၍ ထမင်းပွဲအဆင်သင့် ပြင်ကြသည်။

ကိုကျော်ခိုင်သည် ဆေးရုံမှ ပြန်ယူလာသော မြမြသက်၏ ပစ္စည်းများကို ကလေးများ မမြင်စေရန် ဖိနပ်ချွတ် တံခါးအကွယ်မှာ ထားခဲ့သည်။

ကလေးတို့ကို ရုတ်တရက် ပြောပြရန် ကိုကျော်ခိုင် ဝန်လေးနေမိသည်။

သူတို့ ထမင်းစားကြပါစေဦးလေ၊ ထမင်းစားပြီးမှပဲ ပြောတော့မယ်။

ကိုကျော်ခိုင် အချိန် ရွှေ့လိုက်သည်။

'ထမင်းပွဲ ပြင်ပြီးပြီ ဖေဖေ၊ ထမင်းစားရအောင်'

သီတာက ကိုကျော်ခိုင်ကို ဆပ်ပြာခွက်နှင့် လက်ဆေးရေ[illegible]ပေးသည်။

'ဒေါ်သိန်းရော စားပြီးပြီလား'

ကိုကျော်ခိုင်က ဟင်းချိုရည် ပန်းကန် ယူလာသော ဒေါ်သိန်းကို မေးသည်။

'ပြီးပါပြီကွယ် စားကြ၊ ကလေးတွေ ဆာနေကြပြီ'

ကိုကျော်ခိုင် လက်ဆေးသည်၊ စားချင်စိတ် မရှိသော်လည်း ကလေးများ မရိပ်မိစေရန် ဟန်လုပ်၍ စားနေရသည်။

အောင်အောင်နှင့် ပိုးအိက အားပါးတရ စားကြသည်။ ဆာနေကြဟန် တူ၏။

'ဖေဖေ ဘာတွေ စားလာခဲ့သလဲ'

အောင်အောင်က ဖခင်စားနေပုံကို အားမရ။

'ဘာမှ မစားခဲ့ပါဘူး သားရယ် ဘာဖြစ်လို့လဲ'

'ဖေဖေ စားနေတာ မဆာသလိုပဲ'

'မဟုတ်ပါဘူး သားရယ် ဆာပါတယ်'

ကိုကျော်ခိုင်က ကလေးများ စိတ်ချမ်းသာစေရန် အားပါး[illegible] စားပြသည်။ သို့သော် မျိုး၍ မကျသည်က ခက်နေ၏။

'မေမေ သက်သာရဲ့လား ဖေဖေ'

သမီးကြီး သီတာက မေးနေပြန်သည်။

'သက်သာသွားပါပြီ သမီးရယ်'

ကိုကျော်ခိုင် လိမ်ညာခြင်းမဟုတ်၊ အမှန်ပင် မြမြသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယောက် ခံစားနေရသော ဝေဒနာများမှ သက်သာသွားခဲ့ပြီ။

'သမီးတို့ မေမေ့ဆီကို ဘယ်တော့လိုက်ရမှာလဲ ဖေဖေ'

'လိုက်ရမှာပေ့ါ သမီးရယ်၊ ကဲ ထမင်းစားကြ'

ကိုကျော်ခိုင်က သီတာ၏ မေးခွန်းများ ဆက်မနေစေရန် စကားဖြတ်လိုက်သည်။

သီတာ နားလည်သွားသည်။ ထမင်းကိုသာ ငုံ့၍ စားနေ၏။

ကိုကျော်ခိုင် စိတ်မကောင်းဖြစ်ရပြန်သည်။

'ရော့ သမီး စား'

ကိုကျော်ခိုင်က ငါးဟင်းတစ်တုံးကို သီတာ၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

'ရော့ သားနဲ့ သမီးလေးလဲ စားကြ'

'ရော့ ဖေဖေလဲ ချား'

ပိုးအိက ဟင်းတစ်တုံးကို ခပ်၍ ကိုကျော်ခိုင်၏ ပန်းကန်ထဲသို့ ထည့်ပေးသည်။

'ဟဲ့ မောင်ကျော်ခိုင် ဒီပစ္စည်းတွေက သက် ပစ္စည်းတွေပါ လား၊ ဘာဖြစ်လို့ ပြန်ယူလာတာလဲ၊ အို အားလုံး ပြန်ပါလာတာကိုး၊ မောင်ကျော်ခိုင် ငါတို့ကို အမှန်အတိုင်း ပြောပါကွယ်၊ သက် သက် ရှိ သေးရဲ့လားကွယ်'

ဒေါ်သိန်းသည် အိမ်ရှေ့ ဖိနပ်ချွတ်သို့ အထွက်တွင် မြမြသက် ၏ ပစ္စည်းများကို တွေ့ရ၍ အခြေအနေကို ရိပ်မိသွားသည်။ စိတ်ကို မထိန်းနိုင်သောကြောင့် ကိုကျော်ခိုင်တို့ လှမ်းမေးရင်းမှ ငိုပါတော့ သည်။

ကလေးများက ထမင်းစားသည်ကို ရပ်၍ ဖခင်၏မျက်နှာကို ကြည့်နေကြသည်။

ကိုကျော်ခိုင် မညာချင်တော့ပါ။ ညာနိုင်စွမ်းလည်း မရှိတော့ ပါ။ မျက်ရည်များက ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

'ကျွန်တော် ကလေးတွေကို ထမင်းစားပြီးမှ ပြောမလို့ပါ ဒေါ်သိန်းရယ်'

'အောင်မလေး သက်ရယ်၊ အဖြစ်ဆိုးလှချည်လားကွယ်'

ဒေါ်သိန်း မထိန်းနိုင် မချုပ်တည်းနိုင် ငိုနေပါပြီ။

သီတာထံမှ ရှိုက်သံများ ထွက်လာသည်။

အောင်အောင်နှင့် ပိုးအိတို့ လည်း ငိုကြသည်။

ထမင်းဝိုင်းလေး ဖျက်သွားလေပြီ။

⁂

တဖြည်းဖြည်း မောင်းလာသော ကားတန်းကြီး ရပ်သွားပြီး လူတစ်ယောက်၏ နောက်ဆုံးခရီးသို့ ရောက်ပေပြီ။

မီးသဂြိုဟ်စက်၏ ခေါင်းတိုင်မှ မီးခိုးများ ထွက်နေသည်။ တစ်ယောက်ပြီးတစ်ယောက် အခိုးအငွေ့ဖြစ်၍ ပျောက်ကွယ် သွားကြသည်။

သီတာ ကားပေါ်မှ ဆင်းလာသည်။ ငိုရှိုက်[illegible]၍ နေထိ ပန်းလို ညှိုးနွမ်းနေရှာသည်။ မြမြသက်၏ အဒေါ် ဒေါ်ခင်အေးသည်

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ဆွဲထားသည်။ ဒေါ်ခင်အေးသစ် တူမ၏ အသက် [illegible]အောင် စုသိမ်းမှ လိုက်လာသော်လည်း ဈာပနကိုသာမှီ ရှာတော့သည်။ ယူကျုံးမရ ခံစားရသော်လည်း ကလေးများ ဆောက်တည်ရာမရ ဖြစ်မည်စိုး၍ ထိန်းချုပ်ပြီး ကလေးများကို နှစ်သိမ့်အားပေးရင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေရသည်။

ပိုးအိကို ဒေါ်သိန်းက ချီလာသည်။

'မေမေ မေမေ'

ပိုးအိက ခေါ်နေရှာသည်။

ဒေါ်သိန်းက ပိုးအိကို ချော့သည်။ သို့သော် ဒေါ်သိန်း၏ ပါးပြင်ပေါ်တွင်လည်း မျက်ရည်များ စီးကျနေကြ၏။

အောင်အောင်ကတော့ ကိုကျော်ခိုင်နှင့်အတူ နောက်ကားတစ်စီးပေါ်မှ ဆင်းလာသည်။ အောင်အောင်သည်ဖခင်၏လက်ကို ဆုပ်ကိုင်ထားသည်။ အောင်အောင် ငိုချင်သည်။ သို့သော် ဖခင်စိတ်မကောင်းဖြစ်မည်စိုး၍ မငိုမိအောင် ထိန်းချုပ်ထားသည်။ ကိုကျော်ခိုင် သတိ ထားမိပါသည်။

'သား လူလေး၊ ငိုချင် ငိုလိုက်ပါသားရယ်'

ကိုကျော်ခိုင်၏ အသံမှာ ခြောက်သွေ့ ကွဲအက်နေ၏။

အောင်အောင်က ခေါင်းယမ်းပြသည်။ သို့သော် မျက်ရည်များက စီးဆင်းလာကြပြီ။

မြမြသက်၏ ရုပ်ကလာပ်ကို မီးသဂြိုဟ် စက်အတွင်းသို့ သွင်းရန် လေးဘီး တွန်းလှည်းပေါ်သို့ တင်ကြပြီ။





သီတာ၊ အောင်အောင်နှင့် ပိုးအိတို့သည် တွန်းလှည်းအ[illegible] ဘေးတွင် ရပ်နေကြသည်။ ကိုကျော်ခိုင်သည်ကလေးများ၏ နောက်မှ ရပ်နေ၏။

သီတာက ကျိတ်၍ ရှိုက်နေသည်။

ကိုကျော်ခိုင်နှင့် ကလေးများကိုကြည့်၍ မြင်သူတိုင်း စိတ်မကောင်းဖြစ်၍ မျက်ရည်လည်ကြရသည်။

ကိုကျော်ခိုင်၏ အနီးတွင် ရပ်နေကြသော စံလှ၊ သိန်းထွန်း၊ အောင်မြင့်၊ ရွှေသိန်း၊ မောင်ခင်ထွန်းစသည့် ရုံးသူရုံးသားများမှာလည်း မျက်ရည်လည်ကြရသည်။ ဒေါ်အုံးကြည်နှင့်ဝေဝေကတော့ ကလေးများကို သနား၍ ငိုနေကြပြီ။

အလုပ်သမားများက မြမြသက်၏ ရုပ်ကလာပ်ကို မီးသဂြိုဟ် စက်အတွင်းသို့ သွင်းရန် အသင့်ဖြစ်နေကြပြီ။

'ကဲ....ကလေးတွေ ကန်တော့ကြ၊ ကန်တော့ကြ'

ဒေါ်ခင်လှက ငိုသံပါနှင့် ပြောသည်။

'သားနဲ့ သမီးတို့ မေမေ့ကို ကန်တော့လိုက်ကြ'

ကိုကျော်ခိုင်၏အသံမှာ ဆို့နင့်နေသည်။

သီတာ၊ အောင်အောင်နှင့် ပိုးအိတို့က မြေကြီးပေါ်တွင် ဒူးထောက်၍ မိခင်ကို နောက်ဆုံးကန်တော့ခြင်းအဖြစ် ရှိုက်သွေး[illegible] ကန်တော့ကြသည်။

'သွားပေဦးတော့ သက်ရေ၊ သွားပေဦးတော့'

ကိုကျော်ခိုင့်စိတ်ထဲမှ နှုတ်ဆက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ မတ်တတ်ပြန်ရပ်၍ သူတို့မိခင်ကို ကြောက်ခွဲစွာဖြင့် ကြည့်နေကြသည်။

'ကဲ. . . . အားလုံးပြီးပြီလား၊ အထဲကို သွင်းမယ်'

အလုပ်သမားတစ်ယောက်က လှမ်းမေးသည်။ မည်သူကမျှ ဘာမှ ပြန်မပြောကြပါ။

'ကဲ. . . . သွင်း'

အလုပ်သမားခေါင်းဆောင်က အမိန့်ပေး၍ အလုပ်သမားများသည် လေးဘီးတွန်းလှည်းကို အထဲသို့ တွန်းသွင်းသွားကြသည်။

ဝင်ပေါက်တံခါးကြီးကိုလည်း အလုပ်သမားများက ဆွဲပိတ်လိုက်ကြသည်။

ကိုကျော်ခိုင်နှင့် ကလေးများသည် တံခါးကြီးကို ငေးကြည့်နေမိကြ၏။

'လာ လာ၊ သမီးတို့ သားတို့ နောက်ကိုဆုတ်၊ ဟိုက ခေါင်းတိုင်ကို ကြည့်'

အထဲမှ စက်အတွင်းသို့ သွင်းသံ၊ တံခါးပိတ်သံများကို ကြားရပြီး မကြာမီမှာပင် မီးခိုးခေါင်းတိုင်မှ မီးခိုးလုံးများ ထွက်လာသည်။

သီတာက မီးခိုးများကိုကြည့်ရင်း ရှိုက်နေသည်။

အောင်အောင်ကတော့ မျက်ရည်များ စီးကျနေသည်။

'ဖေဖေ၊ မေမေ့ကို မီးရှို့လိုက်ကြပြီလား'

ပိုးအိက ငိုမဲ့မဲ့နှင့်မေးသည်ကို ကိုကျော်ခိုင် ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။



ဟုတ်ပါသည်။ သက်ကို မီးရှို့လိုက်ကြပါပြီ။

ကိုကျော်ခိုင်သည် ပိုးအိကို ပွေ့ချီ၍ မီးခိုးခေါင်းတိုင်ကို ငေးကြည့်နေမိသည်။ သီတာနှင့် အောင်အောင်တို့က ကိုကျော်ခိုင်၏ ခါးကိုဖက်၍ မီးခိုးများကို ငေးကြည့်နေကြသည်။ မီးခိုးများသည် တဖြည်းဖြည်း ဝေ့ဝဲ၍ ပျောက်ကွယ်သွားကြသည်။ နောက်ထပ် မီးခိုးများ ဆက် ၍ထွက်နေကြသည်။

ကိုကျော်ခိုင်သည် ကလေးများမသိအောင် သက်ပြင်းတချက် ချလိုက်သည်။

'ဩော်. . . . သွားလိုက်ကြတာ တစ်ယောက်ပြီးတစ်ယောက်၊ မီးခိုးတွေ ပျောက်ပျောက်သွားတာနဲ့အတူ လောကကြီးထဲက ပျောက်ကွယ်သွားလိုက်ကြတာ၊ မွေးသူကမွေး၊ သေသူကသေ၊ ဖြစ်သူကဖြစ်၊ ပျက်သူကပျက်၊ တက်သူကတက်၊ ကျသူကကျ၊ ရယ်လိုက်ကြ၊ ငိုလိုက်ကြ၊ ပျော်လိုက်ကြ၊ ဆွေးလိုက်ကြ၊ ကျေနပ်လိုက်ကြ၊ ဒေါသဖြစ်လိုက်ကြ၊ တွေ့ဆုံလိုက်ကြ၊ ခွဲခွာလိုက်ကြ၊ ဘာမှ မမြဲပါလား။ ဩော်. . . . လူတွေ လူတွေ ဒီလောက်တိုတောင်းတဲ့ ကာလလေးအတွင်းမှာတောင် လောဘတွေ၊ ဒေါသတွေကြီးနေလိုက်ကြတာ။ တက်နေတဲ့ အချိန်ဆိုရင် လဲ မာနတွေ ထောင်လွှားလိုက်ကြတာ။ အဆင်းလှသူက အဆင်းမာန်တက်၊ ပညာတတ်သူက ပညာမာန်တက်၊ ချမ်းသာကြွယ်ဝသူက မန မာန်တက်၊ ရာထူးရှိသူက ရာထူးမာန်တက်၊ ဘာမှ မရှိတဲ့လူကလဲ ဘာမှ မရှိတဲ့မာန်တက်၊ အားလုံးဟာ မာနတံခွန်တွေ ထူပြီး မောနေလိုက်ကြတာ။ ငါ့ကိုမထိနဲ့၊ ငါ့ကို ဒီလိုစမ်းလို့မရဘူး

www.burmeseclassic.com

www.burmeseclassic.com

လာမကျောနဲ့၊ မောသွားမယ်၊ ငါ့ကို ဘယ်လိုကောင်မှတ်လို့လဲ၊ ငါ့အကြောင်း သိသွားစေမယ်နဲ့ ပြောလိုက်ဆိုလိုက်ကြတာ။ နောက်ဆုံးတော့လဲ အဲဒီငါတွေအားလုံးဟာ ဘယ်သူမှ မမြဲကြဘူး၊ သေကြတာချည်းပါပဲ။ နေရသမျှဘဝတာလေးမှာ အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေနိုင်ကြ ဖို့ကောင်းတယ်၊ မိမိအကျိုးနဲ့ သူတစ်ပါးအကျိုး မျှတအောင်လုပ်နိုင်ကြဖို့ ကောင်းတယ်'

ကိုကျော်ခိုင်စိတ်ထဲမှာ သံဝေဂတရားတွေ တသီတတန်းကြီး ရနေသည်။

တဖြည်းဖြည်းနှင့် ခေါင်းတိုင်ထိပ်တွင် မီးခိုးများနည်းသွားပြီ။

ကိုကျော်ခိုင်နှင့် ကလေးများမှာတော့ ငေးနေဆဲ တွေးနေဆဲပင် ဖြစ်၏။

ႼႼႼ

ကိုကျော်ခိုင် အိပ်ရာမှထသောအခါ နေပင် ထွက်နေပြီ။ ယနေ့ ရုံးပိတ်ရက်ဖြစ်၍ မိုးလင်းအောင်အိပ်ရခြင်း ဖြစ်သည်။

'ဖေဖေ၊ မျက်နှာသစ်ရင်း တခါတည်း ရေချိုးလိုက်ပါလား၊ ရော့ . . . . သွားတိုက်ဖို့'

သီတာက သွားတိုက်ဆေးညှစ်ပြီးသား သွားတိုက်တံကို ပေးသည်။

'ဖေဖေ ရေချိုးနေတုန်း သမီး ကော်ဖီဖျော်ထားလိုက်မယ်နော်'



'အေး. . .-. အေး၊ အောင်အောင်နဲ့ ပိုးအိရော သမီး'

'ရှိတယ် ဖေဖေ၊ လမ်းထိပ်သွားပြီး နံပြားဝယ်နေတယ်'

ကိုကျော်ခိုင် ရေချိုးခန်းထဲသို့ ဝင်ရှသွားတိုက်သည်။ ရေချိုးသည်။

သီတာ နောက်ဖေးသို့ ဆင်းခဲ့သည်။

'ဖေဖေ ရေချိုးပြီးတာနဲ့ အဆင်သင့် ဖြစ်ချင်လို့ပါ ကြီးကြီးသိန်းရဲ့'

သီတာ ကော်ဖီကို အဆင်သင့် နှပ်ထားပြီး မတ်ခွက်ကြီးတစ်ခုထဲတွင် နို့ဆီနှင့် သကြားကိုထည့်သည်။ ကော်ဖီ ကျသောအခါ ကော်ဖီစစ်ကိုယူ၍ မတ်ခွက်ထဲသို့ ကော်ဖီရည် လောင်းထည့်ပြီး သမအောင် ငွှန်းဖြင့်မွှေသည်။

'ဖေဖေက ခါးခါးဆိမ့်ဆိမ့်မှ ကြိုက်တာ ကြီးကြီးသိန်းရဲ့'

သီတာက ကော်ဖီကို ငွှန်းဖြင့်ခပ်၍ မြည်းလိုက် ပြင်လိုက်လုပ်နေသည်။ စိတ်ကျေနပ်မှ မတ်ခွက်ကို အဖုံးအုပ်၍ စားပွဲပေါ်သို့ သွားတင်သည်။

'ကြီးကြီးသိန်း ရေနွေးကြမ်းခပ်ထားလိုက်ပါဦးနော်၊ သမီး ဖေဖေ့ကို တဘက် သွားပေးလိုက်ဦးမယ်'

'အေး. . . . အေး'

ဒေါ်သိန်းက သွက်လက်ချက်ချာသော သီတာကို ကြည့်၍ ကျေနပ်သွားသည်။

ကိုကျော်ခိုင် ရေချိုးခန်းမှ ထွက်လာသောအခါ အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသော သီတာက တဘက်ကို လှမ်းပေးသည်။

'ရေတွေ မြန်မြန်သုတ်နော် ဖေဖေ၊ အအေးမိနေဦးမယ်'

ကိုကျော်ခိုင်က သီတာ့ထံမှ တဘက်ကိုယူရင်း ပြုံးလိုက်မိသည်။

သမီးကြီး ဩရသ သီတာက မိခင်၏တာဝန်ကို ဆက်ခံနေလေပြီ။

'မမရေ ဖေဖေ နိုးလာပြီလား'

ပိုးအိက အသံပေး၍ အိမ်ပေါ်သို့ တက်လာသည်။

'အေး. . . . နိုးပြီ၊ နံပြားရခဲ့လား'

'ရတယ်၊ စောင့်လိုက်ရတာ'

အောင်အောင်က စက္ကူဖြင့် လိပ်ထည့်လာသော နံပြားကိုပြသည်။

'မောင်လေးရေ ပန်းကန်နဲ့ထည့်လိုက်'

သီတာက ကိုကျော်ခိုင်အတွက် ပုဆိုးနှင့်အင်္ကျီ ထုတ်ပေးသည်။

ကိုကျော်ခိုင်က သီတာပေးသော ပုဆိုးနှင့် အင်္ကျီကိုဝတ်၍ နောက်ဖေးသို့ ဆင်းခဲ့သည်။

စားပွဲပေါ်တွင် ကော်ဖီအသင့် နံပြားအဆင်သင့်။

'သမီးတို့ သားတို့ရော'

'သမီးတို့အားလုံး စားပြီးကြပြီ ဖေဖေ'

'သမီးလေး နံပြားစားဦးမလား ရော့. . . . ရော့'



ကိုကျော်ခိုင်က ပိုးအိကိုပေးသည်။

'ဟင့်အင်း. . . . မီးမီး မချားချင်ဘူး၊ ဖေဖေကြီး ဝအောင်ချား'

ကလေးများက သူ့အတွက် လိုလေသေးမရှိအောင် ဂရုတစိုက်ဖြစ်နေကြသည်။ ကိုကျော်ခိုင်၏ရင်မှာ ကြည်နူးမိသလို စိတ်မကောင်းလည်း ဖြစ်မိသည်။

'အား. . . . ကော်ဖီက တယ်ကောင်းပါလား'

ကိုကျော်ခိုင်က ကော်ဖီကို တကျိုက်သောက်ပြီး အားရပါးရ ချီးကျူးလိုက်သည်။

'မင်းရဲ့သမီး သီတာ့လက်ရာလေ၊ မြည်းကြည့်လိုက် မြင်လိုက်နဲ့ စိတ်တိုင်းကျ လုပ်ထားတာ'

ဒေါ်သိန်းကပြောရင်း သီတာ့ကို လှမ်းကြည့်သည်။

သီတာ ပြုံးနေသည်။ ဝမ်းသာသော အပြုံး၊ ဂုဏ်ယူသော အပြုံး။

ကိုကျော်ခိုင် ကော်ဖီ သောက်ပြီးသောအခါ အိမ်ရှေ့သို့လာသည်။

အောင်အောင်နှင့် ပိုးအိက ကိုကျော်ခိုင်နှင့်အတူ ပါလာ၏။ သီတာက နောက်ဖေးတွင် ဆေးကြော၍ ကျန်ရစ်သည်။

ကိုကျော်ခိုင် ပက်လက်ကုလားထိုင်တွင်ထိုင်၍ ဆေးပေါ့လိပ် သောက်နေသည်။

'ရော့. . . . ဆေးလိပ်ပြာခွက်၊ ဆေးပေါ့လိပ်တွေကို တအား လည်း မသောက်နဲ့ဦးနော် ဖေဖေ၊ လျှော့သောက်'

www.burmeseclassic.com

www.burmeseclassic.com



စီခင်၏ လေသံကို လိုက်ပြောသော ပိုးအိ စကားကြောင့် ကိုကျော်ခိုင် ပြုံးမိပြီးမှ စိတ်မကောင်း ဖြစ်ရသည်။

'ငါ့သမီးက သိပ်လိမ္မာတာပဲ၊ ငါ့သမီးစကားကို ဖေဖေက နားထောင်ရမှာပေါ့'

ပိုးအိ သဘောကျသွားသည်။

အောင်အောင်က ကိုကျော်ခိုင်၏ခြေရင်းတွင်ထိုင်၍ ကိုကျော်ခိုင်၏ ဒူးနှစ်ဖက်ပေါ်သို့ သူ၏လက်နှစ်ဖက်ကို တင်ထားလိုက်သည်။

ကိုကျော်ခိုင်က ဆေးလိပ် မီးခိုးများကိုသာ သမီးများနှင့်ဝေးရာသို့ မှုတ်ထုတ်လိုက်သည်။

'သား ဖေဖေကြီးကို တစ်ခုပြောချင်တယ်'

အောင်အောင်က နိဒါန်းပျိုးနေ၍ ကိုကျော်ခိုင် ပြုံးသည်။

'ပြောလေ ငါ့သား ဘာလဲ'

'သား ဖေဖေကြီးနဲ့ ဒီလိုအတူနေရတာ သိပ်ပျော်တာပဲ'

'နေရမှာပေါ့ သားရဲ့'

'ဖေဖေကြီးက သားတို့ကို ခွဲသွားမှာ သိပ်ကြောက်တာပဲ'

'အို. . . . မဟုတ်တာပဲ သားရယ်၊ ဘာလဲ သားက ဖေဖေ့ကို မေမေ့လို ဖြစ်သွားမှာ စိုးလို့လား'

'ဟင့်အင်း. . . . အဲဒီလို မစိုးရိမ်ပါဘူး၊ ဖေဖေက ကျန်းမာရေးကောင်းတာပဲ'

'ဒါဖြင့် ဘာကို ကြောက်တာလဲ သားရဲ့'



အောင်အောင်က ပြောသင့်မပြောသင့် ချိန်ဆနေသည်။

'ပြောလိုက်လေ ကိုကို'

ပိုးအိက တိုက်တွန်းလိုက်သည်။

'ဖေဖေက နောက်ထပ် မိန်းမယူပြီး သားတို့ကို ခွဲသွားမှာကြောက်တာ'

အောင်အောင်က ဖြည်းလေးစွာဖြင့် သူ၏ စိုးရိမ်မှုကို ထုတ်ဖော်လိုက်သည်။

ကိုကျော်ခိုင် စိတ်မကောင်းဖြစ်မိသည်။

'အို. . . . မဟုတ်တာပဲ သားရယ်၊ ဖေဖေ သားတို့ သမီးတို့ကို ဘယ်တော့မှ ခွဲမသွားဘူး၊ သားတို့ သမီးတို့နဲ့ တသက်လုံးအတူတူ နေမှာပေါ့'

'ဟေး. . . . ဒါမှ တို့ဖေဖေကွ'

အောင်အောင်နှင့် ပိုးအိက ဝမ်းသားအားရ ဖခင်ကိုဖက်၍ မွှေးကြသည်။

'ဒါပဲနော် ဖေဖေ၊ နောက်မိန်းမ ယူရင် သမီး ဒီအိမ်မှာမနေတော့ဘူး'

ပိုးအိက မွှေးပြီးမှ ထပ်၍ သတိပေးနေပြန်သည်။

'ညီမလေးက ဒီအိမ် မနေလို့ ဘယ်သွားနေမှာတုံး'

အိမ်ရှေ့သို့ ထွက်လာသော သီတာက ပြုံးရင်းမှ မေးသည်။

'မီးမီးက မေမေ့ကို မီးရှို့တဲ့နေရာ သွားနေမယ်'

'အို. . . . သမီးလေးရယ်၊ မဟုတ်တာတွေ ဘာဖြစ်လို့

www.burmeseclassic.com



ပြောရတာလဲ'

ကိုကျော်ခိုင်၏ ရင်ထဲတွင် နာသွားမိသည်။ သမီးငယ် ပိုးအိကိုလည်း ပွေ့ထားလိုက်မိသည်။

ပိုးအိ စကားကြောင့် သီတာနှင့် အောင်အောင်တို့လည်း စိတ်မကောင်း ဖြစ်သွားကြသည်။

'ကဲ. . . . ဒါမျိုးတွေကို မပြောကြနဲ့တော့နော်၊ ပြောဖို့ မလိုပါဘူးကွယ်၊ ဖေဖေတို့ မိသားစုလေး ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်'

ကိုကျော်ခိုင်က ကလေးတို့၏ စိတ်ကို ပြောင်းလိုက်သည်။

'ဟုတ်ကဲ့ပါ ဖေဖေ၊ သား နောက်ကို မပြောတော့ပါဘူး'

'မီးမီးလည်း မပြောတော့ဘူး ဖေဖေ'

အောင်အောင်နှင့် ပိုးအိက ကတိပြုကြသည်။

သီတာကတော့ ဖခင်၏ စကားကြောင့် ဝမ်းသာ ကြည်နူးနေရှာသည်။

⁂ ⁂ ⁂

'သမီးရေ သီတာ'

'ရှင်. . . .'

'ဖေဖေ ရုံးသွားတော့မယ် ဟေ့'

'ဟုတ်ကဲ့ ဖေဖေ၊ ထမင်းဗူး ပါပြီလား'

'အေး ပါပြီ၊ ကျောင်းသွားရင် မောင်လေးနဲ့ အတူတူသွားနော်'



'ဟုတ်ကဲ့ ဖေဖေ'

'သားရေ. . . .'

'ဗျာ. . . .'

'ကျောင်းသွားရင် မမနဲ့အတူ သွားနော်'

'ဟုတ်ကဲ့'

'လမ်းမှာ ကားတွေနဲ့ မဆော့နဲ့၊ ကောင်းကောင်းသွားနော်'

'ဟုတ်ကဲ့ ဖေဖေ'

'သမီးရေ ပိုးအိ'

'ရှင်. . . . ဖေဖေ'

'ကျောင်းမှာ အိမ်သာတက်ချင်ရင် ဆရာမကို ပြောနော်၊ သိလား၊ ပြောရမှာ ကြောက်ပြီး ပေမနေနဲ့ ကြားလား'

'ဟုတ်ကဲ့ ဖေဖေ'

'ကဲ. . . . ဖေဖေ သွားမယ်နော်၊ ဪ. . . . ဒေါ်သိန်းရေ သမီးကို ငှက်ပျော်သီးတစ်လုံးနဲ့ ဘီစကွတ်မုန့်ငါးချပ် ထည့်ပေးလိုက်ပါနော်'

'အေး. . . . အေး'

ယခင်က အိမ်မှ အထွက်တွင် မြမြသက် မှာကြား၍ မဆုံးသည်ကို စိတ်မရှည် ဖြစ်ခဲ့မိသည်။ ခုတော့ ကိုယ်တိုင် မှာနေရစ်ပြီ။

လမ်းပေါ်ရောက်သည်အထိ နောက်ဆံတင်းနေခဲ့သည်။

'ဒေါ်သိန်းရေ နေ့ခင်းကျ နောက်ဖေးနေရင် အိမ်ရှေ့တံခါးကို ပိတ်ထားနော်'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါ. . . . စိတ်ချသွားပါ'

ကိုကျော်ခိုင် ဘတ်စ်ကားမှတ်တိုင်ဆီသို့ လျှောက်လာခဲ့သည်။

ယခင်ကတော့ မြမြသက်နှင့်အတူ နှစ်ယောက်၊ ယခုတော့ တစ်ယောက်တည်း။

ကိုကျော်ခိုင်၏ရင်မှာ အထီးကျန်သောအဖြစ်ကို ခံစားရသည်။

လမ်းဘေးအိမ်များက သူ့ကိုချောင်းကြည့်ပြီး သနားနေကြသလို စိတ်ထဲတွင် ထင်မြင်လာမိ၍ လမ်းသွားရသည်ပင် ခြေလှမ်းမမှန်အောင် ဖြစ်မိသည်။

သေသောသူ ကြာလျှင်မေ့ ဆိုသော်လည်း ကိုကျော်ခိုင် မြမြသက်ကို မမေ့နိုင်သေးပါ။ မေ့ရန်လည်း မလွယ်ပါ။ အကြောင်းတိုက်ဆိုင်တိုင်း သတိရနေသည်။ အကြောင်းတိုက်ဆိုင်သည်တို့ကလည်း များလွန်းလှ၏။

၁၅ နှစ်တာခရီးကိုအတူတွဲ၍လျှောက်ခဲ့ရသည်မို့နှစ်ယောက်အတူနေသော ဘဝမှာ အသားကျခဲ့ပြီ၊ ထိုသို့ အသားကျပြီးကာမှ တစ်ယောက်တည်း ကျန်ရစ်သောအဖြစ်သည် ကိုကျော်ခိုင်အတွက် ကြီးမားသော အခက်အခဲတစ်ရပ် ဖြစ်နေ၏။

သို့သော် ကိုကျော်ခိုင်သည် မိသားစု၏ သာယာပျော်ရွှင်ရေးအတွက် ကလေးများ စိတ်အားမငယ်စေရန် ကြိုးစားရသည်။ ကိုယ်တိုင်က ပျော်ပျော်ရွှင်ရွှင် နေပြရသည်။ ဖခင်တာဝန်ရော မိခင်တာဝန်ပါ ကျေပွန်အောင် ပေါင်းစပ်ယူ၍ ကလေးများကို ဂရုစိုက်ရသည်။ ဇနီးအတွက် ဟာသောရင်ကို သားသမီးများအပေါ် ကြင်နာမှုဖြင့် ဖြည့်ရသည်။



ဘဝ တဆစ်ချိုးခဲ့ပြန်ပြီ။ ပြောင်းလဲလာသော ဘဝကို အသားကျအောင် ကြိုးစားရလိမ့်ဦးမည်။

* * *

'ဆရာ ဒီနေ့ ရုံးပြန်တက်ပြီလား ဆရာ'

စောစောရောက်နေသော ဝေဝေက နှုတ်ဆက်ရင်း ကိုကျော်ခိုင်၏ စားပွဲကို ရှင်းလင်းလှည်းကျင်းပေးသည်။

'ဪ. . . . အေး အေး၊ ဝေဝေရေ ဆရာ ရုံးမတက်တုန်း ဘာတွေများ ထူးသေးလဲ'

'ဘာမှ မထူးပါဘူး ဆရာ၊ ပုံမှန်အတိုင်းပါပဲ'

ကိုကျော်ခိုင်က စားပွဲစင်ပေါ်မှ ဝင်စာများကို ယူ၍ကြည့်နေသည်။

'ဆရာ ပိန်သွားတယ်နော်'

ဝေဝေက ကိုကျော်ခိုင်ကိုကြည့်၍ စိတ်မကောင်းဖြစ်မိသည်။

'ဝေဝေတို့ ဝိုင်းဝန်းကူညီကြတာကို အများကြီးကျေးဇူးတင်ပါတယ်'

'ကျေးဇူးတင်စရာမလိုပါဘူး ဆရာ၊ ကလေးတွေ နေကောင်းရဲ့လား ဆရာ'

'နေကောင်းပါတယ်၊ ကလေးတွေလည်း ဒီနေ့ ကျောင်းပြန်တက်ကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကလေးတွေကို သိပ်သနားတာပဲ ဆရာ၊ အငယ်ဆုံး ပိုးအိလေးကို အသနားဆုံးပဲ၊ လိုက်ပို့ရတဲ့နေ့ကလည်း အိမ်ပြန်ရောက်တော့ မျက်စိထဲက မထွက်ဘူး၊ သိပ်ဝမ်းနည်းစရာကောင်းတာပဲ ဆရာ၊ ကျွန်မ စဉ်းစားမိတိုင်း စိတ်မကောင်းဘူး၊ မေမေ့ကို ပြောပြတော့ မေမေလည်း မျက်ရည်ကျတယ်၊ ကလေးတွေအို သနားနေတယ်'

ဝေဝေက ပြောရင်းမှာပင် မျက်ရည်လည်လာသည်။

'ဒီလိုပေါ့လေ၊ သုခ ဒုက္ခ လောကစံဆိုတော့ အမျိုးမျိုး ကြုံကြရတာပေါ့'

ကိုကျော်ခိုင်က ဝေဝေအတွက်ရော မိမိအတွက်ပါ ဖြေသိမ့်စကားဆိုသည်။

'မင်္ဂလာပါ ဆရာ'

မောင်ခင်ထူး ရောက်လာသည်။

'ဩော်. . . . အေး၊ မင်္ဂလာပါကွာ'

ကိုရွှေသိန်း၊ ဒေါ်အုံးကြည်၊ စံလှ၊ သိန်းထွန်း၊ အောင်မြင့်တို့က တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

ဤ္ပြပတ်ဝန်းကျင် အသိုက်အဝန်းလေးနှင့် ကိုကျော်ခိုင် ဆယ်ရက်တာ ခွဲနေခဲ့ရသည်။

'ဆရာ ပိန်သွားတယ်နော်'

မောင်ခင်ထွန်းက ပြောပြန်သည်။

'ဆရာလည်း ကိုယ့်ကိုယ်ကို ကျန်းမာအောင် ဂရုစိုက်ဦးနော်၊ ကလေးတွေခမျာ ဆရာနေကောင်းမှဖြစ်မှာ'



ဒေါ်အုံးကြည်က အသက်အရွယ်ကြီးသူပီပီ တည်တည်ခန့်ခန့် ရှေ့ရေးမျှော်ပြီး သတိပေးသည်။

'ကျွန်တော်သာ ဆရာဆိုရင် စိတ်ပြေလက်ပျောက် တစ်လလောက်တော့ ခွင့်ယူနေလိုက်မှာ'

ကိုအောင်မြင့်က သူ့ဆရာကို စိတ်ရောကိုယ်ပါ နားစေချင်သည်။

'မထူးပါဘူးကွာ၊ အိမ်မှာနေတော့ စိတ်ပိုလေပါတယ်၊ အလုပ်ထဲမှာက ပိုကောင်းပါတယ်'

ကိုကျော်ခိုင်သည် လုပ်ငန်းခွင်တွင် ပျော်ရွှင်တတ်သူ ဖြစ်သည်။ အလုပ်တာဝန်ကိုလည်း လေးစားသည်။ ထို့ကြောင့် ယခင်က သုံးရက်ပြည့်အောင်ပင် ခွင့်မယူခဲ့ဖူးပါ။

'ဆရာပြောတာလဲ ဟုတ်တာပဲ၊ ဒီမှာဆိုတော့ အလုပ်လုပ်လိုက်၊ အများနဲ့ပြောလိုက်ဆိုတော့ ကောင်းပါတယ်'

သိန်းထွန်းက ထောက်ခံသည်။

ကိုကျော်ခိုင်က ဝင်စာများထဲမှ အရေးကြီးသည့် စာတစ်ခုကို ထုတ်၍ ထပ်ဆင့်တင်ပြရန် စာကြမ်းတစ်စောင်ရေးသည်။

စံလှသည် သူ့စားပွဲမှ ထလာ၍ ကိုကျော်ခိုင် ရေးနေသော စာကြမ်းကို လှမ်းကြည့်လိုက်သည်။

'ဩော်. . . . အဲဒါ ကျွန်တော့်ဆီက တင်လိုက်တာ ဆရာ့ ပေး ဆရာ ဆက်တင်ပြရမယ်ဆိုရင် စာကြမ်းကို ကျွန်တော် ရေးပေးမယ်'

'ရပါတယ်ကွာ၊ ငါ ရေးလိုက်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပေးပါဆရာ၊ ကျွန်တော့်ဆီမှာ အချက်အလက်တွေရှိတယ်၊ ကျွန်တော်ရေးလိုက်ပါ့မယ်'

စံလှက ရေးလက်စ စာရွက်များကို အတင်းဆွဲယူသွားသည်။

'ဆရာ၊ လက်ဖက်ရည်'

မောင်ခင်ထွန်းက လက်ဖက်ရည်တစ်ခွက်နှင့် အသားသွတ်ပေါင်မုန့်ငယ်တစ်လုံးကို ကိုကျော်ခိုင်၏ရှေ့သို့ ချပေးသည်။

'ဟ. . . . ဘာလို့သွားဝယ်ရတာလဲ မောင်ခင်ထွန်း'

'ကိုသိန်းထွန်းက ဆရာ့အတွက် သွားအဝယ်ခိုင်းလို့ ဆရာ'

'ဟော့. . . . သိန်းထွန်း၊ ဘာဖြစ်လို့ အဝယ်ခိုင်းရတာလဲကွာ၊ မင်းတို့လည်း မသောက်ဘဲနဲ့ ငါတစ်ယောက်တည်း'

'သောက်ပါဆရာ၊ မုန့်လည်းစားပါ။ ကျွန်တော်တို့က သောက်ပြီးပြီ'

'ဟုတ်တယ်ဆရာ၊ ဒီကောင် မနေ့က ခရိုးစရိတ်ထုတ်ရတယ်၊ ကျွန်တော်တို့ကို တိုက်ပြီးပြီ၊ ဆရာပဲ ကျန်နေတာ'

ကိုအောင်မြင့်က ဘေးမှ ကူ၍ တိုက်တွန်းနေသည်။

သူတို့ စေတနာကို ကိုကျော်ခိုင် နားလည်ပါသည်။

မိမိအပေါ်တွင် ခင်မင်လေးစား၍ စေတနာထားသော ဤအသိုက်အဝန်းကို ကိုကျော်ခိုင် ကျေးဇူးတင်မိသည်။

မြမြသက်၏ ရွာပနကိစ္စတွင် ဤအသိုက်အဝန်းသည် အစအဆုံး ကူညီရုံမက ကိုကျော်ခိုင်၏ ပူဆွေးသောကကိုလည်း ဝေမျှခံစားခဲ့ကြသည်။

BURMESE CLASSIC .com



တစ်ရုံး တစ်ဌာနတည်းမှ ဤလုပ်ဖော်ကိုင်ဖက်များအပေါ်တွင် ယခင်ကထက်ပင် တိုး၍ တိုး၍ ကိုကျော်ခိုင် ခင်မင်တွယ်တာရလေပြီ။

ᨒ ᨒ ᨒ

ရာသီဥတုမှာ အိုက်စပ်စပ်ဖြစ်နေသည်။ မိုးတိမ်များ အုံ့ဆိုင်းနေသော် လည်း မိုးကမရွာ၊ လေကလည်း မတိုက်။

ည ၉ နာရီထိုးပြီမို့ သားသမီးများ အိပ်ရာဝင်ကြပြီ။ အိမ်ရှေ့ခန်းတွင် ကိုကျော်ခိုင် တစ်ယောက်တည်း ရေဒီယိုဖွင့်နေ၏။ နောက်မှ ခြေသံတရှပ်ရှပ်ကြား၍ ကိုကျော်ခိုင် လှည့်ကြည့်လိုက်သည်။

'အို. . . . သမီးလေး၊ အိပ်လို့ မပျော်ဘူးလား'

ပိုးအိက ခေါင်းယမ်းပြပြီး ကိုကျော်ခိုင်၏ ကျောကို ပါးနှင့်အပ်၍ ကနွဲ့ကလျ မှီနေသည်။

'အိုက်တယ်ဖေဖေ၊ ယပ်ခတ်ပြီးသိပ်ပါ'

ပိုးအိက ချွဲချွဲနွဲ့နွဲ့နှင့် တောင်းဆိုနေရှာသည်။

'ဪ. . . . အေးအေး၊ ဖေဖေသိပ်မယ်နော် သမီးလေး'

ကိုကျော်ခိုင်သည် ဖြင့်လက်စ ကက်ဆက်ပစ္စည်းများကို ... နေသားတကျ သိမ်းဆည်းပြီး ပိုးအိကို ပွေ့ချီ၍ အခန်းတွင်းသို့ ဝင်ခဲ့သည်။

ကိုကျော်ခိုင် သမီးလေးကို သနားသည်။ ယခင်ကဆိုလျှင် ညအိပ်ရာဝင်တိုင်း မိခင်က ချော့သိပ်ခဲ့သည်။ ယခုတော့ ကိုကျော်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



အေးသည့်ညများတွင် သူ့ဘာသာ အိပ်ရရှာသည်။

ကိုကျော်ခိုင်သည် ခေါင်းရင်းမှ ယပ်တောင်ကိုယူ၍ ပိုးအိကို ယပ်ခတ်ပေးသည်။

'ကဲ. . . . သမီးလေး အိပ်နော်၊ ဖေဖေယပ်ခတ်ပေးမယ်'

ပိုးအိက ခေါင်းညိတ်ပြပြီး ကိုကျော်ခိုင်၏ဘေးတွင် ခွေခွေလေး အိပ်နေရှာသည်။

'ဖေဖေ၊ သားလည်းဖိုက်တယ်၊ အိပ်လို့မပျော်ဘူး'

အောင်အောင်က ကိုကျော်ခိုင်ကို လှမ်းဖက်၍ ပြောသည်။

'ဩော်. . . .အေး အေး၊ ငါ့သားလည်း အိပ်မပျော်သေးဘဲ ကိုး၊ ဖေဖေ ယပ်ခတ်ပေးမယ်နော်၊ အိပ် အိပ်တော့ သား'

ကိုကျော်ခိုင်သည် အလယ်မှနေ၍ သားနှင့် သမီးကို တလှည့်စီ ယပ်ခတ်ပြီး သိပ်သည်။

ယပ်လေအေးအေးနှင့် ဖခင်၏ မေတ္တာအေးမြမှုကြောင့် သားနှင့် သမီးတို့ အိပ်ပျော်သွားကြသည်။

ကိုကျော်ခိုင်ကတော့ လက်တဖက်ညောင်းလျှင်လက်တဖက် ပြောင်း၍ ခတ်သည်။ မိမိကိုယ်ကို တချက်မျှ မခတ်မိ။ သမီးတို့ကို အေးစေချင်သည်။ သားသမီးတို့ အေးလျှင် ဖခင် ရင်မှာလည်း အေးရ ပြီ။

ﾒ ﾒ ﾒ



ယနေ့ ရုံးပိတ်ရက်၏ နေ့ခင်းဖြစ်သောကြောင့် ကိုကျော်ခိုင် အေးအေးဆေးဆေး သတင်းစာဖတ်ခွင့်ရသည်။

သီတာနှင့် အောင်အောင်က ကိုကျော်ခိုင်၏ဘေးမှ စားပွဲ တွင် ကျောင်းမှပေးလိုက်သော အိမ်စာများ လုပ်နေကြ၏။

ပိုးအိကတော့ သူ့ဘာသာ တစ်ယောက်တည်း သနပ်ခါးသွေး လိုက်၊ သနပ်ခါးလိမ်းလိုက်နှင့် အလုပ်ရှုပ်နေသည်။

'ဖေဖေ ဒီမှာကြည့်၊ မီးမီး လိမ်းထားတာ လှဖူးလား'

ပိုးအိက ဖခင်၏ရှေ့တွင် မတ်တပ်ရပ်ပြ၍ မေးသည်။ ပါးပြင် ပေါ်တွင် သနပ်ခါး ပါးကွက်ကြီးများက ဖွေးနေ၏။

ကိုကျော်ခိုင် သတင်းစာဖတ်ရာမှ ပိုးအိကို ကြည့်လိုက်သည်။

'သိပ်လှတာပဲ သမီးရယ်၊ သမီးလေးက သိပ်လိမ်းတတ်တာပဲ'

ကိုကျော်ခိုင်က သမီးငယ်ကျေနပ်အောင် ချီးမွမ်းလိုက်သည်။ ပိုးအိ သဘောကျသွား၏။

'ဖေဖေ ဖေဖေ့ကို မီးမီး သနပ်ခါး လိမ်းပေးမယ်နော်'

ကိုကျော်ခိုင် ချီးမွမ်းမိသည်မှာ မှားပြီ၊ ပိုးအိသည် သနပ်ခါး ခွက်ကို ကိုင်၍ ကိုကျော်ခိုင်၏ ဘေးတွင် ဒူးထောက် ထိုင်လိုက်သည်။

'မလုပ်ပါနဲ့ သမီးရယ်၊ ဖေဖေ မလိမ်းချင်ပါဘူး'

ကိုကျော်ခိုင် ငြင်းသည်။ သို့သော် မရ။

'အသာနေချမ်းပါ ဖေဖေရာ၊ ဖေဖေ့ကို လှသွားအောင်လို့ သမီး လိမ်းပေးမယ်'

'ယောကျ်ားဆိုတာ သနပ်ခါး မလိမ်းရဘူး သမီးရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . . ဖေဖေကလည်း ဘာမှ မတိဘူး၊ အခု ယောက်ျား လေးတွေ တနပ်ခါး လိမ်းနေကြတာ ဖေဖေမတွေ့ဘူးလား၊ ပါးတွက်တွေ နှာရောင်တားတွေနဲ့၊ ဖေဖေ့ကို တူတို့ထက် လှအောင် မီးမီး လိမ်းပေးမယ်၊ မီးမီးက လိမ်းတတ်ပါတယ် ဖေဖေရာ'

ပိုးအိက ကိုကျော်ခိုင်၏မျက်နှာကို စ၍ လိမ်းနေပြီ။

ပိုးအိ လိမ်းပေးသော သနပ်ခါးကြောင့် ကိုကျော်ခိုင်၏မျက်နှာမှာ အေးသွားသည်။

ကိုကျော်ခိုင် ဘာမျှ ဆက်မပြောတော့ပါ။ ပြော၍လည်းရမည် မဟုတ်သည့်အတူတူ သတင်းစာကိုသာ ဆက်ဖတ်နေလိုက်သည်။ ပိုးအိ ၏လက်နုနုလေးသည် ကိုကျော်ခိုင်၏တမျက်နှာလုံးကို ထင်သလို ခြယ်မှုန်းနေ၏။

'ဟော. . . . ပါးကွက်ကလေးနဲ့ဆိုတော့ ဖေဖေက တိပ်လှတာပဲ၊ ဒီလို ဒီလို နှာရောင်လေး တားလိုက်ဦးမယ်၊ ဟော. . . . ခုမှ ပိုလှသွားတယ်'

ပိုးအိက သူ့ဘာသာ လိမ်းလိုက်၊ ပြောလိုက်နှင့် သဘောကျပြီး လက်ခုပ်တီး၍ ရယ်နေ၏။

ကိုကျော်ခိုင်ကတော့ သတင်းစာထဲမှ နိုင်ငံခြား သတင်း ဆောင်းပါးတစ်ခုကို စိတ်ပါဝင်စားစွာ ဖတ်နေမိသောကြောင့် ပိုးအိကို သတိမထားနိုင်။ ပိုးအိ ပြောသည်များကိုလည်း မကြားတချက် ကြား တချက်။ ဘယ်အချိန်မှာ ပိုးအိ သနပ်ခါးလိမ်းပြီးသွားသည်ကိုပင် သတိ မထားမိ။



'ဟော့. . . . ကျော်ခိုင် ရှိလားကွ'

အိမ်ရှေ့မှ ခေါ်သံကြားရသည်။ အိမ်ထဲသို့ ဝင်လာသောခြေ သံကို ကြားရသည်။ ကိုကျော်ခိုင် ဖတ်လက်စ သတင်းစာကိုဖယ်၍ ကြည့်လိုက်သည်။

'ဟာ. . . . အောင့်မိုး၊ လာလေကွာ'

'ဟ ကောင်ကြီး၊ မင်းက ဘယ်လို ဖြစ်နေတာလဲ၊ မျက်နှာမှာလဲ သနပ်ခါးတွေနဲ့ပါလား၊ ဟား ဟား ဟား၊ ဘာလဲကွ၊ ဒီနေ့ လူငယ်တွေ ကို အားကျလို့လား၊ ဟားဟား ပါးကွက်တွေ နှာရောင်တားတွေနဲ့ကွာ'

'ဟယ်. . . . ဟုတ်ပါရဲ့၊ အောင်အောင်ရေ ဖေဖေ့မျက်နှာကို ကြည့်ပါဦး'

သီတာနှင့် အောင်အောင်တို့လည်း ဖခင်ကိုကြည့်၍ ရယ်ကြ သည်။

ကိုကျော်ခိုင်က ပြောရင်းမှ လက်ဖြင့် ပွတ်ပစ်သည် မရ

အောင်အောင်နှင့် သီတာက ဖခင်ကို ကြည့်၍ ရယ်ကြသဲ ဖြစ်၏။

'ထိုင်ပါဦးကွာ၊ ငါ မျက်နှာ သစ်လိုက်ပါဦးမယ်၊ သမီးရေ ပိုးအိ'

'ချင်. . . .'

'ဒီမှာဟေ့၊ ဦးဦး ဆရာဝန် ရောက်နေတယ်'

ကိုကျော်ခိုင်က ပိုးအိကို လှမ်းပြောရင်း မျက်နှာသစ်ရန် ရေချိုး ခန်းထဲသို့ ဝင်ခဲ့သည်။

'ထိုင်ပါ ဦးဦး'

www.burmeseclassic.com

www.burmeseclassic.com



သီတာက ဒေါက်တာအောင်မိုးကို ဆက်တီတစ်ခုတွင် အထိုင် ခိုင်းသည်။

'သမီးတို့ နေကောင်းကြရဲ့လား'

'ကောင်းပါတယ် ဦးဦး'

'အောင်အောင်ရော စာကြိုးစားရဲ့လားကွ'

'ဟုတ်ကဲ့ ကြိုးစားပါတယ် ဦးဦး'

'ဦးဦး ချရာဝန် အလည်လာတာလား'

အိမ်ရှေ့သို့ထွက်လာသော ပိုးအိက ဒေါက်တာအောင်မိုးကို နှုတ်ဆက်သည်။

'ဟော သမီး လာပါဦး'

ဒေါက်တာအောင်မိုးက ပိုးအိကို ပွေ့ချီလိုက်သည်။

'သမီးက ဖေဖေကြီးကို သနပ်ခါး လိမ်းပေးထားတာ လှလိုက်တာ၊ သိပ်လှတာပဲ ဟား. . . . ဟား'

'ဦးဦး ချရာဝန်ရော လိမ်းဦးမလား၊ မီးမီးလိမ်းပေးမယ်လေ'

'အို. . . . တော်ပါပြီဗျာ၊ ဟား. . . . ဟား မီးမီးက သနပ်ခါး အလိမ်း ကောင်းလို့ ဆုပေးရဦးမယ်'

'ဘာချလဲ ဦးဦး'

'ကဲ. . . . သမီးက မျက်စိမှိတ်ထား'

ပိုးအိက မျက်စိမှိတ်သည်။ ဒေါက်တာအောင်မိုးက အိတ်ထဲမှ ပလတ်စတစ်ဘူးလှလှလေးကိုထုတ်ယူ၍ ပိုးအိလက်ထဲသို့ ထည့်လိုက်သည်။ ခဲတံ၊ ဖောင်တိန်၊ ပေတံနှင့် အတိုအထွာပစ္စည်းများ ထည့်ရသည့် ကျောင်းသူ ကျောင်းသားသုံး ပလတ်စတစ် ဘူးလှလှကလေး ဖြစ်သည်။



'ကဲ. . . . မျက်စိဖွင့်ကြည့်တော့'

'ဟယ် လှလိုက်တာ ဘူးကလေး'

ကိုကျော်ခိုင်သည် မျက်နှာကို တဘက်ဖြင့်သုတ်ရင်း ထွက်လာသည်။

ပိုးအိက ဘူးကလေးကို ဖွင့်ကြည့်သည်။

'ဟယ်. . . . အထဲမှာ ခဲတံတစ်ချောင်းနဲ့ ခဲတံချွန်ချက်ကလေး လည်းပါတယ်၊ ကိုကို ဒီမှာကြည့်စမ်း၊ ခဲတံချွန်ချက်က ရှဉ့်ကလေး လှလိုက်တာ၊ ဦးဦးကိုမွှေးမယ်'

ပိုးအိက ဒေါက်တာအောင်မိုးကို မွှေးလိုက်သည်။

'ကဲ. . . . နောက်တခါကျရင် ဖေဖေကြီးကို သနပ်ခါး လိမ်း မပေးနဲ့နော်'

'ဖေဖေကြီး လှအောင်လို့ လိမ်းပေးတာပါ ဦးဦးရဲ့'

သီတာနှင့် အောင်အောင်တို့ ရယ်ကြသည်။

'ဟင်း. . . . ဖေဖေကြီးလှလို့ နောက်မိန်းမ ရသွားမှ သမီးခက် နေမယ်နော်'

'ဟင် ဒါဆို နောက်လိမ်းမပေးတော့ဘူး ဦးဦး'

ပိုးအိ၏ ထိတ်ထိတ်လန့်လန့် ပြောဟန်ကြောင့် အားလုံးရယ် ကြသည်။

ဒေါက်တာအောင်မိုးက ပိုးအိကို အောက်သို့ချပေးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှ နောက်ထပ် ဗူးတစ်ခုကို ထုတ်ယူလိုက်သည်။

'ရော့ကွ ဒါက အောင်အောင့်အတွက်'

အောင်အောင်က ဒေါက်တာအောင်မိုးပေးသော ဗူးကလေးကိုလှမ်းယူ၍ ဖွင့်ကြည့်လိုက်သည်။

'ဟာ. . . . ဘောပင်၊ ပေတံ၊ ခဲဖျက် ဒီမယ်ကြည့် ညီမလေး'

အောင်အောင် ဝမ်းသာနေသည်။

'ရော့ ဒါက သီတာအတွက်'

ဒေါက်တာအောင်မိုးက နောက်ဗူးတစ်ခုကို ထုတ်ယူ၍ သီတာကို ပေးပြန်သည်။

'ကျေးဇူးတင်ပါတယ် ဦးဦး'

သီတာက ဗူးကလေးကိုယူ၍ ဖွင့်ကြည့်သည်။

အထဲတွင် ကွန်ပါဘူးလေးဖြစ်၏။ အထဲမှာပစ္စည်းအစုံပါသည်။ အားနာစရာကြီး ဦးဦးရယ်'

'ဟား ဟား ဟော့ကောင် ကျော်ခိုင်၊ သီတာကလည်း မင့်အတိုင်းပဲလား၊ အားနာတတ်နေပြီ'

ကိုကျော်ခိုင်က ပြုံးနေသည်။

'ဘာမှ အားနာစရာ မလိုပါဘူး သမီးရယ်၊ သမီးတို့စာမေးပွဲအောင်လို့ ပေးတာ'

'ဒုတိယအစမ်းမှာ သီတာက ပထမရတယ်၊ အောင်အောင်က အဆင့်ငါးရတယ်၊ ဘာသာစုံအောင်တယ် ဟုတ်လား'

'ဦးဦးကို ဘယ်သူပြောလဲ'



သီတာက မေးသည်။

'သမီးဖေဖေ ပြောတာပေါ့၊ ဒါတောင် ဦးဦးက ဖုန်းဆက်မေးလို့ ပြောတာပါ၊ အောင်အောင်နဲ့ ပိုးအိက မမလို ပထမရအောင် ကြိုးစားကြဦးနော်'

'ဟုတ်ကဲ့ ဦးဦး'

အောင်အောင်နှင့် ပိုးအိက ပြိုင်တူပြောလိုက်ကြသည်။

'သီတာက အားနာတတ်တယ်၊ သီတာကို မမှာတော့ဘူး။ အောင်အောင်ကိုပဲ မှာမယ်၊ အောင်အောင် မင်းတို့ဖေဖေ နေမကောင်းရင်၊ မင်းတို့တစ်ယောက်ယောက် နေမကောင်းရင် ဦးဦးဆီ ဖုန်းဆက်နော်'

'ဟုတ်ကဲ့'

'ရော့. . . . ဟောဒီကဒ်ပြားမှာ ဦးဦးလိပ်စာနဲ့ ဖုန်းနံပါတ်ပါတယ်၊ မင်းဗူးထဲမှာ ထည့်ထား၊ နေ့ဆိုရင် ဆေးရုံကိုဆက်၊ ညဆိုရင် အိမ်ကိုဆက်၊ ဘာမှ အားနာစရာ မရှိဘူးနော်၊ ဦးဦး လာခဲ့မယ်၊ မင်းတို့ဖေဖေက ငယ်ငယ်ကတည်းက ဦးရဲ့သူငယ်ချင်းကွ၊ စိတ်သဘောကောင်းတယ်၊ သူများကို ကူညီတတ်တယ်၊ ဒါပေမယ့် သူများဆီက အကူအညီ တောင်းရမှာကျတော့ သိပ်အားနာတတ်တယ်၊ သူကို မှာထားပေမယ့် ဖုန်းဆက်မှာမဟုတ်ဘူး၊ အောင်အောင် မင်းတာဝန်ပဲနော် ကြားလား'

'ဟုတ်ကဲ့ ဦးဦး'

'သီတာရေ'

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးမှ ဒေါ်သိန်းခေါ်၍ သီတာ ကော်ဖီပန်းကန်ကို သွားယူသည်။

'ဦးဦး၊ သောက်လိုက်ပါဦးနော်'

'အလကား လုပ်တယ်ကွာ၊ အားနာစရာကြီး'

'ဦးဦးက သူများကိုတော့ အားမနာဖို့ပြောပြီး ဦးဦးကျတော့ အားနာနေတယ်'

အောင်အောင်ကပြော၍ အားလုံးရယ်ကြသည်။

'ဟား ဟား. . . . အားနာစရာကြီး၊ မုန့်တော့မပါဘူးလို့ ပြောမလို့ပါကွ'

'ဟုတ်တယ် ဟုတ်တယ်၊ ဦးဦး နေဦး၊ မီးမီး မုန့်တွသွားယူမယ်'

ပိုးအိက နောက်ဖေးသို့ ပြေးထွက်သွားသည်။

'ဟင်. . . . အလကား ပြောတာပါ သမီးရယ်၊ နေပါစေ'

သို့သော် ပိုးအိက သူ့အတွက်ထားသော ဘီစကွတ်မုန့်ချပ်များကို ယူလာသည်။

'အို. . . . သမီးကလည်း ပန်းကန်ပြားနဲ့တော့ မထည့်ခဲ့ဘူး၊ သီတာရေ ပန်းကန်ယူလိုက်ပါဦး'

သီတာ နေရာမှ ထလိုက်သည်။

'ဟော့. . . . သီတာ နေပါစေ၊ ကဲ. . . . သမီးလေးက ဦးဦးကို နှစ်ချပ်ပေး'

'တုံးချပ် ချားပါ ဦးဦး၊ ဦးဦးက မောင်နှမ တုံးယောက်ကို ဗူးတုံး ဗူး ပေးထားတာလေ'



'ဟား ဟား ဟား၊ ပိုးအိ ပြောတာဟုတ်တယ်၊ ပေးတုံးချပ်'

ဒေါက်တာအောင်မိုးက ပိုးအိကျေနပ်အောင် မုန့်သုံးချပ် ယူစားပြီး ကော်ဖီသောက်သည်။

'ကျော်ခိုင်၊ မင်းကလေးတွေနဲ့ အဆင်ပြေရဲ့လား'

'ပြေပါတယ်'

'မင်း နည်းနည်းပိန်သွားတယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ညဥ့်နက်အောင် ရေဒီယိုပြင်သေးလား'

'မပြင်ပါဘူးကွာ၊ ရေဒီယိုအပ်တာလည်း သိပ်မရှိပါဘူး'

'ကဲ. . . . ငါသွားမယ်၊ လိုတာရှိရင်လည်း ငါ့ဆီ ဖုန်းဆက်နော်၊ အားမနာနဲ့ ကြားလား'

'အေးပါ'

'သမီးတို့ သားတို့၊ ဦးဦး သွားမယ်နော်'

'ဟုတ်ကဲ့ ဦးဦး'

'ဦးဦးကလည်း ခဏလေး'

ပိုးအိက မကျေနပ်။

'ဩော်. . . . ဦးဦး သွားစရာရှိသေးလို့ပါ သမီးရဲ့၊ နောက်မှ ဦးဦး အေးအေးဆေးဆေး လာခဲ့မယ်နော်'

ဒေါက်တာအောင်မိုးက ပိုးအိ၏ပါးမို့မို့ကလေးကို ချစ်စနိုး ဆွဲလိမ်လိုက်သည်။

ဒေါက်တာအောင်မိုး ထွက်သွားသောအခါ ကလေးသုံးယောက်သည် ဗူးကလေးများကို ဖွင့်လိုက်ပိတ်လိုက်နှင့် သဘောကျနေကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ဆယ့်တစ်နာရီခွဲပြီ၊ ထမင်းစားကြမယ်'

ဝေဝေက ကိုကျော်ခိုင်တို့ ထမင်းစားရန် လာခေါ်သည်။

'ဟင် . . . . ဆယ့်တစ်နာရီတောင်ခွဲပြီလား'

'ဆရာ့ထမင်းဗူးရော'

'ဆရာ ဒီနေ့ ထမင်းမစားတော့ဘူး ဝေဝေ၊ အောက်မှာပဲ တစ်ခုခု သွားစားတော့မယ်'

ယနေ့ ကိုကျော်ခိုင်တွင် ထမင်းဗူးမပါ။ အိမ်မှာ ဟင်းအဆင်သင့် မရှိ၍ ဖြစ်သည်။

'အို . . . . မဟုတ်တာပဲ ဆရာရယ်၊ ဆရာ ထမင်းဗူးမပါလည်း မျှစားမှာပေါ့၊ ဝေဝေ ပိုထည့်ခဲ့ပါတယ်'

'တော်ပါပြီ ဝေဝေရယ် စားကြ၊ ဒါလေးပြီးအောင် လုပ်ပြီးမှ အောက်မှာ တစ်ခုခုသွားစားမယ်'

'ဩော် . . . . ဆရာကလည်း ဒုက္ခပါပဲ၊ ဝေဝေတို့ စိတ်မကောင်းအောင် မလုပ်ပါနဲ့ ဆရာရယ်၊ ဆရာမစားရင် ဝေဝေလည်း မစားတော့ဘူး'

'အိုး . . . . မဟုတ်တာဘဲ ဝေဝေရယ်၊ သွားစားပါ'

'မမကြည်ရေ့ ဒီမယ် ဆရာ့ကို ခေါ်ပါဦး၊ ထမင်းဗူး မပါလို့တဲ့၊ ဆရာက ခေါ်လို့မရဘူး'

'အို . . . . ဆရာကလည်း လာပါ၊ မျှစားမှာပေါ့၊ ပိုတောင်နေဦးမယ်'

ဒေါ်အုံးကြည်က လာခေါ်နေပြန်သည်။



'ဆရာ၊ ဆရာ အဲဒီလိုတော့ မလုပ်နဲ့နော်၊ လာ လာ၊ အတူစားကြမယ် ဆရာ'

စံလှက ထလာပြန်သည်။

'တော်ပါပြီကွာ၊ မင်းတို့စားကြပါ။ ငါ ဆာလည်း မဆာသေးလို့ပါ'

'မရဘူး ဆရာ၊ လာ အတူတူစားမယ်၊ ဆရာ မစားရင် ကျွန်တော်တို့လည်း မစားတော့ဘူး'

စံလှက ကိုကျော်ခိုင်၏လက်ကို အတင်းဆွဲခေါ်သည်။ မည်သို့မျှ ငြင်း၍ရတော့မည် မဟုတ်သည်ကို ကိုကျော်ခိုင်သိပါသည်။ အလုပ်တွင် စိတ်ဝင်စားနေ၍ အချိန်ကုန်မှန်းမသိလိုက်။ စောစောက အောက်သို့ ဆင်းမသွားမိသည့်အတွက် မိမိကိုယ် မိမိ မကျေမနပ်ဖြစ်မိသည်။

'ထိုင် ဆရာ'

ဝေဝေက ပန်းကန်ပြားတစ်ချပ်တွင် သူ့ထမင်းဗူးထဲမှ ထမင်းတဝက်ကို ခွဲထည့်ပြီး ကိုကျော်ခိုင်ကို ပေးသည်။

'များပါတယ် ဝေဝေရယ်၊ ထမင်းတွေ ပြန်ယူပါဦး'

'ဆရာကလည်းဗျာ စားစမ်းပါ၊ ဒီမယ် ကျွန်တော်တို့ ထမင်းတွေလည်း အများကြီးရှိသေးတယ်၊ စားစမ်းပါ၊ ဘာလဲ ဆရာက ဝေဝေ တော့မှာမဟုတ်ဘူးလို့ စိုးရိမ်လို့လား၊ ရော့ ဝေဝေ'

သိန်းထွန်းက ဝေဝေ့ထမင်းဗူးထဲသို့ ထမင်းထည့်ပေးသည်။

'ကျွန်မဆီကလည်း ယူဦးဆရာ'

ဒေါ်အုံးကြည်က သူ့ထမင်းဗူးထဲမှ ခွဲ၍ ကိုကျော်ခိုင့်ကိုပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဟာ. . . . တော်ပြီ၊ နေပါစေ၊ လိုမှ ယူမယ်'

'တဲ. . . . ဒီလိုဆိုရင် ဟောဒီမှာ ခွဲထားမယ်နော်၊ ဆရာ ဝမှာ မတုတ်ဘူး၊ ယူဦး'

'ရော့. . . . ဆရာ'

ကိုအောင်မြင့်က သူ့ထမင်းဗူးထဲမှ ဝက်အူချောင်းကြော်တတောင့်ကို ကိုကျော်ခိုင်၏ ပန်းကန်ထဲသို့ ထည့်ပေးသည်။

'ဆရာ စားနော်'

ဝေဝေက သူ့ဟင်းဗူးထဲမှ ကြက်အသည်းကိုယူ၍ ကိုကျော်ခိုင်၏ ပန်းကန်တွင် ထည့်ပေးသည်။

'အို. . . . တော်ပါပြီ၊ ဝေဝေ စားပါ'

ကိုကျော်ခိုင်က ပြန်ထည့်ပေး၍ ဝေဝေက ကိုကျော်ခိုင်၏ လက်ကို တွန်းထားလိုက်သည်။

'စားပါ ဆရာရယ်'

'လုပ်မနေကြနဲ့နော်၊ ကြားထဲက ယူစားပစ်လိုက်လို့ နှစ်ယောက်လုံး မစားရဘဲ နေဦးမယ်'

ကိုရွှေသိန်း ခြိမ်းခြောက်သည်ကို သဘောကျ၍ အားလုံးက ရယ်ကြသည်။

'မမသက် မရှိတော့ပေမယ့် ဆရာ့ကို အသည်းပေးမယ့်လူ ရှိပါသေးတယ်'

အောင်မြင့်၏ စကားက ဘာလိုလိုမို့ ဝေဝေက မျက်စောင်းထိုး



လိုက်သည်။

'ကိုအောင်မြင့်နော်၊ ဒါက ကိုယ့်ဆရာ ကိုယ်ကျွေးတာ'

'ဟုတ်ပါတယ်ဟာ၊ ငါက ရိုးရိုး ပြောတာပဲ၊ နင်ကလည်း'

ကိုကျော်ခိုင် ဝေဝေ့ကို အားနာမိသည်။

'မမကြည်ရော ကျွန်တော့်ဖို့ အသည်းအပဲ့လေးများ မပါတော့ဘူးလား'

'သိန်းထွန်းနော်၊ ကဲ ရော့. . . . နင့်ဖို့၊ ဒါပဲ ပါတယ်'

ဒေါ်အုံးကြည်က ငရုတ်သီးစိမ်း တစ်တောင့်ကို သိန်းထွန်း ပန်းကန်ထဲသို့ ထည့်ပေး၍ အားလုံးရယ်ကြသည်။

ထမင်းဝိုင်းလေးမှာ ထုံးစံအတိုင်းပင် စကြနောက်ကြနှင့် စိုစို ပြည်ပြည် ပျော်စရာ ကောင်းပါသည်။ သို့သော် ကိုကျော်ခိုင် နှုတ်ဆိတ်နေမိသည်။ ဝေဝေထည့်ပေးသော အသည်းကို စားရင်း မြမြသက်ကို သတိရမိသည်။ ဝေဝေ၏စေတနာကို လေးစားမိရာမှ ရင်ထဲတွင် လှစ်ခတ်မှုတစ်ခုကိုလည်း ခံစားလိုက်ရသည်။

ᗑ ᗑ ᗑ

သားနှင့် သမီးတို့တတွေ အိမ်ရှေ့ဝရန်တာတွင် မီးပုံးတလေး များကို ချိတ်ဆွဲနေကြသည်။

'သြော်. . . . သီတင်းကျွတ်ပြန်ပြီ'

ကိုကျော်ခိုင် သက်ပြင်းတချက်ကို ချမိ၏။

ယနေ့ မြမြသက်ကို သိပ်သတိရနေမိသည်။ သီတင်းကျွတ် မီးထွန်းပွဲသည် ကိုကျော်ခိုင်အတွက် မမေ့နိုင်သောနေ့ မြမြသက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆုံဆည်းခဲ့ရသောနေ့၊ မနှစ်ကအထိ ဤရက်တွင် မိသားစုနှင့်အတူ မီးထွန်းကြရသည်။ မီးပွဲလည်ကြည့်ကြရသည်။ ယခု မြမြသက် မရှိတော့ပြီ။

ကိုကျော်ခိုင် သတိရသလို သားနှင့် သမီးတို့ကလည်း သတိရရှာကြလိမ့်မည်။ ကလေးများ စိတ်မကောင်းဖြစ်မည် စိုး၍ ကိုကျော်ခိုင်သည် မိသားစု ပျော်ပျော်ရွှင်ရွှင် ဖြစ်ရန် ကြိုးစားသည်။

'ဖေဖေ မီးပုံးတွေ အားလုံး ချိတ်လို့ပြီးပြီ၊ မီးထွန်းကြရအောင် . . . .'

သမီး သီတာက သူ့မိခင်ကိုယ်စား ဆော်ဩရေးမှူး လုပ်သည်။

'အေး အေး. . . . ဟုတ်ပြီ၊ လာ ကြ၊ အားလုံး ထွန်းကြမယ်'

'ဖေဖေ မီးမီးကို ချီပါ၊ ဟိုပြတင်းပေါက်က မီးပုံးကို မီးမီး ထွန်း ချင်တယ်'

'ကဲ. . . . လာ၊ သမီးလေး ထွန်း'

ကိုကျော်ခိုင်က ပိုးအိကို ချီလိုက်သည်။

'ဩော်. . . . မနှစ်က ဒီပြကင်းပေါက်က မီးပုံးကလေးတွေကို သက် ထွန်းခဲ့ရှာတယ်၊ ဒီနှစ်တော့ သမီးလေး ထွန်းနေရပြီ'

ကိုကျော်ခိုင်အတွက် မြမြသက်ကို သတိရစရာချည်း ဖြစ်နေ၏။

မီးရောင်စုံ ထွန်းညှိကြ သွားလာလှုပ်ရှားကြနှင့် လူတွေ ပျော်နေကြသည်။

ကိုကျော်ခိုင်တို့ မိသားစုလည်း အများနည်းတူ မီးထွန်းညှိကြ



သည်။ ပျော်ပျော်ရွှင်ရွှင်တော့ မဟုတ်။ သို့သော် တစ်ယောက်တို့တစ်ယောက် ဟန်ဆောင်အပြုံးလေးများနှင့် ညှာနေကြသည်။ ဤဝညာတို့ကလေးများပါ တတ်နေ၍ ကိုကျော်ခိုင် အံ့ဩမိသည်။

'ကဲ ဖေဖေ ဘုရားမီး ပူဇော်ကြမယ်'

သီတာက ဘုရားရှေ့တွင် ဖယောင်းတိုင်ငါးတိုင်ကို စိုက်ထားသည်။

'ဩော် သူ့ အမေလုပ်တဲ့အတိုင်းပါပဲလား'

ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်ရပြန်သည်။

'ဖေဖေ အရင်ပူဇော်နော်၊ ရော့ ဖေဖေ'

သီတာက မီးကူးစရာ ဖယောင်းတိုင်ကို ပေးသည်။

ကိုကျော်ခိုင်က မိမိအတွက်နှင့် မြမြသက်အတွက် နှစ်တိုင် ထွန်းညှိလိုက်သည်။

'သက် ကောင်းရာသုဂတိလားပါစေ'

ကိုကျော်ခိုင် စိတ်ထဲမှ ဆုတောင်းလိုက်မိသည်။

'ရော့ သမီးအလှည့်'

သီတာက မီးထွန်းညှိရင်း နှုတ်ခမ်းတလှုပ်လှုပ်နှင့်ဆုတောင်းနေသည်။ သူ့မိခင်အတွက် ဆုတောင်းနေခြင်း ဖြစ်ပေမည်။ မီးရောင် ဟပ်နေသော သီတာ၏ မျက်လုံးအစုံသည် ပြည့်သောမျက်ရည်တို့ဖြင့် အရောင်တောက်နေ၏။

ထို့နောက် အောင်အောင်။

အောင်အောင်လည်း တီးတိုးဆုတောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ပိုးအိအလှည့်။

'မေမေ နတ်ပြည်ရောက်ပါချေ။ မီးမီး မီးထွန်းနေတာကိုမြင်ပါချေ'

ပိုးအိက အသံထွက်ပြီး ဆုတောင်းလိုက်တော့ သီတာ မျက်ရည်ကျလာသည်။ အောင်အောင်က ဖယောင်းတိုင်မီးကိုငေး၍ ကြည့်နေ၏။ သားသမီးများကို ကြည့်၍ ကိုကျော်ခိုင်၏ရင်ထဲမှာ ခံစားရသည်။

'ဘုရားကန်တော့ကြမယ်နော် ဖေဖေ'

သီတာက စိတ်ကိုထိန်း၍ အခြေအနေကို ထိန်းလိုက်သည်။

ကိုကျော်ခိုင်က ရှေ့မှ ထိုင်လိုက်သည်။ ကလေးများက နောက်မှထိုင်ပြီး ဘုရားကန်တော့ကြသည်။

'သက်ရေ အမျှ အမျှ အမျှ'

ကိုကျော်ခိုင်က လေသံဖြင့် အမျှဝေသည်။

'မေမေရေ အမျှ အမျှ အမျှ'

သီတာ အသံထွက်၍ အမျှဝေသည်။

'မေမေရေ အမျှ အမျှ အမျှ'

အောင်အောင်နှင့် ပိုးအိကလည်း အမျှဝေကြသည်။ ပိုးအိ အသံမှာ ငိုသံပါနေ၏။

'ညီမလေး မငိုနဲ့၊ ဖေဖေ စိတ်မကောင်းဘဲ နေလိမ့်မယ်'

အောင်အောင်က ပိုးအိအနားသို့ကပ်၍ တိုးတိုးလေး သတိပေးသည်။ အောင်အောင်၏စကားကြောင့် ကိုကျော်ခိုင် ပို၍စိတ်



မကောင်း ဖြစ်ရ၏။

'ကဲ မောင်လေးနဲ့ ညီမလေး၊ ဖေဖေ့ကို ကန်တော့ကြမယ်၊ ဖေဖေ ဒီမှာထိုင်နော်'

သီတာက သင်ဖြူးဖျာလေးကို နေသားတကျ ခြင်လိုက်သည်။

ကိုကျော်ခိုင် သင်ဖြူးဖျာလေးပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်၏။

'ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ ဖေဖေ'

ကလေးများ ကန်တော့ကြသည်။ ကိုကျော်ခိုင် စိတ်ကို ထိန်းချုပ်ထားသော်လည်း ရင်ထဲမှာဆို့နင့်သွားမိ၏။ ထို့ကြောင့် ရုတ်တရက် ဆုမပေးနိုင် ဖြစ်ရသည်။ ကလေးများ လက်အုပ်ချီလျက် ဆုပေးမည် ကိုစောင့်နေကြသည်။

'အေး အေး ခွင့်လွှတ်ပါတယ်ကွယ်၊ သားတို့ သမီးတို့ ကျန်းမာ ချမ်းသာကြပါစေ'

ကိုကျော်ခိုင် ဤမျှသာ ဆုပေးနိုင်ပြီး ဝဲလာသော မျက်ရည်များကို ကလေးများမမြင်အောင် နေရာမှထ၍ ဘေးတွင်ရှိသော ပက်လက်ကုလားထိုင်သို့ သွားထိုင်လိုက်သည်။

'မောင်လေးနဲ့ ညီမလေး မေမေ့ကို ကန်တော့ကြမယ်လေ'

ကိုကျော်ခိုင် ကလေးများကို လှမ်းကြည့်လိုက်မိသည်။

'ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ မေမေ'

www.burmeseclassic.com

www.burmeseclassic.com



သီတာ့ကခေါင်းဆောင်၍ မောင်နှမသုံးယောက်တို့ ကွက်လပ်ဖြစ်နေသော သင်းဖြူဖျာလေးကို ကန်တော့ကြသည်။ သီတာ့ထံမှ ရှိုက်သံလေး ထွက်လာ၏။ အငယ်နှစ်ကောင်၏ ပါးပေါ်တွင်လည်း မျက်ရည်များက စီးကျနေကြသည်။ ကိုကျော်ခိုင်ချုပ်ထိန်းနိုင်စွမ်း မရှိတော့ပါ။ မျက်ရည်များက အဆီးအတားမရှိ စီးကျလာကြသည်။

ဘေးခပ်လှမ်းလှမ်းမှ ဆေးပေါ့လိပ်သောက်ရင်း ကလေးများကို ထိုင်ကြည့်နေသော ဒေါ်သိန်းသည် စီးကျလာသော မျက်ရည်များကို အင်္ကျီလက်ဖြင့် သုတ်နေရှာသည်။

တစ်ယောက်နှင့်တစ်ယောက် ဟန်ဆောင်နေရန် မလိုတော့ပါ။

ကိုကျော်ခိုင်သည် မျက်ရည်များကို လက်ဖဝါးဖြင့် သုတ်ပစ်လိုက်သည်။

'ကဲ သားနဲ့ သမီးငယ်က မမကို ကန်တော့ကြ၊ အစ်မကြီးတော့ အမိအရာတဲ့၊ သမီးကထိုင်'

သီတာကမျက်ရည်များကိုသုတ်ပြီးသင်ဖြူးဖျာပေါ်မှာထိုင်သည်။

'ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါမမ'

အောင်အောင်နှင့် ပိုးအိတို့ ကန်တော့ကြသည်။

'သာဓု သာဓု သာဓု ဒီအဖေနဲ့ ဒီမောင်နှမသုံးယောက် အိုအောင် မင်းအောင် ပျော်ပျော်ရွှင်ရွှင် ပေါင်းဖော်ရပါစေ'



သီတာက တည်ငြိမ်စွာ ဆုပေးနေသည်။

'ဪ အပြောင်းအလဲတို့က မြန်လွန်းလှပါကလား'

ကိုကျော်ခိုင် အံ့ဩနေမိသည်။

မနှစ်က အငယ်များ ကန်တော့သောအခါ သီတာဆုမပေးတတ်၊ ဆုပေးရန် ရှက်နေသည်။ ခုတော့ တကယ်ပင် အစ်မကြီး အမိအရာ ပီပီသသ ဖြစ်သွားပြီ။ အပြောင်းအလဲ ဖြစ်ရပ်များက သီတာကို လျှင်မြန်စွာ ရင့်ကျက်စေခဲ့ပြီ။

ပေးသည့်ဆုကလည်း အဓိပ္ပာယ်ရှိသည်။

'ဒီအဖေနဲ့ ဒီမောင်နှမသုံးယောက် အိုအောင်မင်းအောင် ပျော်ပျော်ရွှင်ရွှင် ပေါင်းဖော်ရပါစေ' တဲ့။ ဒီဆုကို ပေးဖို့ သူအသေအချာ စဉ်းစားပြီး ပြင်ဆင်ထားတာလား၊ ဒါဟာ သူ့ဆန္ဒကို ဖော်ထုတ်ပြောလိုက်တာလား၊ သွယ်ဝိုက်ပြီးတော့ ငါ့ကို သိစေချင်တာလား၊ ဪ သူလည်း ရချင်တဲ့ဆုကို မောင်လေးနဲ့ ညီမလေးအတွက် ပေးလိုက်ရှာတာ ဖြစ်မှာပေါ့လေ'

သမီးကြီး သီတာကို ကိုကျော်ခိုင် အံ့ဩရုံသာမက လေးစားခြင်းပါ ဖြစ်မိသည်။

'ဪ သမီးဟာ ဆယ့်သုံးနှစ်တောင် မပြည့်သေးပေမယ့် တိုင်ပင်ဖော် တိုင်ပင်ဘက် ပြုနိုင်တဲ့ အရည်အချင်းမျိုးတောင် ရှိနေပြီပဲ'

သီတာ၏ သိတတ်မှုကို ကိုကျော်ခိုင် သဘောကျမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကာယကံ ဝစီကံ မနောကံနဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ ကိုကို'

ပိုးအိက အောင်အောင့်ကို ကန်တော့နေပြန်သည်။

'ခွင့်လွှတ်ပါတယ် ညီမလေး ကျန်းမာ ချမ်းသာပါစေ'

အားလုံး ပြောင်းလဲခဲ့ပေပြီ၊ မနှစ်က စကားမပီခဲ့သော ပိုးအိသည် ခုတော့ စကားပီနေပြီ၊ မနှစ်က ဟန်ကြီး ပန်ကြီး အမူအရာနှင့် ရယ်စရာဖြစ်အောင် ဆုပေးခဲ့သော အောင်အောင်သည် ယခုနှစ်တွင် တည်ငြိမ်စွာ ဆုပေးနေပါပြီ။

'ကဲ သားတို့ သမီးတို့ လာကြ၊ ဖေဖေ မီးပွဲလိုက်ပြမယ်'

'ဟေး ဒါမှ တို့ဖေဖေ'

ပိုးအိ ပျော်သွားသည်။ သီတာနှင့် အောင်အောင်တို့လည်း စိတ်ပြောင်းသွား၍ ပြုံးရွှင်လာ၏။

'ဒေါ်သိန်း နေခဲ့ဦးနော်'

'အေးအေး သိပ်မကြာနဲ့နော်၊ ဒီမှာမင့်သမီးက ရွှေရင်အေး ကျွေးဖို့ စီစဉ်ထားသေးတယ်'

'ဩော် ဟုတ်လားသမီး'

သီတာက ပြုံး၍ ခေါင်းညိတ်ပြသည်။

'တယ် ဟုတ်ပါ့လား၊ ငါ့သမီးက ဖေဖေတောင်မသိဘူး'

'သမီး ကြိုးကြိုးသိန်းနဲ့ တိုင်ပင်ပြီး ဖေဖေ မသိအောင် တိတ်တိတ်ကလေး လုပ်ထားတာ'

ဖခင်က ခိုးမွှမ်း၍ သီတာ ဝမ်းသာနေသည်။

'ကဲ ဒီလိုဆိုရင် ပြန်လာမှ စားကြမယ်နော်'



'ဟုတ်ကဲ့'

ကိုကျော်ခိုင်နှင့် ကလေးသုံးယောက်တို့ လမ်းပေါ်သို့ ထွက်ခဲ့ကြ၏။ ဟိုအိမ် ဒီအိမ်မှ လှသော မီးရောင်စုံများကို လမ်းသွားရင်း ကြည့်ကြသည်။

လမ်းထိပ်သို့ ရောက်သောအခါ ကောင်းကင် ရဟတ်ကြီးကို တွေ့ရသည်။

'စီးချင်တယ် ဖေဖေ'

ပိုးအိက စ၍ တောင်းဆိုသည်။

ကိုကျော်ခိုင်က အောင်အောင်ကို လှမ်းကြည့်သည်။

အောင်အောင်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

'သမီးရော'

ကိုကျော်ခိုင်က သီတာကို လှမ်းမေးလိုက်သည်။

'ပျော်ပျော်ပါးပါး စီးကြတာပေါ့ ဖေဖေ'

လူကြီးဆန်သော သီတာ၏ စကား။

ကိုကျော်ခိုင်က ခေါင်းညိတ်ပြပြီး ရဟတ်စီးကြသည်။

'ဩော် ဘဝဆိုတာဒီချားရဟတ်လိုပါပဲကလား၊ တက်လိုက် ကျလိုက်၊ အထက်အမြင့်မှာ ပျော်စရာကောင်းလိုက်၊ အဆင်းအကျမှာ ရင်မောလိုက်'

ကိုကျော်ခိုင် ဂဉ်းစားနေမိသည်။ အဆင်းသို့ ရောက်တိုင်း သမီးငယ် ပိုးအိရင်ကို ဖိပေးထားရသည်။

သမီးငယ်လေး ထိတ်လန့်စိုးရွံ့မှု မဖြစ်စေချင်ပါ။

ᴥ ᴥ ᴥ

www.burmeseclassic.com

www.burmeseclassic.com



ရုံးဆင်းပြီဖြစ်၍ ရုံးသူရုံးသားများ ပြန်ကြပြီ။ ကိုကျော်ခိုင်သာလျှင် လုပ်လက်စ အလုပ်ကလေးကို လက်စသတ်နေရ၍ နောက်ကျသွား၏။

ကိုကျော်ခိုင် ရုံးပေါ်မှ ဆင်းလာသောအခါ ရုံးရှေ့တွင် စံလှနှင့် သိန်းထွန်းကို တွေ့ရသည်။

'ဟေ့ မင်းတို့ မပြန်ကြသေးဘူးလား'

'မပြန်ကြသေးဘူးဆရာ၊ ကျွန်တော်တို့ ဆရာ့ကို စောင့်နေတာ'

စံလှက ဖြေသည်။

'ဟ ဘာဖြစ်လို့ စောင့်နေရတာလဲ'

'ကမ်းနားက စားသောက်ဆိုင်လေးမှာ နည်းနည်းပါးပါး စားကြသောက်ကြရအောင်လို့ ဆရာ၊ ဒီကောင် သိန်းထွန်း အကြံအဖန် မိထားလို့'

'ဟ ဘာအကြံအဖန်တွေလဲကွာ၊ မင်းတို့ မဟုတ်တာတွေများ မလုပ်ကြနဲ့နော်'

'ဟာ ဆရာကလည်း မဟုတ်ပါဘူး၊ ဒါက ဒီလိုဆရာ၊ သိန်းထွန်း သူတို့ကွက်သစ်မှာ မြေတစ်ကွက် ပွဲစားလုပ်ရောင်းပေးတာ ပွဲခတစ်သောင်း ငါးထောင်ရလို့ . . .'

စံလှ ရှင်းပြသည်။

'ဒါဆိုလည်း အိမ်မှာ လိုတာလေးတွေ သုံးဖို့ ကောင်းတာပေါ့၊ ကလေးတွေ အဝတ်အစားလေး ဘာလေးဝယ်ပေးပေါ့၊ တခါတည်းနဲ့



စားသောက်ပစ်ဖို့ မကောင်းပါဘူး'

'ဩော် ဆရာကလည်း ကျွန်တော် အိမ်ကို တစ်သောင်း ပေးပြီးပါပြီ၊ ဒီငါးထောင်ကတော့ ဆရာနဲ့ ကျွန်တော်တို့ ရှုခင်းသာမှာ စားကြသောက်ကြမလို့၊ လာပါ ဆရာရယ် သွားကြစို့'

သိန်းထွန်းက ကိုကျော်ခိုင်၏ ပခုံးမှ လွယ်အိတ်ကို လှမ်းယူလိုက်သည်။

'တော်ပါပြီကွာ၊ ငါမလိုက်ချင်ပါဘူး'

'ဆရာကလဲဗျာ. . . . တခါတရံကိုယ့်တပည့်တွေနဲ့ လိုက်ခဲ့စမ်းပါ၊ စိတ်ပြေလက်ပျောက်ပေါ့'

စံလှက အတင်းခေါ်နေပြန်သည်။

'တော်ပါပြီကွာ၊ ကလေးတွေ မျှော်နေကြလိမ့်မယ်'

'ဩော် ဆရာရယ်၊ ခါတိုင်း အချိန်ပိုဆင်းရတဲ့ ရက်လောက်တောင် မကြာပါဘူး၊ ခဏလေးပါ၊ မှန်တာပြောရရင် ကျွန်တော်တို့ ဆရာ့အတွက်ရော ဆရာ့ကလေးတွေအတွက်ရော နည်းနည်းမှ စိတ်မကောင်းပါဘူး ဆရာ၊ မမသက် မရှိတော့ကတည်းက ဆရာ သိပ်ပင်ပန်းတာပဲ ဒါကြောင့်မို့ စိတ်ပြေလက်ပျောက်ပေါ့၊ လာပါ ဆရာရယ်'

သိန်းထွန်းက အတင်းဆွဲခေါ်နေသည်။

'တော်ပါပြီကွာ၊ မင်းတို့ အရက်သောက်မလို့ [illegible] ငါ အရက်မသောက်ချင်ဘူး'

'ကဲ မသောက်ချင်လဲ တစ်ခုခုလိုက်စား ဆရာ [illegible]'

www.burmeseclassic.com

www.burmeseclassic.com

'ကလေးတွေက ငါ့ကို စောင့်နေကြမှာကွ သိန်းထွန်းရ ငါပြန်သွားမှ ထမင်းစားကြမှာ'

'ကဲ ဒီလိုဆိုရင်လည်း ခဏတော့ လိုက်ခဲ့ပါ ဆရာ၊ ကလေးတွေအတွက်လည်း ခေါက်ဆွဲကြော် ဝယ်ပေးလိုက်ချင်တယ်၊ ကျွန်တော်တို့ ဆရာနဲ့ စကားပြောစရာလည်းရှိတယ်၊ လိုက်တော့လိုက်မှဖြစ်မယ်'

သိန်းထွန်းက သူ့ဆရာ့အကြောင်းကို သိသည်၊ အားနာတတ်သော ကိုကျော်ခိုင်ကို အတင်းပြောပြီး အတင်းခေါ်နေသည်။

'သိန်းထွန်းပြောတာ ဟုတ်တယ်ဆရာ၊ ဆရာလိုက်ကို လိုက်မှဖြစ်မှာ၊ ကျွန်တော်တို့ ဆရာ့ ့ အရေးကြီးတာတစ်ခု ပြောစရာရှိတယ်'

စံလှပြောနေစဉ်မှာပင် သိန်းထွန်းက အငှားကားတစ်စီးကို လှမ်းခေါ်လိုက်သည်။

'ကဲ တက် ဆရာ'

ကိုကျော်ခိုင် ကားပေါ်သို့ တက်လိုက်ရသည်။

ဆိုင်သို့ ရောက်သောအခါ စားပွဲများမှာ နေရာလွတ်မရှိလောက်အောင် ပြည့်ကျပ်နေသည်။ စားကြသောက်ကြနှင့် ပုလင်းသံ၊ ဖန်ခွက်သံ၊ စားပွဲထိုးကို လှမ်းခေါ်သံ၊ အာလေးလျှာလေးနှင့် ပြောဆိုသံ၊ ဟားတိုက်၍ ရယ်သံများကို ကြားနေရသည်။

မြစ်ဘက်သို့ မျက်နှာမူနေသော ဆိုင်ထောင့်မှ စားပွဲတွင်ထိုင်နေသူများ ထပြန်သွားကြသည်။

'လာ ဆရာ ဒီမှာ စားပွဲလွတ်ပြီ'

သိန်းထွန်းက နေရာယူလိုက်သည်။



စားပွဲပေါ်မှ ပန်းကန်များ ပုလင်းများကို အလုပ်သမားတစ်ယောက်က ရှင်းလင်းနေသည်။

စံလှက စားပွဲထိုးတစ်ယောက်ကိုခေါ်၍ မှာစရာရှိသည်များကို မှာနေ၏။

'ထိုင်ပါ ဆရာ'

ကိုကျော်ခိုင်သည် သိန်းထွန်းနေရာချပေးသော ကုလားထိုင်တွင်ထိုင်၍ ဆိုင်ထဲမှ စားသောက်နေကြသူများကို လှမ်းကြည့်အကဲခတ်နေမိသည်။

'ဟေ့ နောက်ထပ် ဘီယာယူခဲ့၊ ဒီမယ် အစုံကြော်တစ်ပွဲနဲ့ ဝက်ဦးနှောက်ကြော်တစ်ပွဲလည်း ထပ်လုပ်ဦး၊ မြန်မြန်လေးနော်'

ဘေးစားပွဲမှ လူတစ်ယောက်က စားပွဲထိုးကို မှာနေသည်။

ကိုကျော်ခိုင် အံ့ဩနေမိသည်။

စားပွဲထိုးများမှာ တစ်စားပွဲမှ တစ်စားပွဲသို့ ကူး၍စားသောက်နေသူများ မှာကြားသမျှကို အဆင်ပြေအောင် ဆောင်ရွက်ပေးနေကြသည်။

'သူငယ်ချင်း အသာနေစမ်းပါ၊ ငါ ရှင်းမှာပါ၊ ဟေ့ သူ့ဆီက မယူနဲ့ကွာ၊ ဒီမှာယူ ရော့'

ခပ်လှမ်းလှမ်းမှ စားပွဲတွင် လူနှစ်ယောက် အလုအယက် ငွေရှင်းနေကြသည်။

တစ်ယောက်က ထောင်တန်များကို ထုတ်ပေးသည်။ နောက်တစ်ယောက်က ငါးရာတန်အထပ်လိုက် အုပ်မှ ဖြည့်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ခိုင် အံ့သြခြင်းနှင့် အတူ သက်ပြင်းတစ်ချက်ကို ချမိ၏။

နောက် စားပွဲတစ်ခုမှ လူများမှာ စားသောက်ပြီးကြပြီး စားပွဲပေါ်တွင် စားကြွင်းစားကျန် ပန်းကန်များကအပြည့်၊ စားပွဲအောက်တွင် ပုလင်းလွတ်များက ထောင်လျက် တချို့၊ လဲလျက်တချို့ တော်တော်လည်း မူးနေကြဟန် တူသည်။ မိန်းကလေးနှစ်ယောက်လည်း ပါ၏။

'ဒီလူတွေ သိန်းထွန်းလိုပဲ အကြံအဖန် မိလာကြတာလား၊ အကြံအဖန်ဆိုရင်လည်း အသေးစားတော့ မဟုတ်ဘူး၊ အကြီးစား အကြံအဖန်တွေ မိတာပဲဖြစ်မယ်၊ စားနိုင် သောက်နိုင် သုံးနိုင် ဖြုန်းနိုင်လိုက်ကြတာ၊ ဒီလောက်များတဲ့ ငွေတွေကို ဘယ်လိုနည်းနဲ့များ ရနေကြသလဲ မသိဘူး၊ ငါ့မှာတော့ မြီးခြံချွေတာတဲ့ကြားထဲကကိုပဲ တစ်လနဲ့တစ်လ အလျဉ်မိတယ် မရှိဘူး'

ကိုကျော်ခိုင်သည် စဉ်းစားတွေးတောရင်း ရှေ့တူရူမှ မြစ်ပြင်ကို ငေးမောနေမိ၏။

မြစ်ရေပြင်သည် ကျနေဟပ်၍ တလှပ်လှပ် ငွေရောင်လက်နေသည်။

ငှက်ပျောခိုင်များ တင်ထားသော သမ္ဗန်တစ်စင်းကို လူတစ်ယောက်က ခတ်နေ၏။ သမ္ဗန်သည် တဖက်ကမ်းဆီသို့ ဦးတည်နေသည်။ အပေါ်ပိုင်းတွင် အင်္ကျီမပါသော သမ္ဗန်သမား၏ကျောပြင်သည် နေရောင်အောက်တွင် ပြောင်လက်နေ၏။ ပွဲချိတ်စက်တပ်ထားသော သမ္ဗန်တစ်စင်းက အမျိုးသားနှင့် အမျိုးသမီးစုံတွဲကိုတင်ပြီးကမ်း မှထွက်သည်။ ဆူညံသောအသံဖြင့် တဖက်စုံတွဲတိုတင်ပြီး ကမ်းမှထွက်သည်။ ဆူညံသောအသံဖြင့် တဖက်ကမ်းဆီသို့ ပြေးသွား၏။ ခဏအအ တွင်းမှာပင် ငှက်ပျောခိုင်များတင်ထားသော လက်ခတ်သမ္ဗန်ကို ကျော်တက်သွားသည်။ ပွဲချိတ်စက်သမ္ဗန်ကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းများသည် လက်ခတ်သမ္ဗန်ကို လှုပ်ယမ်း၍ ကျန်ရစ်စေသည်။

ကိုကျော်ခိုင်သည် မြစ်ပြင်ကို ကြည့်ရင်း သက်ပြင်းတချက်ချမိပြန်၏။

'ဆရာ နည်းနည်းတော့ သောက်ပါနော်'

သိန်းထွန်းက ဖန်ခွက်တစ်ခွက်ကို ကိုကျော်ခိုင်၏ရှေ့သို့ ချပေးသည်။

'ဟင့်အင်း. . . . ငါမသောက်ချင်ဘူး'

'ဆရာကလဲ၊ ဆရာရယ် ကျွန်တော့ကိုချစ်ရင် နည်းနည်းလေးပါ ဆရာရယ်နော်'

'ငါမသောက်တတ်ပါဘူး သိန်းထွန်းရာ၊ မင်းတို့ အရေးကြီးတာပြောစရာရှိတယ် ဆိုလို့သာ ငါလိုက်လာတာပါ'

ကိုကျော်ခိုင်သည် စောင့်နေရှာကြမည့် ကလေးများကို သတိရ၍ စိတ်မကောင်းဖြစ်မိသည်။

'ငါ လိုက်လာမိတာ မှားတာပဲ' ဟူ၍လည်း အောင့်မေ့နေမိ၏။

သိန်းထွန်းက စံလှကို လှမ်းကြည့်လိုက်သည်။ စံလှက သောက်

www.burmeseclassic.com

www.burmeseclassic.com



လက်စခွက်ကို ကုန်အောင်မော့ချလိုက်သည်။

'ဆရာ ကျွန်တော်တို့က အဲဒီအရေးကြီးတဲ့စကားကို ပြောချင်လို့ ဆရာနဲ့တပည့် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးရှိအောင်လို့ ဆရာ့ကို နည်းနည်းပါးပါး အသောက်ခိုင်းတာပါဆရာ၊ နည်းနည်းလေးပါ'

စံလှက ထပ်၍ တိုက်တွန်းနေပြန်သည်။

'စံလှကလဲကွာ၊ ငါနဲ့ ကလေးတွေရဲ့ အခြေအနေကို မင်းတို့အားလုံး သိသားနဲ့၊ ငါမသောက်ချင်ပါဘူး၊ မင်းတို့သောက်ကြ၊ ငါ အမြည်းစားမယ်'

ကိုကျော်နိုင်က သူ့ဘက်မှ ဖန်ခွက်ကို စံလှဘက်သို့ ပို့ပြီး ဝက်အူချောင်းကြော်တစ်ဖတ်ကို ကောက်ဝါးလိုက်သည်။

'ဆရာ၊ ကျွန်တော်တို့ ဆရာ့ကို သိပ်သနားတာပဲ ဆရာ'

'ဟ. . . . ဘာဖြစ်လို့လဲ စံလှရ'

'ဘာဖြစ်ရမလဲ ဆရာ၊ ဆရာ့မှာ မမသက်မရှိတော့ ရုံးအလုပ်က တဖက်၊ အိမ်အလုပ်နဲ့ ကလေးတွေက တဖက်၊ အဖေ့တာဝန်ရော အမေ့တာဝန်ရော ဆရာချည်းပဲ'

'သြော်. . . . ဒီလိုပေါ့ကွာ၊ ဒါ ဘာတတ်နိုင်မှာလဲ'

'တတ်နိုင်ရမှာပေါ့ ဆရာ၊ ဆရာ အမြဲတမ်း ဒီလို နေသွားလို့တော့ ဘယ်ဖြစ်ပါ့မလဲ'

သိန်းထွန်းက သောက်လက်စဖန်ခွက်ကို ချ၍ စံလှဘက်မှ စကားထောက်ပေးသည်။

'ဟာ. . . . ဒီလို မနေလို့ ငါက ဘယ်လိုနေရမှာလဲကွ'



'ဆရာလည်း ကြားဖူးပါတယ်လေ၊ တစ်ပင်လဲမှ တစ်ပင်ထူတဲ့'

သိန်းထွန်းက လိုရင်းကို ဦးတည်လာသည်။

'ဟာ. . . . မင်းတို့ကလည်း မဟုတ်တာတွေကွာ'

'ဘာလို့မဟုတ်ရမှာလဲ ဆရာ၊ ခုဆို မမသက် မရှိတော့တာလည်း တစ်နှစ်ကျော်သွားပြီ၊ ကလေးတွေနဲ့တာဝန်၊ အိမ်ထောင်တာဝန်ကို ဆရာတစ်ယောက်တည်းနဲ့ ဒီလို ဆောင်ရွက်သွားဖို့ ဘယ်လွယ်ပါ့မလဲ'

'ဟကောင် စံလှရ၊ ဘာလို့မလွယ်ရမှာလဲကွ၊ ငါ့သမီးကြီးကလည်း အများကြီးအကူအညီရပါပြီ၊ အငယ်တွေကလည်း သိတတ်ပါတယ်'

'အဲဒါပေါ့ ဆရာ၊ သမီးလေးတွေ ကြီးလာရင် အနီးကပ် ထိန်းသိမ်းပြုပြင်ဖို့ဆိုတာ အဖေထက် အမေကမှ အဆင်ပြေတယ် ဆရာ'

'သြော်ကွာ. . . . အမေမှ မရှိတော့တာပဲ၊ ဒါတွေပြောနေလို့ စိတ် မကောင်းစရာပဲ ဖြစ်မှာပေါ့'

'အို. . . . မဟုတ်ပါဘူးဆရာ၊ ကျွန်တော်တို့က စိတ်မကောင်းစရာဖြစ်အောင် ပြောတာမဟုတ်ပါဘူး ဆရာ၊ ကဲပါ ဆရာရယ် စောစောက သိန်းထွန်းပြောသလိုပေါ့၊ နောက်ထပ် အိမ်ထောင်ပြုဖို့ ဆရာ မစဉ်းစားတော့ဘူးလား'

'ဟာ. . . . မစဉ်းစားပါဘူးကွာ'

'စဉ်းစားသင့်တာပေါ့ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



သိန်းထွန်းက စံလှ၏ ခွက်ထဲသို့ အရက် ထပ်ဖြည့်ပေးရင်း စံလှ၏စကားကိုလည်း ဖြည့်စွက်ထောက်ခံလိုက်သည်။

'ဆရာ၊ ဆရာ့အသက် ဘယ်လောက်ရှိပြီလဲ ဆရာ'

စံလှက မေးသည်။

'လေးဆယ့်တစ်နှစ်ကွ'

ကိုကျော်ခိုင်သည် မြစ်လယ်တွင် ကျောက်ချ၍ ရပ်ထားသော သင်္ဘောကြီးဆီသို့ ငေးကြည့်နေမိ၏။

'ဟာ. . . . လေးဆယ်ကျော်လေးပဲ ရှိသေးတာ ဆရာ၊ ခုမှ ဘဝကိုစရမယ့် အရွယ်ပဲရှိသေးတာ ဆရာ၊ ဆရာက ဘဝကို အဆုံး သတ်ထားချင်လို့ ဘယ်ဖြစ်ပါ့မလဲ'

'ဟ ငါကလည်း ဘဝကို အဆုံးမသတ်ပါဘူးကွ၊ ဒါပေမယ့် ငါ့ဘဝဟာ ငါ့သား ငါ့သမီးတွေရဲ့ ဘဝလည်း ဖြစ်နေတယ်ကွ'

သိန်းထွန်းက သူ့ရှေ့မှ ဖန်ခွက်ထဲသို့ ဆော်ဒါထည့်ရင်း ခေါင်း တညိတ်ညိတ် လုပ်နေသည်။

'အဲ. . . . ဟုတ်ပြီ ဆရာ၊ ဆရာ့ ဘဝရော၊ ဆရာ့ကလေးတွေ ရဲ့ ဘဝရော အဆင်ပြေဖို့ဆိုရင် ဆရာ နောက်ထပ် အိမ်ထောင်ပြုရ မယ် ဆရာ'

စံလှက သူ ပြောချင်သည်ကို တိုက်ရိုက်ပြောချလိုက်ပြီး ဖန်ခွက်ကို ကောက်ယူ၍ မော့လိုက်သည်။ အရက် ကုန်သွားပြီဖြစ် သော ဖန်ခွက်ကိုလည်း စားပွဲပေါ်သို့ အသံမြည်အောင် ချလိုက်၏။

'ဟား ဟား ဟား. . . . လက်စသတ်တော့ မင်းတို့အရေး



တကြီး ပြောစရာရှိတယ်ဆိုတာ ငါ့ကို အိမ်ထောင်ပြုဖို့ တိုက်တွန်း ချင်လို့ ကိုးကွ၊ မဖြစ်ပါဘူးကွာ၊ ဒါဆိုရင် ငါပြန်တော့မယ်၊ ကလေးတွေ စောင့်နေလိမ့်မယ်'

'ဟာ. . . . ခဏ နေပါဦးဆရာ၊ ခေါက်ဆွဲကြော် လေးထုပ် မှာ ထားတယ်'

သိန်းထွန်းက ကိုကျော်ခိုင်၏ လက်ကို အတင်းဆွဲ၍ ထား သည်။

'ဆရာ နေပါဦး ဆရာရယ်၊ မဖြစ်ဘူးဆိုတာ ဘာကိုလည်း ဆရာ၊ ဘာလို့ မဖြစ်ရမှာလဲ'

စံလှက သူ့စကားကို အတင်း ပြန်ဆက်နေပြန်သည်။

ကိုကျော်ခိုင်က ဝက်နံရိုးကြော်တစ်ခုကို ချဉ်ငန်စပ်အရည်နှင့် တို့၍ စားလိုက်သည်။

'မဖြစ်ပါဘူးကွာ၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေး အတွက်လေး ဖြစ်နေမှာပေါ့၊ ခုအတိုင်း ကိုယ့်မိသားစု ဘဝလေး သာယာနေတာတွေ အားလုံးဟာ နောက်အိမ်ထောင်ပြုလိုက်မှ စိတ် ညစ်စရာတွေ ဖြစ်ကုန်မှာ'

'အို. . . . မဟုတ်တာပဲ ဆရာရယ်၊ ဆရာ့အပေါ်မှာ [illegible] တဲ့ မိန်းကလေးဆိုရင် ဆရာပြောတဲ့ စိတ်ညစ်စရာတွေ ဘာမှ [illegible] ဘူး ဆရာရယ်၊ ဆရာရဲ့ ဘဝရော၊ ဆရာရဲ့ မိသားစုဘဝ[illegible] အဆင်ပြေမှာ ဆရာ'

'တကယ့်လက်တွေ့မှာကျတော့ မလွယ်ပါဘူး စံလှရာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မပြောတာတွေ စိတ်မချမ်းသာစရာတွေ ဖြစ်ဖို့က များပါတယ်၊ မင်းတို့ စဉ်းစားကြည့်လေ၊ မိထွေးဆိုတာ အမေရင်းလိုတော့ ဘယ်နည်းနဲ့မှ အဆင်မပြေဘူးကွ၊ တိုယ့်သားသမီးကို မိခင်ရင်းက မရိုက်သင့်ဘဲ ရိုက်လည်း ကိစ္စမရှိဘူး၊ မငေါက်သင့်ဘဲ ငေါက်လည်း ကိစ္စမရှိဘူး၊ ဘေးက ကြားတဲ့မြင်တဲ့လူကလည်း ဘယ်လိုမှ မအောက်မေ့ဘူး၊ ကလေးက လည်း ပြီးရင် ပြီးသွားတာပဲ၊ အေး. . . . ဒါပေမယ့် မိထွေးဆိုရင်တော့ ပြဿနာတွေက ရှုပ်လာပြီကွ၊ ရိုက်သင့်လို့ ရိုက်ရင်လည်း ကလေးက မိထွေးမို့ ရိုက်တယ်လို့ပဲ ထင်တယ်၊ ငေါက်သင့်လို့ ငေါက်တာကိုလည်း မိထွေးမို့ ငေါက်တယ်လို့ ထင်တယ်၊ ဥပမာကွာ. . . . ထမင်းစာ ်န တုန်းမှာ အမေက 'ဟဲ့. . . . ဟင်းတွေ တအားမစားနဲ့'လို့ ပြောလည်း သင့်တော်တာပဲကွ၊ ကလေးရဲ့ရင်ထဲမှာ ဘာမှခံစားလိုက်ရမှာ မဟုတ်ဘူး၊ အေး. . . . မိထွေးကပြောရင်တော့ ပြောသင့်လို့ ပြောတာဖြစ်ပေမယ့် မိထွေးမို့မသထာလို့ ပြောတယ်ဆိုပြီး ကလေးရဲ့ ရင်ထဲမှာ ခံစားရမယ်၊ မိထွေးအပေါ်မှာ မကျေမနပ်ဖြစ်မယ်၊ မိထွေးကလည်း သူ့စေတနာနဲ့ ပြောတာ ဆိုတာ ဆုံးမတာကို မကောင်းထင်တယ်ဆိုပြီး စိတ်မကောင်း ဖြစ်မယ်၊ မကျေမနပ် ဖြစ်မယ်၊ ကြားထဲက ဖခင်လုပ်သူ ဘယ်လောက် စိတ်ဆင်းရဲရမလဲ၊ အေး. . . . အဲဒါတောင် ကောင်းတဲ့ မိထွေးကို ပြောတာနော်၊ မကောင်းတဲ့ မိထွေးဆိုရင်တော့ စိတ်ဆင်းရဲစရာချည်းပါပဲကွာ'

စံလှက ဝက်အူချောင်းကြော်တဖတ်ကို တူဖြင့်ညှပ်၍ ချဉ်ငန်စပ်တို့ရင်း သိန်းထွန်းကို လှမ်းကြည့်လိုက်သည်။ အကူအညီတောင်း



သည့်သဘော။

သိန်းထွန်းက လက်ထဲမှ ဖန်ခွက်ကို တကျိုက်မော့သောက်ပြီး ကိုကျော်ခိုင်၏လက်မောင်းကို လှမ်းကိုင်လိုက်သည်။

'အဲဒီလို ပြဿနာတွေ မဖြစ်စေမယ့် မိန်းကလေးမျိုး ရှိပါတယ် ဆရာ'

'တော်ပါပြီ သိန်းထွန်းရာ၊ ငါ့ဘာသာအေးအေးဆေးဆေး နေပါရစေ'

'ဆရာ၊ ဝေဝေဟာ ဆရာ့အပေါ်မှာ သိပ်ကို ကြင်နာတဲ့ မိန်းကလေးပါ'

စံလှ၏ အသံက တိုးသော်လည်း တည်တည်ငြိမ်ငြိမ် ချိန်ချိန်ဆဆနှင့် အလေးအနက် သဘောကို ဆောင်နေ၏။ စံလှ၏ ရီဝေသော မျက်လုံးအစုံသည် ခပ်လှမ်းလှမ်းမှ ဆိုပ်ခံဗော့တံတားဆီသို့ ငေးကြည့် နေ၏။

'ဟာ. . . . အဲဒီလို မပြောပါနဲ့ကွာ၊ ဝေဝေကို ငါ နှမလေးတစ်ယောက်လို ခင်မင်တာပါ'

'ဟုတ်တယ် ဆရာ၊ သူကလည်း ဆရာ့ကို အစ်ကိုတစ်ယောက်လို ချစ်ခင်လေးစားတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့က တိုက်တွန်းတာ'

'တော်ပါပြီကွာ၊ မပြောပါနဲ့ မကောင်းပါဘူး၊ ဝေဝေက ဝေး ရှယ်သူလည်း ဖြစ်တယ်၊ ရုပ်လည်း ချောတယ်၊ စိတ်သဘောညီး ကောင်းတယ်၊ သူတပါးကိုလည်း ကြင်နာတယ်၊ ကူညီတတ်တယ်'

'အဲဒါကြောင့် ပြောတာပေါ့ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး သိန်းထွန်းရာ၊ ငါ ဆက်ပြောပါရစေဦး၊ သူ့ဘဝရဲ့ အနာဂတ်ဟာ သိပ်ကောင်းပါတယ်၊ ဒီလို မိန်းကလေးမျိုးကို ကိုယ့်ဘဝရဲ့ ဒုက္ခသုက္ခတွေ မျှဝေခံခိုင်းတာမျိုး မဖြစ်သင့်ပါဘူးကွာ'

'သူက ဒါကို ဒုက္ခလို့ မမြင်ဘူး ဆိုရင်ကော ဆရာ'

'သူက မမြင်ဘူး ဆိုရင်တောင် ကိုယ့်နှမလို မိန်းကလေးတစ်ဦးကို နစ်နာအောင် ကိုယ့်အတွက် အခွင့်အရေး မယူသင့်ဘူးပေါ့ကွာ'

'ဆရာကလည်းဗျာ၊ သိပ်အတွေးခေါင်တာပဲ'

သိန်းထွန်းက မကျေနပ်။

'အေး. . . . နောက်တစ်ခုကလည်း မင်းတို့တွက်သလို မတွက်သင့်ဘူးကွ၊ သူဟာ ငါ့အပေါ်မှာ ခင်မင်တာ စေတနာထားတာ မှန်ပေမယ့် ဒုက္ခရောက်နေတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ကိုယ့်ဆရာတစ်ယောက်အဖြစ်နဲ့ ကူညီတာ စေတနာထားတာပါကွာ၊ အဲဒါကို သာသာ ထိုးထိုး သွားတွက်ပြီး ကိုယ်လိုရာ ဆွဲတွေးဖို့လည်း မကောင်းဘူးကွ'

'ဆရာ ဟိုတစ်ရက်က ထမင်းစားကြတော့ ဆရာ့ကို ဝေဝေက အသည်းထည့်ပေးတာ အဓိပ္ပာယ်ရှိတယ်လို့ထင်တယ် ဆရာ၊ သူ့အသည်းကို ယူပါဆိုတဲ့သဘော ဆရာ'

စံလှ၏ စကားကြောင့် ကိုကျော်ခိုင် ပြုံးမိသည်။ သို့သော် စိတ်ထဲတွင်လည်း မကောင်း ဖြစ်သွားမိ၍ မြစ်တဖက်ကမ်းဆီသို့ ငေးနေမိသည်။

သုံးဦးသား စကားတိတ်သွားကြ၏။



ကိုကျော်ခိုင်၏ရင်ထဲတွင် လွမ်းလွမ်းဆွေးဆွေး ခံစားလိုက်ရသည်။ ထိုနေ့က ဝေဝေ၏ မျက်နှာကလေးကိုလည်း မြင်ယောင်လာမိသည်။ ထမင်းစားခေါ်၍ မရသောအခါ 'ဆရာ မစားရင် ဝေဝေလည်း မစားတော့ဘူး' ဟု ပြောသည်ကို ကြားယောင်နေမိသည်။

'ဩော်. . . . ဝေဝေရယ်'

ကိုကျော်ခိုင်သည် အသက်ကို ခပ်လေးလေးရှူလိုက်မိ၏။

'မဖြစ်ပါဘူးကွာ၊ ဟင်းထဲက အသည်းကို ပေးရတာ လွယ်ပေမယ့် ရင်ထဲက အသည်းကို ပေးရတာကျတော့ မလွယ်ပါဘူး၊ နောက်ပြီး ယူသူကလည်း ဟင်းထဲက အသည်းကို ယူသင့်ပေမယ့် ဝေဝေလို ဖြူစင်သူရဲ့ အသည်းကို ကိုယ့်ဘဝအတွက် အနစ်မွန်းမခံရစေသင့်ပါဘူး၊ သူဟာ ဘွဲ့ရပြီးသား မိန်းကလေးတစ်ယောက်လည်း ဖြစ်တယ်၊ ကြိုးစားမှုလည်း ရှိတယ်၊ သူ့အတွက် တက်လမ်းတွေ အများကြီး ရှိတယ်၊ ငါ့ဘဝ ကတော့ ငါ့သားသမီးတွေနဲ့ပဲ ပျော်စရာကောင်းနေပါပြီကွာ၊ ကဲ. . . . ငါ သွားတော့မယ်၊ ကလေးတွေ မျှော်နေကြလိမ့်မယ်'

ကိုကျော်ခိုင် ထိုင်ရာမှ ထလိုက်သည်။

'ဆရာ ခဏလေး ဆရာ၊ ဟေ့ ညီလေး၊ ခေါက်ဆွဲကြော်လေးထုပ် မှာထားတာ ရပြီလားကွ'

သိန်းထွန်းက အလုပ်သမားလေးတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'ရပြီ ဆရာ၊ ယူတော့မှာလား'

'အေး. . . . သွားယူကွာ'

www.burmeseclassic.com

www.burmeseclassic.com



စံလှကတော့ ဖောက်ပြီးကာ စ ဆော်ဒါပုလင်းထဲမှ ပလုံစီ၍ တက်နေသော အမြှုပ်ကလေးများကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေသည်။

စားပွဲထိုးကလေးက ခေါက်ဆွဲကြော် ထုပ်များကို ယူလာပေး၏။

'ငါ နှစ်ထုပ်ပဲ တော်ပါပြီကွာ၊ မင်းတို့ ကလေးတွေအတွက် လည်း ယူသွားကြပါဦး'

ကိုကျော်ခိုင်က နှစ်ထုပ်ကို စားပွဲပေါ်တင်လိုက်သည်။

'ဟာ မဟုတ်ဘူး ဆရာ၊ ယူသွား၊ ကျွန်တော်တို့လည်း ပြန်ရင် နှစ်ထုပ်စီ ဆွဲသွားဦးမှာ၊ ရော့. . . . ဆရာ ယူသွား'

'ကဲ. . . . ငါ သွားမယ်၊ စံလှ ငါ သွားမယ်'

'ဟုတ်ကဲ့ ဆရာ'

လွယ်အိတ်ကိုလွယ် ခေါက်ဆွဲထုပ်များကို လက်မှာဆွဲ၍ ဆိုင်ထဲမှ ထွက်သွားသော သူ့ဆရာ၏ နောက်ကျောပြင်ကို ငေး၍ကြည့် ရင်း စံလှ သက်ပြင်းချလိုက်သည်။

'တချို့ကျတော့ တစ်ပင်တောင် မလဲသေးဘူး၊ နောက်ထပ် နှစ်ပင်လောက် ထူချင်ကြတယ်၊ ငါတို့ ဆရာကျတော့လည်း ခက်ပါ တယ်ကွာ'

စံလှက ဂရုဏာဒေါသဖြင့် ညည်းညူလိုက်မိသည်။

ᨏ ᨏ ᨏ



ကိုကျော်ခိုင် ယနေ့ ရုံးသို့ ရောက်သောအခါ ဝေဝေ၏မျက်နှာ ကိုပင် ရဲရဲ မကြည့်ဝံ့အောင် ဖြစ်နေမိသည်။ မနေ့က စံလှနှင့်သိန်းထွန်း တို့ပြောသည်ကို သတိရနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလုပ်ကို သာ အာရုံစိုက်၍ လုပ်နေမိ၏။ အရေးထဲ စာရင်းတစ်ခုက ဝေဝေ့ကို ခေါ်ပေးရမည် ဖြစ်နေသည်။ သို့သော် စိတ်ထဲက မလုံ၊ ဝေဝေ့ကိုခေါ်လျှင် စံလှနှင့်သိန်းထွန်းက လှမ်းကြည့်၍ အကဲခတ်နေ ကြမည်ဟု ထင်သည်။ ကိုကျော်ခိုင် ထိုစာရင်းကို ဘေးသို့ဖယ်ထား လိုက်ပြီး တခြားစာရင်းများကိုသာ ဆက်လုပ်နေလိုက်သည်။

'ဆရာ. . . .'

ဝေဝေ၏အသံ ဖြစ်သည်။

မခေါ်ဘဲ လာချေပြီ။

ကိုကျော်ခိုင် မော့မကြည့်သော်လည်း ဝေဝေ၏ ခေါင်းတွင် စံပယ်ပန်း ပန်ထားမည်ကို သိနေသည်။ စံပယ်နံ့ကလေး မွှေးနေသည်။

'မနက်ဖြန်ခါနဲ့ သန်ဘက်ခါ ခွင့်နှစ်ရက် ယူချင်လို့ ဆရာ'

ဝေဝေက ခွင့်စာရွက်ကို ကိုကျော်ခိုင်၏ ရှေ့တွင် တင်လိုက် သည်။

'ဘာကိစ္စရှိလို့လဲ ဝေဝေ'

ကိုကျော်ခိုင် အံ့ဩစိတ်ကြောင့် ဝေဝေကို မော့ကြည့်သည်။ ဝေဝေသည် အစိမ်းနုရောင် ဝတ်စုံကို ဝတ်ထားသည်။ ဖြူ သောနုသော ဝေဝေ၏အသားအရေနှင့် လိုက်ဖက်လှ၏။ ခေါင်းတွင် စံပယ်ပန်းကလေး နှစ်ကုံးကို ကလစ်နှင့်ညှပ်၍ ပန်ထားသည်။ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



၏ခေါင်းထက်မှ တန်းလန်းကျနေသော ပန်းကုံးလေးက တစ်မျိုး ကြည့်၍ ယဉ်လှသည်။

'ပဲခူးမှာ ရှိတဲ့ ညီမ ဝမ်းကွဲတစ်ယောက် မင်္ဂလာဆောင်မှာ ကူညီဖို့ပါ ဆရာ'

'ညအိပ်သွားရမှာလား'

'ဟုတ်ပါတယ် ဆရာ၊ မေမေရော လိုက်မှာပါ၊ ဆရာ ပဲခူးကို ဘာမှာဦးမလဲ'

'မှာစရာ မရှိပါဘူး ဝေဝေရယ်'

'ဆရာ့မမှာလည်း ဆရာ့ဖို့ အမှတ်တရ တစ်ခုခု ဝယ်ခဲ့ပါ့မယ်'

'နေပါစေ ဝေဝေရယ်၊ မဝယ်ခဲ့ပါနဲ့'

'ကျွန်မ ခွင့်မယူချင်ပါဘူး ဆရာရယ်၊ ခုဟာက မလွှဲသာလို့ပါ'

ဝေဝေက ခွင့်မယူစဖူး ယူရသည်မို့ စိတ်မလုံပဲ ရှင်းပြနေသည်။

'ထားခဲ့လေ တင်လိုက်ပါ့မယ်၊ ဩော် ဒီစာရင်းလေးတစ်ခု ဝေဝေ့ဖိုင်ထဲမှာ ပြန်ကြည့်ပေးပါဦး'

စောစောက ဘေးဖယ်ထားသောစာရွက်ကိုယူ၍ ကိုကျော်ခိုင် ဝေဝေ့ကို ပြသည်။

'ပေးလိုက် ဆရာ၊ ဝေဝေ ဖြည့်ပေးလိုက်မယ်'

ကိုကျော်ခိုင်က စာရင်းစာရွက်ကို ဝေဝေ့ထံပေးသည်။

ဝေဝေက လှမ်း၍ယူလိုက်သောအခါ စံပယ်နှံကလေး သင်း



သွားသည်။

စားပွဲမှ ထွက်သွားသော ဝေဝေကိုကြည့်၍ ကိုကျော်ခိုင် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိသည်။ နောက်မှ စံလှနှင့် သိန်းထွန်းကို သတိရသောကြောင့် ခေါင်းကို အသာငုံ့ပြီးလုပ်လက်စ စာရင်းများကို ဆက်၍ရေးမှတ်ရန် ကြိုးစား၏။ သို့သော် ရေး၍ မှတ်၍ မရသေး။

ဝေဝေ၏ နုသော ယဉ်သောအလှကို မြင်ယောင်နေမိသည်။ စံပယ်နံ့သင်းသင်းကလေး မွှေးနေဆဲဟု ထင်မိသည်။ 'ဆရာ့ကို အမှတ်တရ တစ်ခုခု ဝယ်ခဲ့မယ်' ဆိုသော စကားသံကလေးကိုလည်း ကြား ယောင်နေမိသည်။

'ဩော် ညီမရဲ့ မင်္ဂလာဆောင်ဆိုတော့ ဝေဝေ လှလှပပ ပြင် ထားပေလိမ့်မယ်၊ မပြုမပြင်ဘဲနဲ့တောင် ယဉ်ပြီး လှနေတဲ့ဝေဝေ၊ ပြင် ဆင်ထားရင် ပိုလှမှာပဲ၊ ငါမမြင်ရပေမယ့် မြင်ရသူတော့ သဘောကျ ပေလိမ့်မယ်'

ကိုကျော်ခိုင်၏ရင်ထဲမှ လှုပ်ရှားလာမိသည်။ စိုးရိမ်သောတ ဖြစ်သည်ဟု ဝန်မခံလိုသော်လည်း ရင်မောမိသည်ကတော့အမှန်။

'အို. . . ငါ ဘယ်လိုဖြစ်နေပါလိမ့်၊ ဘာတွေ စဉ်းစားနေမိတာ ပါလိမ့်၊ ငါနဲ့လည်း ဘာမှဆိုင်တာ မဟုတ်ဘဲနဲ့၊ ကိုယ့်အလုပ်တိုးတက်စေ တာပဲ ကောင်းပါတယ်လေ'

ကိုကျော်ခိုင် စာရင်းများကို ဆက်၍ ရေးမှတ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ၊ ဒီမှာ ဖေဖေ့အတွက် ထမင်းဗူး'

သီတာက ထမင်းဗူးကို လက်သုတ်ပုဝါဖြင့် သေသပ်စွာ ထုတ်ယူလာသည်။

'အေး အေး၊ အဲဒီစားပွဲပေါ် တင်ထားလိုက် သမီး၊ ထမင်းကြော် သွားစားလိုက် သမီး၊ မောင်လေးနဲ့ ညီမလေး စားနေကြပြီ'

'ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး ပြီးတော့ စားပါ့မယ်၊ ဖေဖေ့ကို ဘာကူလုပ်ပေးရဦးမှာလဲ'

'မလိုတော့ပါဘူး သမီးရယ်၊ ဖေဖေ ပြီးပါပြီ'

'ဒီမှာ သော့တွဲ မေ့နေဦးမယ် ဖေဖေ၊ ထမင်းဗူးပေါ် တင်ထားလိုက်မယ်နော်'

'အေး အေး'

ကိုကျော်ခိုင်က အကျႌလက်ကြယ်သီး တပ်နေသည်။ သို့သော် နောက်တစ်ဖက်တွင် ကြယ်သီးမရှိ။ သမီးက လုပ်ပေးချင်စိတ်ရှိသော်လည်း အမေ့လိုတော့ မလုပ်တတ်သေး။

'ဖေဖေ ဒီနေ့ ဘာဟင်းချက်ရမလဲ'

ထိုမေးခွန်းကို နေ့စဉ် ဖြေနေရ၍ ကိုကျော်ခိုင် ငြီးငွေ့လှပြီ။

'သမီးတို့ဘာသာ ကြည့်စီစဉ်ပါလား သမီးရယ်'

'ဖေဖေ စားချင်တာလဲ ပြောဦးလေ ဖေဖေ'

'ရပါတယ် သမီးရယ်၊ ဘာပဲဖြစ်ဖြစ် အဆင်ပြေတာသာလုပ်

ဝါ

မြမြသက်ရှိစဉ်က နေ့စဉ် ဟင်းလျာကို သူ့ဘာသာကြည့်၍



စီစဉ်သည်။ လင့်အကြိုက်ကို သိသည်။ ကိုကျော်ခိုင် ဘာမျှမပြောရ။ သားသမီးများအကြိုက်ကိုလည်း သိသည်။ အားလုံးအဆင်ပြေအောင် လုပ်တတ်သည်။ ခုတော့ သမီးကြီး သီတာနှင့် ဒေါ်သိန်းကတော့ သူတို့ဘာသာ မစီစဉ်တတ်။ ဘာမဆို ကိုကျော်ခိုင်ကိုသာ မေးနေကြသည်။ ကိုကျော်ခိုင်မှာ နေ့စဉ် ဟင်းစပ်ပေးနေရသည်ကို စိတ်ညည်းညူမိသည်။

'ဒါဖြင့်လဲ ဈေးဖိုးပေးခဲ့ဦး ဖေဖေ'

'ဘယ်လောက်လဲ သမီး'

မိန်းမ မရှိမှ မိန်းမ၏တန်ဖိုးကို ကိုကျော်ခိုင် ပိုသိလာရသည်။

မြမြသက်သည် ရှိသည့်ငွေနှင့် လောက်ငအောင် စား၍လည်း အဆင်ပြေအောင် စီစဉ်တတ်သည်။

'ငါးရာပေးခဲ့မယ် သမီး၊ ရမလား'

'ဟုတ်ကဲ့ ရပါတယ် ဖေဖေ'

'ဩော် မောင်ကျော်ခိုင်ရေ၊ ဆန်ကုန်နေပြီ ဆန်ဝယ်ရမယ်၊ ဆပ်ပြာခဲလဲ ကုန်နေပြီ။

'ဗျာ ဒါဆို ဘယ်လောက်ပေးရမှာလဲ ဒေါ်သိန်း'

'နှစ်ထောင်လောက်ပေါ့ကွယ်'

'ဗျာ'

ကိုကျော်ခိုင် ထိတ်လန့်သွားမိသည်။ ယခုမှ [illegible] ဆယ်ရက်သာ ရှိသေးသည်။ ငွေက ရှစ်ထောင်သာ [illegible]

သားနှင့်သမီးတို့ ကျောင်းက ကျောင်းစိမ်း[illegible] အဖြူစများရမည်ဆို၍ နှစ်ယောက်အတွက် ငွေ[illegible] ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဈေးဖိုးက ငါးရာ၊ ဆန်ဖိုးနှင့်ဆပ်ပြာက တစ်ထောင် လက်ကျန်ငွေက လေးထောင့်ငါးရာ။ စားရမည်က ရက်နှစ်ဆယ် ကျန်သေးသည်။ တစ်နေ့ နှစ်ရာကျပ်နှုန်းသာ ဈေးဖိုးရှိသည်။ ကိုကျော်ခိုင်အတွက် ဘတ်စ်ကားခက၊ ကလေးများ မုန့်ဖိုး။ ဤကြားထဲ မျှော်လင့်မထားသော သာရေး၊ နာရေး၊ လူမှုရေး သုံးစရာများက ပေါ်လာကြဦးမည်။ မည်သို့ပြုရပါမည်နည်း။ ဤလအတွက် အနည်းဆုံး ငွေနှစ်သောင်းလောက်တော့ နောက်ထပ် လိုလိမ့်ဦးမည်။

သို့သော် နောက်ခါလာ နောင်ခါချေး၊ ဖြစ်လိုရာ ဖြစ်စေတော့။ ငွေတစ်ထောင် ဒေါ်သိန်းထံသို့ ပေးလိုက်သည်။

မြမြသက် မရှိသည့်အတွက် အသိသာဆုံးတစ်ချက်မှာ ငွေရေးကြေးရေး ဖြစ်သည်။ မြမြသက် ရှိစဉ်က နှစ်ယောက်လစာ ဖြစ်သည်။ နှစ်ယောက်ပေါင်းလျှင် မိသားစုချွေချွေတာတာသုံး၍ လောက်ငေ၏။

ခုတော့ ကိုကျော်ခိုင်၏ လစာနှင့် တစ်လလုံး လောက်အောင် သုံးရသည်။ ရေဒီယို ကက်ဆက်ပြင်သူများရှိလျှင်အပို ဝင်ငွေရအောင် ကိုကျော်ခိုင် ကြိုးစား၍လုပ်သည်။ သို့သော် တစ်လမှာ တစ်သောင်းပင် ပြည့်အောင် မရ။ အချို့လများတွင် ပြင်ရန်အပ်သူ လုံးဝမရှိ။

မြမြသက်ဆုံးပြီး တစ်နှစ်အတွင်းမှာ ထူးထူးခြားခြား ကျပ်တည်းခြင်း မရှိသေး။ မြမြသက်၏ အသက်အာမခံအတွက် ရငွေ၊ ငွေစု ငွေချေးမှ ပြန်ထုတ်၍ ရငွေများနှင့် ဣန္ဒြေမပျက် နေနိုင်ခဲ့သည်။ တစ်နှစ်ကျော်သောအခါ ထိုငွေများ ကုန်ခဲ့ပြီ။ သို့သော် ကလေးများ စိတ်အားငယ်မည်စိုး၍ ကိုကျော်ခိုင် အသိမပေးခဲ့။ ပြီးခဲ့သည့်လက



လက်စွပ်ကိုရောင်းခဲ့ရသည်။ ယခုလ မည်သို့လုပ်ရမည်နည်း။

မြမြသက်၏ လက်ဝတ်လက်စားများရှိသော်လည်း ထိုပစ္စည်းများကိုတော့ လုံးဝမရောင်းရန် ဆုံးဖြတ်ထားသည်။ ထိုပစ္စည်းများသည် သမီးနှစ်ယောက်အတွက် ဖြစ်သည်။

'ငွေနှစ်သောင်း'

'ငွေနှစ်သောင်းလောက်ရအောင် ဘယ်လိုရှာရမလဲ'

ကိုကျော်ခိုင် စိတ်ရှုပ်လာမိသည်။

စားသောက်ဆိုင်တွင် တစ်ထောင်တန် ငါးရာတန်များကို အရက်ဖိုးအဘွက် အလုအယက် ပေးနေကြသည်များကို မြင်ယောင်မိသည်။

'ဩော်. . . ငွေ ငွေ၊ ပေါသူတွေမှာတော့ ပေါလိုက်ကြ၊ သုံးနိုင် ဖြုန်းနိုင်လိုက်ကြတာ၊ ဘယ်လိုနည်းနဲ့များ ရှာကြ ရကြပါလိမ့်။ ငါ့မှာတော့ မိသားစုစားဖို့တောင် အနိုင်နိုင်'

ကိုကျော်ခိုင် စိတ်မောမောနှင့် သက်ပြင်းရှည်တစ်ချက် ချမိ၏။

'ဖေဖေ ရုံးချိန်နောက်ကျနေဦးမယ်နော်' —

သီတာက သတိပေးသည်။

'အေး အေး၊ ဖေဖေ သွားမယ်၊ သားနဲ့ သမီးလေး ဖေဖေ[illegible] မယ်ဟော့'

'ဟုတ်ကဲ့ ဖေဖေ'

နောက်ဖေးမှ ကလေးများက ပြန်၍ နှုတ်ဆက်နေကြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် အိမ်မှ ထွက်လာခဲ့သည်။

'ငွေနှစ်သောင်းလောက်ရအောင် ဘယ်လိုလုပ်ရမလဲ'

ကိုကျော်ခိုင် ရုံးတွင် ငွေစာရင်းများကို နေ့စဉ် ထောင်နှင့် သောင်းနှင့်ချီ၍ လုပ်နေရ၏။

ကိုကျော်ခိုင်၏နေရာမှာ ယခင်လူသည် စာရင်းများကိုလိမ်၍ ငွေများကို ထုတ်သုံးခဲ့သောကြောင့် အလုပ်ပြုတ်ရုံသာမက အလွဲသုံးစားမှုနှင့် အရေးယူ ခံခဲ့ရသည်။

'မဟုတ်မမှန်တဲ့ အကြံအဖန်နည်းမျိုးနဲ့တော့ ငါဘယ်တော့မှ မလုပ်ဘူး'

ကိုကျော်ခိုင် အနိုင်အမာ ဆုံးဖြတ်လိုက်သည်။

'မဟုတ်မမှန်မှု ဆိုတာဟာ တစ်နေ့မဟုတ် တစ်နေ့ပေါ်မှာပဲ၊ ပေါ်ရင် ငါရော ငါ့သမီးတွေပါ ဒုက္ခရောက်မယ်၊ အရှက်တကွဲ ဖြစ်ရမယ်၊ ကိုယ်ကျင့်တရားနဲ့ ဆန့်ကျင်တဲ့နည်းများနှင့် သားသမီးတွေကို ရှာမကျွေးလို၊ လိုငွေကို တရားသောနည်းနဲ့ရအောင်ရှာမယ်၊ကက်ဆက်များများသွက်သွက် ပြင်ရရင် ကောင်းမယ်'

ကိုကျော်ခိုင် စဉ်းစားနေမိသည်။ သို့သော် မျှော်လင့်ရာ သိပ်မရှိသည်ကိုလည်း သိ၏။ ပြင်သူက နည်းသည်။ များသောအားဖြင့် ဆိုင်ကြီးများကိုသာ သွားပြင်ကြသည်။ ကိုကျော်ခိုင်ကို အပျော်တမ်း ပြင်သူအဖြစ်သာ အသိအမှတ်ပြုကြသည်။ အထင်မကြီးကြ။ ရင်းနှီးသူများတသာ ပစ္စည်းစိတ်ချရ၍ အပ်ခြင်းဖြစ်သည်။

'ငါ့မှာ ဘာ ရောင်းစရာရှိသလဲ'



တန်ဖိုးရှိသည့်ရောင်းစရာဆို၍ ဘာမျှမရှိ ကက်ဆက် ပြင်သည့်ပစ္စည်း ကိရိယာများတော့ရှိသည်။ လူပျိုဘဝကတည်းက ဝါသနာအလျောက် ဝယ်ယူ စုဆောင်းခဲ့ခြင်းဖြစ်၏။ ဤပစ္စည်းများကိုလည်း ရောင်း၍မဖြစ်။ ရေဒီယို ကက်ဆက်ပြင်သူလာလျှင် အပို့ဝင်ငွေ ရနေသေးသည်။

'ငွေနှစ်သောင်းလောက် ဘယ်သူ့ဆီက ချေးရပါ့မလဲ'

နောက်လတွင် ငွေစုငွေချေးက အထူးချေးငွေ ရမည်ဟု ကြားသည်၊ ရလျှင် ပြန်ဆပ်နိုင်မည်။

'ဝေဝေ'

ကိုကျော်ခိုင် ဝေဝေကို သတိရမိသည်။ ဝေဝေသည် သူ၏ မိခင်ကြီးနှင့် နှစ်ယောက်တည်းသာနေသည်။ ချောင်ချောင်လည်လည် ရှိ၏။ ဝေဝေ၏လစာသာမက သူတို့ပိုင်သော အိမ်တစ်လုံးကို သော်ဒါ ဆောင်အဖြစ် ကျောင်းသူများအား အငှားထားသည်ကလည်း တစ်လ တစ်သိန်းခန့်ဝင်သည်။ ဝေဝေထံတွင်ချေးလျှင် နှစ်သောင်းတော့ ရ မည်ထင်သည်။ ဝေဝေ ခွင့်နှစ်ရက်ယူထားသည်မှာ မနေ့ကပြည့်ပြီ ယနေ့ ရုံးပြန်တက်လိမ့်မည်။ သို့သော် ဝေဝေ့ထံတွင် ငွေမချေးချင်

မိမိ၏ အခက်အခဲအတွက် သူတပါးကို အကူအညီတောင်း ရန် ကိုကျော်ခိုင် အားနာမိသည်။ အထူးသဖြင့် မိမိအပေါ် စေတနာထားသော ဤမိန်းကလေးကို အခွင့်အရေး မယူ

မှတ်တိုင်တွင် လူချောင်သော ကားတစ်စီးဆိုက်သည် လှမ်းမြင်ရ၍ အတွေးများကိုဖြတ်ပြီး ကိုကျော်ခိုင် ပြေးသွား

www.burmeseclassic.com

www.burmeseclassic.com



တားပေါ် သို့ တက်လိုက်သည်။ အဆင်ပြေသည်ဟု ဆိုရမည်။ နေရာတစ်နေရာ လစ်လပ်နေ၍ ထိုင်ခွင့်ရသည်။ သို့သော် ထိုင်ခုံ ရသည်နှင့် တပြိုင်နက် ငွေနှစ်သောင်းက ခေါင်းထဲသို့ တိုးဝင်လာ ပြန်သည်။

တခြားလူများကို စဉ်းစားကြည့်ပြန်သည်။ ချေးနိုင်မည့်သူကို မမြင်။ မပြောချင်သော်လည်း ဝေဝေကိုသာ ပြောရတော့မည်ယင် သည်။

ဖြစ်နိုင်သမျှတော့ ဝေဝေနှင့်ဆက်စပ်မှု မများစေချင်။ ဆက် စပ်မှုများလျှင် သံယောဇဉ်တွေ ပိုများလာလိမ့်မည်။ သံယော ဉ်တွေ များလာလျှင် ကိုယ်လည်း စိတ်ဆင်းရဲမည်။ ဝေဝေအတွက်လည်း ကောင်းမည်မထင်။ ခပ်ကင်းကင်းနေသည်ပင် စံလှနှင့်သိန်းထွန်း တို့က အမျိုးမျိုးသောနည်းဖြင့် ဘေးတီးနေကြသည်။

တစ်ရုံး တစ်ဌာနတည်းဆိုတော့ ကင်းအောင်နေ၍ကမရ၊ သခင်ကလည်း ရင်းနှီးခင်မင်သူ ဖြစ်နေသည်။ ဝေဝေ၏ အေးချမ်း သော မျက်နှာနှင့် ကြင်နာသော မျက်လုံးများကို မြင်ယောင်မိသည်။

'ဩော် ဝေဝေရယ်'

ကိုကျော်ခိုင် မိမိကိုယ်ကိုမိမိ အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ဝေဝေ့အကြောင်းကို စဉ်းစားမိတိုင်း ရင်မှာ လှုပ်ရှားမိသည်ကတော့ အမှန်ပင်ဖြစ်၏။

သို့သော် ထိုသို့လှုပ်ရှားမိတိုင်းလည်း မြမြသက်၏သနား စွယ် မျက်နှာကို မြင်ယောင်မိသည်။



'သားတို့ သမီးတို့ကို ဂရုစိုက်ပါ အစ်ကိုရယ်' ဟူသော တောင်းပန်တိုးလျှိုးသံကိုကြားယောင်မိသည်။ လိမ္မာ၍ ချစ်စဖွယ် ကောင်းသော သားသမီးတို့၏ မျက်နှာကိုလည်း မြင်ယောင်နေပြန် သည်။

ကိုကျော်ခိုင် စိတ်မောမိသည်။

'အို ကိုယ့်သားသမီးလေးတွေနဲ့ အေးအေးဆေးဆေး နေတာပဲ ကောင်းပါတယ်၊ သူ့ဘဝလေးလည်း မနှစ်မွန်းပါစေနဲ့၊ သူ့ရုပ် သူ့ရည် လေးနဲ့ သူ့ဘဝလေး ထိုက်ထိုက်တန်တန်ရှိပါစေ'

မှတ်တိုင်တွင် ကားရပ်၍ သူတကာတွေ ဆင်းကြပြီ။

ကိုကျော်ခိုင် ဘေးသို့ လှမ်းကြည့်လိုက်မိသည်။

'ဟာ ခဏနေပါဦး၊ ဆင်းဦးမယ်'

ကိုကျော်ခိုင် ကပျာကယာထ၍ ထွက်သည်။ လူကျပ်နေ၍ မနည်းထွက်ရသည်။ အောက်မှ တက်သူများနှင့် အပေါက်မှာ တိုးနေ ရသည်။

'မှတ်တိုင်ပါလား အော်နေတာပဲဗျာ၊ စောစောကတော့ တိုး မထားဘူး'

စပယ်ယာ၏ မကျေနပ်သံ။

'အိပ်ပျော်နေတယ် ထင်ပါရဲ့ဗျာ'

'ဘာတွေများ အတွေးလွန်နေလည်း မသိဘူး'

ခရီးသည် အချင်းချင်း၏ ညူစူသံ။

'အို ဘယ့်နှယ် အတင်းတိုးရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ယောက်၏ ဒေါသသံ။

ပြောဆိုကြသံ အမျိုးမျိုးကြားမှ ကိုကျော်ခိုင် အတင်းတိုး၍ ဆင်းခဲ့ရသည်။

'ဟူး. . . .'

ကားထွက်သွားမှ ကိုကျော်ခိုင် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရသည်။

ⵌ ⵌ ⵌ

ကိုကျော်ခိုင် ရုံးသို့ ရောက်သောအခါ အချိန်စောသေးသည်။ အိမ်မှအထွက်တွင် အနည်းငယ် နောက်ကျသော်လည်း မြန်မြန်ကားနှင့်ကြုံ၍ အရောက်စောခြင်း ဖြစ်၏။ ကိုကျော်ခိုင်ထက်စော၍ မောင်ခင်ထွန်း ရောက်နှင့်ပြီ။

ကိုကျော်ခိုင်နှင့် ရှေ့ဆင့်နောက်ဆင့် ဝေဝေရောက်လာသည်။

မောင်ခင်ထွန်းက ရုံးခန်းတံခါးများကို လိုက်ဖွင့်သည်။ အမှိုက်လှဲ၍ စားပွဲများကို ဖုန်သုတ်သည်။

'ဆရာ ဒီနေ့ စောရောက်နေတာနဲ့ အတော်ပဲ၊ ဆရာ့ဖို့ ဝေဝေ ပဲခူးက အမှတ်တရ ဝယ်လာခဲ့တာပါ'

ဝေဝေက ပြောင်လက်နေသော စတီး ထမင်းဗူးကလေးကို လက်ဆောင်ပေးနေသည်။ ကိုကျော်ခိုင်၏ ထမင်းဗူးမှာ ဟောင်းနေပြီ။ အချို့နေရာများတွင် အနည်းငယ်ပင် ပိန်နေပြီ။

'အို. . . . အလကား ဝယ်လာတယ် ဝေဝေရယ်၊ ဆရာ မယူချင်ပါဘူး၊ နေပါစေ ဝေဝေ၊ ပြန်ယူသွားပါ'



ကိုကျော်ခိုင်က ဝေဝေကို ပြန်ပေးသည်။

'မငြင်းပါနဲ့ ဆရာရယ်၊ ဆရာ့ဖို့ တမင်ဝယ်လာခဲ့တာပါ၊ ဆရာ မယူရင် ဝေဝေ စိတ်မကောင်းဘူး'

'အို. . . . အားနာစရာ ဝေဝေရယ်'

'တခြားလူကို အားနာချင်နာပါ ဆရာရယ်၊ ဝေဝေ့ကိုတော့ အားနာတယ်လို့ မပြောပါနဲ့'

ဝေဝေက ထမင်းဗူးလေးကို ထားခဲ့ပြီး သူ့စားပွဲသို့ သွားသည်။

'ဆရာ ဗူးကို သိမ်းထားပါ ဆရာ၊ အထဲမှာ ညီမလေးတို့ မင်္ဂလာဆောင်က ထည့်ပေးလိုက်တဲ့ ဆနွင်းမကင်းတွေ ပါတယ်'

ဝေဝေက သူ့စားပွဲမှ လှမ်းပြောသည်။

'နေ့လည် ထမင်းစားပြီးတော့ အားလုံးဝိုင်းစားကြတာပေါ့ ဝေဝေရယ်'

'မဟုတ်ဘူးဆရာ၊ နေ့လည်စားဖို့အတွက် ဝေဝေ ယူခဲ့တယ်၊ အဲဒါက အိမ်ကျမှ ကလေးတွေနဲ့စားပါ'

ကိုကျော်ခိုင် သက်ပြင်းတစ်ချက် ချရပြန်ပြီ။ ဝေဝေထံမှ ပိုက်ဆံမချေးတော့ရန် ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်သည်။ အတယ်၍ ချေးမိလျှင် သူ၏ စေတနာကိုသိ၍ ထပ်ပြီး အခွင့်အရေးယူသည်ဟု ထင်မည်ကို စိုးရိမ်မိသည်။

ကိုကျော်ခိုင် အလုပ်ခွင်ထဲ စိတ်မဝင်စားနိုင်ပါ။ [illegible] သောင်းက ခေါင်းထဲတွင် ဝင်နေသည်။ နေ့ခင်းပိုင်း [illegible] သောအခါ ဝေဝေကျွေးသော ဆနွင်းမကင်းကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြရာဇွင်လည်း ကိုကျော်ခိုင် မပါဝင်မိ။ ငွေနှစ်သောင်းကိုသာ စဉ်းစားရင်း နှုတ်ဆိတ်နေမိသည်။ မိမိအတွက် မပူပန်သော်လည်း ကလေးများအတွက် ပူပန်မိ၏။ ကလေးများ စိတ်အားငယ်ကြမည်ကို စိုးရိမ်မိသည်။

'အင်း. . . . ညီမ မင်္ဂလာဆောင်က ဆန္ဒင်းမကင်းတောင် ဒီလောက် စားကောင်းရင် အစ်မ မင်္ဂလာဆောင်ဆို ပိုစားကောင်းမှာကွ'

ကိုအောင်မြင့်က အစထောင်ပေးသည်။

'ကိုအောင်မြင့် ကျွေးတာကို အေးအေးစားနော်၊ စကားမပြောနဲ့'

'အင်း. . . . သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တဲ့၊ ရှေးလူကြီးသူမတွေ စကားရှိတယ်နော်၊ အချိန်ရှိခိုက် လုံ့လစိုက်ကြ'

ကိုရွှေသိန်းက ဆန္ဒင်းမကင်းတစ်တုံးကို စားရင်း အောင်မြင့် ထောင်ပေးသော အစကို ဆက်နေပြန်သည်။

'ကိုရွှေသိန်းနော်'

'ငါတော့ ဝေဝေက အေးအေး ရိုးရိုးလေးမို့ မလိမ်မိုး မလိမ္မာ လူငယ်တွေနဲ့ ဖြစ်မှာတစ်ခုပဲစိုးတယ်'

စံလှ၏ စကားက ရည်ရွယ်ချက်ပါသည်။

'ကဲ. . . . တော်ပါပြီ၊ စိုးရိမ်မနေကြနဲ့ ဘာမှလည်း မဖြစ်ပါဘူး'

'မဟုတ်သေးဘူး ဝေဝေ၊ စံလှ စိုးရိမ်တာ မှန်တယ်၊ ဝေဝေက အသက်ငယ်ပေမယ့် တည်ငြိမ်တယ်၊ လူကြီးဆန်တယ်၊ စိတ်သဘော



ထား ကောင်းတယ်၊ အဲဒီတော့ ဝေဝေနဲ့ဆိုရင် လူကြီးဆန်တဲ့လူ၊ တည်ငြိမ်တဲ့လူ၊ စိတ်သဘောထားကောင်းတဲ့လူမှ တို့က သဘောတူနိုင်မှာ'

သိန်းထွန်းက စံလှ၏ ရည်ရွယ်ချက်ကို ပို့ပေးသည်။

အဓိပ္ပာယ်ကို ရိပ်မိသော ဒေါ်အုံးကြည်က တခစ်ခစ် ရယ်နေ၏။

ဝေဝေ၏ ပါးနုနုသည် နှင်းဆီပွင့်ဖတ်နှယ် နီမြန်း၍သွား၏။

'တော်ပြီ တော်ပြီ၊ ဘာတွေမှန်းလဲမသိဘူး လျှောက်ပြောနေတာပဲ'

ဝေဝေ ရှက်သွားသည်။

သူလည်း နားလည်ပေလိမ့်မည်။

ကိုကျော်ခိုင် ဝေဝေကို အားနာမိသည်။

'ဆရာကလည်း တစ်ယောက်တည်း ဘာတွေတွေးနေမှန်း မသိဘူး၊ ဆရာ့မှာ တာဝန်ရှိတယ်နော်'

အောင်မြင့်က ကိုကျော်ခိုင်ဘက်သို့ လှည့်လာသည်။

'ဘာဆိုင်လို့လဲကွ'

ကိုကျော်ခိုင် ထူထူပူပူ ဖြစ်သွားသည်။

'ဆိုင်တာပေါ့ ဆရာ၊ ကိုယ့်တပည့်အရေးဟာ ကိုယ့်အရေးပေါ့ . . . .'

အောင်မြင့်ပြောမှ ပိုဆိုးနေပြန်သည်။

'တော်စမ်းပါကွာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ'

ကိုကျော်ခိုင်က ကိုယ့်အကြောင်းနှင့်ကိုယ်မို့ အမှတ်မဲ့ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

'ဒါက စိတ်ညစ်စရာ မဟုတ်ဘူး ဆရာရဲ့၊ ခုနှစ်ရက်သားသမီး အားလုံး ဝမ်းသာရမှာ၊ ကဲ မမကြည် ဝမ်းသာဘူးလား'

အောင်မြင့်က ဒေါ်အုံးကြည်ကို လှည့်မေးလိုက်သည်။

'အို ဝမ်းသာတာပေါ့'

ဒေါ်အုံးကြည်ပါ ရောယောင် ပါသွားသည်။

'မမကြည်က ဘာဝမ်းသာတာလဲ'

ဝေဝေက ရှက်ရှက်နှင့် ဒေါ်အုံးကြည်၏ လက်မောင်းကို ဆွဲလိမ်လိုက်သည်။

'အို အို ဟို မသိဘူးလေ'

ဒေါ်အုံးကြည်၏ အဖြေကြောင့် အားလုံး ရယ်ကြသည်။ ဝေဝေနှင့် ကိုကျော်ခိုင်ပါ ပြုံးမိကြသည်။

'တော်ပြီ. . . . တော်ပြီ သွားမယ်၊ နောက်ဆို သူတို့ကို ဘာမှ မကျွေးတော့ဘူး'

ဝေဝေ ထသွားသည်။

'ဝေဝေ မကျွေးချင်လဲ နေလေ၊ ဆရာကျွေးမှာပေါ့'

ရွှေသိန်းက အရအမိ လှမ်းချိတ်နေပြန်သည်။

'တော်စမ်းပါကွာ. . . .၊ မင်းတို့ဟာ ဘာစကားတွေမှန်းလဲ မသိဘူး'

'မင်္ဂလာစကားတွေလေ ဆရာရဲ့'

ရွှေသိန်းမှာ ပြောလေ ကဲလေ ဖြစ်နေသည်။ ဒေါ်အုံးကြည်



တခစ်ခစ် ရယ်ပြန်၏။

'တော်ပြီကွာ သွားတော့မယ်၊ မင်းတို့အနား နေရတာ မကောင်းဘူး'

'သွားကြ. . . . သွားကြ၊ တစ်ယောက်သွားရင် တစ်ယောက် လဲ သွားရော'

ရွှေသိန်း၏ မလွတ်တမ်း စကားကြောင့် အားလုံးရယ်ကြပြန်သည်။

ယနေ့ အောင်မြင့်နှင့် ရွှေသိန်းက ပိုကဲနေသည်။ ပြောသမျှ စကားတိုင်းမှာ အဓိပ္ပာယ်တွေနှင့်ချည်း ဖြစ်သည်။ စံလှနှင့်သိန်းထွန်း ဆရာကြီးနှစ်ယောက်က တပြုံးပြုံးနှင့် နားထောင်ရင်း သဘောကျနေသည်။

ᨏ ᨏ ᨏ

သမီးကြီးသီတာ စာကြည့်နေသော်လည်း စာထဲတွင် စိတ် မဝင်စားနိုင်။ စိုးရိမ်သောကများနှင့် ဝမ်းနည်းမှုများကို ရောထွေး ခံစားနေရသည်။

အောင်အောင်ကတော့ ဘာမျှမသိ၍ ဘာမျှ အပူအပင်မရှိ၊ အင်္ဂလိပ် မီးနင်းများကို စိတ်ပါလက်ပါ ကျက်နေသည်။

ပိုးအိကတော့ အစ်ကို အစ်မတို့ စာကျက်သည့်ဘေးတွင် အိပ် ပျော်နေ၍ သီတာက အခန်းထဲသို့ရွှေ့သိပ်ထားလိုက်ရသည်။

ကိုကျော်ခိုင်သည် ကက်ဆက်ဖြင့်သည့် ဇာတ်ပွဲတွင်ထိုင်၍ အတိုအစ ပစ္စည်းကိရိယာများ၊ ဝါယာကြိုးများ၊ မီးသီးလေးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေ၏။ ဘုရားရှေ့တွင်ထွန်းသည့် ဖယောင်းတိုင်ပုံမီးသီးကို စမ်းသပ်လုပ်ကိုင်နေခြင်း ဖြစ်သည်။

သီတာသည် ဖခင်ထံသို့လှမ်းကြည့်ပြီး ငိုချင်သလို ဖြစ်လာမိသည်။

မိသားစုအတွက် အလုပ်လုပ်နေရှာသော ဖေဖေ့ကို သီတာ သနားလှ၏။ သို့သော် ညနေကတော့ သီတာ ဖေဖေ့ကို မကျေနပ်။

သီတာသည် စာအုပ်ကြည့်နေသော်လည်း စာအုပ်ကိုမမြင်။ စတီးထမင်းဗူးကလေးကိုသာ မြင်နေသည်။ ဖေဖေတို့ရုံးက စာရေးမ တစ်ယောက် ပဲခူးမှပြန်လာ၍ လက်ဆောင်ပေးသည်ဟု ဆိုသည်။ ဗူးထဲတွင် ဆန္ဒင်းမကင်းတွေ အပြည့်ပါသည်။

ဒေါ်သိန်းအတွက် ခွဲပေးပြီး သားအဖလေးယောက် အတူစားကြသည်။

'စားကြကွ သားတို့ သမီးတို့ ကောင်းတယ်'

ဖေဖေသည် သူကိုယ်တိုင်လည်း အားပါးတရ စားသည်။ ပိုးအိနှင့် အောင်အောင်လည်း စား၍ကောင်းကြဟန်တူသည်။ သီတာကတော့ ဖေဖေကျေနပ်အောင် နည်းနည်းစားသော်လည်း ရင်ထဲမှ သောကကြောင့် အရသာ ရှိသည်ဟုမထင်။ ဖေဖေက ကောင်းသည်ဟု ပြောသည်ကိုလည်း မကျေနပ်ချင်။

'ဒီစာရေးမက ဘာဖြစ်လို့ ဖေဖေ့ကို ဒီလိုပေးရတာလဲ၊ စတီးထမင်းဗူးတွေ ရန်ကုန်မှာလည်း အများကြီးရှိတာပဲ၊ ပဲခူးကအပြန်မှာ လက်ဆောင်ပါလာတယ်ဆိုတာက တမင်အကြောင်းရှာပြီး ပေးတာပဲ'



အရွယ်ရောက်စ သမီးကြီး မသီတာက ဝေဝေ့အပေါ် အပြစ်မြင်ကာ အတွေးနယ်ချဲ့နေမိသည်။

'သမီးရေ မနက်ဖြန်ကျရင် ဖေဖေ့ဖို့ ဒီထမင်းဗူးလေးနဲ့ ထည့်ပေး' ဟုဆိုတော့ သီတာ ဝမ်းနည်းရသည်။

ဖေဖေ့ကို မေမေ ဝယ်ပေးထားသော ထမင်းဗူးကလေးက ဟောင်းနွမ်းပိန်လိမ်နေ၍ အမြင်မလှသော်လည်း အယိုအပေါက်မရှိပဲ အကောင်းပကတိ ရှိပါသေးသည်။

သီတာက နေ့စဉ် အိုးတိုက်ဖွဲပြာ ဆပ်ပြာနှင့် တိုက်ပေးထား၍ အရောင်လည်း ပြောင်လက်နေသည်။

ခုတော့ ဖေဖေက မေမေ ဝယ်ပေးသည့် ထမင်းဗူးလေးတို စွန့်လွှတ်ခဲ့ပြီ။ စာရေးမ ဝယ်ပေးသော ထမင်းဗူးအသစ်နှင့် အစားထိုးတော့မည်။

သီတာ၏မျက်ရည်တပေါက်သည် စာအုပ်ပေါ်သို့ ကျသွား၏။

အောင်အောင် မရိပ်မိစေရန်အတွက် သီတာသည် မျက်ရည်များကို မသိမသာ သုတ်ပစ်သည်။

အောင်အောင်ကတော့ စာအုပ်ကိုကြည့်လိုက်၊ တ[illegible]သို့ လှည့်၍ အလွတ်ဆိုလိုက် လုပ်နေသည်။

'ဝေဝေ ပဲခူးက အပြန်မှာ ဖေဖေ့ဖို့ လက်ဆောင်ဝယ်[illegible] လေ၊ ဝေဝေဆိုတာ သားတို့သမီးတို့ သိတယ် မဟုတ်လား [illegible] ရုံးက စာရေးမလေ'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောစဉ်က ဖေဖေ့အသံမှာ မြူးကြွနေသည်ဟု သိတာ ထင်သည်။ သိတာ ထိုစာရေးမကို သိပါသည်။ သို့သော် ဘာမျှပြန်မ ပြောဘဲ နေလိုက်၏။ ပြောချင်စိတ်လည်း မရှိ။ ပိုးအိက ဘာမျှ မသိ တတ်။

'သိတယ် ဖေဖေ သိတယ်၊ ဟိုလေ မေမေ့ကိုတောင် ဆေးရုံ လာမေးသေးတယ်၊ အန်တီ ချောချောလေးလေ'ဟု ဝင်ပြောသည်။

'အေး အေး. . . . ဟုတ်တယ်'

ဖေဖေ ပြောပုံက အားတက်သရော။

'ဘာ ဟုတ်တာလဲ၊ ဝေဝေ ဆိုတာ ဟုတ်တာလား၊ ချောချော လေးဆိုတာ ဟုတ်တာလား'

'တွေးရင်းတောရင်းမှ သိတာ၏ ရင်ထဲမှာ ဗလောင်ဆူ၍လာ သည်။ ဖေဖေ့အပေါ်မှာ မကျေနပ်စိတ်များ ပို၍ ကြီးထွားလာသည်။

'မေမေ ထမင်းဗူးလေးနေရာမှာ ဒီစာရေးမရဲ့ ထမင်းဗူးလေး က အစားဝင်လာသလို မေမေ့နေရာမှာ ဒီစာရေးမက အစားဝင်လာ မှဖြင့်. . . .'

သိတာ၏ ပါးပေါ်တွင် မျက်ရည်များ စီးကျလာပြန်၏။

ဖခင်ထံသို့ လှမ်းကြည့်လိုက်သောအခါ ဝါယာကြိုးများနှင့် ရှုပ် ထွေးနေသည်ကို တွေ့ရသည်။

'သြော်. . . . ငါတို့ရဲ့ အေးချမ်းတဲ့ မိသားစုလေးကို ဖေဖေဟာ ရှုပ်ထွေးကုန်အောင် လုပ်တော့မှာလား' ဟူသော အသိက သိတာ၏ ရင်ထဲ ပူလောင်စွာ ဝင်လာသည်။

အောင်အောင်၏ အေးချမ်းနေမှုကိုလည်း မရှုစိမ့်နိုင်အောင် ဖြစ်ရသည်။

သိတာသည် သင်္ချာလေ့ကျင့်ခန်းစာအုပ်ကိုယူ၍နောက်ဖက် မှ စာရွက်လွတ်တွင် 'ဝေဝေဆိုတဲ့ စာရေးမက ဖေဖေ့ကို ဘာလို့ ထမင်း ဗူးပေးရတာလဲ' ဟု စာရေးပြီး အောင်အောင့်ရှေ့သို့ ချပေးလိုက်သည်။

အောင်အောင်သည် စာကျက်နေရာမှ လှမ်းဖတ်ကြည့်ပြီး စာကျက်ရပ်သွားသည်။ သူ၏ ဘောပင်ကိုယူ၍ အောက်မှ ပြန်ရေး ပေးလိုက်သည်။

'ဖေဖေ့ကို ကြိုက်လို့နေမှာပေါ့'

သိတာက အောင်အောင့်ကို လှမ်းကြည့်လိုက်သည်။

အောင်အောင်ကတော့ အင်္ဂလိပ်မီးနင်းများကို ဆက်ကျက် နေ၏။

'အိပ်ချ်အိုတီ ဟော့သ် ပူသော'

'အဲန်အီးတီ နက်တ် ပိုက်ကွန်'

'ဒဗလျူအိုင်အက်ဖ်အီး ဝိုက်ဖ် ဇနီးမယား'

'အယ်လ်အိုင်ကေအီး လိုက်ခ် ကြိုက်သည်၊ နှစ်သက်သည် လိုလားသည်'

'အက်စ်အိုအာရ်အာရ်ဝိုင် ဆောရီး ဝမ်းနည်းသော ကြေကွဲ သော'

သိတာက အောင်အောင့်ကို မကျေမနပ်ကြည့်နေရာမှ စာအုပ်ကိုဆွဲယူပြီး ရေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပူသော ပိုက်ကွန်နှင့်တူသော ဇနီးမယားကို ဖေဖေကကြိုက်ရင် ငါတို့မောင်နှမ ဝမ်းနည်းကြေကွဲစရာ ဖြစ်လာလိမ့်မယ်'

စာအုပ်ကို အောင်အောင့်ရှေ့သို့ တိုးပေးလိုက်သည်။

အောင်အောင်က ဖတ်ကြည့်ပြီး တွေတွေကလေး ငေးနေသည်။ စာကျက်သံ တိတ်သွားသည်။ အောင်အောင် သီတာ့ကို လှမ်းကြည့်သည်။ သီတာ၏ ပါးပြင်ပေါ်တွင် မျက်ရည်များက စီးကျနေ၏။

အစ်မဖြစ်သူကို အောင်အောင် -သနားသွားသည်။

စာအုပ်ပေါ်တွင် ဘောပင်ဖြင့် စာတစ်ကြောင်းရေး၍ သီတာ့ထံသို့ ပေးလိုက်၏။ သီတာ ဖတ်ကြည့်သည်။

'မငိုပါနဲ့ မမရာ၊ အဲဒီလိုတော့ ဖေဖေလုပ်မှာ မဟုတ်ပါဘူး'

သီတာက ချက်ချင်းပင် စာတစ်ကြောင်း ပြန်ရေးပေးလိုက်သည်။

'ဖျန်း ဖျန်း ဖျန်း'

ကိုကျော်ခိုင် ဂဟေဆော်ရာမှ မီးပေါက်သံများ ထွက်လာ၍ သီတာရော အောင်အောင်ပါ လန့်သွားသည်။

ကိုကျော်ခိုင်ကတော့ ဆက်၍လုပ်နေ၏။

အောင်အောင် ပြုံးလိုက်သည်။ သီတာရေးသောစာကိုယူ၍ ဖတ်ကြည့်၏။

'အဲဒီထမင်းဗူးကို မုန်းတယ်' ဟူ၍ ဖြစ်၏။

အောင်အောင်က အောက်မှ ပြန်ရေးလိုက်သည်။

'ထမင်းဗူးထဲမှာပါတဲ့ ဆန္ဒင်းမကာင်းကတော့ စားလို့ကောင်း



တယ်' ဟူ၍ ဖြစ်၏။

ရောက်ရှိနေသည့်ဘဝမှ ဖူးငုံပွင့်သီးလာတဲ့ ကလေးများ၏ အသိတရားများက ဆန်းကြယ်လှသည်။

'ကဲ သားတို့ သမီးတို့ အိပ်ချင်ရင် အိပ်ကြတော့လေ၊ ကိုးနာရီထိုးပြီ'

ကိုကျော်ခိုင်က ဂဟေဆော်နေရာမှ ကလေးများကို လှမ်း၍ ပြောလိုက်သည်။

သီတာက စာအုပ်များကိုသိမ်းရင်း အောင်အောင့်ကို မတွေ့မနပ် လှမ်းကြည့်လိုက်၏။ အောင်အောင်က ပခုံးကို တွန့်ပြသည်။

☆ ☆ ☆

မနက်လင်းသောအခါ သီတာသည် ခါတိုင်းလို စောစောမထဘဲ အိပ်ရာထဲမှာပင် အိပ်နေသည်။ မနေ့ညက အမျိုးမျိုးတွေးလိုက်၊ ပူလောင်သောကရောက်လိုက်၊ မျက်ရည်ကျလိုက်နှင့် အိပ်၍မပျော်နိုင်အောင် ဖြစ်ခဲ့ရသည်။ လင်းခါနီးမှ အိပ်ပျော်သွားသည်။ နိုးလာသောအခါ ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေသည်။ သီတာ အိပ်ရာမှ မထချင်။ အထူးသဖြင့် ဖေဖေ၏ထမင်းဗူးကို မကြည့်ချင် မကိုင်ချင်။

နေမကောင်း၍ဟု ဒေါ်သိန်းကိုပြောပြီး ဆက်အိပ်နေလိုက်သည်။

'သမီးရော ဒေါ်သိန်း'

အပြင်မှ ဖေဖေ၏မေးသံကို သီတာကြားရသည်။

'သီတာလား၊ နေမကောင်းလို့တဲ့၊ အိပ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



မိမိထံသို့လာနေသော ဖေဖေ၏ခြေသံကို သီတာကြားရ၏။

'သမီး နေမကောင်းဘူးဆို'

သီတာ ခေါင်းညိတ်ပြသည်။

ကိုကျော်ခိုင်က သီတာ၏နဖူးကို စမ်းကြည့်သည်။

ဖခင်၏ ယုယကြင်နာမှုကြောင့် သီတာဝမ်းနည်းလာမိသည်။

'တကယ်လို့များ မိထွေးရှိလာရင် ဖေဖေ့ရဲ့ ဒီလိုယုယကြင်နာမှုတွေကို ခံရမှာ မဟုတ်တော့ဘူး'

သီတာ စဉ်းစားရင်း ငိုချင်စိတ် ဖြစ်လာမိသည်။

'ကိုယ်ကတော့ မပူပါဘူး သမီးရယ်၊ ဘယ်လို နေလို့လဲ'

'ခေါင်းမူးလို့ပါ ဖေဖေ'

သီတာ၏အဖြေကို ကြားရတော့ ကိုကျော်ခိုင် ပိုပြီး စိုးရိမ်သောက ရောက်သွားသည်။

'အို. . . . အောင်မိုးကို ခေါ်ပြီးမှ ထင်တယ်'

ကိုကျော်ခိုင်မှာ ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ ထိတ်လန့်နေမိသည်။

'ကိစ္စမရှိပါဘူး ဖေဖေ၊ သမီး ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပဲ မူးတာပါ၊ ထတော့မှာပါ'

'အို. . . . သမီးရယ်၊ နေမကောင်းရင် အိပ်နေပါ'

ကိုကျော်ခိုင်သည် ရုံးသွားရန်အတွက် လိုအပ်သော ကိစ္စများကို ကိုယ်တိုင် ပြင်ဆင်နေသည်။ သီတာ ဖေဖေ့အတွက် စိတ်မကောင်းဖြစ်သည်။



သို့သော် အိပ်ရာမှ ထသောအခါ ကိုကျော်ခိုင် ထမင်းဘူးကို ကိုယ်တိုင်ထည့်ပြီး လက်သုပ်ပုဝါနှင့် ထုပ်နေသည်ကို မြင်ရသည်။ ဖေဖေလုပ်နေပုံမှာ ထမင်းဘူးကို တယုတယရှိလွန်းသည်ဟု သီတာထင်သည်။ လက်သုပ်ပုဝါက အသစ်အဝါနုရောင်လေး၊ ယခင်က အိမ်မှာ မရှိ။ စာရေးမက ပေးလိုက်သည်လား၊ ဖေဖေ သူ့ဘာသာ ဝယ်သည်လားမသိ။

သီတာသည် ဖခင်အပေါ်တွင် မကျေနပ်မှုများ ဆက်တိုက်ဖြစ်ပေါ်လာပြန်သည်။ အငယ်နှစ်ယောက်ကတော့ ဘာမှမသိရှာသေး။ နောက်ဖက်တွင် စားသောက်နေကြသည်။

ဖေဖေနှင့် ထမင်းဘူးကို မမြင်ချင်သောကြောင့် သီတာ ရေချိုးခန်းထဲသို့ဝင်၍ မျက်နှာသစ်နေလိုက်သည်။

'သားနဲ့ သမီးတို့ရေ ဖေဖေသွားတော့မယ်ဟေ့'

ဖေဖေက အိမ်ရှေ့မှ လှမ်းနှုတ်ဆက်သည်။

အငယ်နှစ်ယောက်က ပြန်နှုတ်ဆက်သော်လည်း သီတာ ဖေဖေ့ကို နှုတ်ဆက်ချင်စိတ် မရှိ။

'ဩော်. . . . သမီး သီတာရေ ဖေဖေတို့ ဒီနေ့ အိုတတိုင်ဆင်းရမယ်ဟေ့၊ ညနေ နောက်ကျမယ် သမီးရေ ကြားလားဟေ့'

သီတာ ဘာမျှပြန်မပြောမိ။

'ကြားတယ် ဖေဖေ၊ ကြားတယ်'

ပိုးအိက ပြန်ဖြေသည်။

ဖေဖေသွားမှ သီတာ နောက်ဖက်သို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဝယ်ပေးသည့် ထမင်းဗူးလေးမှာ လက်သုပ်ပုဝါအဟောင်းလေးနှင့်အတူ ပန်းကန်စင်ပေါ်တွင် မှောက်လျက်ရှိနေသည်။

သီတာသည် အပယ်ခံ ထမင်းဗူးဟောင်းလေးကို တယုတယယူ၍ ရင်မှာ အပ်ထားမိသည်။

'ထမင်းဗူးလေးရယ် အားမငယ်ပါနဲ့၊ ဒီနေ့ကစပြီး နင့်ကို ငါ တရိုတသေ သိမ်းထားပါ့မယ်'

သီတာ စဉ်းစားရင်း မျက်ရည်များ လည်လာသည်။

ထမင်းဗူးလေးကို အိုးတိုက်ဖွဲပြာ၊ ဆပ်ပြာတို့နှင့် ပြောင်လက်နေအောင် ပွတ်တိုက်ဆေးကြောပြီး အဝတ်သန့်သန့်နှင့် သုတ်သည်။ သူ၏ အဝတ်သေတ္တာထဲတွင် တရိုတသေ သိမ်းထားလိုက်သည်။

သေတ္တာထဲမှ မေမေ့ဓာတ်ပုံကို ထုတ်ကြည့်မိသည်။

သီတာ၏ပါးပေါ်တွင် မျက်ရည်များက စီးကျလာ၏။

ယနေ့ စနေနေ့ဖြစ်သည်။ ပုံမှန်အတိုင်းဆိုလျှင် ဖေဖေ နေ့တဝက်သာ ရုံးတက်ရမည်။ သို့သော် အိုဗာတိုင်ရှိသည်ဟု ပြောသွားသည်။ တကယ်ပင် အိုဗာတိုင်ရှိလေသလား။ စာရေးမနှင့်လျှောက်လည်နေကြမည်လား သီတာမသိနိုင်။ တကယ်အိုဗာတိုင်ရှိသည်မှန်လျှင်လည်း စာရေးမနှင့်အတူ ရယ်ရယ်မောမောနှင့် ပျော်ပါးနေကြလိမ့်မည်။ ထမင်းဗူးသစ်နှင့် ထမင်းအတူစားပြီး ကြည်နူးနေကြလိမ့်မည်။

မေမေ ကွယ်လွန်သည်မှာ နှစ်နှစ်ပင် မပြည့်သေး၊ ဖေဖေ အသစ်မြင်နေပြီလား။



'အို. . . . မေမေရယ်'

နုနယ်ငယ်ရွယ်ရှာသောသီတာ၏ရင်မှာ ပွလောင်ခြင်းသော[illegible]ပြင်းပြလွန်းလှချေ၏။

ㅈ ㅈ ㅈ

ကိုကျော်ခိုင်သည် မလွှဲသာ၍ ရုံးတက်နေရသော်လည်း စိတ်ကအိမ်သို့ ပြန်ချင်နေ၏။ သမီးသီတာ နေမှကောင်းရဲ့လားဟု စိုးရိမ်စိတ်က လွှမ်းမိုးနေမိသည်။

'သွေးအားနည်းလို့ ခေါင်းမူးတာလား၊ အို. . . . ဘာမှ မဟုတ်ပါစေနဲ့ဗျာ'

ကိုကျော်ခိုင် ဆုတောင်းနေမိသည်။ အရွယ်နှင့်မလိုက်အောင် လိမ္မာသော၊ သိတတ်လွန်းသော သမီးမို့လည်း ကိုကျော်ခိုင် သံယောဇဉ်ကြီးရသည်။ သမီးက အမေတူသမီး၊ စားရာမှာလည်း အဖေကိုညာရ အငယ်နှစ်ယောက်ကို ညာရနှင့် သူ့ဝမ်းထဲတော်ရုံသာ ရောက်ရှာသည်။

ကျောင်းကပြန်လာလျှင် ဒေါ်သိန်းကို ကူညီ၍ မနေမနားလုပ်ရှာသည်။ စာလည်းကြိုးစားသည်၊ သူများလို ကျူရှင်မတတ်နိုင်သော်လည်း သူ့ဘာသာကြိုးစား၍ လစဉ် အစမ်းစာမေးပွဲများမှာ ပထမ၊ ဒုတိယအဆင့်များကို ရနေသည်။

သို့သော် သမီးသည် အရွယ်နှင့်မလိုက်အောင် ပင်ပန်း၍ ပိန်ရှာသည်။ အသားအရေ ဖျော့သည်။

'မဖြစ်ဘူး မဖြစ်ဘူး၊ သူ့အမေလည်း ဒီလိုအ[illegible]ခံရင်း အောင်ပန်းခံရင်းနဲ့ တဖြည်းဖြည်း အားနည်းသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



သမီးကို အားရှိမည့် အစားအစာကျွေးချင်သည်။ သို့သော် လက်ထဲတွင် ငွေက များများမရှိ။ မနက်က ဈေးဖိုးငွေ နှစ်ရာသာ ပေးနိုင်ခဲ့သည်။ ထိုငွေနှင့်ဆိုလျှင် ငါးပိရေဖျော်နှင့် ကန်စွန်းရွက်ကြော် လောက်သာ ရလိမ့်မည်။

အငယ်လေးကလည်း ကျွေးသမျှနှင့် စားရှာသည်။ အမေမရှိတော့ ယုယမှုနှင့်လည်း ဝေးခဲ့ရပြီ။ ကလေးငယ်တစ်ယောက် အတွက် အလိုအပ်ဆုံးသော အမေ့ရင်ခွင် နေရာမှာတော့ ကွက်လပ်ကြီး ဖြစ်နေခဲ့လေပြီ။

ကိုကျော်ခိုင် ကလေးများကို သနားနေမိ၏။ အားရှိအောင် စားကောင်းသောက်ဖွယ်လေးများ ကျွေးချင်သည်။

'ငွေနှစ်သောင်း၊ ငွေနှစ်သောင်းလောက်'

ဝေဝေထံမှာ ချေးလျှင်တော့ ရမည်ထင်သည်။ ခက်နေသည်က ပြော၍မထွက်။ ပြောရမည်ကို ရှက်နေသည်။ ကြောက်နေသည်။ အားနာနေသည်။

'သူ့မှာလည်း ချေးစရာငွေ အဆင်မပြေဘူးဆိုရင်၊ အို. . . . အဲဒီလိုဆိုရင် သူလည်း စိတ်မကောင်း ဖြစ်လိမ့်မယ်၊ မရှိပါဘူးဆရာ ရယ်ဆိုတဲ့ အငြင်းစကားဟာ သူ့အတွက် ပြောရခက်သလို နားထောင် ရသူ့အတွက်လည်း မျက်နှာအထားရခက်လိမ့်မယ်'

ကိုကျော်ခိုင် ငွေလိုချင်သည်။ ငွေ ငွေ ငွေ ရှေ့မှာရှိသည့် ငွေစာရင်းများကို ငေးကြည့်နေမိသည်။

အို ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်အခါမှာပဲဖြစ်ဖြစ် မဟုတ်တာ



မမှန်တာကို ငါဘယ်တော့မှ မလုပ်ဘူး၊ ငါသိက္ခာ ငါ့ကိုယ်ကျင့်တရား ထိခိုက်မည့် အလုပ်ကို ငါမလုပ်ဘူး၊ သားတွေသမီးတွေ တသက်လုံး မျက်နှာငယ်သွားမည့် အလုပ်ကို ငါမလုပ်ဘူး'

စာရင်းများကို တိကျစွာ မှန်ကန်အောင် ဆက်လုပ်သည်။

လက်မှ နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီကျော်သွားပြီ။

'အို အချိန်တွေကလည်း ကုန်လွယ်လိုက်တာ၊ အလုပ်လည်း ဘာမှမပြီးသေးပါဘူး၊ ဒါတွေကို ဒီနေ့အပြီးအပ်ရမှာ၊ ဒီနေ့မှာပဲ အိုဗာတိုင်က ဆင်းနေရသေးတယ်၊ မြန်မြန်ပြီးရင် ငါ့သား ငါ့သမီးတွေနဲ့ မြန်မြန် တွေ့ရမှာပဲ'

တခြားသူများထံသို့ လှမ်းကြည့်လိုက်တဲ့အခါ အသီးသီး ကိုယ့်တာဝန်နှင့်ကိုယ် တက်ညီလက်ညီ ကြိုးစား၍ လုပ်နေကြသည်။ သူတို့လည်း ဗိုက်ရက်ကလေးမှာ မယား သမီး သားရှိရာသို့ အမြန် ပြန်ချင်ရှာကြလိမ့်မည်။

ကိုကျော်ခိုင်အတွေးစကိုဖြတ်၍ အလုပ်တွင်အောင် ကြိုးစားသည်။

ကျွမ်းကျင်သော လုပ်ငန်းဖြစ်၍ ကိုကျော်ခိုင်အတွက် အခက် အခဲမရှိ၊ အာရုံဝင်စားလိုက်သည်နှင့် ငွေစာရင်းများကို တစ်ရွက်ပြီး တစ်ရွက် မမှားမယွင်းအောင် ရေးသွင်းနိုင်သည်။ ရှေ့မှာ စာရွက်အထပ် ကြီးသည် လျော့၍ လျော့၍သွားသည်။

'ဆရာ ထမင်းစားကြပါစို့'

ဝေဝေ၏အသံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် ဘာမျှ ပြန်မပြောလိုက်နိုင်မီမှာပင် ဝေဝေက ကိုကျော်ခိုင်၏ ထမင်းဗူးကို ယူသွားသည်။

ကိုကျော်ခိုင်သည် ရေသွင်းလက်စ စာရင်းကို ပြီးအောင်လုပ်ပြီးမှ လိုက်သွားသည်။

ဝေဝေက ကိုကျော်ခိုင်၏ ထမင်းဗူးကို ဖွင့်၍ အဆင်သင့်ပြင်ထားပြီ။

'ဟာ ဆရာက ထမင်းဗူးအသစ်နဲ့ တယ် သားနားပါလား'

စံလှက တောက်ပြောင်နေသော စတီးဗူးကိုကြည့်၍ သဘောကျနေသည်။ ဝေဝေ ပေးမှန်းမသိ။ ကိုကျော်ခိုင်နှင့် ဝေဝေက ဘာမျှမပြောဘဲနေသည်။ ဝေဝေ ပေးမှန်းသိလျှင် ပြောကြဆိုကြ စနေကြလိမ့်မည်။

'ဒီလိုပေါ့ကွ အဟောင်းကုန်ဆုံးသွားရင် အသစ် အစားဝင်လာရတာပေါ့'

သိန်းထွန်းကို ဝေဝေက မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

'ကဲ အလုပ်ပင်ပန်းရတဲ့အထဲကွာ ထမင်းလေးတစ်လုပ် အေးအေးဆေးဆေး စားကြရအောင်'

ကိုကျော်ခိုင်၏ စကားကြောင့် အားလုံးရယ်ကြသည်။

'ဟုတ်ပါရဲ့ဟယ် နင်တို့ကို တော်တော်ကဲတယ်'

ဒေါ်အုံးကြည်က ငေါက်လိုက်၍ သိန်းထွန်းက မျက်စောင်းထိုးသည်။

'ကျုပ်တို့က စေတနာကောင်းနဲ့ ကဲတာပါဗျာ'



စံလှက ဆက်နေပြန်၏။

'တော်ပါတော့ဟယ် နင်က စ,စပေးတာ စံလှ နင်သတိထား'

စံလှက ဒေါ်အုံးကြည်ကို ပခုံးတွန့်ပြပြီး ထမင်းကို ငုံ့စားနေ၏။ သို့သော် အောက်မှလက်က အောင်မြင့်၏ပေါင်ကို လှမ်းကုပ်လိုက်သည်။

'ဟုတ်ပါရဲ့ကွာ မင်းတို့နှစ်ယောက် လုပ်တာနဲ့ ဆရာ ထမင်းစားပျက်တယ်၊ ဝေဝေ ဟင်းထည့်ပေးလိုက်ပါဦး၊ ဆရာ့ထဲမှာ ဟင်းမရှိတော့ဘူး'

အောင်မြင့်က သူ၏ ဟင်းဗူးကို ဝေဝေ၏ရှေ့သို့ ထိုးပေးလိုက်သည်။ ဝက်ဆုတ် ဝက်သည်းဟင်းဖြစ်သည်။ အောင်မြင့်၏မျက်နှာတည်သောကြောင့် တကယ် အကောင်းပြောသည်မှတ်၍ ဝေဝေသည် ဟင်းတစ်ဇွန်းခပ်ပြီး ကိုကျော်ခိုင်၏ ထမင်းဗူးထဲသို့ ထည့်ပေးလိုက်သည်။

'ဆရာ စား၊ ဆရာ့ကို ဝေဝေ ထည့်ပေးတာ အသည်းလေးတွေချည်း အံမာလေးဗျာ'

ဒေါ်အုံးကြည်က နံဘေးကို ဆွဲလိမ်လိုက်သောကြောင့် အောင်မြင့် အော်လိုက်ခြင်းဖြစ်သည်။

စံလှနှင့် သိန်းထွန်းတို့ ရယ်ကြသည်၊ ဝေဝေပါပြုံးမိသည်။

ထမင်းစားပြီးသောအခါ ခါတိုင်းလို အေးအေးဆေးဆေး နားမနေနိုင်၊ စောစောပြီးအောင် အလုပ်ဆက်လုပ်ကြသည်။

အားလုံး ကျွမ်းကျင်မှုရှိ၍ တက်ညီလက်ညီနှင့် အလုပ်ခွဲ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြသောကြောင့် ညနေ သုံးနာရီခန့်တွင် အတော်ပင်ပြီးစီးနေပြီဖြစ်သည်။ ထိုအချိန်တွင် ကိုကျော်ခိုင်၏စားပွဲပေါ်ရှိ တယ်လီဖုန်းမှ အသံမြည်လာသည်။

ကိုကျော်ခိုင်၏ စားပွဲတွင် ရောက်နေသော ရွှေသိန်းက တယ်လီဖုန်းကို ကောက်ယူ၍ နားထောင်လိုက်သည်။

'ဒေါ်အုံးကြည် ဖုန်း' ဟု အော်လိုက်သည်။

'သေနာကောင်လေး'

ဒေါ်အုံးကြည် ထလာပြီး တယ်လီဖုန်း နားထောင်သည်။

'အဖေကြီးလား'

'ရှင် အငယ်လေးက ကိုယ်ပူမကျဘူးလား'

'ခု ဘယ်လိုနေလဲ'

'အိုဗာတိုင်က လေးနာရီလောက်ဆိုရင် ပြီးမယ်ထင်တယ် နောက်အကျဆုံး ငါးနာရီပေါ့'

'မမကြည်က ကလေးနေမကောင်းလို့လား'

ဝေဝေ လှမ်းမေးသည်၊ ဒေါ်အုံးကြည် ခေါင်းညိတ်ပြသည်။

'မမကြည် ပြန်ချင်ပြန်ပါ၊ မမကြည် သွင်းရမယ့် စာရင်းတွေ ဝေဝေ လုပ်လိုက်ပါ့မယ်'

ဒေါ်အုံးကြည်က ဖုန်းဆက်နေရာမှ ဝေဝေကို လက်ကာ၍ ပြလိုက်သည်။

'ဟုတ်ကဲ့ ဟုတ်ကဲ့ လေးနာရီမှာ လာခဲ့မယ်လေ'

'ဟုတ်ကဲ့ ဆေးတိုက်ကပဲ စောင့်နေပါ'



ဒေါ်အုံးကြည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

'အငယ်လေး မနက်က ထွက်လာကတည်းက နေမကောင်းဘူး။ အခု ကိုယ်သိပ်ပူနေလို့ ဆေးတိုက်ကို သွားမလို့တဲ့'

ဒေါ်အုံးကြည်က ကိုကျော်ခိုင်ကို ရှင်းပြသည်။

"ဟာ ဒီလိုဆို အခုပြန်လိုက်ပါဗျာ။ ဒီမှာလဲ ပြီးခါနီးနေပါပြီ။ 'ရပါတယ်ဆရာ သူတို့ အခုအိမ်ကနေ ဆေးတိုက်ကိုလာမယ်။ ဆေးတိုက်က ရွှေဘုံသာလမ်းမှာ ရွှေရတနာဆေးတိုက် ဆရာ၊ အခု ဒါလေး လက်စသပ်ပြီးရင် ကျွန်မနဲ့ဝေဝေ လိုက်သွားမယ်၊ ဆေးတိုက်ကပြီးရင် ဒီကိုပြန်လာခဲ့ကြမယ်။ ဆရာတို့ပြီးမှာနဲ့ အတော်ပါပဲ။ ဆရာတို့ ဒီကပဲ စောင့်နေကြပါ။

'ဟာ. . . . ဒီလိုလုပ်ပါလား၊ ကျွန်တော်တို့ ဒီကပြီးရင် ဆေးတိုက်ကို လာခဲ့မယ်'

'မလာနဲ့ ဆရာ၊ ကျွန်မတို့က အရင်ပြီးမှာဆိုတော့ ဆရာတို့ ဒီကပဲ စောင့်နေပါ'

'ကောင်းပြီလေ၊ အဲဒီလိုဆိုရင် ဒေါ်အုံးကြည်တို့ လာခဲ့ကြပေါ့'

ဒေါ်အုံးကြည်နှင့် ဝေဝေက လုပ်လက်စ အလုပ်များကို အမြန်ဆုံးအပြီးသတ်နိုင်ရန် ကြိုးစားကြသည်။ သုံးနာရီခွဲခန့်တွင် လုံးဝပြီးစီး သွား၍ ဆေးတိုက်သို့ သွားကြသည်။ ကျန်သည့်လုပ်ငန်းများအားလုံးကို ကျန်ရစ်သူများက အပြီးသတ်အောင် ဆောင်ရွက်ကြသည်။ လေးနာရီ ခန့်တွင် အားလုံး ပြီးစီးသွား၏။

စာရင်းဇယားများ အားလုံးကို ဌာနခွဲမှူးထံသို့ အားလုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ထင်ကြသည်။ ဌာနခွဲမှူးနှင့် ဌာနမှူးတို့ ရုံးခန်းကိုပိတ်ပြီး အောက်သို့ ဆင်းခဲ့ကြသည်။

ဆေးတိုက်သို့ လိုက်သွားချင်သော်လည်း လမ်းတွင်လွဲနေမည်စိုး၍ မလိုက်ဝံ့။

စံလှနှင့် သိန်းထွန်းတို့က ကျောက်မြောင်းဘက်သို့ ပြန်ရမည် ဖြစ်သည်။ သို့သော် ကိုကျော်ခိုင် တစ်ယောက်တည်း ဖြစ်နေ၍ မပြန်ကြသေးပဲ စောင့်နေကြ၏။ ကိုကျော်ခိုင်ကတော့ ဝေဝေနှင့် ဒေါ်အုံးကြည်တို့ကို စောင့်ရဦးမည်။

'လာပါ ဆရာ၊ ဆရာလည်း ဆာနေမှာပဲ၊ ဟိုဘက်ဆိုင် ဝင်ရအောင်'

စံလှနှင့် သိန်းထွန်းက လမ်းဘေးမှ ခေါက်ဆွဲကြော်ဆိုင်သို့ ကိုကျော်ခိုင်ကို ခေါ်သွားသည်။

'ထိုင် ဆရာ၊ ဒီနေ့ ပင်ပန်းသွားတယ်၊ ကျွန်တော်တို့ နည်းနည်းတော့ ကိုင်လိုက်ဦးမယ်'

စံလှက ပြောရုံသာ ရှိသေးသည်။ သိန်းထွန်းက ဆိုင်မှလူငယ် တစ်ယောက်ကိုခေါ်ပြီး မှာနေပြီ။

'ငါတော့ မသောက်ဘူးနော်၊ မင်းတို့ဘာသာ သောက်ချင်ရင်တော့ မင်းတို့သဘောပဲ'

'ဟုတ်ကဲ့ပါ ဆရာ၊ နည်းနည်းလောက်ပါ။ ဆရာလည်း နည်းနည်းတော့ သောက်ကြည့်ပါ။ ပင်ပန်းတာလေး ပျောက်သွားအောင်'

'ငါ မသောက်ချင်ပါဘူးကွာ၊ ဒါပေမယ့် ငါ မင်းတို့ကိုတိုင်ပင်



ချင်တာ တစ်ခုတော့ရှိတယ်'

'တိုင်ပင်ပါ ဆရာ'

စံလှက သိန်းထွန်းပေးသော ဖန်ခွက်ကိုယူရင်း နားထောင်နေသည်။

'ငါ ဝေဝေကို ပြောချင်နေတာ တစ်ခုရှိတယ်၊ အဲဒါ ပြောလို့ မထွက်ဘူးကွ'

'ဘာလဲ ဆရာ၊ ဘာပြောချင်တာလဲ'

သိန်းထွန်းက စိတ်ဝင်စားလွန်း၍ လက်ထဲတွင် ကိုင်ထားသော ဖန်ခွက်ကိုပင် ချထားလိုက်မိသည်။

'ငါ ငွေနှစ်သောင်းလောက် လိုနေလို့ကွာ'

'ဟာ. . . . ဆရာကလဲ'

သိန်းထွန်း စိတ်ပျက်သွားသည်။

'ငွေနှစ်သောင်းလောက် ချေးချင်တာများ ပြောမထွက်ဘူးလို့ ဆရာ ရယ်၊ ဒီမယ် မထူးပါဘူး ဆရာ၊ ပြောမယ့်အတူတူတော့ ငွေနှစ်သောင်းကို ပြောမနေနဲ့၊ လက်ထပ်ဖို့သာ တခါတည်း ပြောလိုက်ပါ ဆရာ'

စံလှက အကြံကောင်း ပေးနေသည်။

'ဟာ. . . . မဟုတ်တာပဲကွာ၊ မင်းဟာကလည်း'

'ဆရာ မဟုတ်တာပဲ လုပ်မနေနဲ့၊ ဆရာ့မှာ မမသတ် ငွေတော့ ဝင်ငွေလည်း တဝက်လောက် လျော့သွားပြီ၊ ကလေးတွေနဲ့ဆိုတော့ ကသီလင်တလည်း နိုင်မှာပဲ၊ ဝေဝေဟာ ဆရာ့အပေါ် မှာရော ဆရာ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ အပေါ်မှာရော သံယောဇဉ် ရှိတယ်၊ စိတ်ကောင်း စေတနာတောင်းရှိတယ်၊ တခြားလူဆိုရင်လည်း ကျွန်တော်တို့ မတိုက်တွန်းပါဘူး ဆရာ၊ ဝေဝေနဲ့မို့ တိုက်တွန်းနေတာပါ'

စံလှကာ သူ့ရှေ့မှ ဖန်ခွက်ကို ယူ၍ တကျိုက်မော့လိုက်သည်။

သိန်းထွန်းက ဖန်ခွက်တစ်ခုတွင် အရက်ကို ရေနှင့်ရောစပ်ပြီး ကိုကျော်ခိုင်၏ ရှေ့သို့ ချပေးသည်။

'စံလှ ပြောတာ ဟုတ်တယ် ဆရာ၊ ဝေဝေကလည်း ဆရာကသာ လက်ထပ်ဖို့ တောင်းဆိုလာရင် ငြင်းမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ သိပါတယ်၊ အဲဒါဆိုရင် ဝေဝေတို့မှာ သားအမိနှစ်ယောက်ပဲ ရှိတာ၊ သူ့အမေကလည်း သူ့လိုပဲ စိတ်သဘောထား ကောင်းတယ်၊ ဆရာ့ကလေးတွေအတွက်လည်း အဆင်ပြေမယ်၊ ဆရာ အခု ကြုံတွေ့နေရတဲ့ ငွေရေးကြေးရေး အခက်အခဲလည်း အားလုံးပြေလည်သွားမယ်'

'ဟာကွာ၊ မင်း ပြောတာကလည်း မကောင်းလိုက်တာ၊ ကိုယ့်ငွေရေးကြေးရေးအခက်အခဲ ပြေလည်ဖို့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမယ်လို့'

'မဟုတ်ပါဘူး ဆရာရဲ့၊ ဒါက သဘောကို ပြောတာပါ၊ ဝေဝေ့အနေနဲ့လည်း ဆရာ့လို စိတ်သဘော ကောင်းတဲ့လူနဲ့ လက်ထပ်ရရင် စိတ်ချမ်းသာမှာပါ၊ လုပ်စမ်းပါ ဆရာရယ်၊ ရဲဆေးလေးတစ်ခွက်လောက်သောက်ပြီး ပြောစမ်းပါ'

သိန်းထွန်းက ကိုကျော်ခိုင် ရှေ့သို့ ခွက်ကို ထိုးပေးပြီး သူကိုယ်တိုင်လည်း တကျိုက်သောက်လိုက်သည်။



'ဆရာရယ်၊ ကျွန်တော်တို့က ဆရာ့တပည့်အရင်းတွေပါ၊ သိန်းထွန်းရော ကျွန်တော်ရော ဆရာ့ကို အလွန်ချစ်ကြပါတယ်၊ ဝေဝေလည်း ကျွန်တော်တို့လိုပါပဲ၊ ဆရာနဲ့ဝေဝေသာ အဆင်ပြေသွားရင် အားလုံးလည်း စိတ်ချမ်းသာကြမှာ၊ နောက်ပြီး ဆရာ အမှန် တရားကို ဝန်ခံစမ်းပါ၊ ဆရာကိုယ်တိုင်လည်း ဝေဝေ့ကို ချစ်နေပါတယ်'

'ဟာကွာ၊ မဟုတ်တာ'

ကိုကျော်ခိုင် ရှက်သွားသည်။

'ငြင်းမနေပါနဲ့ ဆရာရယ်၊ ကျွန်တော် သိပါတယ်၊ ဒီနေ့ပြန်ရင် ဒေါ်အုံးကြည်တို့က စမ်းချောင်းမှာ ဆင်းကျန်ရစ်မယ်၊ ဟိုဘက်ကျရင် ဆရာနဲ့ဝေဝေ နှစ်ယောက်ပဲ ရှိမယ်၊ ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်ပါ ဆရာရယ်'

'ဟာ. . . . မဟုတ်တာကွာ၊ မပြောချင်ပါဘူး'

'ဆရာ. . . . ဒါလေး နည်းနည်းတော့ သောက်လိုက်ပါ ဆရာ'

သိန်းထွန်းက ဖန်ခွက်ကို ယူ၍ ကိုကျော်ခိုင်ကို အတင်း ပေးနေသည်။

ကိုကျော်ခိုင်၏စိတ်သည် စံလှ၏ စကားများကြောင့် လှုပ်ရှားနေမိသည်။

'ဒီကောင်တွေ ဘယ်လို အကြောင်းကြောင့် ငါ ဝေဝေ့ကိုချစ်နေတယ်လို့ ပြောရတာလဲ၊ ပြောစရာအကြောင်း ဘာရှိလို့လဲ၊ သူတို့ပြောတဲ့အတိုင်းရော ငါ့အမူအရာတွေ ပြနေမိသလား'

ကိုကျော်ခိုင် စိတ်ရှုပ်မိသည်။ မိမိကိုယ်ကိုလည်း ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်စမ်းမိသည်။ စေဝေ့အပေါ်တွင် သံယောဇဉ်ရှိသည်ကတော့ မှန်သည်။ သို့သော် ထိုသံယောဇဉ်၏အတိုင်းအတာသည် မည်မျှအထိကြီးမားသနည်း။ ကိုကျော်ခိုင် ဝေခွဲရ ခက်နေမိ၏။

'လုပ်ပါ ဆရာ၊ နည်းနည်းပါ။ သောက်လိုက်စမ်းပါ'

'ကဲ. . . . ပေးကွာ'

ကိုကျော်ခိုင် ယူ၍ မော့လိုက်မိသည်။

သောက်နေကျမဟုတ်၍ ပါးစပ်ထဲမှာ ခါးသည်၊ နှာခေါင်းထဲမှာ ထောင်းကနဲနေအောင် နံသည်။ လည်ချောင်းထဲမှာလည်း ပူဆင်းသွားသည်။ မနည်းမျိုချလိုက်ရ၏။ ရင်ထဲအထိ ပူနေသည်။

'ရော့. . . . ဆရာ၊ အမြည်းစား'

စံလှက အသားကင်ပန်းကန်ကို ကိုကျော်ခိုင် ရှေ့သို့ တိုးလိုက် သည်။

ကိုကျော်ခိုင် အသားကင်တဖတ်ကို ကောက်ဝါးလိုက်သည်။

'ဆရာရယ်၊ ဒီနေ့ညနေတော့ ပြောဖြစ်အောင် ပြောပါ'

စံလှက ကိုကျော်ခိုင်၏ဖန်ခွက်ထဲသို့ အရက်ထပ်ထည့် ပေးသည်။

'ငါ ငွေနှစ်သောင်းပဲ ချေးမယ်ကွာ'

'အိုး. . . . ဆရာတလည်းအဲဒါဆိုရင် ငွေနှစ်သောင်းက ချေးစရာ မလိုတော့ဘူး ဆရာ၊ ဟား ဟား ဟား'

စံလှက သူ့စကား သူ သဘောကျပြီး ရယ်နေသည်။

'ဆရာ၊ နည်းနည်းသောက်လိုက်ပါဦး ဆရာ'



သိန်းထွန်းက ကိုကျော်ခိုင်၏ ဖန်ခွက်ထဲသို့ ရေနည်းနည်းရော ပေးသည်။

ကိုကျော်ခိုင် အမြည်းတဖတ်ကို အဆင်သင့်ကိုင်ထားပြီး မော့လိုက်မိပြန်၏။

များသွား၍ သီးသွား၏။ အသားဖတ်ကို အမြန်ဝါးလိုက်မှ အသား၏အချိုရည်ကြောင့် ပါးစပ်ထဲတွင် စွဲကျန်ရစ်သောအခါးဓာတ် သက်သာသွားသည်။

'ငါ့မှာ ငွေနှစ်သောင်းက သိပ်အရေးကြီးနေတယ်ကွ၊ အခု လက်ထဲမှာ တစ်လလုံးလုံးသုံးဖို့ ငွေနှစ်ထောင်ပဲရှိတော့တယ်၊ ငါ့သမီး အကြီးကလည်း နေသိပ်မကောင်းဘူးကွ၊ ငါ့သမီးကို ငါ သိပ် သနားတာပဲ'

'ဆရာရယ်၊ ဒီလ နှစ်သောင်းချေးလိုက်တာကတော့ ဟုတ်ပါပြီ၊ နောက်လတွေကျတော့ရော ဆရာ ဒီငွေက မလိုတော့ဘူးလား'

စံလှက အရေးကြီးသောအချက်ကို ကိုင်လိုက်သည်။

'အေးကွာ၊ ငါ့မှာ သက်မရှိကတည်းက ငွေရေးကြေးရေး မပြေ လည်ဘူးကွာ'

'အဲဒါကြောင့် ပြောတာပေါ့ဆရာ'

'ဟေ့ကောင်တွေ၊ မင်းတို့ အဲဒီလို ပြောတာကို ငါမကြိုက်ဘူး ကွ၊ ငါက ငွေရေးကြေးရေးပြေလည်အောင် ဝေဝေ့ကို လက်လွှတ်ရမယ် ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတယ်'

'အို. . . . တောင်းပန်ပါတယ်ဆရာရယ်၊ ကျွန်တော်တို့က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး၊ ဒါက ဆရာ အခု ဖြစ်နေတဲ့ အခက်အခဲကို အကြောင်းပြုပြီး ပြောမိတာပါ။ ဆရာ့မှာ အဲဒီလိုတစ်ကိုယ်ကောင်းဆန်တဲ့စိတ်မရှိမှန်း ကျွန်တော်တို့ သိပါတယ်၊ ဝေဝေလည်း သိပါတယ်'

စံလှက သူပြောမိသော စကားအတွက် တကယ်ပင် စိတ်မကောင်းဖြစ်သွားမိသည်။

'သောက်လိုက်ပါဦး ဆရာ'

သိန်းထွန်းက ကိုကျော်ခိုင်၏ ခွက်ကို ရှေ့သို့ ထိုးပေးသည်။ သို့သော် ကိုကျော်ခိုင် မသောက်မိ။ အရက်ခွက်ကို ငေးရှုကြည့်ရင်း ဝေဝေ၏ မျက်နှာလေးကို မြင်ယောင်နေမိသည်။

ဝေဝေသည် စိတ်ကောင်း စေတနာကောင်းရှိသူ ဖြစ်သည်။ မိမိအပေါ်မှာ စေတနာထားသူ ဖြစ်သည်။ မိမိအနေနှင့် ဝေဝေကို ဘာမျှပြင်းစရာမရှိသည်ကိုလည်း သိသည်။ သို့သော် မိမိနှင့်လက်ထပ်လျှင် ဝေဝေ နစ်နာပေလိမ့်မည်။ ကိုကျော်ခိုင် ဝေဝေ့ဘက်မှ စဉ်းစား၍ စိတ်မကောင်းဖြစ်သည်။

စံလှက အရက်တကျိုက် မော့လိုက်သည်။

'အသေအချာ စဉ်းစားပါ ဆရာရယ်၊ ဝေဝေဟာ ဆရာ့အတွက် အဖော်ကောင်းတစ်ယောက်ဖြစ်သလို ဆရာ့ကလေးတွေအတွက်လည်း မိခင်ကောင်းတစ်ယောက် ဖြစ်နိုင်သူပါ'

'ဒီမှာ စံလှ မင်းကွာ ငါ့ဘက်တချည်း စဉ်းစားနေတာကိုးကွ၊ ဝေဝေ့ဘက်ကလဲ ပြန်စဉ်းစားဦးမှပေါ့'



'ကျွန်တော်သိပါတယ်ဆရာ၊ ဝေဝေဟာ ဆရာ့ကို သံယောဇဉ်ရှိတယ်၊ ဆရာ့အတွက်ဆိုရင် စေတနာအပြည့်ရှိတယ်၊ အနစ်နာလည်း ခံနိုင်တယ်'

'ဟ. . . . အနစ်နာခံရတယ် ဆိုကတည်းက ဘယ်ကောင်းတော့ မလဲကွ'

'ဪ. . . . ဆရာရယ်၊ အနစ်နာခံနိုင်တယ်ဆိုတာက သူ့ရဲ့ စေတနာနဲ့ မေတ္တာကို ပေါ်လွင်အောင် ပြောတာပါ၊ တကယ်ကတော့ စစ်မှန်တဲ့မေတ္တာနဲ့ ပတ်သက်လာရင် နစ်နာတယ်ဆိုတာ မရှိတော့ပါဘူး၊ ဆရာက ကျွန်တော်တို့ထက် ပိုပြီး သိပါတယ်၊ ကျွန်တော်တို့က မိကျောင်းမင်း ရေကင်းပြနေရတာပါ'

ကိုကျော်ခိုင် ခေါင်းထဲတွင် ရီဝေဝေ ပြုနေပြီ။ ပါးကို စမ်းကြည့်သောအခါ ထူထူပူပူနှင့် တမျိုးဖြစ်နေ၏။

စားပွဲထိုးလေးက ထမင်းပေါင်းသုံးပွဲ လာချပေး၏။

'ဟာ. . . . ငါမစားတော့ပါဘူးကွာ၊ အိမ်ကျ ထမင်းစားမှာပဲ'

'စားပါဆရာ၊ မှာပြီးနေပြီ၊ မစားခင် ဒါလေးတော့ ရှင်းလိုက်ပါဦး ဆရာ'

သိန်းထွန်းက ဖန်ခွက်ကို လှမ်းပေးနေပြန်သည်။

'ကဲ. . . . ပေးကွာ'

ကိုကျော်ခိုင် အားလုံးကုန်အောင် သောက်ပစ်လိုက်သည်။ ရင်ထဲတွင် ပို၍ချင်သလိုဖြစ်လာ၍ ရေတစ်ခွက် အမြန်သောက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . . စား ဆရာ၊ ဝေဝေတို့မလာခင် ပြီးသွားအောင်'

စံလှနှင့် သိန်းထွန်းတို့လည်း သူတို့၏ လက်ကျန်များကိုရှင်းပြီး ထမင်းပေါင်းစားကြသည်။

'စံလှပြောတာ မှန်တယ် ဆရာ၊ ဝေဝေနဲ့ ဆရာကို ကျွန်တော်တို့အားလုံး သဘောတူကြတယ်၊ ဝေဝေ ဆရာ့အပေါ်မှာ သံယောဇဉ်ရှိသလို ဆရာလည်း ဝေဝေ့အပေါ်မှာ သံယောဇဉ်ရှိတာပဲ၊ ကျွန်တော် အားလုံးသိပါတယ်။ ဆရာ့လို စိတ်သဘောထား ပြည့်ဝသူကိုရတာဟာ ဝေဝေ့အတွက်လည်း မနစ်နာပါဘူး ဆရာ၊ ဆရာ့ ကလေးတွေလည်း လိမ်လိမ်မာမာတွေချည်းပါ၊ ဝေဝေနဲ့ အဆင်ပြေမှာပါ'

ကိုကျော်ခိုင်ကတော့ ဘာမျှ ပြန်မပြောတော့ပါ။ မျက်စိများရီဝေ၍ ရင်ထဲမှာ ပို့ချင်သလို ဖြစ်နေသည်။ ထို့ကြောင့် သက်သာလိုသက်သာငြား ထမင်းပေါင်းကိုသာ ငုံ့၍ စားနေသည်။

'ရော့. . . . ငါ့မှာ နှစ်ထောင် ရှိတယ်'

စားပြီးသောအခါ ကိုကျော်ခိုင်က ငွေနှစ်ထောင်ကို ထုတ်ပေးသည်။

သိန်းထွန်းက ပိုက်ဆံများကို ယူ၍ ကိုကျော်ခိုင်၏ အိတ်ထဲသို့ ပြန်ထည့်ပေးသည်။

'ထားလိုက်ပါ ဆရာရယ်၊ ဒီဆိုင်မှာ ကျွန်တော်တို့က စာရင်းဖွင့်ထားတာပါ၊ အိုဗာတိုင်ကြေးရမှ ပေးရမှာပါ'

'ဒါဆို ငါလည်း ပါတာပေါ့ကွ'

'မပါပါဘူး ဆရာရယ်၊ ကျွန်တော်တို့ဘာသာ ကျွေးတာပါ၊



ဆရာက ဒီနေ့ပြန်ရင် ဝေဝေ့ကို ပြောဖြစ်အောင် ပြောဖို့ပါပဲ'

'ငါ ပြောမယ်'

'ဟာ. . . . ဝမ်းသာလိုက်တာ ဆရာရယ်၊ မူးတာတောင် ပျောက်သွားသလိုပဲ၊ အောင်မြင်ပါစေဗျာ၊ လာ ဆရာ၊ ရုံးရှေ့က သွား စောင့်ရအောင်၊ ငါးနာရီ ထိုးပြီ၊ သူတို့ လာတော့မယ်၊ ဆရာကျွန် မှတ်ထားလိုက်ဗျို့'

စံလှက ဆိုင်ရှင်ကို လှမ်းပြောပြီး ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

ကိုကျော်ခိုင် ခေါင်းထဲက မူးသော်လည်း ခြေလှမ်းကိုတော့ မှန်အောင် လှမ်းနိုင်ပါသည်။

'မင်းတို့ ပြန်ချင် ပြန်ကြတော့လေ၊ အိမ်က မျှော်နေကြလိမ့်မယ်'

'ရပါတယ် ဆရာ၊ ဆရာ တစ်ယောက်တည်း မထားခဲ့ပါဘူး ကျွန်တော်တို့ စောင့်နေဦးမယ်'

'ရပါတယ်ကွာ၊ သွားကြပါ'

အငှားကားတစ်စီး ထိုးဆိုက်လာသည်။

'ဆရာ စောင့်နေတာ ကြာပြီလား'

ဝေဝေ ကားပေါ်မှ ဆင်းလာသည်။

'မကြာသေးပါဘူး'

'ကလေးက သွေးလွန်တုပ်ကွေးလို့ ဆေးခန်းက ပြောတယ် ဆရာ၊ ဒါနဲ့ ကလေးဆေးရုံကို ဆက်သွားရတယ်၊ သူတို့ကလေးဆေးရုံမှာ ကျန်ရစ်ကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . . သွေးလွန်တုပ်ကွေးဆိုရင် စိုးရိမ်ရတာပေါ့၊ တလေးတာ အခုဘယ့်နှယ်နေလဲ'

'ကိစ္စမရှိပါဘူး ဆရာ၊ ဆေးရုံကို အချိန်မီရောက်တော့ စိုးရိမ်စရာ မရှိဘူးလို့ ပြောပါတယ်၊ ဆရာ စောင့်နေရမှာ စိုးတာနဲ့သူတို့က ပြန်လွှတ်လိုက်တာပါ၊ ကားပေါ်တက်လေ ဆရာ၊ သွားကြစို့၊ ကိုစံလှနဲ့ ကိုရွှေသိန်းထွန်းရော'

'ငါတို့ ဘတ်စ်ကားနဲ့ ပြန်မှာ၊ သွားကြ'

ကိုကျော်ခိုင် ကားပေါ်သို့ တက်လိုက်သည်။

'ဘယ်ကို မောင်းရမလဲ'

ရှေ့ခန်းမှ ကားသမားက နောက်သို့ လှမ်းမေး၏။

'ကမာရွတ်ကို မောင်း'

ဝေဝေ၏ စကားဆုံးသည်နှင့် ကားသမားက မောင်း၍ထွက်ခဲ့သည်။

မကြာမီမှာပင် ကားသည် လမ်းမကြီးတလျှောက် အရှိန်နှင့် ပြေးနေ၏။

တကယ်တမ်း ပြောရမည်ဆိုသောအခါ ကိုကျော်ခိုင်၏ ရင်ခုန်နှုန်းက မြန်လာသည်။ စောစောက မူးနေသည်များပင် ပျောက်သွားသည်။

ကားကလေးသည် ဦးဝိစာရလမ်းပေါ်သို့ ရောက်နေပြီ။ လမ်းအလယ်မှ တည်ပင်ကလေးများသည် တစ်ပင်ပြီး တစ်ပင် နောက်သို့ ကျန်ရစ်ခဲ့ကြ။



ကိုကျော်ခိုင် ပြောရန် ကြိုးစားသော်လည်း ပြော၍ မထွက်။ မပြောရဲ မပြောရက်။ ကမာရွတ်မှသူ့အိမ်သို့ ရောက်လျှင် ဝေဝေ ဆင်းနေခဲ့တော့မည်။

'ဘာပဲဖြစ်ဖြစ် ပြောတော့မည်'

ကိုကျော်ခိုင် ဝေဝေကို လှမ်းကြည့်လိုက်သည်။

ဝေဝေက လမ်းဘေးသို့ ငေးရင်းလိုက်ပါလာ၏။

မီးတိုင်များနှင့်တည့်တည့်ရောက်တိုင်း ဝေဝေ၏မျက်နှာလေးကို ထင်ထင်ရှားရှား မြင်ရ၏။ မီးတိုင် တစ်တိုင်ပြီးတစ်တိုင် ကျန်ရစ်ကြပြီ။ ဦးဝိစာရကျောက်တိုင်ကိုပင် လွန်ခဲ့ပြီ။ ကားမောင်းသည်ကို မြန်လွန်းသည်ဟု ကိုကျော်ခိုင် ထင်မိ၏။

မြေနီကုန်း မီးပွိုင့်နားသို့ ရောက်လာပြီ။ ကားသမားက စက်အရှိန်ကို လျှော့လိုက်သည်။

'ဆရာတို့ ကျွန်တော် ဒံပေါက်တစ်ထုပ်လောက် ဝင်ဝယ်ချင်လို့ ရမလား၊ ခဏလေးပါ။ ကျွန်တော့် သားနဲ့သမီးက မှာလိုက်လို့ပါ'

ကားဆရာက နောက်သို့ လှမ်းပြောသည်။

'ဟုတ်ကဲ့. . . . ဝယ်ပါ ရပါတယ်'

ကိုကျော်ခိုင်က ပုံမှန်အတိုင်းဖြစ်သော သူ၏ လေသံကို သဘောကျမိသည်။

ကားဆရာက မီးပွိုင့်မှ အနောက်ဘက်သို့ ချိုးကွေ့၍မောင်းသည်။

ကားဆရာ၏စကားသည် ကိုကျော်ခိုင်၏ရင်တွင် ဝိတ်ချုံးနေ

www.burmeseclassic.com

www.burmeseclassic.com



သော မောဟ တိမ်လွှာထုကို ပြယ်လွင့်သွားစေ၏။

ဖခင်၏မေတ္တာ အရောင်အလင်းများ ဝင်းလက်လာကြပြန်၏။

'ကျွန်တော့ သားနဲ့သမီးက မှာလိုက်လို့ပါတဲ့'

ကိုကျော်ခိုင် စိတ်ထဲမှ ထပ်ဆင့် ရေရွတ်နေမိသည်။

ဤကားဆရာသည် ဖခင်ကောင်းဖြစ်သည်။ သူများနားချိန်မှာ မနားနိုင်။ အချိန်ပို အလုပ် လုပ်နေရသော်လည်း သူ့သားသမီးများကို မမေ့။ သားသမီးများ မှာကြားလိုက်သည်ကို သတိရနေသည်။

ကားကလေးသည် လမ်းဘေးတွင် ရပ်လိုက်သည်။ ကားဆရာသည် ခပ်မြန်မြန်ပင် ကားပေါ်မှ ဆင်းသွား၏။

'ကားဆရာကြီး ကျွန်မလည်း ဝယ်ဦးမယ်'

ဝေဝေ ကားပေါ်မှ ဆင်းသွားသည်။

ကိုကျော်ခိုင် ရှက်မိသည်။ ကားဆရာ စကားကို ကြားမှ သားနှင့်သမီးတို့ကို သတိရသည်။ ကိုယ်ကတော့ ထမင်းပေါင်းစားပြီးပြီ။ အရက်လည်း သောက်ခဲ့သည်။

'ကလေးတွေ စားပြီးကြပြီလား၊ ဘာဟင်းနဲ့များ စားကြမလဲ၊ ခုချိန်ဆိုရင် အဖေကို မျှော်နေရှာကြတော့မယ်၊ အို. . . . သမီးငယ်လေး သနားပါတယ်၊ အမေ့ရင်ခွင်မရှိတော့ အဖေ့ရင်ခွင်မှာ နေချင်ရှာလိမ့် မယ်' ဟု တွေး၍ ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်မိ၏။

'ငါ ဘာဖြစ်လို့များ သားနဲ့ သမီးတို့ကို မေ့နေရတာပါလိမ့်'

ကိုကျော်ခိုင် ကိုယ့်ကိုယ်ကို မကျေနပ်မိ။

'ကလေးတွေကို ဂရုစိုက်ပါ အစ်ကိုရယ်၊ ဒီတစ်ခုတော့ ကတိ



ပေးပါ'

ကွယ်လွန်သူ ချစ်ဇနီးသက်၏ နောက်ဆုံး တောင်းဆိုခဲ့သော ဆန္ဒ။ ကိုကျော်ခိုင် ကတိပေးခဲ့သည်။ ခုတော့ ကလေးများကို မေ့မေ့လျော့လျော့ပင် ဖြစ်သွားမိသည်။

မြမြသက်၏ ဝမ်းနည်း ကြေကွဲသော မျက်နှာကလေးကို အတွေးအာရုံထဲမှာ မြင်ယောင်လာမိသည်။

'ဖေဖေရယ် သားတို့ကို ပစ်မသွားပါနဲ့'

ဒူးကိုဖက်၍ တောင်းပန်ခဲ့သော အောင်အောင်၏ စကား။

'ဖေဖေသာ နောက်မိန်းမယူရင် သမီးတော့ မေမေ့ကိုမီးရှို့တဲ့ နေရာ သွားနေမယ်'

သမီးငယ် ပိုးအိပြောသောစကား။

'အို ငါ မေ့နေပြန်ပြီ၊ ငါလည်း သူတို့လိုပဲ ဒံပေါက်ထုပ် ဝယ်သွားပြီး ကလေးတွေကို ကျွေးရရင် ကောင်းမှာ'

ကိုကျော်ခိုင် အိတ်ထောင်ကို စမ်းလိုက်သည်။ ငွေနှစ်ထောင်တော့ ရှိသေးသည်။

ကိုကျော်ခိုင် ကားပေါ်မှ ဆင်းလိုက်သည်။ သို့သော် ကားဆရာနှင့် ဝေဝေတို့ လာနေကြပြီ။

'ကားဆရာ၊ ကျွန်တော်လည်း ဝယ်လိုက်ဦးမယ်'

'ဒီမှာ ဝယ်ခဲ့ပြီ ဆရာ သုံးထုပ်'

ဝေဝေက လှမ်းပေးသည်။

'အို. . . . မဟုတ်တာ နေပါစေ၊ ဝေဝေ အိမ်ယူသွားပါ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



လေးပါ၊ သွားဝယ်လိုက်ဦးမယ်'

'မဟုတ်တာပဲ ဆရာရယ်၊ ဒါ ဆရာ့ ကလေးတွေအတွက် ဝယ်လာတာပါ၊ ကျွန်မတို့အိမ်မှာ မေမေကလဲ ဒံပေါက်ဆိုရင် လုံးဝ မစားဘူး၊ ကျွန်မလဲ မကြိုက်ဘူး၊ ရော့ ဆရာ'

'ကဲ ဒီလိုဆိုရင် ဆရာ ပိုက်ဆံပေးမယ်၊ အဲဒါကိုတော့ ဝေဝေ မငြင်းရဘူး'

ကိုကျော်ခိုင်က အိတ်ထောင်ကို နှိုက်လိုက်သည်။

'မပေးပါနဲ့ ဆရာ၊ မယူပါဘူး'

ဝေဝေ ကားပေါ်တက်၍ ထိုင်လိုက်သည်။ ကိုကျော်ခိုင် ကားပေါ်ရောက်သောအခါ ကားကလေးက မောင်း၍ထွက်သွားသည်။

'သြော် ဝေဝေရယ်'

ကိုကျော်ခိုင် ဝေဝေ၏ မျက်နှာလေးကို ငေး၍ ကြည့်နေမိသည်။ ဝေဝေကတော့ ကားရှေ့သို့ မျက်နှာမူ၍ လမ်းဘေးဆီသို့ ကြည့်နေ၏။

ဝေဝေ၏ ကြင်နာမှုနှင့် စေတနာထားမှုတို့ကြောင့် ရင်မှာ ခံစားရပြန်သည်။

'ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်သင့်သလဲ၊ ဝေဝေကိုပြောပြသင့်သလား၊ ဝေဝေနဲ့ဆိုရင် ငါ့မိသားစု ပျော်ရွှင်စရာ ဖြစ်လာမလား။ သားတို့ သမီးတို့က ဝေဝေ့အပေါ်မှာ ဘယ်လိုသဘောထားမလဲ။ ဝေဝေကတော့ သားတို့ သမီးတို့ကို ကြင်နာဟန်တူတယ်။ စေတနာကောင်းလည်း ရှိတယ်။ ဒါပေမဲ့ တကယ်လို့ သူ့ရင်သွေးလဲ ရှိလာ



ဦးမယ်ဆိုရင် အတူတူ မေတ္တာထားနိုင်ပါ့မလား။ ငါ့သားသမီးလေးတွေ မျက်နှာငယ်ကြရမှာလား။ ဝေဝေ့ဘက်က စဉ်းစားကြည့်ရင်လည်း ကလေးသုံးယောက်ရဲ့ ဖခင်ဖြစ်တဲ့ ငါ့ကို လက်ထပ်သင့်ရဲ့လား။ ဆရာတစ်ယောက်အနေနဲ့ ခင်မင်လေးစားမှုကို ငါ အခွင့်အရေး ယူသင့်ပါ့မလား'

ကိုကျော်ခိုင်၏ ခေါင်းထဲတွင် ပို၍ မူးနောက်လာ၏။

'ငါ့သားသမီးလေးတွေနဲ့ ဒီလိုပဲ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနေတာ ကောင်းမယ်ထင်ပါရဲ့'

ရှေ့ဆီသို့ ငေးမောနေသော ဝေဝေ၏ မျက်နှာကလေးကို လှမ်းကြည့်မိပြန်သည်။

'အို. . . . ပကတိ အေးချမ်းပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးရယ်၊ ဒီဘဝအတွက်တော့ နှမ လက်လျှော့နေလေတော့လို့ ပြောရတော့မှာလား'

ကိုကျော်ခိုင် ရင်ထဲတွင် မုန်တိုင်းတိုက်နေသော်လည်း ဝေဝေကတော့ ဘာမျှ သိဟန်မတူ။

မော်တော်ကားသည် ဟံသာဝတီအဝိုင်းသို့ ရောက်လာခဲ့ပြီ။

'ပြောမယ်ဆိုရင်တော့ ဒီအချိန်ဟာ အကောင်းဆုံးပဲ၊ [illegible] လေ ငါ့တဖက်တည်းကနေပြီး ငါကြိုက်သလို တွေးနေတာကို [illegible] တော့ သူက ဆရာတစ်ယောက်အနေနဲ့သာ ခင်မင်လေးစားနိုင်တာမျိုးဆိုရင်၊ အို. . . . ငါ မပြောသင့်ပါဘူး၊ သူ့ဘဝလေးနဲ့သူ [illegible] တယ်တယ် ရှိပါစေလေ၊ ငါနဲ့သာမဟုတ်ရင် သူ့အနာဝတ်တော [illegible]

www.burmeseclassic.com

www.burmeseclassic.com



တောက် ဝနိုင်မှာပါ။ တော်ပါပြီလေ၊ မပြောတော့ပါဘူး၊ ငွေနှစ်သောင်းဝဲ ချေးပါတော့မယ်'

ကိုကျော်ခိုင် ဆုံးဖြတ်လိုက်သည်။ ရင်မောသည်က သက်သာသွား၏။ သို့သော် ငွေချေးဖို့ပင် ပြော၍ မထွက်နိုင်သေးအောင် ဖြစ်နေချြန်၏။

'ဒါကတော့ သူ့အတွက် ကူညီဖို့ ခက်မှာမဟုတ်ပါဘူးလေ၊ နွေလ ငွေစုငွေချေးက ရရင်လည်း ပြန်ဆပ်နိုင်မှာပဲ'

ကိုကျော်ခိုင် စိတ်အားတင်းလိုက်သည်။

'ဝေဝေ'

ကိုကျော်ခိုင်၏ အသံက ခြောက်ကပ်ကပ်နိုင်လွန်းလှ၏။

ဝေဝေ လှည့်ကြည့်၏။

'ဆရာ ဝေဝေ့ကို တစ်ခုပြောချင်လို့'

ကိုကျော်ခိုင်က ဝေဝေ၏မျက်နှာကို လှမ်း၍ အကဲခတ်လိုက်သည်။

'ဆရာ မပြောခင် ဝေဝေ ဆရာ့ကို တစ်ခုမေးချင်တယ်'

'မေးပါ ဝေဝေ'

'ဆရာ အရက်သောက်လာတယ် မဟုတ်လား'

ကိုကျော်ခိုင် ဘာမှ မပြောနိုင်အောင် အံ့ဩသွားမိသည်။

'ဝေဝေ မေးတာကို ပြောပါဦး ဆရာ'

ဝေဝေ၏လေသံက လေးစားမှုမပျက်သော်လည်း မေးနေသည်ကတော့ စစ်ဆေးသည့်သဘော။



ကိုကျော်ခိုင် မညာချင်ပါ။ ညာ၍လည်း ထူးမည်မဟုတ်ပါ။ ဝေဝေ အနံ့ရလိမ့်မည်။

'နည်းနည်းပဲ သောက်ခဲ့တာပါ ဝေဝေ'

ကိုကျော်ခိုင် ပြောပုံမှာ အပြစ်ရှိသူတစ်ယောက်၏ ဝန်ခံသော လေသံမျိုးဖြစ်၏။

'အရက်သောက်ရင်တော့ ဘာမှမပြောပါနဲ့ ဆရာ'

ဝေဝေ၏ အသံက ပြတ်၏။

'ဘာဖြစ်လို့လဲ ဝေဝေ'

'ဘာမှ မဖြစ်ပါဘူးဆရာ၊ အရက်မူးပြီးပြောတဲ့ စကားကို ဘာပဲဖြစ်ဖြစ် ဝေဝေ အလေးအနက်မထားချင်ဘူး၊ ဆရာ ပြောချင်ရင် နောက်ကျမှ အရက်မသောက်ဘဲနဲ့ ပြောပါ'

အေးသော သဘောကောင်းသော မိန်းကလေးသည် ဤနေရာမှာတော့ တည်ငြိမ်မှု တိကျမှု အပြည့်ဖြစ်၏။

'ဆရာ အခုပြောမှ ဖြစ်မှာမို့ပါ'

'ဝေဝေ တောင်းပန်ပါတယ် ဆရာ၊ ဘာမှမကြားချင်လို့ပါ'

ဝေဝေ ဤမျှအထိ တင်းတင်းမာမာ ငြင်းလိမ့်မည်ဟု ကိုကျော်ခိုင် မထင်ခဲ့မိ။

'ကောင်းပါပြီ ဝေဝေ၊ ဆရာ ဘာမှ မပြောတော့ပါဘူး'

ကိုကျော်ခိုင် စိတ်မကောင်းဖြစ်မိသည်။ အရက်သောက်ခဲ့မိသောအမှားကိုလည်း နောင်တရနေမိသည်။

'ငွေနှစ်သောင်း၊ ငွေနှစ်သောင်းလောက်ရအောင် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပါ့မလဲ’

ကိုကျော်ခိုင်၏ ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်လာသည်။

တစ်လမ်းလုံး စကားပြောဖြစ်ကြတော့ပဲ ကားပေါ်တွင် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြသည်။

ကမာရွတ်သို့ ရောက်သောအခါ ဝေဝေ ညွှန်ပြသည့်အတိုင်း ကားဆရာက လမ်းထိပ်တွင် ရပ်သည်။

ဝေဝေက ကားပေါ်မှဆင်းပြီး ပိုက်ဆံပေးသည်။ ကိုကျော်ခိုင်ကို အိမ်အထိ လိုက်ပို့ရန်အတွက်လည်း ကားဆရာကိုညွှန်ကြားနေသည်။

‘ဝေဝေ နေပါစေ မပေးနဲ့၊ ကားဆရာ မယူပါနဲ့ဗျာ၊ အင်းစိန်ကျမှ ကျွန်တော်ပေးမယ်’

သို့သော် ဝေဝေက ပေးပြီးနေပြီ။

ကိုကျော်ခိုင် ဘာမှ ထပ်မပြောနိုင်မီမှာပင် ဝေဝေသည် သူ့အိမ် ဆီသို့ လျှောက်သွားလေပြီ။

ဝေဝေ ဆင်းသွားပြီးနောက် စိတ်ကိုလျှော့လိုက်၍ ထင်ပါ၏။ အရက်အရှိန်က ပြန်တက်လာသည်။

ကိုကျော်ခိုင်သည် ကား၏ရှေ့ပိုင်းကို တိုးထိုင်ပြီး မှီ၍ လိုက်လာသည်။ မျက်စိကိုလည်း ပိတ်ထားလိုက်သည်။ ကားပြေးနေသည်ကို သိပါ၏။ မျက်စိကို မဖွင့်ချင်။ အိပ်ရာပေါ်တွင် လှဲ၍ အိပ်လိုက်ချင်သည်။ ကိုကျော်ခိုင် အိပ်ပျော်သွားမိသည်။



‘ဆရာကြီး၊ ဘယ်ကို ဆက်မောင်းရမလဲ၊ ရှေ့ကိုလာစီးပါ’

ရှေ့ခန်းမှ ကားသမားက လှမ်းမေးသည်။

ကိုကျော်ခိုင် မျက်စိကိုဖွင့်ကြည့်လိုက်သည်။ အင်းစိန်လမ်းဆုံမှ ဓာတ်ဆီဆိုင်နားသို့ ရောက်နေပြီ။

ကိုကျော်ခိုင် ကားနောက်မှဆင်း၍ ရှေ့ခန်းသို့ ပြောင်းခဲ့၏။ ခြေထောက်က လေးနေ၍ ကားကိုကိုင်ပြီး လျှောက်ခဲ့ရသည်။

‘သံလမ်းကို ကျော်လိုက်ဗျာ၊ ဈေးဘက်ကို မောင်း’

ကားဆရာက ကားကို ဆက်မောင်းသည်။ သံလမ်းကိုကျော်သည်။ ဈေးကို လွန်ခဲ့ပြီ။

‘ရှေ့ကလမ်းထဲကို ဝင်လိုက်ဗျာ’

ကားသမားက ကွေ့ဝင်လိုက်သည်။

‘တည့်တည့်မောင်း၊ ဟိုရှေ့က ဓာတ်တိုင်နားမှာရပ်’

ကားသမားက ဓာတ်တိုင်အထိမောင်းပြီး ရပ်လိုက်သည်။

ကိုကျော်ခိုင် ကားပေါ်မှဆင်းပြီး မယိမ်းမယိုင်အောင် သတိထား၍ အိမ်ဆီသို့ လျှောက်လာခဲ့သည်။

‘သားရေ၊ သမီးရေ’

‘ဟော. . . . ဖေဖေပြန်လာပြီဟေ့’

အောင်အောင်က အရင် ပြေး၍ထွက်လာသည်။

‘ဖေဖေကြီး’

ပိုးအိက နောက်မှ ပြေးလိုက်လာသည်။

ကိုကျော်ခိုင် အိမ်ထဲသို့ရောက်သောအခါ ထမင်းဝိုင်း အဆ

www.burmeseclassic.com

www.burmeseclassic.com



သင့်ပြင်ထားသည်ကို တွေ့ရ၏။

'ဖေဖေ့ကို စောင့်နေရတာ ထမင်းဆာလှပြီ'

ပိုးအိ စကားကြောင့် ကိုကျော်ခိုင်၏ ရင်ထဲတွင် နင့်သွားမိ၏။

'စားနှင့်ကြရောပေါ့ သမီးရယ်၊ ဘာလို့ စောင့်နေရတာလဲ'

'ဟင့်အင်း ဖေဖေနဲ့မှ အတူစားချင်တယ်'

ကိုကျော်ခိုင် သမီးငယ်ကို သနားမိသည်။

'ကဲ ဒါဆိုရင်လည်း ဟန်ကျတာပဲ၊ ဖေဖေ ဒံပေါက်ထုပ် ပါလာတယ် လာကြ'

သီတာက စာဖတ်နေသည်။

'သမီး သီတာ နေကောင်းရဲ့လားဟင်'

ကိုကျော်ခိုင်က သီတာ၏ ကျန်းမာရေးကို စိုးရိမ်မိသည်။

'ကောင်းပါတယ်'

သီတာ၏ အဖြေက လိှုက်လှဲမှုမရှိ။

'ကဲ ကဲ လာကြ၊ ဒံပေါက်စားကြရအောင်၊ ဝေဝေက သားတို့ သမီးတို့ဖို့ ဒံပေါက်သုံးထုပ် ဝယ်ပေးလိုက်တယ်၊ သမီးသီတာ အန်တီ သိန်းကိုလည်း ခွဲပေးလိုက်ပါဦး'

ကိုကျော်ခိုင် စားပွဲတွင် ဝင်ထိုင်သည်။

'စားကြပါတော့ ကျုပ်ဆာလွန်းလို့ စားပြီးပါပြီ၊ မင့်သားသမီး တွေသာ စားနှင့်ကြလို့ ပြောတာ ပြောလို့ကိုမရဘူး၊ ဖေဖေ လာမှ စားမယ်ဆိုပြီး စောင့်နေကြတာ'

'ဖေဖေ'



အောင်အောင်၏ မျက်နှာက မကောင်း။

'ဘာလဲ ငါ့သား'

'ဖေဖေ အရက်တွေ သောက်လာတယ် မဟုတ်လား'

'နည်းနည်းပါ သားရယ်'

'ဘာဖြစ်လို့ သောက်ရတာလဲ ဖေဖေရယ်'

ပိုးအိ စိတ်မကောင်း ဖြစ်ရှာသည်။

'ဖေဖေ စိတ်ညစ်လို့ သောက်တာပါ သမီးရယ်'

'ဘာဖြစ်လို့ စိတ်ညစ်တာလဲ ဖေဖေ'

ပိုးအိ အံ့သြနေသည်။

'ဘာမှ မဖြစ်ပါဘူး သမီးရယ်၊ ကဲ စားကြ၊ သမီး သီတာ'

သီတာက စာအုပ်ကို ချထားခဲ့၍ ထမင်းဝိုင်းသို့ ဝင်လာသည်။ ကိုကျော်ခိုင်က ဒံပေါက်တစ်ထုပ်ကို ဖြည်၍ သီတာ၏ပန်းကန် ထဲသို့ ထည့်ပေးသည်။

'သမီး မစားချင်ဘူး ဖေဖေ'

'ဘာဖြစ်လို့လဲ သမီး'

'သမီး အစာမကြေမှာ စိုးလို့ပါ'

သီတာက သူ့အစီပွာယ်နှင့်သူ ပြောလိုက်သည်။

'အိုး . . . ဟုတ်ပါရဲ့၊ သမီးက သိပ်နေကောင်းတာ မဟုတ် ဘူး၊ ဒံပေါက်က အစာမကြေမှာ စိုးရတယ်၊ ဒါဖြင့် ငါ့သမီးက ထမင်းပဲ ပဲ စားနော်'

ကိုကျော်ခိုင်က ဒံပေါက်များကို အောင်အောင်နှင့် ပိုးအိထံ

www.burmeseclassic.com



ကန်ထဲသို့ ထည့်ပေးသည်။

ကလေးနှစ်ယောက်မှာ ဆာနေ၍ အားပါးတရ စားကြသည်။

သီတာကတော့ ထမင်းဖြူကိုသာ ထည့်၍ စိတ်မပါသလို စားနေသည်။

'သမီး စားလို့ မကောင်းဘူးလား'

ကိုကျော်ခိုင်က သီတာ စားနေသည်ကို ကြည့်၍ အားမရ။

'ကောင်းပါတယ်'

သီတာ၏အဖြေမှာ ဝတ္တရားကျေရုံ ဖြစ်သည်။

'သမီး ဖေဖေ အရက်သောက်လာလို့ စိတ်မကောင်း ဖြစ်နေသလား'

ကိုကျော်ခိုင်၏ အမေးမှာ သီတာအတွက် ငိုချင်လျှက် လက်တို့ ဖြစ်သွား၏။

သီတာ၏ ပါးပြင်ပေါ်တွင် မျက်ရည်ပူများ အဆက်မပြတ်စီးကျလာသည်။

'အို. . . . မငိုပါနဲ့ သမီးရယ်၊ သမီး. . . . မကြိုက်ရင် နောက်တို ဖေဖေ လုံးဝ မသောက်တော့ပါဘူး၊ ကဲ. . . . စား စား၊ မငိုပါနဲ့၊ မောင်လေးတွေ ညီမလေးတွေ စိတ်မကောင်း ဖြစ်နေပါ့မယ်'

သီတာ စားချင်စိတ် မရှိ။ သီတာ၏ရင်ထဲမှာ ဖေဖေ့အပေါ် မကျေနပ်မှုများနှင့် ပြည့်နေသည်။ မေမေရှိစဉ်က တခါမှမသောက်ခဲ့ဖူးသော အရက်ကို အခု ဖေဖေ သောက်လာသည်။ ဖေဖေကား အပြောင်းလဲကြီး ပြောင်းလဲလေပြီ။ အချိန်ပိုဆိုသည်ကိုလည်း သီတာ



မယုံ။

'စားရေးမက ဘာကြောင့် ဒံပေါက်ထုပ် ဝယ်ပေးရတာလဲ။ ဘယ်မှာ ဝယ်တာလဲ၊ စာရေးမနဲ့အတူတူ လျှောက်လည်နေကြသလား။ စားသောက်ဆိုင်မှာ အတူစားခဲ့ကြသလား။ သားသမီးများကို မေ့ရက်နိုင်သော ဖေဖေ'

တွေးလေလေ ဖေဖေ့ကို မကျေနပ်။

သီတာ၏ ရင်ထဲတွင် ခံစားနေရသည်များကို ဖေဖေ သိအောင် ပြောပြလိုက်ချင်သည်။ ထမင်းဗူးကစ၍ ပြောချင်သည်။ သို့ရာတွင် ပြော၍ မဖြစ်၊ ပြော၍ မထွက်။

'သမီး သီတာ၊ ကြက်ဥကြော်ထားတာတွေ စားလေ၊ ငါ့သမီးက ပိန်တယ်၊ အားနည်းတယ်၊ အားရှိမယ့်အစာ များများစား'

ကိုကျော်ခိုင်က ကြက်ဥကြော်များကို သီတာ၏ ပန်းကန်ထဲသို့ ထည့်ပေးသည်။

'သမီးငယ်လေး၊ သားရော ဝအောင် စားကြ၊ ရော့'

ကိုကျော်ခိုင်က သူ့ပန်းကန်ထဲမှ ကြက်ရင်အုံကို အသားများဖဲ့ခွာ၍ ပိုးအိနှင့်အောင်အောင်၏ ပန်းကန်ထဲသို့ထည့်ပေးသည်။

'ဟင့်အင်း. . . . သမီးတို့အထဲမှာလည်း ကြက်သားဖတ်တွေအများကြီး ရှိတာပဲ ဖေဖေစား၊ ဒီအိမ်မှာ ဖေဖေက အလုပ်လုပ်ရသောအပင်ပန်းဆုံး၊ စားတော့လည်း ဖေဖေက အနစ်နာ အခံရဆုံး၊ ဖေဖေအားရှိမှ ဖြစ်မှာ၊ ဖေဖေ အလုပ်လုပ်နိုင်မှ သမီးတို့သားတို့ ထမင်းစားရမှာ၊ ဖေဖေ အလုပ်မလုပ်နိုင်ရင် သမီးတို့ ငတ်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပိုးအိက ကြက်သားဖတ်များကို ဖခင်၏ ပန်းကန်ထဲသို့ ပြန်ထည့်ပေးသည်။

'ဟုတ်တယ်၊ ညီမလေး ပြောတာ မှန်တယ်'

အောင်အောင်ကလည်း သူ့ထဲမှ ကြက်သားဖတ်များကို ဖခင်၏ ပန်းကန်ထဲသို့ ပြန်ထည့်ပေးသည်။

'ကဲ ကဲ. . . . ဖေဖေ စိတ်ချမ်းသာစေချင်ရင် သားတို့ သမီးတို့လည်း စားကြ၊ ရော့. . . . ဟောဒီမှာ ဖေဖေလည်း စားမယ်'

ကိုကျော်ခိုင်က အသားဖတ်နည်းနည်းစီ ယူထားပြီး ကလေးများကို ပြန်ပေးသည်။

ကိုကျော်ခိုင် ဒံပေါက်ထမင်း စားနေရင်းမှ ရင်ထဲတွင် ပျို့တက် လာသည်။

ထမင်းစားပွဲနှင့် ဝေးရာသို့ ပြေးရန် ထလိုက်သည်။ သို့သော် မထိန်းနိုင်တော့၍ အန်ချလိုက်ရ၏။

'ဟဲ့. . . . မောင်ကျော်ခိုင်၊ ဘယ်လို ဖြစ်တာလဲ၊ အို. . . . ဒုက္ခကွယ်၊ ဘာလို့များ အရက်တွေ သောက်လာရတာလဲကွယ်'

ဒေါ်သိန်းက အပြစ်တင်သော လေသံဖြင့် ညည်းညူ ပြောဆိုသည်။

'ဖေဖေ. . . .'

အောင်အောင်က ကိုကျော်ခိုင်၏ ကျောကို နှိပ်ပေးသည်။

'ဟီးအီး. . . . ဖေဖေကြီး'

ပိုးအိ ငိုရှာသည်။



'ဟဲ့. . . . ပိုးအိ ငိုမနေနဲ့လေ၊ ရေတစ်ခွက် ခပ်ပေးလိုက်'

ဒေါ်သိန်းက ပြော၍ ပိုးအိ ရေတစ်ခွက်သွားခပ်ပြီး ဖခင်ကို ပေးသည်။

ကိုကျော်ခိုင် ရေခွက်ကို မယူနိုင်သေး၊ ဆက်၍အန်နေပြန်၏။

အောင်အောင်က ဖခင်၏ ရင်ဘတ်ကို ဖိပေးထားရင်း မျက်ရည်များ ကျနေသည်။

အန်လိုက်ရ၍ ကိုကျော်ခိုင်၏ရင်ထဲမှာ ပေါ့သွားပြီ။ သို့သော် အိမ်ထဲမှ ကြမ်းပေါ်တွင် အန်ထားသည်တို့က မြင်မကောင်းအောင် ဖြစ်နေပေ၏။ ဆိုးရွားသော အနံ့အသက်များကလည်း ကိုကျော်ခိုင် ကိုယ်တိုင်ပင် မခံမရပ်နိုင်အောင် ဖြစ်ရသည်။

သမီးငယ် ပိုးအိပေးသော ရေခွက်ကိုယူ၍ ကိုကျော်ခိုင် ပလုတ်ကျင်းပြီး ပြတင်းပေါက်မှာ သွားထွေးသည်၊ ပိုးအိကို ရေ တစ်ခွက် ထပ်အယူခိုင်းပြီး အဝသောက်လိုက်ရသည်။

ထမင်းစားပွဲလေး ပျက်သွားသည်။

သီတာရေတစ်ပုံးသွားဆွဲ၍ အန်ထားသည်များကို ဆေးကြောရင်း မျက်ရည်များကျနေ၏။

ကိုကျော်ခိုင် ကလေးများကိုကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။

'မှားတယ် ငါမှားတယ်၊ ငါ့ရဲ့လုပ်ရပ်က ငါ့ကိုသာ မှီခို အားထားနေကြရတဲ့ ငါ့သားသမီးလေးတွေ အားငယ်ကြတော့မှာပဲ။ နောက်ဆိုရင်တော့ ဘယ်သူတိုက်တိုက် ငါဘယ်တော့မှ မသောက်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် နောင်တရနေမိသည်။

'ဖေဖေ၊ ဖေဖေ့မှာ ဘာတွေ စိတ်ညစ်စရာရှိတယ်ဆိုတာ သမီး သိပါရစေ'

သီတာသည် ရေဆေးထားသည်များကို အဝတ်စုတ်တစ်ခုနှင့် သုတ်ရင်းမှ ဖခင်ကို မေးမိသည်။

'မေမေ မရှိတော့ စိတ်ညစ်တာပေါ့ သမီးရယ်'

'ဒါဖြင့် ဖေဖေက မေမေ့နေရာမှာ အစားလိုချင်လို့လား'

'ဘာပြောတယ် သမီး'

သီတာမေးပုံကို ကိုကျော်ခိုင် မကျေနပ်။

သီတာက သူ့မျက်လုံးမှ မျက်ရည်များကို လက်ဖြင့်သုတ်ပစ်နေသည်။

'ဖေဖေက မေမေ မရှိတော့တဲ့အတွက် စိတ်ညစ်တယ်ဆိုလို့ပါ'

ကိုကျော်ခိုင်သည် သမီးကို မာမာကျောကျော ပြောမိ၍ စိတ်မကောင်း ဖြစ်သွား၏။

'စိတ်မညစ်ပါနဲ့ ဖေဖေရယ်၊ သမီးတို့ ဖေဖေ ပျော်အောင်လုပ်ပါ့မယ်၊ သမီးနှိပ်ပေးမယ်နော်'

ပိုးအိက ကိုကျော်ခိုင်၏ပခုံးကို နှိပ်ပေးသည်။

'တော်ပါပြီ သမီးရယ်၊ ဖေဖေ အိပ်ပါရစေတော့'

ကိုကျော်ခိုင် အိပ်ခန်းထဲ ဝင်ခဲ့သည်။ အိပ်ရာထဲတွင် လှဲမိသည်နှင့် အိပ်ပျော်သွားခဲ့သည်။

* * *



သီတာ စာအုပ်ကို ကြည့်နေသော်လည်း စာကိုမမြင်။ ရင်ထဲတွင် ခံစားနေရသည်များကို အောင်အောင်နှင့် ပြောချင်သည်။ အောင်အောင်က အိမ်စာပေးလိုက်သော သင်္ချာများကို တွက်နေ၏။

'အောင်အောင်'

သီတာ၏အသံက ခပ်တိုးတိုးဖြစ်၏။

အောင်အောင်က သင်္ချာတွက်နေရာမှ မော့၍ပင် မကြည့်။

'ငါ စာကြည့်လို့ မရဘူး'

'ဘာဖြစ်လို့လဲ၊ ရအောင် ကြည့်ပေါ့'

'ငါ့ရင်ထဲမှာ ပူနေလို့'

'ရင်ထဲမှာ ပူနေရင် ရေသောက်လိုက်ပေါ့'

'ရေသောက်လို့မရတဲ့ ပူလောင်မှုမျိုးမို့ပေါ့ဟ'

အောင်အောင်က သီတာကို လှမ်းကြည့်လိုက်သည်။

'ဘာလဲ၊ ဖေဖေ အရက်သောက်လာလို့လား'

သီတာက ကိုကျော်ခိုင် အိပ်နေသောအခန်းကို လှမ်းကြည့်လိုက်၏။ ဘာသံမျှ မကြားရ။ ကိုကျော်ခိုင်ရော ပိုးအိပါ အိပ်နေကြပြီ။ ဒေါ်သိန်းလည်း စောစောကပင် အိပ်ရာဝင်သွားပြီ။ အောင်အောင်နှင့် အေးအေးဆေးဆေး တိုင်ပင်ချင်သည်။

'ငါ ဒီမှာ သင်္ချာပုစ္ဆာတစ်ခုက တွက်လို့ မရသေးဘူး'

အောင်အောင်က သင်္ချာပုစ္ဆာကိုအဖြေရအောင် ကြိုးစားချင်သေးသည်။

'နင့်ပုစ္ဆာထက် ဒီပုစ္ဆာက ပိုအရေးကြီးတယ် လာ'

www.burmeseclassic.com

www.burmeseclassic.com



သီတာက ရှေ့မှဆင်းသွားသည်။ အောင်အောင်က ပခုံးကို တွန့်ပြရင်း ပြုံးလိုက်မိသည်။ ဘောပင်ကို စာအုပ်ပေါ်တွင်ပစ်ချခဲ့ပြီး သီတာ၏နောက်သို့ လိုက်သွားရသည်။

အိမ်ရှေ့စံပယ်ရုံဘေးမှ ခုံတန်းလေးတွင် မောင်နှမနှစ်ယောက် ထိုင်ကြသည်။

'ဖေဖေဟာ သိပ်ကို ပြောင်းလဲနေပြီ'

သီတာက အစ်မကြီးတစ်ယောက်၏ လေသံဖြင့် အလေးအနက်ထား၍ ပြောနေသည်။ အောင်အောင်က ဘာမှမပြောဘဲ ငြိမ်၍ နားထောင်နေသည်။

'ဒီနေ့လည်း တခါမှ မသောက်ဖူးပဲနဲ့ အရက်သောက်လာပြန်တယ်'

'ဖေဖေလည်း မေမေမရှိတော့ စိတ်ညစ်လို့ နေမှာပေါ့ မမရာ'

'မေမေ မရှိတဲ့အချိန်မှာ ဖေဖေကလည်း အရက်မူးနေမယ်ဆိုရင် တို့သားသမီးတွေ ဘယ်လိုနေရမလဲ အောင်အောင်၊ ဒီလောက်တော့ ဖေဖေ စဉ်းစားဖို့ကောင်းတာပေါ့'

သီတာက ပြောရင်းမှ ငိုသံပါလာသည်။ မျက်လုံးများတွင်လည်း မျက်ရည်လည်၍လာသည်။ သို့သော် ရုတ်တရက်ပင် သီတာ၏မျက်နှာက ပြန်တင်းသွား၏။

'စာရေးမက ထမင်းဗူးပေးကတည်းက ဖေဖေ ပြောင်းလဲနေတာ၊ အောင်အောင် ဘာမှ နားမလည်ဘူး၊ ငါ့ရင်ထဲမှာတော့ ပူလောင်နေတာပဲ၊ ဒီနေ့လဲ အိုဗာတိုင်ပြီး စာရေးမနဲ့ အတူလျှောက်လည်နေမှာ'



'အဲဒီလိုတော့ ဖေဖေ လုပ်မှာမဟုတ်ပါဘူး ထင်တယ်'

'ဘာ. . . နင် ဘာသိလို့လဲ အောင်အောင်၊ နင်တို့ စားတဲ့ ဒံပေါက်ထုပ်ဟာ စာရေးမက ဝယ်ပေးလိုက်တာလို့ ဖေဖေကပြောတယ် မဟုတ်လား၊ ရုံးကပြန်လာတာဆိုရင် ဒံပေါက်ထုပ်က ဘာလို့ ဝယ်နေရဦးမှာတုံး၊ နောက်ပြီး ဒီစာရေးမကရော ဘာဖြစ်လို့ ဒံပေါက်ထုပ်တွေ ဖေဖေ့ကို ဝယ်ပေးရတာတုံး၊ သူတို့နှစ်ယောက်အတူတူ ဆိုင်သွားပြီး စားသောက်နေကြမှာ၊ ပြီးတော့မှ ငါတို့သဘောကျအောင်လို့ ဒံပေါက်ထုပ်တွေ ဝယ်ပေးလိုက်တာ ဖြစ်မှာပါ၊ ဒါကြောင့်မို့ ငါက လုံးဝမစားဘဲ နေလိုက်တာ'

အောင်အောင်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

'မေမေ မရှိပေမယ့် ဖေဖေရှိနေရင် ငါ ဘာမှ မစိုးရိမ်ဘူး၊ ဘယ်လို နေရနေရ ဘယ်လို စားရစားရ ငါမကြောက်ပါဘူး၊ ဒါပေမယ့် မိထွေးဆိုတာ ဝင်လာရင် တို့အတွက် မြင်းမိုရ်တောင်ကြီး ပြိုပြီ အောင်အောင်'

သီတာ၏ ပါးပေါ်တွင် မျက်ရည်များ စီးကျနေသည်။

'ဘာ. . . မြင်းမိုရ်တောင်ကြီးပြိုပြီ ဟုတ်လား'

အောင်အောင်က အံ့ဩသွားသည်။

'ဟုတ်တယ်၊ မြင်းမိုရ်တောင်ကြီးပြိုပြီ'

'ဒါဖြင့် မြင်းမိုရ်တောင်ကြီး မပြိုအောင် ဘယ်လို[illegible]လဲ မမ'

'ငါတို့ ကြိုးစားရမှာပေါ့၊ ငါတစ်ယောက်တည်း ကြိုး[illegible]

www.burmeseclassic.com



တော့ မရဘူး၊ ငါတို့သုံးယောက်စလုံး ဝိုင်းကြိုးစားရမှာ'

'ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲ'

'ဒါတော့ ငါလည်း မသိသေးဘူး'

'ဖေဖေက စာရေးမကို ကြိုက်နေတယ်ဆိုတာရော သေချာပါ့ မလား'

'ဒါလဲ အသေအချာ ပြောနိုင်တာတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ မေမေဝယ်ပေးတဲ့ထမင်းဗူးကိုမသုံးတော့ဘဲနဲ့ စာရေးမ ပေးတဲ့ ထမင်းဗူးကို ဖေဖေ တယုတယ ဖြစ်နေတာတော့ ငါမကျေနပ်ဘူး'

သီတာ၏မျက်နှာလေးသည် တင်းမာသွားပြန်၏။

'အဲဒါတော့ ဟုတ်တယ်၊ မနေ့က ညီမလေးကြောင့် အဲဒီ ထမင်းဗူးအဖုံး စားပွဲပေါ်က ကျသွားတော့ 'ဟဲ့ သမီးက အရမ်းဆွဲ လိုက်တာကိုး၊ ထမင်းဗူးအဖုံး ပိန်သွားပါဦးမယ်' လို့ ပြောတယ်'

'အေး. . . . အဲဒီတော့ အောင်အောင် စဉ်းစားကြည့်လေ၊ စာရေးမပေးတဲ့ ထမင်းဗူးကိုတောင် ဖေဖေ ဒီလောက် အဖြစ်သည်းနေ ရင် တကယ့်စာရေးမသာ အိမ်ပေါ်ရောက်လာရင်တော့ ဘယ်လောက် ဖြစ်နေမလဲ၊ ခု ချိုင့်အဖုံးကျတာကို အပြောခံရပြီ၊ စာရေးမ ရောက်လာ ရင် ငါတို့ အရိုက်တော့ ခံရဦးမယ်'

သီတာ၏စကားကြောင့် အောင်အောင် သက်ပြင်းချမိသည်။

'မသီတာပြောသလိုဆိုရင် ဖေဖေ နောက်မိန်းမ ယူချင်ပြီ လား၊ နောက်မိန်းမ ယူရင် ငါတို့ကို ခုလို ချစ်ပါဦးတော့မလား၊ မိထွေး က ငါတို့ကို နှိပ်စက်မှာလား၊ ဖေဖေကရော ငါတို့ကို ဝေါက်လိုက်



ရိုက်လိုက် လုပ်တော့မှာလား'

အောင်အောင် စဉ်းစားရင်း ရင်မောရပြီ။ မသီတာ ပြောတာ မှန်သည်။ ဤပုစ္ဆာက ပိုခက်သည်။

ᕯ ᕯ ᕯ

ကိုကျော်ခိုင်သည် ဘတ်စ်ကားမှ ဆင်းသောအခါ ရုံးပေါ်သို့ တက်ရမည်ကို ဝန်လေးနေမိသည်။ အချိန်ပိုဆင်းသည့်နေ့က အဖြစ် ကြောင့် ဝေဝေနှင့် တွေ့ရမည်ကို စိုးရွံ့နေမိ၏။ ဝေဝေနှင့်စကား ပြောရမည်ကိုလည်း ရှက်ရွံ့အားနာ ဖြစ်နေမိသည်။

'ဆရာ. . . .'

စံလှနှင့် သိန်းထွန်းတို့ ရုံးရှေ့မှ စောင့်နေကြသည်။

'ဟိုနေ့က အဆင်ပြေလား ဆရာ'

စံလှက ကိုကျော်ခိုင် အနီးသို့ကပ်၍ လေသံတိုးတိုးဖြင့် မေး သည်။

'ဘာ အဆင်ပြေရမှာလဲကွာ'

'ဆရာကလဲဗျာ၊ ဟိုနေ့က ဝေဝေ့ကို ပြောဖြစ်လားလို့ မေး တာ'

'မပြောဖြစ်ပါဘူးကွာ'

'ဆရာကလဲ ဗျာ'

စံလှနှင့်သိန်းထွန်းတို့ စိတ်ပျက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်သည် ထိုအကြောင်းနှင့် ပတ်သက်၍ ဆက်မပြောလိုသောကြောင့် ရုံးပေါ်သို့ တက်ခဲ့သည်။

ရုံးထဲသို့ဝင်လိုက်သောအခါ ဝေဝေနှင့် မျက်နှာချင်းဆိုင် တွေ့ရပြန်၏။ သို့သော် ခါတိုင်းလို နှုတ်မဆက်ဘဲ ကိုကျော်ခိုင်ရှောင်၍ သွားသည်။

ကိုယ့်စားပွဲတွင် ထိုင်မိသောအခါ အလုပ်ကိုသာ အာရုံစိုက်၍ လုပ်နေမိသည်။ လှမ်းကြည့်လျှင် မြင်နိုင်သော ဝေဝေ၏ စားပွဲဆီသို့ လုံးဝမကြည့်မိအောင် သတိထားသည်။ မိမိကို ဝေဝေအထင်သေးသွားလိမ့်မည်ဟု ယူဆမိသည်။ အရက်သောက်မိသောကြောင့် မိမိနှင့် ဝေဝေတို့၏ဆက်ဆံရေး ပျက်ရလေပြီဟု စိတ်မကောင်း ဖြစ်နေ၏။

'ဆရာ. . . .'

ဝေဝေသည် ကိုကျော်ခိုင်၏ စားပွဲရှေ့သို့ ရောက်နေသည်။

'ဒီစာရင်းတွေ ပြီးသွားပြီ ဆရာ'

ဝေဝေက စာရွက်တစ်ထပ်ကို ကိုကျော်ခိုင်၏ရှေ့မှ စားပွဲပေါ်သို့ တင်လိုက်သည်။

'ခြော် ထားခဲ့ပါ'

ကိုကျော်ခိုင်က မော့မကြည့်ပဲ ပြောလိုက်သည်။ သို့သော် ဝေဝေက ပြန်မသွားသေးဘဲ ကိုကျော်ခိုင်၏ စားပွဲရှေ့မှကုလားထိုင်တွင် ထိုင်လိုက်သည်။

'ဆရာ. . . .ဟိုနေ့က ပြောချင်တယ်ဆိုတာ ဘာလဲ ဆရာ'



မမျှော်လင့်သော မေးခွန်းကို ကြားလိုက်ရ၍ ကိုကျော်ခိုင် အံ့အားသင့်သွားသည်။ ဘာပြန်ပြောရမှန်းလည်း မသိ ဖြစ်မိသည်။

'အခု ပြောလို့ရပါတယ် ဆရာ၊ ပြောပါ'

ဝေဝေက ပြောခွင့်ပြုနေပါပြီ။

'ခြော်. . . .ဘာမှ မဟုတ်ပါဘူး ဝေဝေရယ်၊ မပြောတော့ပါဘူး'

'ပြောပါ ဆရာ၊ ဆရာ့မှာ ပြောစရာရှိပါတယ်'

ကိုကျော်ခိုင်က ဝေဝေကို လှမ်းကြည့်လိုက်သည်။ ဝေဝေကြည့်နေသည်နှင့် ဆုံသွား၏။ ဝေဝေ၏ မျက်လုံးလေးများမှာ ကြည်လင် တောက်ပနေ၏။ သနပ်ခါးကို လိမ်းထားသည်ကလည်း ဝင်းဝါ သော အသားနှင့်လိုက်ဖက်လှသည်။ ကိုကျော်ခိုင် သက်ပြင်း တစ်ချက်ကို မသိမသာ ချလိုက်မိသည်။

'ပြောဖို့ မလိုတော့ပါဘူး ဝေဝေရယ်၊ အဲဒါက ပြီးသွားပါပြီ'

'ဝေဝေ့ကို စိတ်မကောင်းဖြစ်အောင် အဲဒီလိုတော့ မလုပ်ပါနဲ့ ဆရာ၊ ပြောပါ'

'တကယ်ပါ ဝေဝေရယ်၊ ပြောဖို့ မလိုတော့လို့ပါ'

'ဟိုနေ့က နားမထောင်လို့ ဝေဝေ့ကို စိတ်ဆိုးသွားတာ ဆရာ၊ အဲဒီလိုဆိုရင်တော့ ဝေဝေ တောင်းပန်ပါတယ် ဆရာ'

'အို. . . .မဟုတ်ပါဘူး ဝေဝေရယ်၊ ဆရာကသာ အဲဒီနေ့ ဟာကို တောင်းပန်ရမှာပါ၊ ဆရာ မှားပါတယ် ဝေဝေ'

'ကဲပါ ဆရာရယ်၊ ဝေဝေလည်း ဘယ်လိုမှ မအောက်မေ့

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒီနေ့က ပြောမယ်ဆိုတာကိုသာ သိချင်ပါတယ်၊ ပြောပါ ဆရာ'

'ပြောဖို့မှ မလိုတော့ပဲနဲ့ ဝေဝေရယ်၊ အဲဒါကို မေ့ပစ်လိုက်ပါ'

'ပြောပါ ဆရာရယ်၊ ဝေဝေ သိပ်သိချင်ပါတယ်၊ မပြောရင်တော့ ဝေဝေ စိတ်မကောင်းဘူး ဆရာ'

ဝေဝေ၏ အသံက ငိုသံပါလာသည်။

'ဪ. . . . ခက်တာပဲ ဝေဝေရယ်'

'မခက်ပါဘူး ဆရာ၊ ဆရာက ခက်အောင်လုပ်နေလို့ ခက်တာပါ၊ ပြောပါ ဆရာ၊ မပြောရင် ဝေဝေ ဆရာ့ကို စိတ်ဆိုးတယ်၊ ပြော ဆရာ'

ဝေဝေက ဖွတ်အတင်းပင် တောင်းဆိုနေသည်။

ကိုကျော်ခိုင် အသက်ကို ပြင်းပြင်းရှူလိုက်မိ၏။

'အဲဒီနေ့က ဆရာ့မှာ အိမ်သုံးဖို့အတွက် ငွေမရှိလို့ ငွေ နှစ်သောင်းလောက်ချေးဖို့ ပြောမလို့ပါ'

'အို. . . . ဆရာရယ်'

ဝေဝေ စိတ်မကောင်း ဖြစ်သွားမိသည်။

'အဲဒါများ ပြောရောပေါ့ ဆရာရယ်'

'ခုတော့ မလိုတော့ပါဘူး ဝေဝေရယ်၊ ရပါပြီ'

'ဘယ်သူ့ဆီက ရတာလဲ ဆရာ'

'မနေ့က လက်ပတ်နာရီကို ရောင်းလိုက်တယ်'

'အို. . . . ဆရာရယ်၊ ဖြစ်မှ ဖြစ်ရလေ'

ဝေဝေ၏ တောက်ပသော မျက်လုံးအစုံတွင် မျက်ရည်တို့ ရစ်ဝဲလာကြပြီ။



'ဝေဝေ မှားပါတယ် ဆရာရယ်၊ အဲဒီညက ဆရာပြောတာကို နားထောင်လိုက်မိရင် ကောင်းမှာ'

ဝေဝေသည် ကိုကျော်ခိုင်ကိုကြည့်၍ စိတ်မကောင်းဖြစ်မိသည်။

'နာရီကို ဘယ်သူ့ဆီရောင်းလိုက်တာလဲ ဆရာ၊ ပြန်ဝယ်လိုက်ပါ၊ လိုတဲ့ငွေကို ဝေဝေ ပေးပါ့မယ်'

'ကိစ္စမရှိပါဘူး ဝေဝေရယ်၊ မလိုတော့ပါဘူး၊ နာရီကို ဈေးထဲကဆိုင်မှာ သွားရောင်းတာမို့မားရွှေရောင်အဟောင်းမို့ ဈေးကောင်းရတာ ပြန်ဝယ်လို့ရမှာမဟုတ်တော့ပါဘူး'

'ဝေဝေ စိတ်မကောင်းပါဘူး ဆရာရယ်၊ ဆရာက ဝေဝေ့ကိုသလို မခင်ဘူးဆိုတာလည်း သိရပါပြီ၊ ဝေဝေကတော့ ဆရာ့ကို အစ်ကို တစ်ယောက်လို ခင်မင်လေးစားပါတယ်၊ ဒါပေမဲ့ ဆရာကတော့ ဝေဝေ့ကို နှမတစ်ယောက်လို သဘောမထားဘူး'

'အို. . . . မဟုတ်တာပဲ ဝေဝေရယ်'

'ဟုတ်ပါတယ်၊ ဆရာသာ ဝေဝေ့ကို တကယ်ခင်မင်ရင်းနှီးရင် ငွေနှစ်သောင်းလောက် လိုတာကိုများ ပြောရမှာပေါ့ ဆရာ'

'ပြောမလို့မဲ့လေ၊ ဝေဝေက မပြောပါနဲ့ဆိုတော့. . . .'

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဝေဝေ သိပ်ကို[illegible]ပါတယ်'

ဝေဝေ၏ မျက်လုံးအိမ်မှ မျက်ရည်ပုလဲဥတို့ [illegible]၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . . ဒင်္ဂိုပါနဲ့ ဝေဝေရယ်၊ ပြီးပြီပဲ ကိစ္စမရှိပါဘူး၊ တကယ်တော့လည်း ဝေဝေမှားတာ မဟုတ်ပါဘူး၊ အရက်သောက်မိတဲ့ဆရာမှားတာပါ'

'ဆရာက ဘာဖြစ်လို့ အရက်သောက်ရတာလဲ'

'ဒီအတိုင်းဆိုရင် ပြောမထွက်လို့ပါ'

'အို. . . . ဖြစ်မှဖြစ်ရလေ ဆရာရယ်၊ နောက်ဆိုရင်တော့ ဘာပဲ ဖြစ်ဖြစ် ဝေဝေ့ကိုပြောပါ ဆရာရယ်၊ ဆရာ ဝေဝေ့ကို ပြောချင်တာရှိ ရင် စကားအစပျိုးနေစရာ မလိုပါဘူး၊ ပြောသာပြောပါဆရာ'

ကိုကျော်ခိုင် ပြုံးလိုက်မိသည်။

'အခု လိုသေးရင်လည်း ပြောပါ ဆရာ'

'မလိုတော့ပါဘူး'

ဝေဝေက နာရီမရှိတော့သော ကိုကျော်ခိုင်၏ လက်ကိုကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။

ㅈ ㅈ ㅈ

'အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့'

ဝေဝေ၏ မိခင် ဒေါ်စောမြသည် ငယ်စဉ်ကတည်းကပင် ရတနာသုံးပါး၌ ကြည်ညိုသည်။ ယဉ်ကျေးသိမ်မွေ့သည်။ နူးညံ့သည်။ မည်မျှ အလုပ်ပင်ပန်းစေကာမူ ဘုရားရှိမခိုးပဲ မအိပ်ခဲ့။ ဘုရားရှိခိုးပြီးတိုင်းလည်း အမျှအတန်းဝေသည်။

'သာဓု သာဓု သာဓု'



ဝေဝေသည် ဖတ်လက်စ မဂ္ဂဇင်းကိုချပြီး သာဓုခေါ်လိုက်သည်။

ကြေးစည်သံလွင်လွင်ကလေး ထွက်ပေါ်လာ၏။

ဤကြေးစည်သံကလေးသည် နေ့စဉ် ကြားနေရသော်လည်း ဝေဝေအတွက် အစဉ် နားဝင်ချိုမိသည်။

ဝေဝေနှင့် မိခင် ဒေါ်စောမြတို့၏ ဘဝမှာ သားအမိနှစ်ယောက်တည်း အေးအေးချမ်းချမ်း ရှိလှသည်။

ဝေဝေ ငယ်စဉ်ကပင် ဖခင်ဆုံးခဲ့သော်လည်း ဒေါ်စော[...] နောက်အိမ်ထောင်မပြု။ ဝေဝေက ပထွေးနှင့် နေရမည်ကိုကြောက်[...] မိခင် နောက်အိမ်ထောင်ပြုမည်ကို အလွန် စိုးရိမ်ခဲ့သည်။ ဒေါ်စော[...] ကလည်း သမီးလေး မျက်နှာငယ်မည်ကိုငဲ့ညှာ၍ အိမ်ထောင်မပြု[...] နေခဲ့သည်။

အိမ်ငှားရငွေ၊ အိမ်ဆိုင်ကလေး ဖွင့်ထားသည့် ဝင်ငွေနှင့်[...] သားအမိနှစ်ယောက် မကြောင့်မကြ နေခဲ့ရသည်။ သူနိုင် ခိုးလို့မရ[...] ပညာအမွေကို ပေးခဲ့သည်။ ဝေဝေသည် အမေဖြစ်စေချင်သည့်[...] အတိုင်း ပညာအမွေကို အရယူခဲ့သည်။

တက္ကသိုလ်မှ ဘွဲ့ရပြီး အလုပ်ခွင်ဝင်သောအခါ ဝေဝေ[...] မိခင်ကို ဈေးရောင်းခြင်းမှ နားစေသည်။ အိမ်လခရငွေ[...] လစာငွေတို့ ဖြင့် သားအမိနှစ်ယောက် အေးချမ်းစွာ နေနိုင်[...]

'သမီး မအိပ်သေးဘူးလား'

'ဟုတ်ကဲ့. . . . မေမေ မအိပ်သေးပါဘူး[...]

www.burmeseclassic.com

www.burmeseclassic.com



ာဖတ်နေတာ၊ ဒီမှာ လက်ဖက်ထည့်ထားတယ် မေမေ'

ဝေဝေက လက်ဖက်အုပ်အဖုံး ဖွင့်ပေးသည်။

ဒေါ်စောမြတ ဝေဝေ၏ဘေးမှ ပက်လက်ကုလားထိုင်တွင် ဝင် ထိုင်ပြီး လက်ဖက်တစ်ရိုးကို နှိုက်၍စားလိုက်သည်။ ဝေဝေက ဖတ်လက်စ စာအုပ်ကို ဆက်၍ဖတ်နေသည်။

'မေမေ သမီးကို ပြောစရာတစ်ခုရှိတယ်'

ဝေဝေက စာအုပ်ကိုပိတ်ပြီး မိခင်ကိုကြည့်၍ပြုံးလိုက်သည်။

'တစ်ခုမဟုတ်ပါဘူး မေမေရယ်၊ ဒီသားအမိပဲ စကားပြောစရာ ရှိတာ၊ မေမေကြိုက်သလောက်ပြောပါ'

'ဟင်း . . . , ဟင်း ငါ့သမီးက သိပ်လိမ္မာတဲ့ သမီးဆိုတာ မေမေ သိပါတယ်၊ အခု မေမေ အသက်ခြောက်ဆယ့်ငါးနှစ်ရှိပြီ သမီး'

'ဒါပေမဲ့ မေမေက ငါးဆယ်လောက်ပဲထင်ရပါတယ်နော်'

ဝေဝေက လက်သုတ်ပဝါကို ဒေါ်စောမြရှေ့သို့ တိုးပေးလိုက် သည်။

'အင်း . . . ထင်တာဟာ အထင်ပဲ ရှိမှာပေါ့ သမီးရယ်၊ တကယ်မဟုတ်တော့ဘူး၊ မေမေ့အနေနဲ့ဆိုရင် နေဖို့ထက် သေဖို့က ိုနီးနေပြီ'

'မသေသေးပါဘူး မေမေရယ် မေမေ အသက်ရှည်မှာပါ'

'ဒါပေမယ့် မေမေက ကိုယ့်အတွက်လေးလည်း တတ်နိုင်သမျှ ုပ်ချင်သေးတယ် သမီးရယ်၊ ရိပ်သာသွားပြီး တရားမမွှနဲ့ အေးအေး ေဆေး နေချင်ပြီ သီလရှင် မဝတ်နိုင်တောင် ယောဂီဝတ်နဲ့ နေချင်တယ်'



'အခုလည်း မေမေ အိမ်မှာ တရားမမွှနဲ့ နေနိုင်တာပါပဲ မေမေ ရယ် . . . '

'မဟုတ်သေးဘူး သမီး၊ ဆန့်သောလက် မကွေးခင် ကွေးသော လက် မဆန့်ခင်ဆိုတဲ့ စကားရှိတယ်၊ အခုနေများ သေခြင်းတရား အနီးကို ရောက်လာရင် မေမေ သမီးကို စိတ်ချမှာမဟုတ်ဘူး'

'သမီးအတွက် စိတ်မချစရာ မရှိပါဘူး မေမေရယ်၊ မေမေ လည်း ဘာမှ မဖြစ်နိုင်သေးပါဘူး'

'ဘယ်ပြောနိုင်ပါ့မလဲ သမီးရယ်၊ မေမေ့ သဘောကတော့ မေမေလည်းကျန်းမာတုန်းမှာ သမီးကို သင့်တော်တဲ့လူနဲ့ အိမ်ထောင် ရက်သားချပြီး စိတ်ချလက်ချ ရှိချင်တာပေါ့ကွယ်'

မေမေ၏ဆန္ဒကို ဝေဝေသိပါသည်။ ဤစကားစကတည်း ဤပန်းတိုင်သို့ ရောက်မည်ကို နားလည်ထားပါသည်။

ဝေဝေသည် ညှိခန်းနံရံပေါ်ရှိ ပန်းချီကားချပ်မှ ကြက် ကြက်မနှင့် ကြက်ကလေးများ အစာကောက်နေပုံကို ငေး၍ကြည့်နေ သည်။

'နေ့လည်တုန်းက ပဲခူးက မစိန်တို့ အိမ်ကိုလာတယ်'

'အလည်လာကြတာလား မေမေ'

ဝေဝေ စိုးရွံ့သွားမိ၏။

'အင်း . . . ကျောက်မြောင်းမှာ စေ့စပ်ကြောင်း လို့ လာရင်းနဲ့ ဝင်လာကြတာတဲ့၊ ပဲခူးမင်လာဆောင် ကို အပျိုရံအဖြစ်နဲ့ တွေ့ရတာ လှလွန်းလို့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ချက်သရေရှိလိုက်တာတဲ့၊ ချီးမွမ်းလို့ကို မဆုံးဘူး၊ ပဲခူးမှာတုန်းက ဘုရားတွေကိုကားနဲ့လိုက်ပို့တဲ့မောင်သိန်းကြည်ရဲ့ အမေပေါ့'

'သမီး သိပါတယ်'

'မောင်သိန်းကြည်ကလည်း အခု စက်မှုတက္ကသိုလ်က ဘွဲ့ရပြီးလို့ ရန်ကုန်မှာပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ အလုပ်ရနေတယ်လေ'

'အဲဒီတော့ ဘာလဲ မေမေ၊ ကိုသိန်းကြည်နဲ့သမီးကို ပေးစားချင်တာလား'

ဝေဝေက မေမေ၏ စကားအလာကို စောင့်မနေချင်တော့ပါ။

'အဟင်း ဟင်း၊ ငါ့သမီးကလဲလေ၊ ကလေးစိတ် မကုန်သေးပဲကိုး'

ဒေါ်စောမြ ရယ်သည်။

ဝေဝေကတော့ စာအုပ်ကို ပြန်ဖွင့်၍ ဖတ်နေသည်။

'သူတို့ကလည်း တစ်ဦးတည်းသော သားဆိုတော့ လိမ်လိမ်မာမာ မိန်းကလေးနဲ့ အိမ်ထောင်ချပေးချင်တာပေါ့လေ၊ သမီးက ဘွဲ့လည်းရ၊ သိပ်လည်းလိမ္မာဆိုတော့'

'ဘွဲ့ရပြီး လိမ္မာတဲ့ မိန်းကလေးတွေ အများကြီးရှိတာပဲ မေမေရယ်'

'မဟုတ်သေးဘူးလေ၊ သမီးတို့ဖေဖေ ရှိတုန်းက သူတို့နဲ့ ရင်းနှီးခင်မင်ခဲ့ကြတဲ့ လူတွေဆိုတော့'

'သမီး ပြောပါရစေဦး မေမေရယ်၊ သမီးနားလည်ထားတာက အိမ်ထောင်ရေးဆိုတာ မေတ္တာကိုအခြေခံပြီး စဉ်းစားရတယ်လို့ နားလည်ပါတယ်၊ ဖေဖေနဲ့ မေမေလည်း တစ်ယောက်နဲ့တစ်ယောက် မေတ္တာကို အခြေခံပြီး ယူခဲ့ကြတာ မဟုတ်လား'

'ဟုတ်တယ်လေ'

'ဒါဖြင့် သူတို့က တစ်ဦးတည်းသောသားမို့လို့၊ လိမ္မာတာတို့ ဘွဲ့ရတာတို့ ဆိုတာတွေကို ကြည့်ပြီး အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ဖို့ဆိုတော့ မေတ္တာမပါရင် ဖျင်းစရာကြီးပါ မေမေရယ်'

'အဟင်း ဟင်း ဟင်း၊ ငါ့သမီးကလည်းလေ၊ တုံးတိကြီးပြောချလိုက်တာ၊ မေတ္တာလည်း ပါရမှာပေါ့ သမီးရဲ့'

'အိုး . . . မေမေကလည်း၊ မေတ္တာဆိုတာ ပါရမှာပေါ့ ဆိုတိုင်း ပါလို့ရတာမျိုးမှ မဟုတ်ပဲ၊ သမီးနဲ့ ကိုသိန်းကြည်နဲ့က ပဲခူးမှာ တစ်ခါပဲ တွေ့ဖူးတယ်၊ သူ့ကို မုန်းလည်းမမုန်းဘူး၊ ချစ်လည်းမချစ်ဘူး၊ မှန်တာပြောရရင် သိပ်တောင် မခင်မင်ခဲ့ကြပါဘူး၊ သူ့အကြောင်းလည်း သမီး ဘာမှမသိဘူး၊ သူ့ကို စိတ်ဝင်စားမှုလည်း မရှိခဲ့ဘူး၊ ဘာမှလည်း မရှိခဲ့ဘူး'

'အဟင်း ဟင်း ဟင်း၊ ငါ့သမီးကသာ စိတ်မဝင်စားတာ၊ သူက စိတ်ဝင်စားနေပါသတဲ့တော်'

'အို မေမေကလည်း'

ဝေဝေ ရှက်သွားသည်။

'အဟင်း ဟင်း၊ သမီးက ပွင့်ပွင့်လင်းလင်းတွေ ပြောနေလို့ မေမေကလည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



'သမီးတော့ မယုံပါဘူး မေမေရယ်၊ တခါလောက် ဆုံဖူးရုံနဲ့ စိတ်ဝင်စားရသတဲ့လား၊ နောက်ပြီး သူ့ဘက်က တဖက်တည်း စိတ်ဝင်စားတယ်ဆိုတာနဲ့လည်း အိမ်ထောင်ပြုဖို့ရာ မပြည့်စုံသေးပါဘူး၊ သမီးက ချစ်တဲ့သူချင်း အိမ်ထောင်ပြုတာသာ အဓိပ္ပာယ်ရှိတယ် ထင်လို့ပါ'

'ဒါဖြင့် သမီးမှာ ချစ်သူများ ရှိနေလို့လား'

ဒေါ်စော်မြ၏ လေသံတွင် စိုးရိမ်မှုကလေး ပါဝင်နေသည်။

'ချစ်သူ သမီးမှာ မရှိပါဘူး မေမေရယ်၊ ရှိရင် မေမေသိမှာပေါ့'

'အေးပါလေ ဟုတ်ပါတယ်၊ ဒါကြောင့်လဲ မေမေက ပြောတာပေါ့၊ ကဲပါလေ၊ ဒါကလည်း သူတို့ဆန္ဒကို သမီးသိအောင် မေမေက ပြောတာပါ၊ မေမေ့ဆန္ဒကလည်း မောင်သိန်းကြည်နဲ့ဆိုရင်တော့ သင့်တော်မယ် ထင်တာပေါ့လေ'

တဖက်မှ ဆန္ဒကိုသာမက မေမေ၏ဆန္ဒကိုပါ ဝေဝေ သိလိုက်ရပါပြီ။ သို့သော် မိမိ၏ သဘောထားကိုလည်း မေမေ သိအောင် ပြောခဲ့ပြီး ဖြစ်ပါသည်။

'ကဲ. . . . အိပ်ကြစို့ သမီးရယ်'

ᨁ ᨁ ᨁ

ဝေဝေသည် အိပ်ရာခုတင်ထက်တွင် အိပ်စက်ပါသော်လည်း မပျော်နိုင်ပဲ ဖြစ်နေရသည်။ မေမေ ပြောသော စကားများကို ကြားယောင်နေမိသည်။ တစ်နေ့သောအခါတွင် ဤစကားမျိုး ကြားရမည်ဟု ကြိုတင် မျှော်လင့်ထားခဲ့သော်လည်း တကယ်ကြားရသောအခါတွင် တုန်လှုပ်မိသည်။ ပဲခူးတွင် ဘုရားများကို ကားမောင်း၍ လိုက်ပို့သော ကိုသိန်းကြည်၏ မျက်နှာကို မြင်ယောင်လာမိသည်။



ကိုသိန်းကြည်သည် ယောကျ်ားပီသ၍ ရည်မွန်သော လူတစ်ယောက်ဖြစ်သည်။ မိမိအပေါ်တွင်လည်း ရင်းရင်းနှီးနှီးနှင့် ဂရုတစိုက်ရှိသည်၊ လူကြီးမိဘ၏ အမြင်နှင့်ကြည့်လျှင် သဘောကျလောက်သော လူတစ်ယောက်ဖြစ်သည်မှာ မှန်သည်၊ မိမိအနေနှင့် ကြည့်လျှင်လည်း အိမ်ထောင်ဖက်တစ်ယောက် အဖြစ်မှ ငြင်းပယ်သင့်သည့် လူမျိုးမဟုတ်သည်ကို ဝေဝေ သဘောပေါက်သည်၊ သို့သော် ခက်နေသည်က ကိုသိန်းကြည်အကြောင်း စဉ်းစားကြည့်ရာတွင် ဝေဝေ ရင်က မခုန်။ မည်သည့်ခံစားချက်မျှလည်း ဖြစ်မလာ။

'သမီးမှာ ချစ်သူများ ရှိနေလို့လား'

မေမေ၏ အမေးကို ကြားယောင်မိသည်။

'ချစ်သူ ငါ့မှာ ချစ်သူ အို. . . .'

ဝေဝေ မိမိကိုယ်မိမိ ရှက်သွားမိသည်။ တစ်ကိုယ်လုံးမှာလည်း ပူထူသွားသည်ဟု ထင်လိုက်မိသည်၊ ဆရာ ကိုကျော်ခိုင်ကိုစဉ်းစားလိုက်မိ၍ ဖြစ်သည်။

'အို. . . . ငါ့ရင်တွေကလည်း ဘာလို့များ ခုန်နေရတာပါ[illegible] နော်'

ဝေဝေ၏ မှိတ်ထားသော မျက်စိထဲတွင် အချိန်[illegible] ညကအပြန်တွင် စကားပြောခွင့် တောင်းနေသော [illegible]ကျော်ခိုင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



က ရုံးတွင် တွေ့ခဲ့ရသော ကိုကျော်ခိုင်ကို မြင်ယောင်နေမိသည်။ နာရီမရှိတော့သော ကိုကျော်ခိုင်၏လက်ကိုပါ မြင်ယောင်မိပြန်သည်။

'မဟုတ်ပါဘူးလေ၊ ငါ ဆရာ့ကို ဆရာတစ်ယောက်လို့ပဲ ခင်မင်တာပါ၊ ဆရာက ရိုးသားတယ်၊ စိတ်ရင်းစေတနာကောင်းတယ်၊ အောက်လက်ငယ်သားတွေကို ညှာတယ်၊ ဒါကြောင့်မို့ အစ်ကိုတစ်ယောက်ကို ကြည်ညိုလေးစားတာပါ၊ ဒီထက် မပိုပါဘူး၊ အို ငါက ဘာ ဖြစ်လို့ ဒီလိုဖြေရှင်းနေမိတာပါလိမ့်'

ဝေဝေသည် အတွေးများ ပြောင်းသွားစေရန်အတွက် ဘယ်ဘက်သို့ ပြောင်းအိပ်လိုက်သည်။ ဆရာ ကိုကျော်ခိုင်၏ မျက်နှာက ပေါ်လာပြန်၏။ အားနာတတ်သော မျက်နှာ၊ သိမ်မွေ့ဖွာ ပြုံးတတ်သောမျက်နှာ။

ရုံးတွင် ထမင်းအတူစားကြသည်ကို သတိရမိပြန်၏။ ထမင်းဗူးလေး လက်ဆောင်ပေးသည့်နေ့။

'အို. . . . အဲဒီတုန်းက သူ ဝမ်းသာနေလိုက်တာ၊ သူ့မျက်လုံးတွေ ကလည်း အရောင်တွေတောက်လို့၊ ငါ့ကို ကြည့်နေလိုက်တာ၊ သူ့မျက်လုံးတွေကို ပြန်ကြည့်မိတော့ ငါ့ရင်ထဲမှာ တစ်မျိုးပဲလေ'

ဝေဝေ တွေးရင်းမှ ကိုကျော်ခိုင်၏မျက်လုံးများကိုပြန်လည်မြင်ယောင်လာမိ၏။

'ငါ ဆရာ့ကို ခင်မင်တာ စေတနာထားမိတာတော့ အမှန်ပဲ၊ ဆရာ့ကိုဆိုရင် ငါကူညီချင်တယ်၊ အနစ်နာခံချင်တယ်။ အေးလေ ဒါကလည်း ဆရာ့ဘဝက သနားစရာကောင်းလို့ ဆရာ့ကို သနားမိလို့



ဖြစ်မှာပါ။ ဒါပေမဲ့ တစ်ခါတစ်ခါ ဆရာနဲ့ အကြည့်ချင်းဆုံရင် ရင်ခုန်တာက ဘာဖြစ်လို့တုံး။ အို. . . . အခုတောင် ငါ့ရင်ထဲက တစ်မျိုးပဲ။ ငါ. . . . ငါ ဆရာ့ကိုများ အို. . . . အစိမ်ပွာယ်မရှိလိုက်တာ။ ငါ ဘာတွေကို စဉ်းစားနေမိတာပါလိမ့်'

ဝေဝေသည် အတွေးစကို အတင်းဖြတ်ပစ်မိသည်။ ပဲခူးဘုရားများတွင် သူငယ်ချင်းများနှင့် အတူ လှည့်လည်ဖူးကြစဉ် ကိုသိန်းကြည်လိုက်ပို့သည်ကို စဉ်းစားကြည့်မိသည်။ တစ်ခါတစ်ခါ ကိုသိန်းကြည်နှင့် အကြည့်ချင်း ဆုံခဲ့မိပါသည်။ သို့သော် ရင်ခုန်ခြင်း၊ အနေကျုံ့ခြင်း မဖြစ်ခဲ့မိပါ။ ကိုသိန်းကြည်၏ ရည်မွန်မှု၊ ကြင်ကြင်နာနာရှိမှုကို လေးစားမိသည်။

အတူသွားကြသော သူငယ်ချင်းများထဲမှ စန္ဒာအောင်နှင့် သူဇာအောင်တို့ ညီအစ်မသည် ကိုသိန်းကြည်ကို သိပ်အရေးပေးကြသည်။ အမြင် ကလက်သည်။ ထိအောင် စကြ၊ နောက်ကြ၊ နွဲ့ဆိုးဆိုးကြနှင့် လုပ်နေကြသည်။ သို့သော် ကိုသိန်းကြည်က ဣန္ဒြေရရပင် တုံ့ ပြန်သည်ကိုတော့ သဘောကျမိသည်။

'မေမေတို့ သဘောအတိုင်း စီစဉ်တာကိုပဲ လက်ခံလိုက်ရမလား၊ အို. . . . ငါ့ရင်ထဲကမှ သူ့ကို မချစ်ပဲနဲ့ ဘယ်လိုလုပ်ပြီး လက်ထပ်ရမှာလဲ၊ ဒါပေမဲ့ သူကတော့ သူ့ဆန္ဒကို ထုတ်ဖော်လာပြီလေ၊ သူ့ရင်ထဲမှာရော တကယ်ပဲလား'

အိမ်အောက်ထပ်မှ ပျံ့လွင့်လာသော အင်္ဂလိပ်သီချင်းသံတွဲတွဲကို ကြားရသည်။ မြိတ်မြို့မှ လာရောက်၍ စီးပွားရေးတက္ကသိုလ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တက်နေသော ခင်မမ၏ ကက်ဆက်သံ ဖြစ်သည်။

ခင်မမသည် ညည့်နက်လျှင် ကက်ဆက်ကို ခပ်တိုးတိုး ဖွင့်၍ ငြိမ်ယူနားထောင်တတ်သည်။ သီချင်းမှာ အင်္ဂလိပ် ရှေးဟောင်းသီချင်း တစ်ပုဒ်ဖြစ်သည်။ ကျွန်းကလေးတစ်ကျွန်းပေါ်မှ ချစ်သူနှစ်ယောက်၏ အချစ်နှင့်အလွမ်းကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဂီတာသံ ခပ်လေးလေး နှင့်အတူ ခပ်ညည်းညည်း ဆိုနေသောအသံမှာ လွမ်းစရာ ကောင်းလှ သည်။

ဤသီချင်းကို ယခင်ကလည်း အကြိမ်ကြိမ် ကြားခဲ့ဖူးသည်။ သို့သော် ယခုတစ်ခါလောက် သီချင်း၏အရသာကို ခံစားနိုင်ခြင်း မရှိ ခဲ့။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေ၏။ တေးဂီတ ရေယဉ်ကြော တွင် ဝေဝေ မျောပါသွားမိသည်။

ကျွန်းကလေးတစ်ကျွန်းပေါ်ရှိ ဝက်သစ်ချပင်ကြီး အောက်မှ ချစ်သူနှစ်ယောက်ကို ဝေဝေ မြင်ယောင်နေမိသည်။ မိန်းကလေး၏ မျက်နှာကလေးက နှင်းဆီပန်းလို နုနယ်လှပနေသည်။ ချစ်သူနှစ် ယောက်အတူ ကျွန်းကလေးပေါ်မှာ လျှောက်လည်ကြသည်။ စမ်းချောင်းကလေးကို ဖြတ်ကြသည်။ ပန်းပွင့်ကလေးများကို ခူးကြ သည်။ ပြုံးပျော်ကြည်နူးနေကြသည်။ ပန်းပွင့်ကလေးများကလည်း လေအသိမ်းတွင် ယိမ်းနွဲ့ညွတ်ပြောင်း၍ ခေါင်းညိတ်နေကြသယောင်၊ ပြုံးနေကြသယောင်။ စမ်းချောင်းကလေးကလည်း ရေစီးသံ တလွင် လွင်နှင့် တေးဆိုဂုဏ်ပြုနေသယောင်။

သို့သော် ယောက်ျားပျိုသည် သူ၏တာဝန်အရ ကျွန်းကလေးမှ



ခွာရတော့မည်။ လှေကလေးပေါ်သို့ ရောက်နေပြီ။ မိန်းကလေးသည် ပင်လယ်ကမ်းခြေမှ ကျောက်ဆောင်ပေါ်တွင် ရပ်နေ၏။ ပင်လယ်လေ ကြောင့် သူ၏ ဂါဝန်ကလေးမှာ တလွင့်လွင့်ဖြစ်နေသည်။

လှေငယ်သည် ကမ်းမှခွာလေပြီ။ ယောက်ျားပျိုက လက်ပြ၍ နှုတ်ဆက်၏။ မိန်းကလေးက ပြန်လည်၍ လက်ပြသည်။ သူ၏ ရွှေ ရောင်ဆံပင်လေးများက လေတွင် လွင့်ပျံ့လျက်၊ သူ့ပါးပြင်မှာတော့ မျက်ရည်စမ်းကလေးတွေ စီးဆင်းနေကြပြီ။ ပင်လယ်လှိုင်းတံပိုးများ သည် မိန်းကလေးရပ်နေသော ကျောက်ဆောင်၏အောက်ခြေကို တဝုန်းဝုန်းနှင့် ရိုက်ခတ်လျက်။

လှေကလေးသည် လှိုင်းလုံးများကြားတွင် မြုပ်ချည် ပေါ်ချည် နှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေပြီ။ သီချင်းသံကလည်း တိုး ၍တိုး၍ သွားလေပြီ။

ဝေဝေ၏ မျက်လုံးများတွင် မျက်ရည်ဖြင့် စိုစွတ်လျက်။

ဝေဝေ၏ ရင်ထဲတွင် ခံစားနေရသည်။ ဘာကြောင့်ဆိုသည် ကို ဖော်မပြတတ်။ ဖော်ပြနိုင်အောင်လည်း မကြိုးစားချင်။ ဝေဝေသည် ကိုယ်ကို ယာဘက်သို့ပြောင်း၍ စောင်းလိုက်သည်။ ခေါင်းအုံးထောင့် စွန်းကို လက်ဖြင့် ဆုပ်ကိုင်၍ အိပ်ပျော်ရန် ကြိုးစားသည်။

'အို. . . . မေ့ချင်တယ်၊ မေ့သွားချင်တယ်၊ မေ့လိုက်စမ်းပါ အားလုံးကို မေ့သွားလိုက်စမ်းပါ'

ဝေဝေ၏ မျက်ရည်စက်တလေးများက ခေါင်းအုံးပေါ်သို့ ကျ သွားကြသည်။

ᨒ ᨒ ᨒ

www.burmeseclassic.com

www.burmeseclassic.com



'မ'မဝေ၊ ဧည့်သည်လာတယ်'

ရုံးအကူ မောင်ခင်ထွန်းက ဝေဝေ၏ စားပွဲရှေ့တွင် ရပ်၍ သတင်းလာပေးသည်။

ရုံးခန်းအတွင်းသို့ ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီကို ဝတ်ထားသော သားသားနားနား လူငယ်တစ်ယောက် အတက်ချိုကော့စ်ကို ဆွဲ၍ ဝင်လာသည်။

'ဪ. . . . ကိုသိန်းကြည်'

ဝေဝေက နေရာမှထ၍ ခရီးဦးကြိုပြုလိုက်သည်။

'ကျွန်တော် ဒီဘက်ကို ကိစ္စတစ်ခုနဲ့ လမ်းကြုံလို့ ရောက်လာရင်း မဝေတို့ရုံးကို ဝင်လာတာပါ'

'ဟုတ်ကဲ့၊ ထိုင်ပါ'

ကိုသိန်းကြည်က ဝေဝေ၏စားပွဲရှေ့မှ ကုလားထိုင်တွင် ထိုင်သည်။

'မဝေ အလုပ်တွေ များနေလား'

'ဪ. . . . ရပါတယ် ကိုသိန်းကြည်ရယ်'

ကိုကျော်ခိုင်က တချက်မျှ လှမ်းကြည့်လိုက်ပြီး မိမိအလုပ်ကို ဆက်လုပ်နေလိုက်သည်။

ဒေါ်အုံးကြည်၊ ရွှေသိန်းနှင့် အောင်မြင့်တို့လည်း သူတို့၏ စားပွဲများမှနေ၍ မသိမသာ လှမ်းကြည့် အကဲခတ်ကြသည်။

စံလှနှင့်သိန်းထွန်းကတော့ လှမ်းကြည့်ရုံသာမက တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးမျက်စနှင့် အသံတိတ် စကားပြောနေကြသည်။



'မောင်ခင်ထွန်းရေ မမကို အအေးတစ်ခွက်လောက် ဝယ်ပေးပါနော်'

ဝေဝေက မောင်ခင်ထွန်းကို ငွေငါးရာ လှမ်းပေးသည်။

'အို. . . . နေပါစေ မဝေ၊ ကျွန်တော် သောက်ခဲ့ပါပြီ'

'အို. . . . မဟုတ်တာပဲ ကိုသိန်းကြည်ရယ်၊ ကိုယ့်ရုံးကို လာတဲ့ ဧည့်သည်ကို ဘာမှဧည့်မခံပဲ နေရမှာ အားနာစရာကြီး'

'ဟာ. . . . မဝေကလဲဗျာ၊ ကျွန်တော့်ကို ဧည့်သည်လို့ သဘော ထားသလားဗျာ'

ကိုသိန်းကြည်က ခပ်တိုးတိုးပြောလိုက်သော်လည်း အာရုံစိုက်နေသော စံလှနှင့်သိန်းထွန်းကကြား၍ တစ်ယောက်နှင့်တစ်ယောက် အမူအရာ လုပ်ပြနေကြသည်။ ဒေါ်အုံးကြည်က လှမ်းမြင်လိုက်၍ ရယ်ချင်စိတ်ကို မနည်း ချုပ်ထိန်းထားရသည်။

'မဝေတို့ ရုံးဆင်းခါနီးပြီလား၊ တခါတည်း လိုက်ခဲ့မယ်ဆိုရင် ကျွန်တော့်ကား ပါလာတယ်၊ အိမ်ကို လိုက်ပို့မယ်လေ'

'အို. . . . နေပါစေ ကိုသိန်းကြည်ရယ်၊ ဝေဝေတို့ အလုပ်ထ မသေချာဘူး၊ တခါတလေ ရုံးဆင်းခါနီးမှလည်း အရေးတကြီးကိစ္စ ပေါ်လာရင် အိုဗာတိုင် ဆက်ထိုင်ချင် ထိုင်ရတာ'

'အခုတော့ အရေးကြီးကိစ္စ မရှိသေးဘူး မဟုတ်လား'

'ဟုတ်ကဲ့၊ အိုဗာတိုင်ဆင်းဖို့တော့ မရှိသေးပါဘူး ... ဒီစာရင်းတွေ အပြီးလုပ်ပေးခဲ့ရမှာဆိုတော့ ကြာဦးမှာမို့'

'ရပါတယ်၊ ကျွန်တော် စောင့်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မောင်ခင်ထွန်း ရောက်လာ၍ ညို့သည်ရှေ့တွင် ပိုက်တပ်ထားသော ရေခဲစိမ် စပါကလင်ပုလင်းကို ချပေးသည်။

'သောက်လိုက်ပါဦး ကိုသိန်းကြည်'

ဝေဝေက သူ့ရှေ့မှ စာရင်းစာရွက်များကို ငေးကြည့်နေသည်။

ကိုသိန်းကြည်ကတော့ အအေးသောက်ရင်း ဝေဝေ၏ ကျက်သရေရှိလှသော မျက်နှာကလေးကို တိတ်တခိုး ကြည့်နေမိသည်။

စံလှက သူ့ဘေးမှ သိန်းထွန်း၏ခြေထောက်ကို လှမ်း၍ နင်းလိုက်သည်။

'ဟာ. . . . ဟေ့ကောင်၊ တက်နင်းတာ နာလိုက်တာကွာ၊ အသေအချာလဲ ကြည့်ဦးမှပေါ့'

ဒေါ်အုံးကြည်သည် မရယ်မိအောင် နှုတ်ခမ်းကို ကိုက်ထားလိုက်ရသည်။

'ကိုသိန်းကြည်၊ ကျွန်မကိုတော့ စောင့်မနေနဲ့နော်၊ ခုမှ နှစ်နာရီပဲ ရှိသေးတာဆိုတော့ ရုံးဆင်းဖို့ အကြာကြီး စောင့်နေမှာ'

'ဟဲ. . . . ဟဲ မဝေက ညို့သည်ကို နှင်တာလား'

'အို. . . . မဟုတ်ပါဘူး ကိုသိန်းကြည်ရယ်၊ ကျွန်မကို စောင့်နေရမှာ အားနာလို့ပါ'

'ကဲ. . . . ဒီလိုဆိုရင်လည်း ကျွန်တော် သွားတော့မယ်နော် မဝေ'

'ဟုတ်ကဲ့'

ဝေဝေက ထိုင်နေရာမှ မတ်တပ်ရပ်လိုက်သည်။



'ရှူး. . . . မောလိုက်တာနော်'

ညို့သည် ရုံးခန်းအပြင်သို့ ရောက်သွားသည်နှင့် စံလှထံမှ အသံထွက်လာသည်။ ဒေါ်အုံးကြည် တခစ်ခစ် ရယ်သည်။

'မိုက်တယ်နော် စံလှ'

'ဘာမိုက်တာလဲ ကိုသိန်းထွန်း'

ဝေဝေက စိတ်မလုံသူမို့ စုံစမ်းရေး လုပ်လိုက်သည်။

'ဩော်. . . . ဘာမှ မဟုတ်ပါဘူး ဝေဝေရယ်၊ ဒီကောင် စံလှ နမလေး ငယ်ငယ်ရွယ်ရွယ်နဲ့ လင်နောက်လိုက်သွားလို့ မိုက်တယ်ပြောတာပါ'

'ဟုတ်လား ကိုစံလှ'

'ဟုတ်တယ် ဝေဝေရ ဟုတ်တယ်၊ သူ့ကောင်က ဂိုက်ကတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ဘုမသိ ဘမသိနဲ့ပါ၊ မိုက်တယ် ဝေဝေ၊ မိန်းကလေးများ မိုက်တယ်'

ဝေဝေက ဘာမျှ ဆက်မပြောတော့ပါ။ သူ့စာရင်းများကိုသာ ဆက်၍ ရေးနေသည်။

'ခွေးကောင်၊ မင်းလုပ်တာနဲ့ ငါ့နှမ နေရင်းထိုင်ရင်း ဒုက္ခဖြစ်ရတယ်'

စံလှ ခပ်တိုးတိုးပြောလိုက်သော စကားကြောင့် ဒေါ်အုံးကြည် တခစ်ခစ် ရယ်ရပြန်သည်။

* * *

www.burmeseclassic.com

ဒေါ်အုံးကြည်၊ ဝေဝေနှင့် ကိုကျော်ခိုင်တို့သည် စာရင်းတစ်ခုကို လက်စသတ်နေကြရ၍ နောက်ဆုံးမှ ရုံးဆင်းခဲ့ကြ၏။ ရုံးအောက်သို့ရောက်သောအခါ ကားလမ်းဘေးမှ စကြိုလမ်းအတိုင်း ဘတ်စ်ကားမှတ်တိုင်သို့ သုံးယောက်အတူ လျှောက်ခဲ့ကြသည်။ ထိုအချိန်တွင်. . . .

'ဒိုင်း'

ကျယ်လောင်သော ပေါက်ကွဲသံ တစ်ခုကို ကြားလိုက်ရသည်။

'ဝေဝေ'

ကိုကျော်ခိုင်က ဝေဝေ၏လက်ကို ဆောင့်ဆွဲလိုက်သည်။

ဝေဝေသည် နောက်သို့ ပါလာ၍ ကိုကျော်ခိုင်၏ ရင်ခွင်တွင်းသို့ ရောက်သွားသည်။ ကိုကျော်ခိုင်က လဲမသွားအောင်ဆီးဖက်၍ ဘေးဘက်သို့ ဆွဲယူလိုက်၏။

'အံမာလေး'

ဒေါ်အုံးကြည်က ထိတ်လန့်တကြား အော်လိုက်သည်။

'ဒိုင်း'

ပြင်းထန်သော အသံကြီးတစ်ခု ထွက်ပေါ်လာပြန်သည်။

ဝေဝေသည် ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်၍ ရှက်ရှက်နှင့် ကိုကျော်ခိုင်၏ လက်မှလွတ်အောင် ရုန်းထွက်လိုက်သည်။

နောက်မှ ဒေါ်အုံးကြည် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ရှေ့ဘီးပေါက်၍ လမ်းဘေးစကြိုပေါ်သို့ တက်လာသော ကားသည် စည်ပင်သာယာ အမှိုက်ပုံးကြီးကို လွင့်စင်သွားအောင် တိုက်ပစ်



လိုက်ပြီး ရပ်နေသည်ကို တွေ့ရသည်။

သူ၏ အသက်ကို ကိုကျော်ခိုင် ကယ်လိုက်ခြင်းဖြစ်ကြောင်း ဝေဝေ နားလည်လိုက်ပါပြီ။

'အို ကျေးဇူးတင်လိုက်တာ ဆရာရယ်'

ခုမှ ဝေဝေ ထိတ်လန့် ကြောက်ရွံ့နေမိသည်။

⁂ ⁂ ⁂

သီတာသည် စာကြည့် စားပွဲတွင်ထိုင်၍ စာကျက်နေသည်။

'သီတာရေ ဖေဖေ့ထမင်းဗူးကို ထည့်ပေးလိုက်ပါဦးကွယ် ကြီးကြီးသိန်း ဟင်းအိုး ပြင်နေလို့ပါ'

'အို သမီး စာကျက်နေတာ ကျက်ပါစေ ဒေါ်သိန်းရယ် မခိုင်းပါနဲ့၊ ဒေါ်သိန်း မအားရင် ကျွန်တော့်ဘာသာ ထည့်ပါ့မယ်၊ သမီးရေ စာကျက် စာကျက်'

ဖခင်၏ ကြင်နာသော ပြောဆိုသံကို ကြားရသောအခါ သီတာ ဝမ်းနည်းမိသည်။ ထမင်းဗူးကို ထည့်ပေးချင်စိတ် ဖြစ်မိသည်။ သို့သော် စာရေးမပေးသော ထမင်းဗူးကိုလည်း မကိုင်ချင်။ သီတာ၏ ရင်ထဲမှာ ခံစားနေရသည်ကို ဖေဖေသိမည်မဟုတ်။ သိအောင် ပြောဖို့တထည် ခက်သည်။

သီတာသည် စာအုပ်ကို ကြည့်နေသော်လည်း စိတ်ထဲ ပါးလျက်ရှိ၏။

ကိုကျော်ခိုင်သည် ရုံးမသွားမီ ထုံးစံအတိုင်း ဒေါ်သိန်း မှာစရာ ရှိသည်များ မှာသည်။ သားသမီးများအား မှာစရာရှိသည်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မှာသည်။ မုန့်ဖိုးပေးသည်။

'ငါ့သမီးက စာကြိုးစားလိုက်တာ သိပ်လိမ်မာတာပဲ'

ကိုကျော်ခိုင်က သီတာ၏ ခေါင်းကို ကြင်နာစွာကိုင်၍ ခိုးကျ[illegible]လိုက်သည်။

ဖခင်၏ ကြင်နာ ယုယမှုကြောင့် သီတာ ဝမ်းနည်းရပြန်သည်။

မေမေကွယ်လွန်စက ဖေဖေ၏ တာဝန်ဟူသမျှကို သီတာ ဆောင်ရွက်ပေးခဲ့သည်။ ခုတော့ တာဝန် ပျက်ကွက်နေခဲ့သည်မှာ ကြာပြီ။

'ဖေဖေ့ကို ငါအထင်လွဲတာ မှားများနေသလား၊ ငါထင်တာတွေ မဟုတ်ဘူး ဆိုရင်တော့ ဖေဖေ့အပေါ်မှာ တာဝန်ပျက်ကွက်မိတာ ငါ့အပြစ်ပဲ၊ မနက်ဖြန်ခါကစပြီး ဖေဖေတာဝန်တွေကို ပြန်ပြီး လုပ်ပေးရမလား၊ အို ဒါပေမဲ့ စာရေးမ ပေးတဲ့ ထမင်းဗူးကို ငါ မကိုင်ချင်ဘူး၊ အဲဒီ ထမင်းဗူးကို ကိုင်ရင် သေတ္တာထဲမှာ သိမ်းထားတဲ့ မေမေ့ ထမင်းဗူးကလေးကို ငါကပါ သစ္စာဖောက်ရာ ရောက်မှာပေါ့'

သီတာသည် လက်ထဲမှ ခဲတံဖြင့် ဗလာစာအုပ်ပေါ်တွင် ရှုပ်ယှက်ခတ်အောင် ရေးခြစ်နေမိသည်။

'ဖေဖေ သမီး ကျောင်းကပွဲမှာ ကရင် ဒိုးယိမ်းအဖွဲ့ထဲ ပါရမယ်'

'ဪ ဟုတ်လား ကောင်းတာပေါ့၊ ငါ့သမီးက ကရင်မလေးပေါ့'

ဖိုးအိက ခေါင်းညိတ်ပြသည်။



'အဲဒါသမီးအတွက် ဝတ်စုံဖိုး သုံးထောင်ကျတယ်လို့ ဆရာ[illegible]က ပြောတယ်၊ ဖေဖေ့ဆီက တောင်းခဲ့ပါတဲ့'

'ဟေ. . . . သုံးထောင်တောင် များလှချည့်လား သမီးရယ်'

'သူများတွေ ပေးပြီးကုန်ပြီ ဖေဖေရဲ့'

'အေးလေ. . . . ပေးရမှာပေါ့ သမီးရယ်'

'ပေးရင် မြန်မြန်ပေး ဖေဖေရဲ့၊ ဒီနေ့ နောက်ဆုံးတဲ့၊ သမီး[illegible] ဝတ်စုံမရရင် ကပွဲပါရမှာ မဟုတ်ဘူး'

သမီးအတွက် ငွေသုံးထောင် ပေးရလျှင် ယခုလ သုံးရန် ငွေ[illegible] လောက်တော့မည် မဟုတ်ပါ။ သို့သော် မပေးပြန်လျှင်လည်း သမီး[illegible] လေး မျက်နှာငယ်ရှာတော့မည်။

'အို. . . . ဖြစ်ချင်ရာဖြစ်၊ နောက်မှ လိုတဲ့ငွေကို တနည်းနည်း[illegible] နဲ့ ရှာရမှာပဲ'

ကိုကျော်ခိုင်သည် အိတ်ထဲမှ ငွေသုံးထောင်ကို ထုတ်ပေး[illegible] လိုက်သည်။

'ဒေါ်သိန်းရွှေ ရော့. . . . ရော့၊ သမီးကို ကျောင်းလိုက်ပို့ရင်[illegible] သူ့ ဆရာမကို ပေးလိုက်ပါနော်'

'ဖေဖေ၊ သားလည်း ဖိနပ် ပြတ်သွားပြီ'

'ဟေ. . . .'

'သားကိုလည်း ဖိနပ်တစ်ရံ ဝယ်ပေးပါဦး ဖေဖေ'

'ခုကို စီးစရာ မရှိတော့ဘူးလား ငါ့သား'

'မရှိတော့ဘူး ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။

'အေး. . . . အေး၊ ညနေကျတော့ ဖေဖေ ဝယ်ခဲ့ပါ့မယ် သားရယ်၊ အခုတော့ မမ ဖိနပ်အဟောင်းကို စီးသွားဦးနော်'

'ဟုတ်ကဲ့ ဖေဖေ'

သီတာ ဝမ်းနည်းမိသည်။ မောင်လေးနှင့် ညီမလေးတွင် မပြည့်စုံသလို သီတာတွင်လည်း မပြည့်စုံပါ။ အထူးသဖြင့် အပိုပေါက်ကလေး ဖြစ်လာပြီမို့ အောက်ခံအကျႌ လိုသည်။ ရှိနေသော နှစ်ထည်က စုတ်နေပြီ။ သီတာ ပြန်ချုပ်ထားရသည်။ ကျန်တစ်ထည်ကလည်း သိပ်မကောင်းတော့ပါ။ နောက်ထပ် နှစ်ထည်လောက် လိုနေသည်။ သီတာ ဖေဖေ့ကို မပြောချင်၍ နေ့စဉ်ရသော မုန့်ဖိုးလေးများကို မစားပဲ စုထားရသည်။ သို့သော် တစ်ထည်ဖိုးမင် မပြည့်သေးပါ။

မေမေ ရှိစဉ်ကဆိုလျှင် သားသမီးများ ဘာလိုသည်ကို မေမေ သိသည်။ ပြောစရာပင် မလို။ ဖေဖေကတော့ မပြော်ပဲနှင့် ဘာမျှမသိ။

'အို. . . . ဖေဖေကလည်း သားသမီးတွေကို စိတ်မဝင်စားတော့ ပါဘူးလေ၊ ငါတို့ ချို့ချို့ငဲ့ငဲ့ ဖြစ်နေချိန်မှာ သူကတော့ အရက်သောက် နိုင်တယ်၊ ထမင်းဗူးအသစ်နဲ့ စာရေးမနဲ့ ပျော်နေမှာပါ'

သီတာသည် လက်ထဲမှ ခဲတံဖြင့် ဗလာစာအုပ်တွင် ရေးနေမိသည်။

'အို. . . . မေမေရယ်၊ မေမေသာရှိရင်သမီးတို့ ဒီလိုဒုက္ခ မြစ်ကြမှာ မဟုတ်ဘူး'

သီတာ၏ မျက်ဝန်းမှ မျက်ရည်တစ်ပေါက်သည် စာအုပ်ပေါ်သို့ ကျသွားသည်။

* * *



'ဟော. . . . ဒေါ်အုံးကြည်နဲ့ ဝေဝေ၊ အစောကြီး ရောက်လာကြပါလား'

ရုံးတွင်းမှ နာရီကို လှမ်းကြည့်လိုက်ရာ ရှစ်နာရီခွဲသာ ရှိသေးသည်။

'ဟုတ်တယ်၊ ဒီနေ့မနက် ညွှန်မှူးကို စာရင်းတွေတင်စရာ ရှိတယ်၊ အစောကြီးလာမယ်လို့ မနေ့က မောင်ခင်ထွန်းကို ဆရာ ပြောနေတာကြားလို့ မမကြည်ကိုဝင်ခေါ်ပြီး စောစောလာခဲ့တာ'

'ဪ. . . . ကူလုပ်စရာ မလိုပါဘူး၊ အားလုံး ပြီးနေပါပြီ'

'မဟုတ်ပါဘူး ဆရာ၊ ဆရာ့ကို ကန်တော့ချင်လို့ပါ'

'အို. . . . ဘာဖြစ်လို့'

'မနေ့ညနေက အဖြစ်ကို အိမ်ကျမှ တွေးပြီး ကြောက်လိုက်တာ ဆရာရယ်'

'ဟုတ်တယ်၊ မမကြည်လည်း အိမ်ကျမှ ပြန်စဉ်းစားကြည့်မိတယ်၊ ဆရာသာ ဝေဝေ့ကို အချိန်မီ မဆွဲလိုက်နိုင်ရင် အို. . . . မစဉ်းစားရဲစရာပဲ'

'ဝေဝေ အိမ်ရောက်လို့ မေမေ့ကို ပြောပြတော့ မေမေတာ အံမယ်လေး. . . . ကံကြီးလို့ပါလား သမီးရယ်၊ မောင်ကျော်ခိုင်တို့လည်း ကျေးဇူးတင်လိုက်တာလို့ ပြောတယ်'

'ဪ. . . . အဲဒါအတွက် ကန်တော့မှာလား'

'ဟုတ်ပါတယ် ဆရာ'

'ဟား ဟား. . . . မဟုတ်တာပဲ ဝေဝေရယ်၊ ဒါအတွက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ဖို့ မလိုပါဘူး၊ ကိုယ့်အချင်းချင်း ကြုံကြိုက်လို့ ကူညီလိုက်နိုင်တာပါ၊ ကျေးဇူးတင်စရာ မဟုတ်ပါဘူး'

'အို. . . . ဘယ့်နှယ်ကျေးဇူးတင်စရာ မဟုတ်ရမှာလဲ ဆရာ၊ ဝေဝေအသက်ကို ဆရာ ကယ်လိုက်တာပဲ၊ ဆရာသာ မဆွဲလိုက်ရင် ခုလောက်ဆို ဝေဝေ လူ့လောကမှ ပျောက်ကွယ်သွားပြီပေါ့'

'ဩော်. . . . ဝေဝေရယ်၊ ဆရာကလည်း အနားမှာရှိနေလို့ ဆွဲလိုက်နိုင်တာပါ၊ ဆရာက ရုတ်တရက် အဲဒီလို ဆွဲလိုက်ရတာကို တောင် အားနာနေတာ၊ မလွှဲသာလို့ပါ'

'ဩော်. . . . ဆရာရယ်၊ ဝေဝေက တောင်းပန်ရမှာပါ၊ အစက တော့ ဆရာ ဘာဖြစ်လို့ အဲဒီလို ဆွဲလိုက်ရတာပါလိမ့်လို့ လန့်သွားမိတယ်'

ကိုကျော်ခိုင်၏ ရင်ခွင်တွင်းမှ ပွေ့လျက်သားဖြစ်နေသည်ကို သတိရမိ၍ ဝေဝေ၏မျက်နှာတွင် ရှက်သွေးများ ဖြန်းလာသည်။

'ကဲပါ ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် အသက်ကို ကယ်တယ်ဆိုတာ ကျေးဇူးကြီးပါတယ်၊ ဝေဝေရဲ့ မေမေကလည်း ကန်တော့ခိုင်းနေတယ်၊ ဝေဝေကလည်း ကန်တော့ချင်တယ်၊ ကန်တော့ခံလိုက်ပါ ဆရာရယ်'

ဒေါ်အုံးကြည်က ဝေဝေကို ကူညီ၍ ပြောပေးသည်။

'ဟုတ်ပါတယ် ဆရာရယ်၊ ဝေဝေ ကန်တော့ပါရစေ'

ဝေဝေက သူ၏ခြင်းထဲမှ ချည်ချောလုံချည်တစ်ထည်ကို ထုတ်ယူလိုက်သည်။



'ဟာ. . . . မလိုချင်ပါဘူး ဝေဝေရယ်၊ နေပါစေ၊ ဆရာ မယူပါဘူး'

'ကန်တော့တဲ့ ပစ္စည်းပဲ ဆရာရယ် လက်ခံပါ၊ ရေနစ်တဲ့လူကို တစ်ယောက်ယောက်က ဆယ်လို့ အသက်ချမ်းသာရင် ရေနစ်သူဟာ ဆယ်သူကို ငှက်ပျောပွဲ အုန်းပွဲနဲ့ ကန်တော့ရတယ်တဲ့၊ ခုလည်း အသက်ကို ကယ်တာပဲ ဆရာရယ်၊ ယူလိုက်ပါ'

ဝေဝေက စက္ကူအိတ်နှင့် ထည့်ထားသော ပုဆိုးကို ကိုကျော်ခိုင်၏ ရှေ့မှ စားပွဲပေါ်တွင် ချထားပြီး ဒူးတုပ်၍ ကန်တော့နေပါပြီ။

ကိုကျော်ခိုင် ပစ္စည်းကို မယူချင်။ ဘာလုပ်ရမည် မသိ။ ကန်တော့နေသော ဝေဝေကိုလည်း ဆုမပေးမိ။

'ဆုပေးလိုက်ဦးလေ ဆရာ'

ဒေါ်အုံးကြည်က တိုက်တွန်းနေပြန်သည်။

'ဩော် အင်း အင်း. . . . ဘေးရန်ခပ်သိမ်းမှ ကင်းပါစေဗျာ၊ ကျန်းမာ ချမ်းသာပါစေ၊ ဒီပစ္စည်းကိုတော့ ပြန်ယူသွားပါ ဝေဝေ၊ ဆရာ မယူပါရစေနဲ့'

ကိုကျော်ခိုင်က ကန်တော့ပစ္စည်းကို ဝေဝေထံသို့ ပြန်ပေးသည်။

'ပေး. . . . ပေး ဆရာ'

ဒေါ်အုံးကြည်က ဖြတ်ယူလိုက်ပြီး ကိုကျော်ခိုင်၏ အိတ်ထဲသို့ ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟာ. . . . ဒေါ်အုံးကြည်၊ မလုပ်ပါနဲ့ဗျာ'

သို့သော် ဒေါ်အုံးကြည်က [illegible] အိတ်ကို ကိုကျော်ခိုင်၏ ဗီရိုထဲသို့ထည့်၍ [illegible]ခါးပိတ်လိုက်သည်။ ဝေဝေက ကိုကျော်ခိုင်နှင့် ဒေါ်အုံးကြည်ကို ကြည့်၍ ပြုံးနေသည်။

'ကဲ လာ ဆရာ၊ အောက်မှာ မုန့်ဟင်းခါးသွားစားရအောင်၊ မမကြည်လည်း ဘာမှ မစားခဲ့ရသေးဘူး'

'တော်ပါပြီ ဝေဝေ၊ ဆရာ စားခဲ့ပါပြီ၊ ဒီစာရင်းတွေ အဆင်သင့် တင်ပြဖို့ လုပ်လိုက်ဦးမယ်'

'ဝေဝေတို့ ကူရဦးမလား ဆရာ'

'မလိုတော့ပါဘူး ဝေဝေ၊ ရပါပြီ၊ သွားစားကြပါ'

ဝေဝေနှင့် ဒေါ်အုံးကြည်တို့ အောက်သို့ဆင်းသွားကြသည်။

ဣ ဣ ဣ

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်အိမ်လုံး အိပ်ကြပြီ။ သို့သော် ကိုကျော်ခိုင် မအိပ်နိုင်သေး။ ညေ့ခန်းမှ ပက်လက်ကုလားထိုင်တွင် လူက ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်က လှုပ်ရှားနေသည်။

ကိုကျော်ခိုင် သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

'ဩော်. . . . မောရပါလား ဝေဝေရယ်'

ယဉ်ကျေးသော ဝေဝေ၊ လိမ္မာသော ဝေဝေ၊ လှပရုံသာမက ချစ်စရာလည်း ကောင်းသော ဝေဝေ။ မိမိ၏ ရှေ့မှောက်၌ ဒူးတုပ်၍ ကန်တော့နေသည်ကို ကိုကျော်ခိုင် မြင်ယောင်နေမိသည်။



မနေ့ညနေက အဖြစ်သည်လည်းပြန်စဉ်းစားမိတိုင်း ကိုကျော်ခိုင် ရင်ခုန်ရဆဲဖြစ်၏။

ရှေ့ဘီးပေါက်၍ ပလက်ဖောင်းပေါ်သို့ တက်လာသောကားသည် ဝေဝေထံသို့ ဦးတည်၍နေ၏။

နောက်မှလိုက်လာသော ကိုကျော်ခိုင်က ဝေဝေ၏ လက်ကို ဆောင့်ဆွဲလိုက်ရသည်။ ဝေဝေ နောက်သို့ပါလာပြီး အားလွန်၍ ကိုကျော်ခိုင်၏ ရင်ခွင်အတွင်းသို့ ရောက်လာသည်။ နှစ်ယောက်စလုံး ကားနှင့်လွတ်စေရန် ဝေဝေကို ဖက်၍ ဘေးသို့ ဆွဲဖယ်လိုက်ရသည်။

ဝေဝေ၏ မွှေးပျံ့သော ရနံ့နှင့် နူးညံ့သော အထိအတွေ့တို့ကြောင့် ကိုကျော်ခိုင်၏ စိတ်များ လှုပ်ရှားခဲ့ရသည်။

'အို. . . . ဝေဝေရယ်'

ကိုကျော်ခိုင် သက်ပြင်းတစ်ချက် ချရပြန်၏။

ကိုကျော်ခိုင်၏ရင်က ခုန်လာရပြန်သည်။

'ဩော်. . . . ဝေဝေနဲ့သာ လက်ထပ်ရရင်၊ ငါ့သားသမီးလေးတွေနဲ့လည်း အားလုံး အဆင်ပြေမယ်ဆိုရင်၊ ငါတို့ အိမ်ထောင်လေးဟာ အသစ်တဖန် ပြန်ပြီး ပျော်စရာ ကြည်နူးစရာ ဖြစ်လာမှာပဲ။ ဝေဝေက စိတ်ကောင်းရှိပြီး ကြင်နာတတ်သူမို့ သားတို့သမီးတို့ကိုလည်း သူ့သား သမီးအဖြစ်နဲ့ ကြင်နာမယ်၊ သားနဲ့သမီးတို့ကလည်း ဝေဝေ့ကို မိခင်လို ချစ်ကြမယ်၊ အို. . . . ဒီအိမ်ကလေးဟာ မေတ္တာအိမ်[illegible]လေးဖြစ်ပြီး ဘယ်လောက်များ ကြည်နူးစရာ. . . .'

'ဖေဖေကြီး၊ မီးမီး ရှူးရှူးပေါက်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်ပေါ်လာသော သမီးငယ် ပိုးအိအသံ ဖြစ်သည်။

'ဩော်. . . . အေးအေး၊ ဖေဖေကြီးလာပြီ သမီးလေး'

ကိုကျော်ခိုင်၏ အတွေးမျှင်ကလေးများ ပြတ်သွားရလေပြီ။

ж ж ж

'ဒေါ်သိန်းရေ ဈေးသွားရင် ဒီပုဆိုးလေး ချုပ်ခဲ့ပါဦးဗျာ'

ကိုကျော်ခိုင်က ဖဲဝေ ကန်တော့သော ပုဆိုးကို ဒေါ်သိန်းထံသို့ ပေးလိုက်သည်။

သီတာ စာကြည့်နေရာမှ လှမ်းကြည့်လိုက်သည်။

'ဩော်. . . . ဖေဖေက ပုဆိုးသစ် ဝယ်လို့ပါလား၊ ငါ့မှာတော့ အောက်ခံအကျႌတစ်ထည်လောက် လိုတာတောင် ဝယ်ဖို့ မလွယ်သေးဘူး'

သီတာ ဝမ်းနည်းလာမိ၏။

'မေမေရေ သမီးအဖြစ်ကို ကြည့်လှည့်ပါဦး' ဟု အော်ငိုချင်စိတ် ဖြစ်မိသည်။

'ဟယ်. . . . ကြီးကြီးသိန်း ပြစမ်းပါ၊ ဖေဖေ့ပုဆိုးက လှလိုက်တာ၊ ဒီပုဆိုးကို ဝတ်လိုက်ရင် ဖေဖေတော့ သိပ်လှသွားမှာပဲ'

ပိုးအိက ဒေါ်သိန်း၏လက်မှ လုံချည်ကို ဝမ်းသာအားရ ကိုင်ကြည့်နေသည်။

'ဖေဖေ သိပ်လှရင် မိန်းမတွေကကြိုက်မှာ ကြောက်ရတယ်'

အောင်အောင်ပြောပုံက ခပ်တည်တည် ဖြစ်သည်။



'ဟား ဟား ဟား ငါ့သားကတော့ကွာ၊ ပြောရော့မယ်'

ကိုကျော်ခိုင် ရယ်မိသည်။

'ကဲ ကလေးတွေ လာကြ၊ ဒီမှာ ပြင်ပြီးပြီ၊ ထမင်းနဲ့အကြော် စားလှည့်ကြ'

ကလေးနှစ်ယောက် ဒေါ်သိန်းထံသို့ သွားကြသည်။

'သမီးရော သွားစားလေ'

သီတာ စာကြည့်စားပွဲမှ ထသွားသည်။ သို့သော် သီတာ၏ ရင်ထဲမှာ ခံစားချက်များနှင့် ပြည့်နေသည်။ ဘာကိုမျှ စားချင်စိတ်လည်း မရှိ။

ကိုကျော်ခိုင်က ရုံးသွားရန်အတွက် ထမင်းဗူးနှင့်လိုအပ်သည်များကို လွယ်အိတ်ထဲသို့ထည့်၏။ လွယ်အိတ်က ဟောင်းနွမ်းရုံမက ဘေးနှုတ်ခမ်းက စုတ်နေသည်။

'မောင်ကျော်ခိုင်'

ဒေါ်သိန်း၏လေသံက ခပ်တိုးတိုးဖြစ်၏။

'ပြောလေ ဒေါ်သိန်း'

'သီတာ့ကို ကြည့်ရတာ တစ်မျိုးပဲကွယ်၊ အရင်ကနဲ့ မတူဘူး အမူအရာ ပြောင်းလဲနေသလိုပဲ'

'ဗျာ. . . . အင်း ဟုတ်တယ်၊ ဒေါ်သိန်းပြောမှ ကျွန်တော် သတိ ထားမိတယ် ဘာဖြစ်လို့လဲ ဒေါ်သိန်း'

'ငါလဲ မသိဘူးကွယ်. သူ့အမူအရာက အရင်လို ရွှင်ရွှင်လန်းလန်း မရှိဘူး၊ စိတ်ဓာတ်ကျနေသလိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ဟုတ်တယ်၊ သမီး ကျန်းမာရေးများ မကောင်းလို့လား ဒေါ်သိန်း'

'ကျန်းမာရေး ကောင်းပါတယ်ကွယ်'

'ဒါဖြင့် သူ့အမေကိုများ လွမ်းနေလို့လား'

'သူ့အမေ ဆုံးပြီးစကလည်း ဒီလို မဟုတ်ပါဘူး၊ သူ့အမေတာဝန်တွေကို သူကိုယ်တိုင်ပဲ လုပ်ကိုင်နေသေးတာပဲ'

'အင်း ဟုတ်တယ်'

ကိုကျော်ခိုင် ပြန်၍ စဉ်းစားကြည့်မိသည်။ မြမြသက်ဆုံးစက ကိုကျော်ခိုင်၏ တာဝန်များကို သူပင် သူ့အမေကိုယ်စားလုပ်ပေးခဲ့သည်။ ခု ကိုကျော်ခိုင်၏ကိစ္စများကိုလုပ်မပေးသည်မှာ အတော်ကြာပြီ။

'ဘာဖြစ်လို့ထင်လဲ ဒေါ်သိန်း'

'ဒါတော့ ငါလဲမသိဘူး၊ ဪ ပြောရဦးမယ်၊ သူ့ခမျာ အပျိုပေါက်ကလေး ဖြစ်လာရှာတော့ အောက်ခံအင်္ကျီလေးတွေ လိုတယ်'

'ဗျာ. . . . သမီးမှာ မရှိဘူးလား'

ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်မိသည်။

'အင်း. . . . မရှိရှာဘူးကွယ်၊ သူ့အမေ ရှိတုန်းက ဝယ်ပေးထားတဲ့ နှစ်ထည်ရှိတာလည်း သိပ်မတော်တော့ဘူး၊ တစ်ထည်ကလည်း စုတ် နေတယ်၊ တစ်ထည်ကလည်း သိပ်မကောင်းတော့ဘူး၊ အဲဒီ စုတ်တာ လေးတွေကို ပြန်ချုပ်ပြီး ဝတ်နေရှာတယ်'

'အို ဗျာ၊ ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော် သတိမထားမိဘူး၊ ကျွန်တော့်အပြစ်ပဲဗျာ၊ အင်း. . . . အမေ မရှိတော့ ဒါမျိုးတွေကစပြီး ကျွန်တော် သတိထားရမှာပါလား'



သမီး သီတာကို ကိုကျော်ခိုင် သနားနေမိသည်။

'သူ ရတဲ့ မုန့်ဖိုးလေးတွေကို မစားပဲ စုထားရှာတယ်၊ ငွေပြည့်ရင် အောက်ခံအင်္ကျီလေး ဝယ်ချင်လို့တဲ့'

'ဪ. . . . သမီးရယ်၊ ဒေါ်သိန်းကလဲ ကျွန်တော့်ကို ပြောရောပေါ့ဗျာ'

'ငါက ပြောပါတယ်၊ ဟဲ့. . . . ညည်းအဖေကို ဝယ်ခိုင်းပါလားဆိုတော့ မခိုင်းချင်ပါဘူးတဲ့၊ ဖေဖေ့မှာ ဒီထက် အရေးကြီးတဲ့ သုံးစရာတွေ ရှိနေမှာပါတဲ့၊ ကြီးကြီးသိန်းလည်း မပြောပါနဲ့တဲ့'

ကိုကျော်ခိုင် သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်မိသည်။

'ဖြစ်ရလေဗျာ၊ ကျွန်တော် ညနေဝယ်ခဲ့မယ်'

'ဟဲ့. . . . မင်းက ဘယ်လိုလုပ် ဝယ်မှာတုံး၊ သူနဲ့ တော်ဦးမှကိုး'

'ဪ. . . . အင်း၊ ဟုတ်ပါရဲ့၊ တစ်ထည် ဘယ်လောက်လဲ ဒေါ်သိန်း'

'ခုနှစ်ရာ၊ ရှစ်ရာ လောက်တော့ ရှိမှာပေါ့'

'ရော့ဗျာ ဒေါ်သိန်း၊ နှစ်ထောင်ယူပြီး သမီးကို နှစ်ထည် ဝယ်ပေးလိုက်ပါ'

'အေး. . . . အေး'

ဒေါ်သိန်း ဝမ်းသာသွားသည်။

ကိုကျော်ခိုင် နောက်ဘက်သို့ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'သားတို့ သမီးတို့ရေ ဖေဖေ သွားတော့မယ်'

'ဟုတ်ကဲ့ ဖေဖေ'

အောင်အောင်နှင့် ပိုးအိထံမှ အသံထွက်လာသည်။

သီတာက မော့ကြည့်သော်လည်း ဘာမျှ ပြန်မပြောသည်ကို ကိုကျော်ခိုင် သတိထားမိသည်။

ကိုကျော်ခိုင် အိမ်ကထွက်လာခဲ့သော်လည်း စိတ်ထဲတွင် မကောင်းပါ။

'သမီး ငါ့ကို စိတ်ကောက်နေသလား၊ ဘာများ မကျေနပ်တာရှိသလဲ၊ သူ့အမေ ဆုံးပြီးတဲ့ ဒီဘက်မှာ ငါ့ကိစ္စတွေကို သူပဲ တာဝန်ယူလုပ်ပေးရုံတင်မကဘူး၊ သူ့အမေ ကိုယ်စား ပြောလိုက်ရ သတိပေးလိုက်ရ မှာလိုက်ရတာလဲ အသံလေး တစာစာနဲ့၊ ဒီလောက်တောင် အပြောင်းလဲကြီး ပြောင်းလဲသွားတာကိုတောင် ငါ သတိမထားမိတာ ညံ့လိုက်တာ၊ ဟုတ်တယ်၊ ခုဆို မနက်ကို ထမင်းဗူးထည့်မပေးတာတောင် ကြာလှပြီ၊ ငါကတော့ သူ စာကြိုးစားနေလို့ မအားလို့ ထင်နေတာ၊ ဩော်. . . . ဟိုတခါ ငါ အရက်သောက်တာကိုများ မကျေနပ်လို့လား'

ကိုကျော်ခိုင် အမျိုးမျိုး တွေးနေမိသည်။

'အင်း. . . . သမီးပျိုလေး ဒီအရွယ်ဆိုတာ မိခင်ရဲ့ အနီးကပ်ထိန်းသိမ်းပြုပြင်မှု ရှိဖို့လိုတယ်၊ ငါ သမီးကို မေ့မေ့လျော့လျော့ရှိနေလိုက်တာ'

ကိုကျော်ခိုင် မိမိကိုယ်ကို အပြစ်တင်မိသည်။



'ဒီအရွယ်ကလေးတွေဆိုတာ စိတ်ကစားတတ်တဲ့ အရွယ်။ သမီးရဲ့ အမူအရာတွေ ပြောင်းနေတာဟာ ဘုရား. . . . ဘုရား. . . . ကောင်လေးတစ်ယောက်ယောက်နဲ့များ၊ အို. . . . သမီးက ဒီလိုတော့ ဟုတ်မှာ မဟုတ်သေးပါဘူးလေ'

တွေးရင်းတောရင်းမှ ကိုကျော်ခိုင် စိုးရိမ် ပူပန်မိသည်။

အောက်ခံအကျီ ချို့ငဲ့စွာနှင့် ကာလကြာရှည်စွာ သိမ်ငယ်နေရှာမည့် သမီး၏အဖြစ်ကို စဉ်းစားမိသောအခါ ကိုကျော်ခိုင် မိမိကိုယ်ကို ထုရိုက်ပစ်ချင်လောက်အောင်ပင် မကျေမနပ် ဖြစ်မိသည်။

ကိုကျော်ခိုင် သမီးသီတာကို သနားမိသည်။

'သမီးငယ်လေးလည်း ဖြစ်သလို နေရစားရရှာတာပါပဲ။ ငါ ကလေးတွေကို ယုယကြင်နာနိုင်တာ ဂရုစိုက်နိုင်တာ နည်းလှတယ်၊ အို. . . . အဖေဆိုတာ အမေလောက်တော့ ဂရုမစိုက်နိုင်ပါဘူးလေ။ အခု သီတာရဲ့ ချို့ငဲ့ရတာမျိုး မိခင်သာရှိရင် ဖြစ်မှာမဟုတ်ဘူး။ အဖေက ဘယ်သိမလဲ။ သမီးတို့ သားတို့ အားလုံးကို ငါ ထောက်စေ့အောင် လုပ်နိုင်ပါ့မလား'

ကိုကျော်ခိုင် သက်ပြင်းချရပြန်သည်။

'ငါ ဘယ်လို လုပ်ရမလဲ၊ ဝေဝေဆိုရင် သားတို့ သမီးတို့ကို ကူညီနိုင်မလား၊ သမီးလေးနှစ်ယောက်ကို ကြင်ကြင်နာနာနဲ့ပြုစု စောင့်ရှောက်ပေးနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ငါ ဝေဝေကို လက်ထပ်ရင် အို. . . . ငါ့ဘက်ကပဲ စဉ်းစားနေလိုက်တာ။ ဝေဝေကရော ငါ့ကို လက်ထပ်နိုင်မှာလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် ဆန်းစစ်ကြည့်မိသည်။

'ဝေဝေဟာ ငါ့အပေါ်မှာ စေတနာထားတာတော့အမှန်ပဲ။ ဒါပေမယ့် အိမ်ထောင်တစ်ခုဆိုတာ စေတနာရှိရုံနဲ့မဖြစ်သေးဘူး။ မေတ္တာရှိဖို့လည်းလိုတယ်။ ငါရဲ့ မေတ္တာကို ဝေဝေ တုံ့ပြန်နိုင်ပါမလား။ မေတ္တာကို တုံ့ပြန်နိုင်တဲ့တိုင်အောင်လည်း ငါ့ကို လက်ထပ်ရဲတဲ့အထိ သတ္တိရှိပါ့မလား'

ကိုကျော်ခိုင် အမျိုးမျိုး တွေးနေရသည်။

'ဝေဝေကသာ မိခင်စိတ်နဲ့ သားတို့ သမီးတို့အပေါ်မှာ ကြင်ကြင်နာနာ စောင့်ရှောက်သွားမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဝေဝေဟာ စိတ်ကောင်း စေတနာကောင်းတော့ ရှိတယ်။ သနားကြင်နာတတ်တယ်။ အို. . . . ငါမျှော်လင့်သလိုများ ဖြစ်လာရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ငါ ဝေဝေကို ပြောပြသင့်သလား။ ဟုတ်တယ်. . . . ငါ့ရင်ထဲမှာရှိတဲ့အတိုင်း ငါ ဝေဝေ့ကို ပြောပြသင့်တယ်ထင်တယ်။ ဒါဟာ ငါ့ဆန္ဒဖြစ်သလို ငါ့မိသားစုရဲ့ လိုအပ်ချက်လည်း ဖြစ်နေတယ်။ ဝေဝေကြိုက်သလို ဆုံးဖြတ်နိုင်ခွင့်ရှိတာပဲ။ အခုတလော ဝေဝေ့ဆီကို လူတစ်ယောက်ကလည်း လာလာနေတယ်'

ကိုကျော်ခိုင်၏ ရင်ထဲတွင် စိုးရိမ်စိတ်ဝင်လာမိသည်။

'နောက်များ ကျနေပြီလား။ ငါ အိမ်ထောင်ပြုမယ်ဆိုရင် ဝေဝေလို သင့်တော်တဲ့ မိန်းကလေးကို တွေ့ဖို့မလွယ်ဘူး။ ငါ မြန်မြန် ဖွင့်ပြောသင့်တယ် ထင်တယ်။ အချိန်တွေနှောင်းအောင် စောင့်မနေသင့်တော့ဘူး။ အို. . . . ငါ ဒီနေ့ပဲ ဝေဝေကို ဖွင့်ပြောမယ်. . . .'



ကိုကျော်ခိုင်သည် ဘတ်စ်ကားဝိတ်သို့ မြန်မြန်ရောက်အောင် ခြေလှမ်းကို ပို၍ သွက်သွက်လှမ်းလိုက်သည်။

ဂ ဂ ဂ

ရုံးတွင်းမှ နံရံကပ်နာရီကြီးကို ကိုကျော်ခိုင် မကြာခဏ လှမ်းကြည့်နေသည်။ ယနေ့ညနေ ရုံးမှအပြန်တွင် ဝေဝေကို ပြောပြမည်ဟု ဆုံးဖြတ်ထားသည်။ စိတ်လှုပ်ရှားနေ၍ ထင်သည်။ တစ်နေ့လုံး အလုပ်လုပ်ရသည်မှာ အမှားမှား အယွင်းယွင်း ဖြစ်နေသည်။ ဝေဝေကို ဘယ်နေရာမှာ ပြောမလဲ၊ ဘယ်လိုပြောရမလဲ စကားလုံးများ ရွေးချယ်ရသည်။

ဝေဝေ့ထံသို့လည်း မကြာခဏ လှမ်းကြည့်မိသည်။ ဝေဝေ့ကို ကြည့်မိတိုင်းလည်း ရင်ကခုန်၏။ ဝေဝေသည် ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ဆင်ထားသည်။ တက်ထရွန်လုံချည် အပြာနုနှင့်အကျီအဖြူ လက်စ ကကို ဝတ်ဆင်ထားသည်။ ဖြူဝင်းသော သူ၏အသားအရေနှင့် လိုက်ဖက်လှ၏။ မျက်နှာတွင် မြန်မာသနပ်ခါးကို ပါးပါးညက်ညက် ကလေးလိမ်းထားသည်။ ပါးမို့မို့ပေါ်မှ ပါးကွက်ရှည်ရှည်တွေထား နှစ်ခုကလည်း ချစ်စဖွယ်ဖြစ်၏။ ခေါင်းတွင် သဇင်ပန်းတလေး တစ်ခက်ကို ပန်ထားသည်။

'ဪ မိန်းကလေးရယ်'

ကိုကျော်ခိုင် ရင်မောနေမိသည်။

'ဝေဝေကသာ ငါ့အပေါ် မေတ္တာတုံ့ပြန်နိုင် အို'

www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်ပင် ကိုကျော်ခိုင် ပျော်လှပြီ။

'ဒါပေမယ့် မဖြစ်နိုင်ပါဘူးလို့ ပြောလိုက်ရင်တော့ ဟင်း'

ကိုကျော်ခိုင် ပင့်သက်ရှိုက်မိသည်။

ရုံးဆင်းခါနီးလေ ကိုကျော်ခိုင်၏ ရင်ခုန်သံက မြန်လေဖြစ်လာ၏။ သိမ်းစရာရှိသည်တို့ကို ကိုကျော်ခိုင်ကြိုတင်သိမ်းဆည်းထား၏။ ဝေဝေတို့ ရုံးဆင်းလျှင် ရှေ့ဆင့်နောက်ဆင့် ဆင်းချင်သည်။ ဝေဝေနှင့် ဘတ်စ်ကားတစ်စီးတည်း လိုက်ချင်သည်။

လေးနာရီထိုးသောအခါ အားလုံး သိမ်းဆည်း ပြင်ဆင်၍ ရုံးဆင်းကြ၏။ ယနေ့မှ ဝေဝေနှင့် ဒေါ်အုံးကြည်က ရုံးဆင်းနောက်ကျ၍ ကိုကျော်ခိုင် စောင့်နေရသည်။ မောင်ခင်ထွန်းပင် တံခါးများကို ပိတ်နေပြီ။

'ဆရာ မပြန်သေးဘူးလား'

ဒေါ်အုံးကြည်က ကိုကျော်ခိုင်၏ စားပွဲရှေ့မှ ဖြတ်သွားရင်း မေးသည်။ ဝေဝေက ဒေါ်အုံးကြည်၏နောက်မှ ဖြစ်သည်။

'ဟုတ်ကဲ့ ပြန်မှာပါ။ မောင်ခင်ထွန်းရေ တံခါးတွေ သေသေချာချာ ပိတ်ဟေ့'

'ဟုတ်ကဲ့ ဆရာ'

ကိုကျော်ခိုင် လွယ်အိတ်ကိုလွယ်၍ ရုံးပေါ်မှဆင်းခဲ့သည်။

ရုံးရှေ့မှတ်တိုင်တွင် လိုင်းကား အဆင်သင့်ဆိုက်လာသည်နှင့် ဒေါ်အုံးကြည်နှင့် ဝေဝေက ကားပေါ်သို့ တက်သွားကြသည်။ ကိုကျော်ခိုင်ရောက်သွားသောအခါ ကားထွက်စပြုနေပြီ။ ကိုကျော်ခိုင် ပြေးသွား၍ ကားပေါ်သို့ တက်လိုက်၏။



'ဆရာ့အိတ် ပေးထားလေ'

'ရပါတယ် ဝေဝေ၊ နေပါစေ'

'ပေးပါ ဆရာရယ်'

ကိုကျော်ခိုင်က လွယ်ထားသောအိတ်ကို ဖြုတ်၍ပေးလိုက်ရသည်။

'အြော်. . . . ဆရာ့အိတ်ကလည်း စုတ်လို့'

ဝေဝေက အိတ်ကိုကြည့်၍ စိတ်မကောင်း။

'ဆရာလည်း အိတ်စုတ်လို့တောင် ချုပ်ပေးမယ့်လူ မရှိဘူးနော်'

ဒေါ်အုံးကြည်က ကရုဏာသက်နေသည်။

ကိုကျော်ခိုင် ဝေဝေကို လှမ်းကြည့်လိုက်သည်။ ဝေဝေက ကိုကျော်ခိုင်၏အိတ်ကို သူ့ပေါင်ပေါ်တွင် တင်ထားသည်။ လှသော မျက်နှာကလေးက စုတ်နေသော အိတ်ကို ငေးငေးလေး ကြည့်နေသည်။

ဝေဝေကိုမြင်ရတိုင်း ကိုကျော်ခိုင် ရင်ခုန်သည်။ မကြာမီ ဖွင့်ဟပြောပြရတော့မည့်အဖြစ်ကို စဉ်းစားမိသောအခါ စိတ်မောသည်။

ဘတ်စ်ကား မှတ်တိုင်တစ်တိုင်ပြီးတစ်တိုင် ကျော်လွန်ခဲ့ပြီ။ ဆင်းသူတို့ဆင်းကြရာတခါ တက်သူတို့ တက်လာကြသည်။

မြေနီကုန်းရောက်ခါနီးမှ ကိုကျော်ခိုင် နေရာရသည်။ ဝေဝေထံမှ အိတ်ကို လှမ်းတောင်းသည်။

'နေပါစေ ဆရာရယ်၊ ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေက ကိုကျော်ခိုင်၏ အိတ်ပေါ်တွင် သူ၏ ဖြူနုသော လက်ကလေးများကို တင်ထားသည်။

မြေနီကုန်းမီးပွိုင့်နားသို့ ရောက်သောအခါ ဝေဝေနှင့်ကိုကျော်ခိုင်တို့ နှုတ်ဆက်ပြီး ဒေါ်အုံးကြည် ဆင်းကျန်ရစ်၏။

ကိုကျော်ခိုင်၏ နှလုံးခုန်သံက ပို၍ မြန်လာသည်။ ပြောရမည်ကိုလည်း စိုးရွံ့လာမိသည်။

'နောက်နေ့မှ ပြောရမလား'

မောနေသောစိတ်မှ သက်သာရာရအောင် ကိုကျော်ခိုင် စဉ်းစားမိသည်။

'အို. . . . မဖြစ်ပါဘူးလေ၊ နောက်နေ့ဆိုရင် ဒီလို အဆင်ပြေချင်မှပြေမှာ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ပဲပြောတာ ကောင်းပါတယ်'

ကိုကျော်ခိုင် စိတ်အားတင်းလိုက်သည်။

မော်တော်ကား ဟံသာဝတီအဝိုင်းကို လွန်သောအခါ ကိုကျော်ခိုင် နေရာမှ ထရပ်လိုက်သည်။

'အို. . . . ဆင်းတော့မလို့လား ဆရာ'

ဝေဝေ အံ့ဩနေသည်။

'စိုက်ပျိုးရေးမှတ်တိုင်မှာ ခဏဆင်းရအောင် ဝေဝေ၊ ဆရာ ဝေဝေ့ကို ပြောစရာရှိလို့ပါ'

ကိုကျော်ခိုင်က ကိုယ်ကိုငုံ့၍ ခပ်တိုးတိုးပြောသည်။

'ရှင်'

ဝေဝေ ပို၍ အံ့ဩသွား၏။



'အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ပတ်သက်လို့ ပြောစရာရှိလို့ပါ ဝေဝေ'

ကိုကျော်ခိုင်၏ အသံများက တုန်နေ၏။

ဝေဝေက အိတ်ကို ကိုကျော်ခိုင်ထံသို့ ပြန်ပေးလိုက်သည်။

'ခဏပါ ဝေဝေ၊ ဆင်းခဲ့ပါနော်'

ကိုကျော်ခိုင်က အိတ်ကိုယူ၍ နောက်ဘက်မှ အဆင်းပေါက်သို့ လျှောက်သွား၏။ ဝေဝေကတော့ နေရာမှာပင် ထိုင်လျက်။

'အရေးကြီးတဲ့ကိစ္စဆိုတာ ဘာများပါလိမ့်'

ဝေဝေ မဝေခွဲနိုင်အောင် ဖြစ်ရသည်။

'ဟိုတခါလို ငွေချေးချင်လို့လား၊ ဒါဆိုရင်လည်း ရုံးမှာ ပြောလို့ရတာပဲ'

ဝေဝေ၏ ရင်ထဲတွင် စိုးရွံ့မိသည်။

'အို. . . . ဆရာဟာ လူရိုးလူကောင်း တစ်ယောက်ပါ။ သူ့မှာ တကယ်ကိုပဲ အရေးကြီးတဲ့ ကိစ္စတစ်ခုခုနဲ့ ပတ်သတ်ပြီး တိုင်ပင်ချင်လို့ ထင်ပါရဲ့၊ ဒါဆိုရင်လည်း ရုံးမှာ တိုင်ပင်လို့ရတာပဲ'

ဘတ်စ်ကားက မှတ်တိုင်နှင့် နီးပြီဖြစ်၍ လမ်းဘေးသို့ ကပ်မောင်းပြီး စက်ရှိန်ကိုလည်း လျှော့လိုက်ပြီ။

ဘတ်စ်ကား ရပ်သောအခါ ကိုကျော်ခိုင် ဆင်းလိုက်သည်။ ကား မထွက်မီမှာပင် ဝေဝေ ဆင်းလာ၍ ကိုကျော်ခိုင် ဝမ်းသာမိသည်။

'ဘာပြောစရာရှိလို့လဲ ဆရာ'

'အေးအေးဆေးဆေး ပြောပါရစေ ဝေဝေ၊ လာ တို့နားတာ

www.burmeseclassic.com

www.burmeseclassic.com

အအေးဆိုင်မှာ ထိုင်မယ်'

ကားလမ်းဘေးမှ ခြံတစ်ခုထဲတွင် သီးသန့်ဖွင့်ထားသော 'ပြုံးကမ္ဘာ' အအေးဆိုင်သို့ လျှောက်လာခဲ့ကြသည်။

ခရေပင်အောက်မှ စားပွဲတွင် ထိုင်ကြသည်။ စားပွဲထိုးရောက်လာ၍ လိမ္မော်ရည် နှစ်ပုလင်း မှာလိုက်သည်။

'ဘာပြောမှာလဲ ဆရာ'

ဝေဝေ စိုးရွံ့နေသည်။

'ပြောမှာပေါ့ ဝေဝေရယ်၊ အအေးသောက်ကြသေးတာပေါ့'

ဝေဝေက ကိုကျော်ခိုင်၏ မျက်နှာကို အသေအချာကြည့်၍ အဖြေရှာနေမိသည်။ ကိုကျော်ခိုင်ကတော့ ရေခဲထည့်ထားသော ဖန်ခွက်နှစ်ခွက်နှင့် ဖွင့်ပြီးသား လိမ္မော်ရည် နှစ်ပုလင်းကိုယူလာသည့် စားပွဲထိုးထံသို့ ကြည့်နေသည်။

စားပွဲထိုးက ဖန်ခွက်နှင့် ပုလင်းများကို စားပွဲပေါ် သို့တင်ပြီး ပြန်ထွက်သွား၏။

ကိုကျော်ခိုင်က ပုလင်းထဲမှ လိမ္မော်ရည်များကို ဖန်ခွက်ထဲသို့ ထည့်လိုက်သည်။

'သောက်လိုက်ပါဦး ဝေဝေ'

ဝေဝေက ဖန်ခွက်ကိုယူ၍ သောက်သည်။ ကိုကျော်ခိုင်ကတော့ ပူနေသော သူ့ရင်ထဲမှာ အေးသွားအောင် ဖန်ခွက်တဝက်လောက် ကုန်သည်အထိ သောက်ပစ်လိုက်မိသည်။

ဝေဝေက ကိုကျော်ခိုင်၏ မျက်နှာကိုကြည့်၍ ထွက်ပေါ်လာမည့် စကားကို ငံ့လင့်နေ၏။



'ဆရာ ဝေဝေကို တစ်ခုပြောချင်တယ်'

ကိုကျော်ခိုင်က ကြိုးစား၍ စကားစလိုက်ရခြင်းဖြစ်သည်။ ဝေဝေကတော့ ကိုကျော်ခိုင်ကိုကြည့်၍ ပြုံး၏။

'လုပ်ပြန်ပြီလား ဆရာ၊ ပြောချင်တာကို ပြောလိုက်ပေါ့၊ ခွင့်တောင်းမနေပါနဲ့လို့ ဝေဝေ ပြောထားပြီပဲ ဆရာရယ်၊ ဆရာ ငွေလိုလို့လား'

'မဟုတ်ပါဘူး ဝေဝေ'

'ဒါဖြင့် ဘာလဲ ဆရာ'

ဝေဝေက မေးပြီးမှ စိုးရွံ့စိတ်ဖြင့် ခေါင်းငုံ့၍ ဖန်ခွက်ထဲမှ ရေခဲများ အရည်ပျော်အောင် ခေါက်နေလိုက်သည်။

'ဆရာ ရှည်ရှည်ဝေးဝေး သွယ်ဝိုက်ကာ မပြောချင်ပါဘူး ဝေဝေ၊ ဆရာ ဝေဝေကို လက်ထပ်ပါရစေလို့ ပြောချင်လို့ပါ'

'ရှင်'

ဝေဝေ အံ့ဩသွားမိသည်။ မျက်နှာတစ်ခုလုံးလည်း ရှက်စိတ်ကြောင့် ပန်းရောင်အသွေးသို့ ပြောင်းသွားသည်။

ကိုကျော်ခိုင်က လိမ္မော်ရည် တကျိုက်ကို မော့၍သောက်လိုက်ပြန်သည်။

'ဆရာ အမျိုးမျိုး စဉ်းစားချိန်ဆပြီးမှ ဒီစကားကို ပြောတာပါ ဝေဝေ၊ မပြောဖို့ တတ်နိုင်သလောက် ထိန်းချုပ်နေခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ ဆရာ့ရင်ထဲမှာ ရှိတာကို မပြောပဲ မနေနိုင်တော့လို့ ဖွင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



ရတာပါ။ ပြောသင့်တယ်လည်း ထင်လို့ပါ'

ဝေဝေ ခေါင်းငုံ့၍ နေသည်။

'ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ် ဝေဝေ၊ အိမ်ထောင်ပြုတယ်ဆိုတာ နှစ်ဦးနှစ်ဖက် မေတ္တာကို အခြေခံဖို့ လိုပါတယ်၊ ဝေဝေအနေနဲ့လည်း အသေအချာစဉ်းစားပါ။ ဆရာ့ကို ခင်မင်လေးစားတာကြောင့်တော့ အားနာစရာ မလိုပါဘူး၊ ဆရာက လူလွတ်တစ်ယောက်မဟုတ်ဘူး၊ ဒါကြောင့်မို့ ဆရာဝေဝေ့ကို မပြောဘဲထိန်းချုပ်နေခဲ့တာပါ။ ဆရာအစကတော့ ဝေဝေကို နှမလေးလို ချစ်ခင်ခဲ့တာပါ။ ဒါပေမဲ့ အခုတော့ ထိန်းချုပ်နိုင်စွမ်း မရှိတော့လို့ပါ။ ဝေဝေ ဆရာ့အပေါ် မေတ္တာတုံ့ပြန်နိုင်မယ်လို့လည်း မျှော်လင့်မိလို့ပါ'

ဝေဝေ၏ ပါးပြင်ပေါ်တွင် မျက်ရည်များက စီးကျလာသည်။

'အို ဝေဝေ ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ ဟင်၊ ဆရာ့ကို စိတ်ဆိုးသွားပြီလား ဝေဝေ'

ကိုကျော်ခိုင် ထိတ်လန့်စိုးရိမ်စွာ မေးမိသည်။

ဝေဝေက ညင်သာစွာ ခေါင်းယမ်းပြရင်း မျက်ရည်များကို လက်ကိုင်ပုဝါငယ်ဖြင့် သုတ်လိုက်သည်။

'ဒါဖြင့် ဘာလို့ ငိုတာလဲ ဝေဝေ'

ဝေဝေ မဖြေနိုင်ပါ။ အဆက်မပြတ် စီးကျနေသော မျက်ရည်များကိုသာ သုတ်နေသည်။

'ပြောပါ ဝေဝေရယ်၊ ဘာဖြစ်လို့ ငိုတာလဲ ဟင်၊ ဆရာက ဒီလိုပြောတဲ့အတွက် ဝမ်းနည်းလို့လား ဝေဝေ'



'မဟုတ်ပါဘူး ဆရာ'

ဝေဝေ၏ အဖြေကြောင့်ကိုကျော်ခိုင်အားတက်သွားမိသည်။

'ဒါဖြင့် ဘာလို့ ငိုတာလဲ ဝေဝေရယ်'

'မသိပါဘူး ဆရာ'

'ဝေဝေမှာ ချစ်သူရှိသလား၊ ရှိရင်လည်း ပြောပါ၊ ဆရာ့ကို အားမနာပါနဲ့'

'မရှိပါဘူး ဆရာ၊ မေမေတို့ သဘောတူတဲ့လူတော့ရှိတယ်၊ ဒါပေမဲ့ သူနဲ့ ဝေဝေက ချစ်သူတွေတော့ မဟုတ်ပါဘူး'

'ရုံးကို လာလာနေတဲ့ အင်ဂျင်နီယာလား ဝေဝေ'

'ဟုတ်ပါတယ်'

ဝေဝေက ခေါင်းညိတ်ပြရင်း ပြောသည်။

'ဒီလိုဆိုရင် ဆရာ့အတွက် မျှော်လင့်ချက်တော့ ရှိပါတယ်နော်'

ဝေဝေက ဘာမှမပြောပါ၊ သူ့ရှေ့ရှိ ဖန်ခွက်ထဲမှ ပလုံစီနေသော အမြှုပ်ကလေးများကို ငေး၍ ကြည့်နေမိ၏။

'ပြောပါဦး ဝေဝေ၊ ဆရာမျှော်လင့်ချက်ထားရမှာလား'

'ဝေဝေ စဉ်းစားပါရစေဦး ဆရာ'

ဝေဝေ၏ အသံက တိုးညှင်း၏။

'ကောင်းပါပြီလေ လက်ထပ်ဖို့ဆိုတာကတော့ စဉ်းစားပေါ့၊ ဒါပေမဲ့ ဝေဝေလည်း ဆရာ့အပေါ်မှာ မေတ္တာထားနိုင်လိမ့်မယ်လို့တော့ မျှော်လင့်နိုင်ပါတယ်နော်'

'ဝေဝေ ဘာမှ မပြောပါရစေနဲ့ဦး ဆရာ'

'ကောင်းပါပြီလေ၊ ဒါပေမဲ့ဘယ်လောက်ကြာကြာ ဆရာ

www.burmeseclassic.com



စောင့်ရဦးမလဲ ဝေဝေ'

'ဝေဝေ စဉ်းစားပါရစေဦး ဆရာ၊ ဝေဝေရော ဆရာပါ ကိုယ်ထင်သလို ဆုံးဖြတ်နိုင်ဖို့အတွက် လွတ်လပ်သူတွေ မဟုတ်ကြပါဘူး၊ အငိုလွယ်ပြီး အရှိက်ခက်တာတွေ အများကြီး ရှိပါတယ်၊ မေမေ့ကိုလည်း ပြောပြပြီး တိုင်ပင်ချင်သေးတယ် ဆရာ၊ ဆရာလည်း ဆရာ့ကလေးတွေကို ပြောပြီး တိုင်ပင်စေချင်ပါတယ်၊ သူတို့ကိုလည်း ဆရာအသိပေးသင့်တယ်လို့ ထင်ပါတယ်၊ သူတို့ရဲ့ သဘောတူညီချက်ကလည်း အရေးကြီးပါတယ်၊ မဟုတ်ရင် နောက်ကျမှ အားလုံး စိတ်ဆင်းရဲစရာတွေ ဖြစ်တတ်ပါတယ်'

'ကောင်းပါပြီ၊ ဝေဝေ ဆရာ နားလည်ပါပြီ၊ ဝေဝေဆီက ဒီလောက်သိရတာကိုပဲ ဆရာ ဝမ်းသာလှပါပြီ၊ ဆရာ ကလေးတွေကိုလည်း ပြောပြပါ့မယ်'

'ဒါဖြင့် ပြန်ကြစို့ ဆရာ'

'ဝေဝေ သောက်လိုက်ပါဦး'

ကိုကျော်ခိုင်က ပုလင်းထဲမှ လိမ္မော်ရည်များကို ဝေဝေ၏ဖန်ခွက်ထဲသို့ ထပ်ဖြည့်ပေးလိုက်သည်။

ᛏ ᛏ ᛏ

ယနေ့ညနေတွင် ကိုကျော်ခိုင်နှင့်သားသမီးများ စုံစုံညီညီ ထမင်းစားရသည်။ တစ်ယောက်နှင့်တစ်ယောက် ဟင်းထည့်ပေးကြ၊ စကားပြောကြနှင့် ပျော်ပျော်ရွှင်ရွှင် ရှိလှသည်။ ခါတိုင်း စကားနည်းသော သီတာပင်လျှင် ရယ်ကာမောကာနှင့် ပါဝင်ပြောဆို၍ ပြုံးပြုံး



ဆိုင်ဆိုင် ဖြစ်နေသည်။ အတွင်းခံ အင်္ကျီလေး နှစ်ထည်ရ၍ သီတာ ပျော်နေဟန် တူပါသည်။

ထမင်းစားပြီးသောအခါ မောင်နှမသုံးယောက် ဒေါ်သိန်းကို ကူ၍ သိမ်းကြသည်။ ကိုကျော်ခိုင်ကတော့ ဧည့်ခန်းမှဆက်တီထိုင်ခုံတွင် ထိုင်၍ အနားယူနေ၏။

ကိုကျော်ခိုင် ထမင်း သိပ်မစားနိုင်ပါ။ ရင်ထဲတွင် ပျော်ရွှင်နေသည်။ တက်တက်ကြွကြွ ဖြစ်နေသည်။ ညနေက ပြူးကမ္ဘာအအေးဆိုင်တွင် ဝေဝေနှင့် စကားပြောခဲ့ရသည်ကို တွေး၍ ကြည်နူးနေမိသည်။

ဝေဝေတွင် ချစ်သူမရှိ။ မိဘ သဘောတူသူကိုလည်း ဝေဝေ မချစ်။ မိမိ လက်ထပ်ခွင့်တောင်းသည်ကိုတော့ ဝေဝေ မငြင်း။ 'စဉ်းစားပါရစေဦး' ဟု ဆိုသည်။ 'မေတ္တာ တုံ့ပြန်နိုင်မယ်လို့ မျှော်လင့်ရမလား' မေးတော့ 'မပြောပါရစေနှင့်ဦး' ဟု ဆိုသည်။

'မပြောပါရစေနှင့်ဦး ဆိုတာ ငြင်းပယ်ခြင်း မဟုတ်။ သူလည်း ငါ့အပေါ်မှာ မေတ္တာ ရှိပါတယ်။ ခုတော့ မပြောသေးဘူး။ သူ့အမေနဲ့ တိုင်ပင်ဦးမယ်ဆိုတဲ့ သဘော'

ကိုကျော်ခိုင် စဉ်းစားရင်း ဝမ်းသာနေမိသည်။

'သူ့အမေက သဘောတူပါ့မလား'

ကိုကျော်ခိုင် စိုးရိမ်ရပြန်သည်။

'သူ့အမေက သဘောမတူဘူးဆိုရင် ဘယ်လို ဖြစ်မလဲ'

ကိုကျော်ခိုင် ပူပန်ရပြီ။

'အို. . . . သူ့ကို သူ့အမေက သိပ်ချစ်တာပဲ့ ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက သာ ပြောရင်တော့ ရမယ် ထင်ပါတယ်'

ကိုကျော်ခိုင် စိတ်အားတက်ရပြန်၏။

'ဩော် ငါ့ဘက်ကလည်း ငါ့ကလေးတွေကို ပြောပြဖို့ လိုသေးတာပဲ။ ကလေးတွေက သဘောမတူမှာကို ဝေဝေ စိုးရိမ်နေရှာတယ်။ ဒါကိုက ကောင်းတဲ့လက္ခဏာပဲ။ သူကလည်း သူ့အမေသဘောတူအောင် ပြောမယ်။ ငါကလည်း ကလေးတွေ သဘောတူအောင် ပြောပါဆိုတဲ့ သဘောပဲ'

ကိုယ့်အတွေးနှင့်ကိုယ် သဘောကျ၍ကိုကျော်ခိုင်ပြုံးမိသည်။

'ဟုတ်တာပေါ့။ ကလေးတွေ သဘောမတူလို့ ကလန်ကဆန် လုပ်နေကြရင် သူရော ငါပါ စိတ်ဆင်းရဲရမယ်။ ကလေးတွေအတွက် လည်း ကောင်းမှာမဟုတ်ဘူး။ သူတို့အမေ ဆုံးစတုန်းကတော့ အောင်အောင်ကစပြီး နောက်ထပ် မိန်းမမယူဖို့ ပြောကြဖူးတယ်။ ခုတော့ နှစ်နှစ်နီးပါးရှိပြီဆိုတော့ သူတို့ မေ့လောက်ပါပြီ။ အဖေက အကျိုးအကြောင်းနဲ့ပြောပြရင် သူတို့ သဘောတူကြမှာပါ။ ဒီနေ့ပဲ သားတို့ သမီးတို့ကို ငါပြောပြရမယ်'

ကိုကျော်ခိုင်၏ စိတ်ထဲမှာ လန်းဆန်း တက်ကြွနေသည်။ ဧည့်ခန်းထဲတွင် သားသမီးများ စုံညီစွာရောက်ရှိအောင် စောင့်နေဦးမည်။ ကိုကျော်ခိုင် အေးအေးဆေးဆေး စိတ်ကူးယဉ်နေမိသည်။ ကြည်ကြည်လင်လင်ပြုံးရွှင်နေသော ဝေဝေ၏မျက်နှာ၊ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသော သမီးသားများ၏ မျက်နှာနှင့် သာယာသော အိမ်ထောင်ကလေးကို မြင်ယောင်နေမိသည်။



'ဖေဖေကြီး'

ပိုးအိက ပြေးလာ၍ ကိုကျော်ခိုင်၏ လည်ပင်းကို ဖက်ပြီး မွှေး လိုက်သည်။

'ဩော် သမီးလေးပါလား'

ကိုကျော်ခိုင်က ပိုးအိကို ပွေ့ချီ၍ မွှေးလိုက်သည်။ ပိုးအိ သဘောကျ၍ တခစ်ခစ် ရယ်နေသည်။

အောင်အောင် ဧည့်ခန်းထဲသို့ ဝင်လာသည်။

'ဖေဖေ ကြက်ခြေနီအဖွဲ့ကိုဝင်ဖို့ သားလျှောက်လွှာ ပေးလိုက်တယ်'

'ကောင်းတာပေါ့ သားရာ၊ ကြက်ခြေနီဆိုတာ သူတစ်ပါးကို ကူညီရတာပဲ၊ ဝင်ပေါ့'

'ဖေဖေ သမီးက ဘယ်အဖွဲ့ထဲ ဝင်ရမှာတုံး'

'ညီမလေးက အေရိုးဗစ်အဖွဲ့ထဲ ဝင်ရမှာပေါ့'

'ဟင့်အင်း၊ ညီမလေးက ဖေဖေ့ရင်ခွင်ထဲ ဝင်မယ်'

'ဟား ဟား ဟား ဟား'

ကိုကျော်ခိုင် သဘောကျသွားသည်။

'ဟုတ်တယ် ဟုတ်တယ်၊ သမီးက ဖေဖေ့ရင်ခွင်ထဲ ဝင်ရမယ်'

သီတာသည် ဓာတ်ဗူးနှင့် မတ်ခွက်ကိုကိုင်၍ ရောက်လာသည်။ ကိုကျော်ခိုင်၏ ရှေ့မှ စားပွဲပေါ်တွင် မတ်ခွက်ကိုချ၍ ဓာတ်ဗူးထဲမှ ရေနွေးကြမ်း ငှဲ့ထည့်လိုက်သည်။

'ပူတယ်နော် ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



'အေး အေး. . . . ငါ့သမီးကြီးက လိမ္မာလိုက်တာ၊ ကဲ. . . . သမီး လေး ဖယ်ဦး၊ ရေနွေးပူလောင်မှာစိုးလို့'

'ဟုတ်ကဲ့ ဖေဖေ'

ပိုးအိက ဖခင်၏ ရင်ခွင်မှ ထွက်လိုက်သည်။

'သမီးသီတာကို ဒေါ်သိန်း အကျီနှစ်ထည် ဝယ်ပေးလား'

'ဟုတ်ကဲ့၊ ဝယ်ပေးပါတယ် ဖေဖေ'

သီတာက ပြုံး၍ ဖြေလိုက်သည်။

'ဖေဖေ စိတ်မကောင်းလိုက်တာ သမီးရယ်၊ သမီးက မပြော တော့ ဖေဖေက သိမှမသိပဲ၊ နောက်ဆိုရင် လိုတာကို ပြောနော်သမီး'

သီတာက ခေါင်းညိတ်သည်။

'အင်း. . . . ဒီအချိန်မှာ သားသမီးတွေကို ပြောပြမယ်ဆိုရင် တော့ အသင့်တော်ဆုံး ဖြစ်မယ်ထင်တယ်'

ကိုကျော်ခိုင် စဉ်းစားနေမိသည်။ သို့သော် တကယ့်လက်တွေ့ ဖွင့်ပြောရမည်ဆိုသောအခါ သားငယ် သမီးငယ်များကိုပင် ကိုကျော်ခိုင် စိုးရိမ်နေမိသည်။

'သူတို့ဟာ ကလေးတွေပဲ၊ ငါ့သားသမီးတွေပဲ ငါ ဘာလို့ စိုးရိမ်နေရမှာလဲ၊ ငါ အသေအချာရှင်းပြရင် သူတို့ သဘောတူမှာပါ'

ကိုကျော်ခိုင် မိမိကိုယ်ကို အားပေးလိုက်သည်။

'ကဲ. . . . သားတို့ သမီးတို့ ထိုင်ကြပါဦး၊ ဖေဖေ ပြောစရာရှိ တယ်'

ကိုကျော်ခိုင်က ဘာမျှ အရေးမကြီးသည့် လေသံမျိုးဖြစ်



အောင် ပြောလိုက်သည်။ သို့သော် ရင်ထဲကတော့ လှုပ်ရှားနေမိ

သီတာနှင့် အောင်အောင်က တစ်ယောက်နှင့်တစ်ယော လှမ်းကြည့်လိုက်ကြသည်။

'အဲဒီ ဆက်တီမှာ ထိုင်ကြ'

သီတာနှင့် အောင်အောင်က ကိုကျော်ခိုင်နှင့် မျက်နှာချင်း ဆိုင်မှ ခုံနှစ်ခုံတွင် ထိုင်ကြသည်။ ပိုးအိက ကိုကျော်ခိုင်၏ဘေးမှခုံတွ ထိုင်သည်။

ကိုကျော်ခိုင်သည် စိတ်တည်ငြိမ်မှု ရရှိစေရန်အတွက် ရေနွေ ကြမ်း တကျိုက်ကို သောက်လိုက်သည်။ အမှတ်တမဲ့ သောက်လိုက် ၍ လည်ချောင်းထဲ ရင်ထဲတွင် ပူဆင်းသွားသည်။

'ဖေဖေတို့ မိသားစုလေးမှာ ဖေဖေက အလုပ်လုပ်တယ် သမီးတို့ သားတို့က ကျောင်းတက်ကြ ပညာကြိုးစားကြတယ် ဒေါ်သိန်းကလည်း ကူညီလုပ်ပေးတယ်၊ မိသားစု ချစ်ချစ်ခင်ခ စည်းစည်းလုံးလုံးနဲ့ ပျော်စရာကောင်းတယ်'

သီတာက ဖခင်၏မျက်နှာကို ချစ်ခင်လေးစားစွာ လှမ်းကြည် ၍ ခေါင်းညိတ်ပြလိုက်သည်။

'အေး. . . . ဒါပေမဲ့ ဖေဖေတို့မိသားစုမှာ အခက်အခဲ တွေ ကြုံတွေ့နေရတာတော့ရှိတယ်၊ အခုဆိုရင် ဖေဖေတို့မှာ ငွေ ထွက်ငွေ မမျှတာဘူး၊ မေမေရှိတုန်းကဆိုရင်တော့ ဖေဖေကလည် လေးသောင်းကျော်ရတယ်၊ မေမေကလည်း လေးသောင်းနီးပါး ရတယ်၊ နှစ်ယောက်ပေါင်းတော့ ရှစ်သောင်းကျော်ရတယ်'

www.burmeseclassic.com



သီတာနှင့်အောင်အောင်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

'အခု ဖေဖေ တစ်လစာတည်းဆိုတော့ ဝင်ငွေက တဝက်လောက် လျော့ကျသွားတယ်၊ ထွက်ငွေကတော့ လျော့မသွားဘူး၊ မေမေ ဆုံးပြီးစကတော့ မေမေအတွက် အသက်အာမခံရတဲ့ငွေနဲ့ ရုံးက ထုတ်ရတဲ့ငွေနဲ့ဆိုတော့ လိုတာကို ထည့်သုံးသွားလို့ မသိသာလှဘူး၊ အခုတော့ အဲဒီငွေကလည်း တဖြည်းဖြည်းနဲ့ ကုန်သွားပြီ၊ ဖေဖေတို့ အိမ်မှာ ဖေဖေ လစာတစ်ခုတည်း သုံးနေရတော့ တစ်လတစ်လ အလျင်မီဖို့ အခက်အခဲ ရှိလာတယ်'

'သမီး ထမင်းလျှော့စားမယ် ဖေဖေ'

ကိုကျော်ခိုင်က ပိုးအိကို လှမ်းကြည့်၍ ပြုံးလိုက်သည်။

'နေဦး သမီးလေး နားထောင်ဦး၊ သမီးလေး ထမင်းလျှော့စားစရာ မလိုပါဘူး၊ ဖေဖေ ပြောပြပါ့မယ်၊ ဖေဖေလည်း ရေဒီယိုကက်ဆက်လေး အပ်တဲ့လူရှိရင် ညမှာ ကြိုးစားပြီးပြင်ပါတယ်၊ ဒါပေမဲ့ အဲဒါကလည်း ပြောလောက်အောင် မရပါဘူး။ ခေတ်ကလည်း ရေဒီယိုကက်ဆက်ခေတ် မဟုတ်တော့ဘူး။ ပြီးခဲ့တဲ့ လကဆိုရင် ငွေမလောက်လို့ ဖေဖေ့ လက်ပတ်နာရီကို ရောင်းလိုက်တယ်။

ကလေးများက ကိုကျော်ခိုင်၏လက်ကို လှမ်းကြည့်လိုက်ကြသည်။ သို့သော် လက်ပေါ်တွင် မည်သည့်နာရီကိုမျှ မတွေ့ရ၊ သီတာ၏ မျက်လုံးတွင် မျက်ရည်များ ရစ်ဝဲလာသည်။

ဖေဖေ့လက်စွပ်လည်းရောင်းပြီးပြီ။



သီတာ၏ ပါးပေါ်တွင် မျက်ရည်များ စီးကျလာသည်။ အောင်အောင်လည်း ဖခင်ကို ငေးကြည့်ရင်း မျက်ရည်များ လည်နေသည်။

'ဖေဖေဆိုရင် နေ့စဉ်ရုံးသွားရပေမယ့် ဘာမှ မဝယ်ဖြစ်ပါဘူး ရှိတာလေးနဲ့ပဲ ဝတ်နေတာပါ။ ဖေဖေ့ ဖိနပ်ဆိုရင် ပြတ်တာ သုံးခါရှိပြီ၊ ဖေဖေ ပြန်ချုပ်ပြီး စီးနေတာပဲ၊ ဖေဖေ့ အိတ်ဆိုရင်လည်း စုတ်ပြဲနေပြီ၊ မိုးတွင်းဆိုရင်လည်း ဖေဖေ့မှာ ထီးမရှိပါဘူး'

'သမီးကို ဘာဖြစ်လို့ အင်္ကျီဝယ်ပေးရတာလဲ ဖေဖေရယ်'

သီတာ မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းနေရှာသည်။

'သား ဖိနပ်ပြတ်တာလဲ သည်ကြိုးလဲလိုက်ရင် ရတာပဲ ဖေဖေ'

'သမီးလည်း နောက်ဆိုရင် ကျောင်းကပွဲတွေမှာ မပါတော့ပါဘူး ဖေဖေ'

အောင်အောင်နှင့်ပိုးအိတို့လည်း စိတ်မကောင်းဖြစ်နေကြ၏။

'အို . . . ဒီလို မဟုတ်ပါဘူး၊ ဖေဖေက အဲဒါတွေကို ဆိုလိုတာ မဟုတ်ပါဘူး၊ သားတို့ သမီးတို့အတွက် အခု ကုန်ရတာတွေဟာ လိုအပ်တာတွေချည်းပါပဲ၊ သမီး သီတာရဲ့ အင်္ကျီအတွက်ဆိုရင် ဖေဖေတော်တော်ကို စိတ်ထိခိုက်မိတယ်၊ ဒါဟာ တကယ်လိုအပ်ချက်ပဲ သမီးရယ်၊ ဝယ်ရမှာပေါ့၊ အဖေဆိုတော့ အမေလို ထောင့်စေ့အောင် မမြင်တတ်ဘူး၊ မိန်းကလေးကိစ္စကိုလည်း ဖေဖေ နားမလည်ဘူး၊ အခုမှန်တော့ သမီးတို့အရွယ်ဟာ မိခင်ရဲ့ အနီးကပ် ဂရုစိုက်မှုရှိဖို့ သိပ်လိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်က စကားကိုရပ်၍ အသက်ပြင်းပြင်း ရှူလိုက်သည်။

'အဲဒီတော့ သားတို့ သမီးတို့ ဖေဖေ တိုင်ပင်ချင်တယ်၊ အသေအချာ နားထောင်ကြပါ။ ဖေဖေတို့မိသားစု အခုကြုံတွေ့နေရတဲ့ ငွေရေးကြေးရေး အခက်အခဲကို ဖြေရှင်းနိုင်ဖို့နဲ့ သားတို့ သမီးတို့ကို ဂရုစိုက်စောင့်ရှောက်ဖို့အတွက် ဖေဖေ အိမ်ထောင်ပြုဖို့ စဉ်းစားတယ်'

'ဟင်. . . . ဖေဖေရယ်'

သီတာထံမှ အထိတ်တလန့် အသံထွက်လာသည်။

ဖခင်ကို လှမ်းကြည့်နေသော အောင်အောင်၏ မျက်လုံးများသည် ပို၍ ပြူးကျယ်လာသည်။

ပိုးအိကတော့ 'အိမ်ထောင်ပြု' ဆိုသော စကားကို နားမလည်၍ အစ်ကိုနှင့်အစ်မဖြစ်သူကို ငေးကြည့်နေသည်။

'ဖေဖေပြောတာကို အသေအချာ နားထောင်ကြည့်ပါဦး'

ကိုကျော်ခိုင်က စကားစ ပြတ်သွားမည်စိုး၍ အမြန်ဆက်လိုက်ရသည်။

'အစကတော့ သားတို့ သမီးတို့ မေမေ ဆုံးပြီးတဲ့နောက် ဖေဖေလည်း နောက်အိမ်ထောင် မပြုတော့ဘူး၊ သားတို့ သမီးတို့ကိုပဲ စောင့်ရှောက်ပြီး မိသားစုပျော်ပျော်ရွှင်ရွှင် နေတော့မယ်လို့ ဆုံးဖြတ်ထားတာပါ'

သီတာက ကိုကျော်ခိုင်ကို ငေး၍ကြည့်နေသည်။ သူ့မျက်လုံးများက 'အဲဒီလိုပဲနေပါ ဖေဖေရယ်' ဟု အသနားခံနေသယောင်။



'ဘာဖြစ်လို့လဲဆိုတော့ မိထွေးမကောင်းရင် သားတို့သမီးတို့လည်း စိတ်ဆင်းရဲမယ် ဖေဖေလည်း စိတ်ဆင်းရဲမယ်၊ မိသားစုရဲ့ ပျော်ရွှင်မှုပျက်မယ်၊ အဲဒီအဖြစ်မျိုးကိုတော့ ဖေဖေကလည်း လုံးဝ လက်မခံပါဘူး၊ အခုစဉ်းစားတာလည်း သားတို့ သမီးတို့အတွက် အဆင်ပြေအောင်နဲ့ မိသားစု ပျော်ရွှင်မှုဖြစ်အောင် စဉ်းစားတာပါ။ တကယ်လို့ မေမေ့ဝင်ငွေကိုလည်း အစားထိုးနိုင်မယ်၊ အဲဒီ အမျိုးသမီးဟာ ဖေဖေ့ကိုတင် မကဘူး၊ သားတို့ သမီးတို့အပေါ်မှာလဲ မိခင်စိတ်နဲ့ ဂရုစိုက်ပြုစုမယ့် စိတ်ရင်းကောင်း စေတနာကောင်းသူ ဖြစ်မယ်၊ သမီးတို့ သားတို့ကလည်း မိထွေးလို့မအောက်မေ့ပဲ မိခင်အရင်းလို ချစ်ကြမယ် ဆိုရင် ဖေဖေတို့ မိသားစုဟာ ပြည့်ပြည့်စုံစုံနဲ့ပျော်စရာကောင်းမှာ ဖေဖေကစဉ်းစားတာပါ'

'ဖေဖေ ဘယ်သူ့ကိုယူဖို့ စဉ်းစားလို့လဲ ဖေဖေ'

သီတာ၏အသံက ငိုသံပါနေသည်။

'ဖေဖေ ပြောပါ့မယ်လေ၊ သူက ဖေဖေ့ကိုလည်းလေးစားတယ် စေတနာထားတယ်၊ သားတို့ သမီးတို့ကိုလည်း ချစ်ခင်ကြင်နာစိတ်ရှိတယ်၊ စိတ်ကောင်း စေတနာကောင်းရှိတဲ့ မိန်းကလေးဆိုတာ ဖေဖေတို့ တစ်ရုံးလုံးက သိကြတယ်၊ သူ့ကို သားတို့ သမီးတို့သိမှာပါ ဖေဖေတို့ရုံးက ဝေဝေလေ'

သီတာသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုပါတော့သည်။

အောင်အောင်ကတော့ နံရံပေါ်မှ သူ့မိခင်၏ ဓာတ်ပုံကို

www.burmeseclassic.com



ကြည့်ရင်း မျက်ရည်များတွေတွေ စီးကျနေပါသည်။

'ဟင့်အင်း ဟင့်အင်း ဖေဖေ နောက်မိန်းမ မယူရဘူး၊ ဘယ်သူမှ မယူရဘူး'

ပိုးအိသည် ဖခင်ပြောနေသော အဓိပ္ပာယ်ကို နားလည်သွားပြီဖြစ်၍ ငိုယိုကန့်ကွက်လေတော့သည်။

မျက်ရည်အသွယ်သွယ်နှင့် ငိုယိုနေကြသော ကလေးများကို ကြည့်၍ ကိုကျော်ခိုင် စိတ်ရှုပ်သွားမိသည်။ ဤသို့ ပြောပြရုံနှင့် ဤမျှအထိ ဖြစ်ကြမည်ဟု ကိုကျော်ခိုင် မထင်ခဲ့မိပါ။

'အို . . . သားတို့ သမီးတို့က ဘာလို့ ဒီလောက်ထိ ငိုယိုနေကြတာတုံး၊ ဖေဖေက အားလုံးကောင်းဖို့ စီစဉ်တာပါ'

'နောက်ဆုံးတော့ သမီးထင်ထားတဲ့အတိုင်း ဖြစ်လာတာပါပဲ ဖေဖေရယ်'

သီတာက အသံထွက်အောင် ငိုယိုနေပါသည်။

'သမီးက ဘာထင်ထားလို့လဲ'

'ဒီစာရေးမ ထမင်းဗူးလက်ဆောင်ပေးကတည်းက တစ်နေ့ကျရင် ဒီလိုဖြစ်လာမယ်လို့ သမီးထင်ထားတာပါ'

'တဖက်သားရဲ့ စေတနာတို ဒီလိုတော့ မစော်ကားပါနဲ့ သမီးရယ်၊ ဒါက ကိုယ့်ဆရာမို့ စေတနာနဲ့ လက်ဆောင်ပေးတာပါ'

'ပုဆိုးလည်း သူပဲ ပေးတာမဟုတ်လား ဖေဖေ'

'ဒါကလည်း သူ့ကို ကားတိုက်မိမယ့် အသက်အန္တရာယ်က ကာကွယ်လိုက်လို့ ကန်တော့တာပါ'



'ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သမီးထင်သလို ဖြစ်လာတာပဲ မဟုတ်လား ဖေဖေ'

ကိုကျော်ခိုင် စိတ်ရှုပ်ရုံသာမက စိတ်မရှည်နိုင်အောင်လည်း ဖြစ်လာမိသည်။ သီတာ၏ တဖက်သတ် ပြောဆိုသောစကားများကိုလည်း မကျေမနပ် ဖြစ်မိသည်။

'သမီးက လူတဖက်သားကို သိပ်အထင်အမြင်သေးတာကိုး။ သူ့ဘက်ကလည်း ပြန်စဉ်းစားကြည့်ပါ၊ သူက မိန်းမပျိုလေးပါ၊ ဖေဖေလို ကလေးသုံးယောက် အဖေကို လိုချင်ငမ်းငမ်းတက်ပြီး လက်ဆောင်ပေးစရာ မလိုပါဘူး။ သမီးက တဖက်သားရဲ့ ရိုးရိုးသားသား စေတနာကို စော်ကားသလို ဖြစ်နေတယ်'

သီတာ ဝမ်းနည်းသည်။ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်။ ခုကတည်းက ဖေဖေသည် စာရေးမဘက်မှ နာတတ်နေပြီတိုရင်နာမိသည်။

အောင်အောင်နှင့် ပိုးအိကတော့ အဖေကိုတလှည့်၊ အစ်မတိုတလှည့် မျက်နှာငယ်ငယ်နှင့် ကြည့်နေကြသည်။

'ဘာပဲဖြစ်ဖြစ် ဖေဖေရယ်၊ သမီးတို့ မိသားစုလေး ဒီလိုပဲ ပျော်ပျော်ရွှင်ရွှင် နေချင်ပါတယ်၊ မိထွေးဆိုတာ ဘယ်လောက်ကောင်းကောင်း အမေအရင်းတော့ မဟုတ်ဘူး၊ သားသမီးအရင်းတို့ ချစ်သလိုလဲ မချစ်နိုင်ပါဘူး။ သမီးတို့အတန်းထဲက ခင်မော်အောင်ရဲ့ မိထွေးဆိုရင် အစက ခင်မော်အောင်တို့ညီအစ်မတို စေတနာတွေထားတယ်တဲ့၊ နောက်တော့ သူနဲ့မွေးတဲ့ သားသမီးတွေလည်း ရှိလာရော သူ့သားသမီး

www.burmeseclassic.com



တွေကိုသာ ချစ်တော့တယ်၊ ခင်မော်အောင်တို့ ညီအစ်မ မျက်နှာငယ် နေရတာပဲတဲ့၊ သူတို့အဖေကလည်း နောက်ကလေးတွေကိုပဲ ပိုချစ်တယ်တဲ့၊ အခုလည်း သမီးတို့ အဲဒီလို မျက်နှာငယ်ရမှာပဲ ဖေဖေ'

သီတာ ဤမျှအထိ စကားတတ်လိမ့်မည် ဤမျှအထိ အကျိုးအနယ် ပြောဆိုလိမ့်မည်ဟု ကိုကျော်ခိုင် ကြိုတင်မထင်ခဲ့။

'ခက်တာပဲ သမီးရယ်၊ လူတိုင်းတော့ ဒီလို ဘယ်ဟုတ်ပါ့မလဲ။ သမီးတို့က တဖက်သတ် ကြည့်နေကြတာကိုး၊ ဖေဖေဘက်ကလည်း ပြန်စဉ်းစားကြည့်ကြပါဦး၊ အခုဆိုရင် ဖေဖေဘယ်လောက် ဒုက္ခဖြစ်နေလဲ၊ မိသားစု စားဝတ်နေရေးအတွက် အလုပ်လုပ်ရ၊ မသောက်ဂတဲ့ ငွေကိုရှာရ၊ မနက်လင်းရင်လည်း ချက်ရေးပြုတ်ရေးကအစ စီစဉ်ပေးရ၊ ဒီအထဲ သားသမီးတွေက ဘာလိုတယ်ဆိုတာလည်း ကြည့်ရ၊ ဖေဖေ ဘယ်လိုလုပ် တတ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ ဖေဖေ့အတွက်ကျတော့ အင်္ကျီ လက်ကြယ်သီးလေး ပြုတ်နေလို့လည်း တပ်ပေးမယ့်လူ မရှိဘူး၊ လွယ်အိတ် စုတ်နေတာလည်း ချုပ်ပေးမယ့်လူ မရှိဘူး၊ မနက်လင်းရင် ထမင်းဗူးတောင် ကိုယ့်ဘာသာ ထည့်ရတယ်၊ သမီးတို့ မေမေရှိတုန်းကဆိုရင် ဒါတွေကို ဖေဖေ ဘာမှ ပူပင်စရာမလိုဘူး၊ ရုံးသွားကာနီးရင် ဖိနပ်တောင် တိုက်ပေးတယ်၊ ဖေဖေက သမီးတို့ကို ညာပြီး သမီးတို့အတွက်ကောင်းအောင်စဉ်းစားပေးမယ့် သမီးတို့ကတော့ ဖေဖေ့အတွက် ဘာမှ ပြန်ထည့်မစဉ်းစားဘူး၊ ဖေဖေသာ တကိုယ်ကောင်းဆန်တဲ့စိတ်ရှိရင် သမီးတို့ကို ဒီလိုတောင် တိုင်ပင်နေမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် သမီးတို့ ဖေဖေဆုံးဖြတ်တဲ့အတိုင်း လိုက်နာကြရမှာပဲ၊



ဝေဝေကို ဖေဖေ လက်ထပ်မယ်'

ကိုကျော်ခိုင်၏ ပြတ်သားသော ပြောဆိုချက်ကို ကြားရ၍ သီတာ အောင်အောင်နှင့် ပိုးအိတို့ မောင်နှမသုံးယောက် ငိုကြသည်။ နုနယ်သော အသည်းကလေးများတွင် ငလျင် ပြင်းစွာလှုပ်လေပြီ။

အိမ်ရှေ့ ဧည့်ခန်းသို့ ရောက်လာသော ဒေါ်သိန်းသည် ကလေးများကိုကြည့်၍ စိတ်မကောင်း ဖြစ်နေမိသည်။

'မောင်ကျော်ခိုင်ရယ် ကလေးတွေကို အေးအေးဆေးဆေး ပြောပါကွယ်'

ကိုကျော်ခိုင်သည် ဒေါ်သိန်းကို ဘာမျှ ပြန်မပြောတော့ပဲ စိတ်ညစ်ညစ်နှင့် ထိုင်နေသည်။

သီတာသည် ရှိုက်၍ ငိုနေရာမှ စိတ်ကို တင်းလိုက်သည်။

'သမီး ဖေဖေ့ကို တစ်ခုတော့ ရှင်းပြပါရစေ ဖေဖေ၊ အစကဆိုရင် ဖေဖေ့တာဝန်တွေ အားလုံးကို သမီးလုပ်ပေးခဲ့တာပါ။ အခုလည်း ဖေဖေ့ ထမင်းဗူးကို သမီး သိပ်ထည့်ချင်ပါတယ်၊ ဒါပေမဲ့ သူများဝယ်ပေးတဲ့ ထမင်းဗူးကို မကိုင်ချင်လို့ ထည့်မပေးရတာပါ ဖေဖေ ဟီးဟီး'

သီတာ အသံထွက်၍ ငိုလိုက်မိပါသည်။

'သမီး အဲဒီ ထမင်းဗူးကို ကိုင်ရမှာ မေမေ့ကို သနားလို့ပါ၊ မေမေဝယ်ပေးတဲ့ ထမင်းဗူးလေးကတော့ သုံးလို့ ရသေးလျက်နဲ့ မျက်နှာငယ်နေရှာတယ်၊ ဒါကြောင့်မို့ မေမေ့ ထမင်းဗူးလေးကို သမီး အသေအချာ ဆေးကြောပြီး သေတ္တာထဲမှာ သိမ်းထားပါတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဗူးလေးကိုမြင်တိုင်း သမီး မျက်ရည်ကျရပါတယ် ဖေဖေ'

သီတာကငို၍ အခန်းထဲသို့ ဝင်သွားပြီး သေတ္တာထဲမှ ထမင်းဗူးလေးကို ထုတ်ယူခဲ့သည်။

သီတာက ထမင်းဗူးလေးကို ရင်ခွင်မှာပိုက်၍ ရပ်ရင်း ငိုရှိုက်နေရှာသည်။ သီတာကိုကြည့်၍ ပိုးအိနှင့် အောင်အောင်တို့လည်း ငိုကြသည်။ ဒေါ်သိန်းလည်း သီတာကိုကြည့်၍ မျက်ရည်များ စီးကျနေရှာသည်။

သီတာ၏ မကျေနပ်ချက်ကို ကိုကျော်ခိုင် သိလိုက်ရပါပြီ၊ စိတ်တွင်လည်း ခံစားရမိသည်။

'မနက်ဖြန်ခါကစပြီး သမီး ဖေဖေ့ထမင်းဗူးကို ထည့်ပေးပါ့မယ်၊ ဖေဖေပြောတဲ့ အလုပ်တွေ အားလုံးကိုလည်း သမီး လုပ်နိုင်ပါတယ်၊ ပိုက်ဆံမလောက်ရင် ပိုက်ဆံမရှိလို့ သမီးတို့ အဝတ်အစား ချို့ငဲ့ချင်လည်း ချို့ငဲ့ပါစေ ဖေဖေ ဝယ်မပေးပါနဲ့၊ ရှိတာနဲ့ပဲ သမီးတို့ ဖြစ်အောင်ဝတ်ပါ့မယ်၊ ငွေလိုတာကိုလည်း သမီး မနက်အစောကြီး ထပြီး ပန်းသည် မမခင်ညွန့်တို့နဲ့အတူ ပန်းရောင်းလိုက်ပါ့မယ်၊ ကျောင်းချိန်မီအောင်လည်း သမီးကျောင်းတက်ပါ့မယ် ဖေဖေ ဟီး အီး'

'တော်ပြီ သီတာ တော်ပြီ ဆက်မပြောနဲ့၊ ဘယ်ပန်းမှ မရောင်းရဘူး'

ကိုကျော်ခိုင် နားထောင်နိုင်စွမ်း မရှိတော့ပါ။

သီတာကတော့ ဝမ်းနည်းလွန်း၍ အသံထွက်အောင်ပင်



ငိုရှိုက်နေမိသည်။

'ဖေဖေကြီး အီးအီး၊ မမကိုပန်းအရောင်းမခိုင်းပါနဲ့၊ ဟီး အီးမီးမီး ကျောင်းလည်း မနေတော့ပါဘူး အီးအီး'

'ပိုးအိ တော်စမ်း တိတ်စမ်း ငါမကြားချင်ဘူး'

'ဟီး အီး အီး'

ပိုးအိ ငိုရှာသည်။

'ဖေဖေ သား ပြောပါ့မယ်၊ မမလည်း ပန်းမရောင်းပါစေနဲ့၊ ညီမလေးလည်း ကျောင်းမထွက်ရပါဘူး၊ လိုတဲ့ငွေရအောင် သားရှာပါ့မယ်၊ ကျောင်းအားတဲ့ အချိန်တွေမှာ မြို့ပတ်ရထားနဲ့လိုက်ပြီး သားစီးကရက်ရောင်းပါ့မယ် ဖေဖေ'

'အောင်အောင် တော်စမ်း၊ ငါဘာမှ မကြားချင်ဘူး၊ ဘယ်သူပြောတာမှ မကြားချင်ဘူး၊ ငါ့ကို ဘာမှမပြောကြနဲ့၊ သွားစမ်း၊ သွားကြ၊ သွား'

'ဒိုင်း ဒိုင်း ဒိုင်း'

ကိုကျော်ခိုင်သည် သူ့ရှေ့ရှိ စားပွဲကို လက်သီးဖြင့် ဆက်၍ ထိုးလိုက်ရာ စားပွဲပေါ်မှ ဓာတ်ဗူးလဲကျပြီး ကွဲသွားသည်။

အငွေ့ထွက်နေသော ရေနွေးပူပူများသည် အိမ်ကြမ်းပြင်ပေါ်တွင် စီးဆင်းနေကြသည်။

ကလေးတို့သည် မြင်းမိုရ်တောင်ကို လေပြင်းမတိုက်ခင်သော ဌာ လက်ကလေးများဖြင့် တာကြသည်။ သို့သော် မြင်းမိုရ်တောင်သည် မီးတောင်ဖြစ်၍ ပေါက်ကွဲနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'မောင်ကျော်ခိုင်၊ ဒေါသမကြီးပါနဲ့ကွယ်၊ ကိုယ့်စိတ်ကိုထိန်းပါ၊ ကလေးတွေ သနားပါတယ်'

'ဒေါ်သိန်း တော်ပြီလို့ပြောနေတာ မကြားဘူးလား၊ ကျုပ်ဘာမှမကြားချင်ဘူး၊ ကျုပ်ကို ဘယ်သူမှ မပြောကြနဲ့'

ကိုကျော်ခိုင် ဒေါသဖြင့် အော်လိုက်သည်။

'သီတာ၊ ကလေးတွေကို အခန်းထဲခေါ်သွားပြီး သိပ်လိုက်ပါတော့ကွယ်'

ဒေါ်သိန်းက ငိုရှိုက်နေသော သီတာ၏ ပခုံးကလေးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

သီတာသည် ငိုနေကြရှာသော မောင်လေးနှင့် ညီမလေး၏ လက်ကိုဆွဲ၍ မောင်နှမသုံးယောက် အခန်းထဲသို့ ဝင်သွားကြသည်။

ဒေါ်သိန်းသည် သူ့အခန်းသို့ ဝင်သွား၍ ဧည့်ခန်းတွင် ကိုကျော်ခိုင်တစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ သားနှင့် သမီးတို့ကို မငေါက်စဖူး အော်လိုက် ငေါက်လိုက်ရသောကြောင့် ကိုကျော်ခိုင် စိတ်မကောင်းပါ။ နံရံတချပ်သာခြားသော အခန်းထဲမှ ကလေးတို့၏ ငိုရှိုက်သံများကို ကြားနေရ၍ ရင်ထဲတွင် တင်းကျပ်စွာ ခံစားရသည်။ ကလေးများကို သနားကြင်နာစိတ်များ ဖြစ်နေမိသည်။

'ငါ့ သားသမီးလေးတွေ သိပ်ကို ဝမ်းနည်းကြေကွဲသွားကြရှာပြီထင်တယ်'

ကိုကျော်ခိုင် ကလေးများကို ပြန်လည်နှစ်သိမ့် ချော့မော့ရန် နေရာမှ ထလာခဲ့သည်။



အခန်းပေါက်သို့ ရောက်သောအခါ သီတာ၏ စကားသံကို ကြား၍ ကိုကျော်ခိုင် ရပ်ပြီးနားထောင်နေမိသည်။

'မငိုပါနဲ့ မောင်လေးရယ်၊ ညီမလေးလည်း တိတ်နော်၊ ဖေဖေ စိတ်ချမ်းသာသလို လုပ်ပါစေ'

သီတာက ပြောရင်းမှ ငိုရှိုက်လိုက်သည်။

ပိုးအိနှင့်အောင်အောင်သည် အိပ်ရာပေါ်တွင် ခွေခွေကလေး အိပ်၍ ရှိုက်ကြီးတငင် ငိုနေကြသည်။ သူတို့၏ ကိုယ်ကလေးများသည် တသိမ့်သိမ့် လှုပ်နေသည်။ သီတာက မောင်လေးနှင့် ညီမလေး နှစ်ယောက်၏အလယ်တွင် ထိုင်၍ မျက်ရည်တွေတွေကျနေရှာသည်။

ကိုကျော်ခိုင်၏ ရင်ထဲတွင် ဆို့နင့်သွားမိ၏။

'မောင်လေးနဲ့ ညီမလေး၊ ဒီဘက်လှည့် မမ ပြောမယ်၊ နားထောင်ကြ'

သီတာက လေသံ ခပ်တိုးတိုးဖြင့် ပြော၍ ကြားရအောင် ကိုကျော်ခိုင် နားစွင့်လိုက်သည်။

'မမတို့မောင်နှမ ကံမကောင်းဘူး၊ မမ အကြောက်ဆုံးမို့ မဖြစ်အောင် ဆုတောင်းနေတာ၊ ခုတော့ ဖြစ်လာပြီ၊ မေမေ့ကို သတိရလိုက်တာ'

သီတာက အသံမထွက်အောင် တျိတ်၍ ရှိုက်လိုက်သည်။ ကလေးနှစ်ယောက်လည်း ငိုရှိုက်နေကြလိမ့်မည်ကို ကိုကျော်ခိုင် ရှန်ပြီးကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမတော့ ဆုံးဖြတ်လိုက်ပါပြီ၊ ဖေဖေ ယူချင်တဲ့သူကို ယူပါစေတော့၊ ဖေဖေ့ကို သနားပါတယ်၊ ဖေဖေ စိတ်ဆင်းရဲရင် မကောင်းပါဘူး၊ မမတို့မောင်နှမ စိတ်ဆင်းရဲချင် ဆင်းရဲပါစေ၊ မိဘ စိတ်ဆင်းရဲအောင် မလုပ်ကောင်းဘူး၊ မမတော့ ဖေဖေ့ကို ဘာမှမပြောချင်တော့ဘူး၊ မောင်လေးနဲ့ ညီမလေးတို့လည်း ဖေဖေ့ကို ဘာမှ မပြောကြနဲ့တော့နော်၊ ဖေဖေ စိတ်ချမ်းသာသလိုလုပ်ပါစေ'

ပိုးအိနှင့် အောင်အောင်က ခေါင်းညိတ်ပြကြသည်။

'ကဲ. . . . မောင်လေးနဲ့ ညီမလေး၊ မငိုကြနဲ့တော့နော်၊ အိပ်ကြတော့'

ကလေးနှစ်ယောက်သည် တဖက်ဆီသို့ ပြန်လှည့်သွားကြသည်။

သီတာသည် ကလေးနှစ်ယောက်၏ တင်ပါးကလေးများကို သူ၏ လက်ဝါးလေးနှစ်ဖက်ဖြင့်ပုတ်၍ သိပ်နေရှာသည်။ သူ၏ ပါးပြင်ပေါ်တွင် မျက်ရည်များ တလိမ့်လိမ့်စီးဆင်းနေကြသည်။ ကလေးနှစ်ယောက်သည် အစ်မ မသိအောင် တိတ်တိတ်ကလေး ကျိတ်၍ ငိုနေကြရှာသည်။

အတွေ့အကြုံကြောင့် အရွယ်နှင့်မလိုက်အောင် ရင့်ကျက်နေရှာသော သမီးကြီးကိုကြည့်၍ ကိုကျော်ခိုင်၏ ရင်ထဲတွင် နင့်နေအောင် ခံစားရသည်။

ကိုကျော်ခိုင် သူ၏ခေါင်းကို ညင်သာစွာ ခါယမ်း၍ သက်ပြင်းတချက် ချလိုက်သည်။ ပါးပြင်ပေါ်တွင်တော့ မျက်ရည်များ



က စီးဆင်းလာကြ၏။

'ဪ. . . . ငါက ကြည်နူးစရာတွေကိုချည်း စိတ်ကူးယဉ်ခဲ့ပေမယ့် ခုတော့လည်း ကြေကွဲစရာတွေချည်း ကြုံနေရပါကလား'

ကိုကျော်ခိုင် တုန်လှုပ်မိလေပြီ။

⁂ ⁂ ⁂

ထမင်းစားပွဲပေါ်တွင် တင်ထားသော ထမင်းဗူးလေး နှစ်ဗူးကို ကြည့်၍ သီတာ ငေးငိုင်နေရှာသည်။ သူ့မျက်လုံးများတွင်လည်း မျက်ရည်များက ရစ်ဝဲလျက်။

ထမင်းဗူးတစ်ဗူးမှာ ဝေဝေဝယ်ပေးထားသော စတီးဗူးအသစ်၊ နောက်တစ်ဗူးမှာ သီတာ၏မိခင် မြမြသက် ဝယ်ပေးထားသော ထမင်းဗူး အဟောင်းကလေး။ ဖခင်အတွက် မည်သည့်ဗူးနှင့် ထည့်ပေးရမည်ကို သီတာ ဝေခွဲ၍မရ။

ကိုကျော်ခိုင်သည် နောက်ဖက်သို့ ထွက်လာသောအခါ ထမင်းဗူးနှစ်ဗူးကို ရှေ့မှာထား၍ ငိုင်ငေးနေသော သီတာကိုတွေ့ရသည်။

'သမီး၊ ဘာလုပ်နေတာလဲ'

ဖခင်၏အသံကိုကြား၍ သီတာ အထိတ်တလန့် မော့ကြည့်လိုက်သည်။

'သမီး ဖေဖေ့ဖို့ ထမင်းထည့်ပေးမလို့ပါ'

'ဪ. . . . အေး အေး၊ သမီးထည့်ချင်တဲ့ ဘူးသာ ထည့်လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင်သည် သမီးကိုကြည့်ပြီး စိတ်မကောင်းသည်နှင့် အိမ်ရှေ့သို့ ထွက်ခဲ့သည်။

အိမ်ရှေ့တွင် အောင်အောင်သည် ကိုကျော်ခိုင်၏ ဖိနပ်ကို ဘရပ်တစ်ခုနှင့် ပွတ်တိုက်နေသည်။

ပိုးအိကတော့ အပ်တစ်ချောင်းဖြင့် ကိုကျော်ခိုင်၏ လွယ်အိတ် စုတ်နေသည်ကို ချုပ်ရင်း အလုပ်ရှုပ်နေ၏။

'အို . . . . သမီးလေးရယ်၊ လက်ကို အပ်ထိုးမိပါဦးမယ်၊ ပေးပေး ဖေဖေ့ဘာသာ ချုပ်မယ်'

'ပြီးပါပြီ ဖေဖေကြီး'

ပိုးအိက အပ်ချည်ကြိုးကို သွားဖြင့်ကိုက်ဖြတ်ပြီး ဖခင်ထံသို့ ပေးလိုက်သည်။

'ဟား . . . . ဟား ငါ့သမီးချုပ်ထားတာသိပ်ကောင်းတာပဲဟေ့'

လွယ်အိတ်တွင် အပ်ချည်များနှင့် ရှုပ်ပွနေသော ချုပ်ရိုးလုံး ထူထူကြီးကိုကြည့်၍ ကိုကျော်ခိုင် သဘောကျနေမိသည်။

အိမ်ရှေ့သို့ ထမင်းဗူးကို ကိုင်၍ ထွက်လာသော သီတာက ဖခင်၏လက်မှ လွယ်အိတ်ကို လှမ်းကြည့်လိုက်သည်။

'အို . . . . ညီမလေး ချုပ်ထားတာလား ဖေဖေ၊ သမီးပြန်ချုပ်ပေးပါ့မယ်'

'နေပါစေ သမီးရယ်၊ ငါ့သမီးလေး ချုပ်ထားတာကို ဖေဖေ သဘောကျလို့ပါ'

ကိုကျော်ခိုင်က သီတာ့ထံမှ လက်သုတ်ပဝါဖြင့် ထုပ်ထားသော



ထမင်းဗူးကိုယူ၍ လွယ်အိတ်၏ အောက်ဆုံးမှ ထည့်လိုက်သည်။

'ဪ ဒီလိုဆိုတော့လဲ ငါ့သား ငါ့သမီးတွေနဲ့ နေရတာ ကြည်နူးစရာလေးပါလား'

သို့သော် ကိုကျော်ခိုင်၏ စိတ်ထဲတွင် ပဟေဠိတစ်ခုရှိနေသည်။

'သီတာ ဘယ်ထမင်းဗူးနဲ့ ထည့်လိုက်သလဲ'

ကိုကျော်ခိုင်က သိချင်သည်။

'အေးလေ . . . . ရုံးရောက်လို့ နေ့ခင်းထမင်းစားတော့ သိရမှာပေါ့'

ကိုကျော်ခိုင် ရုံးသို့ထွက်ခဲ့သည်။

ဂ ဂ ဂ

တမနက်လုံး ရုံးစားပွဲတွင် စွဲစွဲမြဲမြဲထိုင်၍ ကိုကျော်ခိုင် အလုပ် လုပ်နေသည်။ မနေ့က ခံစားချက်များသည် ယနေ့တိုင်ရင်ထဲတွင် နာကျင်နေဆဲ ဖြစ်၏။ ဝေဝေကို မည်သို့ ပြန်ပြောရမည်နည်း။ မိမိ၏ ဆန္ဒအတိုင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ရမည်လား။ သားသမီးများ ကိုလည်း မြင်ယောင်၍ သနားနေမိသည်။ အလုပ်ထဲတွင်သာ အာရုံ ဝင်စားနေလျှင် အားလုံးကို မေ့နိုင်သည်။ ထို့ကြောင့် အလုပ်ကိုသာ ကြိုးစား၍ လုပ်နေရ၏။

'ဆရာ'

ဝေဝေ၏အသံ ဖြစ်သည်။

'ဒီစာရဲ့ စာအမှတ်နဲ့ ရက်စွဲကို ရချင်လို့ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေက စာကြမ်းတစ်စောင်ကို ပြရင်း ကိုကျော်ခိုင်၏စားပွဲရှေ့မှ ကုလားထိုင်တွင် ထိုင်သည်။

ကိုကျော်ခိုင်က ဖိုင်တွဲတစ်ခုကို ရှာပေးသည်။ ဝေဝေ ကူးယူမှတ်သားလိုက်၏။ ဝေဝေကို မြင်တော့ ကိုကျော်ခိုင်၏ ရင်မှာလှုပ်ရှားရပြန်သည်။

'ဆရာ့ လွယ်အိတ်ပေးလိုက်ပါ ဆရာ'

'ဘာလုပ်ဖို့လဲ ဝေဝေ'

'ခဏ ပေးလိုက်ပါ ဆရာ'

ဘေးမှ စာတွဲစင်ပေါ်တွင် တင်ထားသော လွယ်အိတ်ကို ယူပေးလိုက်သည်။

'ဘာများ ထည့်ပေးချင်လို့လဲ၊ စာများ ထည့်ပေးချင်လို့လား'

ကိုကျော်ခိုင် စဉ်းစားနေစဉ်မှာပင် ဝေဝေက အိတ်ကိုယူသွားသည်။

'ဆရာ၊ ဌာနခွဲမှူးက ခဏတဲ့'

မောင်ခင်ထွန်း လာခေါ်၍ ကိုကျော်ခိုင် လိုက်သွားရသည်။

ဒုစာရင်းစစ်ချုပ်အခန်းမှ ပြန်ထွက်လာသောအခါ ကိုကျော်ခိုင်၏ စာတွဲစင်ပေါ်တွင် လွယ်အိတ် ပြန်ရောက်နေသည်။

'အိတ်ထဲတွင် ဘာများထည့်ထားသနည်း'

ကိုကျော်ခိုင်စူးစမ်း ကြည့်မိသည်။ ဘာမျှ ထူးထူးခြားခြား မတွေ့။ သို့သော် အိတ်ကို တဖက်သို့ လှည့်လိုက်သောအခါ ကိုကျော်ခိုင် တွေ့ရပါပြီ။



ပိုးအိ ချုပ်ထားသော ချပ်ရိုးကိုဖြေ၍ ဝေဝေက သပ်သပ်ရပ်ရပ် ပြန်ချုပ်ထားသည်။

'ဪ. . . . ဝေဝေရယ်'

ကိုကျော်ခိုင်၏ ရင်ထဲမှာ ခံစားမှုတစ်ခု ဖြစ်ရသည်။

အိတ်စုတ်နေသည်ကို မနေ့ကတွေ့၍ အပ်နှင့်အပ်ချည်ယူလာခဲ့ဟန်တူပါသည်။

'အိတ်ချုပ်ပေးမည့်သူရှိပါသည် ဆိုသည့်သဘောလား'

ကိုကျော်ခိုင် စဉ်းစားနေမိသည်။

'ဆယ့်တစ်နာရီခွဲပြီ ဆရာ၊ ထမင်းစားကြစို့'

စံလှနှင့် သိန်းထွန်းတို့ ထမင်းဗူးကိုယ်စီနှင့် ရောက်လာကြသည်။ ဒေါ်အုံးကြည်၊ ဝေဝေ၊ ရွှေသိန်းနှင့်အောင်မြင့်တို့လည်း လာကြပြီ။

ထမင်း စားပွဲတွင် ထိုင်မိသောအခါ ကိုကျော်ခိုင်သည်အပေါ်မှ ထုပ်ထားသော လက်သုတ်ပဝါကို ဖြေရင်း စိတ်လှုပ်ရှားနေမိ၏။

'သမီး သီတာ ဘယ်ထမင်းဗူးကို ထည့်ပေးသနည်း'

လက်သုတ်ပဝါလေး ပြေသွားလေပြီ။

'အို. . . . သမီးလေးရယ်'

ဝေဝေ ဝယ်ပေးထားသော ထမင်းဗူး အသစ်ကလေးကိုမြင်၍ ကိုကျော်ခိုင် စိတ်မကောင်း ဖြစ်မိသည်။

'ဪ. . . . ငါ့သမီးလေး ငါ့ဆန္ဒကို လိုက်လျောရှာတယ် သူ့ရင်ထဲမှာတော့ နာရှာမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲကလေးနှစ်ခုကို ရှေ့မှချ၍ မျက်ရည်လည်နေရှာသော သီတာကို မြင်ယောင်၍ ကိုကျော်ခိုင် သနားနေမိသည်။

'ကဲ. . . . ထမင်းစားရင်းနဲ့ပဲ မင်္ဂလာသတင်း ပြောရဦးမယ်'

သိန်းထွန်းက စကားစလိုက်သည်။

'လာပြီ. . . . နင့်မင်္ဂလာသတင်းဆိုရင် ကြောက်နေရတယ်'

'အို. . . . အစ်မကြီးကလည်း အလကားနေရင်း ကြောက်နေ၊ တကယ့်မင်္ဂလာသတင်းပါဗျ၊ ဆရာ့အတွက်'

ကိုကျော်ခိုင်က ထမင်းစားရင်းမှ သိန်းထွန်းကို လှမ်းကြည့်လိုက်၏။

'ဆရာ ကျွန်တော့်ကို အောင်သွယ်ခတော့ ပေးရမယ်'

'ဘာတွေလဲဟယ် ပြောမှဖြင့် ပြောစမ်းပါ'

ဒေါ်အုံးကြည် စိတ်မရှည်။

'ဟိုတခါ ကျွန်တော့် ကက်ဆက် အဒက်ပတာလောင်သွားလို့ ဆရာ ကွိုင်ပြန်ပတ်ပေးတာ မှတ်မိသေးလား ဆရာ'

ကိုကျော်ခိုင်က ခေါင်းညိတ်ပြသည်။

'မနေ့က ကျွန်တော့် သူငယ်ချင်းနဲ့ ရေဒီယို ကက်ဆက်ပြင်ဆိုင်တိုရောက်တော့ သူက သူ့ဆိုင်မှာ ကက်ဆက်အဒက်ပတာထရန်စဖော်မာပတ်တဲ့လူက အလုပ်ထွက်ပြီး မန္တလေးကို ပြန်သွားလို့တဲ့၊ သူ့မှာ အပ်ထားတာတွေကလည်း အများကြီးနဲ့ဆိုတော့ ဒုက္ခဖြစ်နေတယ်တဲ့'

'အဲဒါ မင်္ဂလာသတင်းလားကွ'

ရွှေသိန်းက ဝင်နှောက်လိုက်သည်။



'နေဦးလေကွာ လာမှာပေါ့၊ သူ့ဆိုင်ကလည်း ဒီအလုပ်ကိုပဲ အာမခံနဲ့ လုပ်တာဆိုတော့ ကျွမ်းကျင်တဲ့ အလုပ်သမားကောင်းကောင်း တစ်ယောက်ကို လိုချင်တယ်'

'ဒါဖြင့် ဆရာက ဒီအလုပ်ကိုထွက်ပြီး နင့်သူငယ်ချင်းဆိုင်မှာ အလုပ်သမား လုပ်ရမှာလား'

'ဟာဗျာ အစ်မကြီးကလည်း နားထောင်စမ်းပါဦး၊ ဖြတ်ဖြတ်ပြီး ပြောနေကြတော့ စကားကို ကောင်းကောင်းပြောလို့ မရဘူး'

'ကဲ ပြောပါ'

ဝေဝေက စိတ်ဝင်စားနေသည်။

'အဲဒါနဲ့ ကျွန်တော်က ကျွန်တော့်ဆရာတော့ ဒီအလုပ်ကို ကျွမ်းကျင်တယ်၊ ဒါပေမဲ့ ဆိုင်မှာတော့ အလုပ်သမားအဖြစ် လာလုပ်မှာ မဟုတ်ဘူး၊ ညဘက်မှာ အိမ်ယူလုပ်လို့ရရင်တော့ လုပ်ပေးနိုင်လိမ့်မယ်လို့ ပြောပြတယ်၊ ဒီတော့ သူက ဆရာ့လက်ရာကို ကြည့်ချင်တယ်လို့ ပြောတယ်၊ ဒီနေ့မနက် ကျွန်တော့် ကက်ဆက်ကို ဝင်ပြတော့ ဆရာ့ လက်ရာကို သိပ်သဘောကျသွားတယ်၊ ဆရာ့မှာ ပတ်တဲ့စက်ရှိတယ် မဟုတ်လား ဆရာ'

'ရှိပါတယ်'

'ရှိရင် သူက လိုအပ်တဲ့ ပစ္စည်းတွေကို အိမ်လာပို့ပေးမယ်၊ ပြန်လာယူမယ်၊ ဆရာက တစ်နေ့ကို အနည်းဆုံး နှစ်ခုပြီးအောင်ထပ်ပေးရမယ်၊ သုံးခု လေးခုပြီးရင်တော့ ပိုသဘောကျတာပေါ့ သတင်းဆော တော့ တစ်ခုကို ထောင့်ငါးရာကျပ်ပေးမယ်တဲ့၊ ဆရာ တစ်နေ့ကို

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး နှစ်ခုပြီးပါ့မလား'

'အင်း. . . . ပြီးပါတယ်'

ကိုကျော်ခိုင်က ဖြေသည်။

'ဒီလိုဆိုရင် ဆရာ့ကို ခေါ်ခဲ့ပါတဲ့၊ သူက အမြန်ဆုံး အလုပ်စ အပ်ချင်တယ်တဲ့၊ ဆရာလည်း တစ်နေ့ဝင်ငွေ သုံးထောင်ဆိုတော့ ဒီလခ နှစ်ဆလောက်တော့ရမယ်၊ စနေ တနင်္ဂနွေဆိုရင်လည်း လေးခု လောက်တောင် ပြီးနိုင်မယ်၊ လုပ်မယ်မဟုတ်လား ဆရာ'

'ဟာ သိပ်လုပ်ချင်တာပေါ့'

ကိုကျော်ခိုင် ဟန်မဆောင်နိုင်၊ ဝမ်းသာအားရ ပြောလိုက် သည်။

'ဟ. . . . ဟန်ကျလှချည်လားကွ၊ ဒါဟာ တကယ့် မင်္ဂလာ သတင်းပဲ၊ သိန်းထွန်း မင်းတော်တယ်'

စံလှက ချီးကျူးနေသည်။

'လက်မှုပညာတစ်ခုခုကို တပ်ထားတာများ သိပ်ဟန်ကျတာပဲ နော်'

ဝေဝေသည် ကိုကျော်ခိုင်အတွက် ဝမ်းသာအားရ ဖြစ်နေ သည်။

'ဒါပေါ့ဟ၊ ဒါကြောင့်မို့ ငါတို့ဆရာက အဖိုးတန်ပါတယ်လို့ ပြောနေတာပေါ့'

အောင်မြင့်က ဝင့်ကြွားလိုက်၍ ဒေါ်အုံးကြည်က ငှက်ပျောသီး စိမ်းတစ်တောင့်ကို အောင်မြင့်၏ ထမင်းပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။



'ဒီတစ်ခါတော့ ကိုသိန်းထွန်းလဲ တကယ်တော်တယ်'

ဝေဝေကပါ သိန်းထွန်းကို ချီးကျူးလိုက်သည်။

'အို. . . . ငါက အမြဲ တော်နေတာပဲ၊ ဒီအစ်မကြီးက မသိလို့'

သိန်းထွန်းစကားကြောင့် အားလုံး ရယ်ကြသည်။

'ဒီလိုဆိုရင် ဒီနေ့တော့ ကျွန်တော့်သူငယ်ချင်း မရှိသေးဘူး ဆရာ၊ မနက်ဖြန်ကာ နေ့ခင်းဖြစ်ဖြစ် ညနေဖြစ်ဖြစ် ကျွန်တော်နဲ့ ဆရာ သွားကြမယ်'

ကိုကျော်ခိုင် ခေါင်းညိတ်ပြလိုက်သည်။

သားသမီးလေးတွေ ဖောဖောသီသီ ဝတ်ရစားရတော့မည်ကို တွေး၍ ကိုကျော်ခိုင် ဝမ်းသာနေမိသည်။

ကျန်သည့် လူအားလုံးမှာလည်း ကိုကျော်ခိုင် မိသားစု၏ ချို့တဲ့မှုကိုသိနေကြ၍ ဝမ်းသာကြသည်။

သိန်းထွန်း၏ မင်္ဂလာသတင်းကြောင့် ထမင်းစားဝိုင်းလေးမှာ ပို၍ ပျော်စရာ ကောင်းသွားသည်။

'ကဲ. . . . ဆရာ၊ တစ်ခုခု ကျွေး'

ရွှေသိန်းက တောင်းဆိုသည်။

'အိုး. . . . ဟိုက ပိုက်ဆံဖြင့် ဘယ်နေမှန်း မသိသေးဘူး မကျွေးနဲ့ဦး ဆရာ'

ဒေါ်အုံးကြည်က ဟန့်တားသည်။

'ဝေဝေ ကျွေးပါ့မယ်'

ဝေဝေက ငါးရာတန်တစ်ရွက် ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝေဝေနဲ့ ဘာဆိုင်လို့တုံး'

စံလှက ဝင်ထောက်သည်။

'ဆိုင်တာပေါ့၊ ဒါ ဝေဝေတို့ဆရာပဲ၊ ဆရာ့အတွက် ဝမ်းသာလို့ပေါ့'

သိန်းထွန်းက စံလှ၏ ကျောကို ထုလိုက်သည်။

'ဝေဝေ ပြောတာ ဟုတ်တာပေါ့၊ ဆိုင်တယ်ကွ ဆိုင်တယ်၊ ဝေဝေကျွေးလဲ ဆရာ ကျွေးတာနဲ့ အတူတူပဲ'

'ဖေဖေ....'

သီတာသည် ကိုကျော်ခိုင်ကို လှမ်းခေါ်ရင်း အလျင်စလို ဝင်ရောက်လာ၏။

'သမီး၊ ဘာကိစ္စရှိလို့ လိုက်လာတာလဲ'

ရုံးသို့ မလာစဖူး သီတာ လိုက်လာ၍ ကိုကျော်ခိုင် အံ့ဩနေသည်။

'မောင်လေးနဲ့ ညီမလေး မရှိတော့ဘူး ဖေဖေ'

'ဟေ....'

ကိုကျော်ခိုင် ထမင်းစားနေရာမှ လျင်မြန်စွာ ထလိုက်သည်။ သီတာ ငိုနေသည်။

ကျန်လူများလည်း အံ့အားသင့်၍ ထမင်းစား ရပ်သွားကြသည်။

'ဘယ်လို ဖြစ်တာလဲ သမီး'

ကိုကျော်ခိုင်၏အသံများ တုန်နေသည်။



'မနက်က သမီးနဲ့အတူတူ ကျောင်းသွားကြတာပဲ၊ ဒါပေမဲ့ ကျောင်းကိုရောက်တော့ သမီးက အတန်းထဲ သွားတယ်၊ သူတို့နှစ်ယောက် မုန့်ဆိုင်သွားကြတယ်၊ ထမင်းစား ကျောင်းဆင်းရတော့ ညီမလေး ထမင်းလာမစားလို့ သူ့အတန်းကို လိုက်သွားတယ်၊ အတန်းပိုင်ဆရာမကို မေးကြည့်တော့ မနက်ကတည်းက ကျောင်းမတက်ဘူးလို့ ပြောတယ်၊ ဒါနဲ့ မောင်လေးအတန်းကို လိုက်သွားတော့ မောင်လေးလည်း ကျောင်းမတက်ဘူးလို့ သူတို့အတန်းပိုင် ဆရာမက ပြောတယ် ဖေဖေ'

'သမီး အိမ်ပြန် မကြည့်ဘူးလား'

'အိမ်ကို သွားမေးပါတယ် ဖေဖေ၊ ကြီးကြီးသိန်းကလည်း ပြန်မလာဘူးလို့ ပြောတယ် ဖေဖေ'

'ဒါဖြင့် ဘယ်မှ မတွေ့ခဲ့ဘူးလား သမီး'

'သမီး ရှာတာနဲ့နေတာပါပဲ၊ ဆရာ ဆရာမတွေလည်း လိုက်ရှာပေးပါတယ်၊ ဘယ်မှမတွေ့ဘူး၊ အောင်အောင်ရဲ့ သူငယ်ချင်း တစ်ယောက်ကတော့ အောင်အောင် မနက်က သူ့ဆီမှာ ပိုက်ဆံချေးတယ်တဲ့၊ ဗုသိမ်ကို သွားချင်လို့ပါလို့ ပြောတယ်တဲ့၊ သူ့သူငယ်ချင်းက ပိုက်ဆံမပါလို့ မချေးလိုက်ဘူးတဲ့'

'ဟာ.... အဲဒီလိုဆိုရင် မော်တင်သင်္ဘောဆိပ်ကို လိုက်[illegible] [illegible] ဆရာ၊ ဒီအချိန်ဆိုရင် သင်္ဘောမထွက်သေးဘူး၊ ခုမှ [illegible] [illegible] ရှိသေးတယ်'

'အင်း.... ဒုက္ခပါပဲကွာ၊ သက်ရဲ့ အခေါ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

တုန်းကတော့ အဲဒီ သင်္ဘောဆိပ်ကို မိသားစု လိုက်ပို့ဖူးကြတယ်၊ ကဲ. . . . လာ သမီး၊ ဖေဖေတို့ သင်္ဘောဆိပ်ကို လိုက်ရှာကြရအောင်'

'ထားခဲ့ဆရာ၊ ဒါတွေ ကျွန်မတို့ သိမ်းလိုက်မယ်'

ဝေဝေ ထမင်းထုပ်များကို သိမ်းလိုက်သည်။

'ဆရာ၊ ကျွန်တော်တို့ရော လိုက်ခဲ့မယ်'

ရွှေသိန်းက ထလိုက်လာသည်။ အောင်မြင့်လည်း လိုက်လာသည်။

'ဟာ. . . . အားလုံး မလိုက်ခဲ့ကြနဲ့၊ ဒီမှာလဲ အလုပ်တွေပျက်ကုန်မယ်၊ မင်းတို့နှစ်ယောက်က ဒီမှာပဲ တာဝန်ယူပါကွာ၊ စံလှနဲ့ သိန်းထွန်းပဲ ခေါ်သွားမယ်၊ မင်းတို့က လက်ထောက် စာရင်းစစ်ချုပ်ကို ပြောပြ ပေးပါကွာ'

'ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ'

'လာ. . . . သမီး'

ကိုကျော်ခိုင်သည် သီတာ၏လက်ကိုဆွဲ၍ အလျင်စလို ထွက်ခဲ့သည်။ စံလှနှင့်သိန်းထွန်းက နောက်မှလိုက်ခဲ့ကြ၏။

တက်ဆီတစ်စီးငှား၍ မော်တင်သင်္ဘောဆိပ်သို့ သွားကြသည်။

ဆိပ်ကမ်းသို့ ရောက်သောအခါ ပုသိမ်သို့ထွက်မည့် သင်္ဘောကြီးသည် ကမ်းစပ်တွင် ဆိုက်ထားဆဲဖြစ်သည်။

လေးဘီးကားဆရာကို ပိုက်ဆံပေးပြီး လေးယောက်သား သင်္ဘောဆီသို့ အမြန်သွားကြသည်။ သင်္ဘောပေါ်သို့ ရောက်သော



အခါ အထက်ထပ် အောက်ထပ် လူစုခွဲ၍ ရှာကြသည်။ ဘယ်မှာမှ မတွေ့။ သင်္ဘောပေါ်မှ လူများကို ကလေးနှစ်ယောက်တွေ့မတွေ့ မေးကြည့်ရာ မည်သူမျှ မပြောနိုင်။

ကိုကျော်ခိုင်က ကလေးနှစ်ယောက် ပုသိမ်သို့သွားမည်ဆိုပြီး ထွက်သွားကြောင်းပြောပြရာ ဆယ့်နှစ်နာရီထိုးက ပုသိမ်သင်္ဘောတစ်စင်း ထွက်သွားကြောင်း လူတစ်ယောက်က ပြောသည်။

'ဖေဖေ၊ မောင်လေးနဲ့ညီမလေးကို တွေ့အောင် ရှာပေးပါ ဖေဖေ'

သီတာ ငိုနေပြီ။

'ကဲ. . . . သိန်းထွန်းနဲ့ စံလှ၊ ငါတို့သားအဖတော့ ဒီသင်္ဘောနဲ့ပဲ ပုသိမ်ကို ဆက်လိုက်သွားတော့မယ်ကွာ'

'ကျွန်တော်တို့နှစ်ယောက်လည်း လိုက်ခဲ့မယ် ဆရာ'

သိန်းထွန်းက ဆရာတို့ သားအဖကို ကြည့်၍ စိတ်မချ။

'ကိစ္စမရှိပါဘူးကွာ၊ မလိုက်ခဲ့ကြပါနဲ့၊ စံလှက ရုံးပြန်ပြောကွာ၊ သိန်းထွန်းက ငါ့အိမ်ကိုသွားပြီး ဒေါ်သိန်းကို ပြောပြပေးပါဦး၊ သူ့ခမျာ သိပ်ပြီး စိတ်ပူနေရှာလိမ့်မယ်'

'ဟုတ်ကဲ့ ဆရာ၊ ဆရာတို့မှာ ငွေရော ပါရဲ့လား ဆရာ'

'ငါ့မှာ ရှစ်ထောင်ပါတယ်'

'ကျွန်တော့်ဆီမှာလဲ လေးထောင်တော့ ပါသေးတယ် ဆရာ၊ လိုလိုမည်မည် ယူသွားပါဦး'

သိန်းထွန်းက သူ့အိတ်ထဲမှ ငွေလေးထောင်ကို ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ဆီမှာလဲ နှစ်ထောင်ပါသေးတယ် ဆရာ၊ ယူသွားပါ'

စံလှက ငွေနှစ်ထောင်ကို ထုတ်ပေးသည်။

'သိန်းထွန်းဆီက သုံးထောင်ပဲ ပေးလိုက်ပါကွာ'

သဘော်ထွက်ချိန်ကို သွားမေးရာ သုံးနာရီထွက်မည်ဟု ဆိုသည်။ ကိုကျော်ခိုင် လက်မှတ်ဝယ်သည်။ စံလှနှင့် သိန်းထွန်းက သဘော်အပေါ်ထပ်တွင် နေစရာလုပ်ပေးသည်။ သီတာကထိုင်၍ တရှုံ့ရှုံ့ငိုနေရှာသည်။

စံလှနှင့် သိန်းထွန်းတို့ ရုံးသို့ ပြန်သွားကြသည်။

ကိုကျော်ခိုင် သဘော်လက်တန်းကို ကိုင်၍ မြစ်ပြင်ကို ငေးရင်းသားနှင့် သမီးအတွက် စိုးရိမ်စိတ်ဖြင့် ရင်မှာ ပူလောင်နေသည်။ သဘော် မြန်မြန်ထွက်စေချင်လှပြီ။

မနေ့ညက အော်မိ ငေါက်မိသည်များကို တွေး၍ စိတ်မကောင်း ဖြစ်နေမိသည်။

'သားနဲ့ သမီးလေး ငါ့ကို ကြောက်သွားကြပြီလား၊ ငါ့ကို မုန်းသွားကြပြီလား၊ နောက်အိမ်ထောင်ပြုမယ်ဆိုလို့ ငါနဲ့အတူတူ မနေချင်ကြတော့ဘူးလား'

'အစ်ကိုရယ်၊ ကလေးတွေကို ဂရုစိုက်ပါ၊ ဒီတစ်ခုတော့ ကတိပေးပါ'

မြမြသက်၏ စကားသံကို ကြားယောင်မိသည်။

ကိုကျော်ခိုင်၏ မျက်လုံးများသည် မျက်ရည်ဖြင့် ဝေဝါးလာ



သည်။ နေရောင်ဟပ်၍ တလက်လက်တောက်နေသော ရေပြင်ကို ကိုကျော်ခိုင် ငေးကြည့်နေမိသည်။ သို့သော် ရေပြင်ကို မမြင်။ ငိုယိုနေကြသော သားနှင့် သမီးတို့၏ မျက်နှာ၊ ညိုးငယ်နေကြရှာသော သားနှင့် သမီးတို့၏ မျက်နှာကလေးများကိုသာ မြင်ယောင်နေမိသည်။

'ကျော်ခိုင်ရေ ဟေ့. . . . ကျော်ခိုင်'

'ဆရာ'

ဒေါက်တာအောင်မိုးနှင့် စံလှက ဆိပ်ခံတံတားပေါ်မှ အော်ခေါ်ရင်း သဘော်ဆီသို့ လျှောက်လာကြသည်။

'ဖေဖေ ဟိုမှာ ဒေါက်တာအောင်မိုးနဲ့ ကိုစံလှတို့ လိုက်လာကြတယ်'

သီတာ ညွှန်ပြရာ ဆိပ်ခံဆီသို့ ကိုကျော်ခိုင် လှမ်းကြည့်လိုက်သည်။

'ကျော်ခိုင်ရေ ဆင်းခဲ့ဟေ့၊ ကလေးတွေ ငါ့ကားပေါ်မှာ ပါလာတယ်'

'ဟေ ဟုတ်လား'

ဒေါက်တာ အောင်မိုး၏ စကားကြောင့် ကိုကျော်ခိုင် ဝမ်းသာသွားမိသည်။

'လာ သမီးလာ၊ မောင်လေးနဲ့ ညီမလေး တွေ့ပြီတဲ့' ဆင်းကြစို့

သီတာ ဝမ်းသာနေရှာသည်။

ဆိပ်ခံပေါ်သို့ ရောက်သောအခါ တံတားထိပ်တွင် ရပ်နေသော ဝေဝေကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ သားနဲ့သမီး'

'ဟိုမှာလေ ငါ့ကားထဲမှာ'

ကိုကျော်ခိုင်သည် ဒေါက်တာအောင်မိုး ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ရပ်ထားသော စူပါဆလွန်း ကားကလေးကို တွေ့ရသည်။ ကိုကျော်ခိုင်သည် ဆိပ်ခံတံတားကို အပြေးတက်၍ ကားဆီသို့သွား၏။ တံတားထိပ်မှ ဝေဝေသည် ကိုကျော်ခိုင်ကို လမ်းဖယ်ပေး၍ နောက်မှ လိုက်ခဲ့သည်။

'သား သမီး'

ကလေးနှစ်ယောက် ကားထဲမှ ထွက်လာကြသည်။

'ဖေဖေကြီး ကိုကို့ကို မရိုက်ပါနဲ့၊ မီးမီးက ပုသိမ်ကကြီးကြီးတို့ဆီ သွားနေချင်တယ်ပြောလို့ ကိုကိုက ခေါ်သွားတာပါ မီးမီးကို ရိုက်ပါ'

သမီးငယ် ပိုးအိကို ကိုကျော်ခိုင် ပွေ့ချီလိုက်သည်။

'ဖေဖေ မရိုက်ပါဘူး သမီးလေးရယ်၊ ကိုကို့ကိုလည်း မရိုက်ပါဘူး၊ သမီးလေးကိုလည်း မရိုက်ပါဘူး'

ကိုကျော်ခိုင်သည် သမီးငယ် ပိုးအိကို ပွေ့ချီ၍ ပါးပြင်လေးကို ကြင်နာစွာ နမ်းနေမိသည်။

'သား အောင်အောင်'

ကိုကျော်ခိုင်သည် သမီးငယ် ပိုးအိကိုချ၍ အောင်အောင်ကို ပွေ့ချီလိုက်ပြန်သည်။ သီတာတ ညီမငယ် ပိုးအိကို ချီ၍ ငိုနေသည်။

'ဖေဖေ့ကို ခွဲမသွားပါနဲ့ သားရယ်၊ သားတို့ သမီးတို့မရှိရင်



ဖေဖေ့ အူတွေ အသည်းတွေကို နုတ်ပစ်လိုက်သလို ခံစားရမှာပါ'

ကိုကျော်ခိုင်သည် မျက်ရည်ဖြင့် စိုစွတ်နေသော အောင်အောင်၏ ပါးပြင်ကို မွှေးလိုက်သည်။ သူ၏ မျက်လုံးတွင်လည်း မျက်ရည်များဖြင့် ပြည့်နေ၏။

⁂ ⁂ ⁂

ကလေးများအားလုံး အိမ်ပြန်ရောက်လာ၍ ဒေါ်သိန်းမှာ ဝမ်းသာအားရနှင့် ချက်ပြုတ်ကျွေးမွေးနေသည်။

'ကဲ ကျော်ခိုင် လာကွာ၊ မင်းနဲ့ ငါနဲ့ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး စကားပြောရအောင်'

ဒေါက်တာ အောင်မိုး၏ ကားကလေးနှင့် လမ်းထိပ်သို့ ထွက်ခဲ့ကြသည်။

ဆိုင်သို့ ရောက်သောအခါ ဒေါက်တာ အောင်မိုးက လက်ဖက်ရည် နှစ်ခွက်နှင့် မုန့်မှာလိုက်သည်။

'မင်းကို ကလေးတွေက ဘာတွေ ပြောသေးလဲ အောင်မိုး'

ကိုကျော်ခိုင်က သူအသိချင်ဆုံးကို မေးလိုက်သည်။

'မင်းကလေးတွေက သိပ်လိမ္မာပါတယ်ကွာ၊ သူတို့အဖေရဲ့ မကောင်းကြောင်း တစ်ခွန်းမှ မပြောကြဘူး။ ငါက ရှာ်တရော့ သူတို့ မောင်နှမကို တွေ့လိုက်ရတော့ သိပ်အံ့ဩသွားတယ်၊ ကျောင်းတက်ချိန်လည်း ဖြစ်နေတာကိုးကွ၊ မင်းများ နေမကောင်းဖြစ်လားလို့ စိုးရိမ်လိုက်မိသေးတယ်၊ ဒါနဲ့ ဘာကိစ္စရှိလို့လဲဟေ့ အောင်အောင်လို့ မေး

www.burmeseclassic.com

www.burmeseclassic.com



တော့ သူနဲ့ ညီမလေးနဲ့ ပုသိမ်က ကြီးကြီးဆီ သွားချင်လို့ပါတဲ့၊ ဦးဦးမှာ ငွေပါရင် သင်္ဘောခမရှိလို့ တစ်ထောင်လောက် ပေးပါတဲ့'

'ငါလည်း သိပ်အံ့ဩသွားတယ်။ မင်းတို့နှစ်ယောက်ထဲ သွားမှာလား။ မင်းအဖေရောပါလားမေးတော့ သူတို့နှစ်ယောက်ထဲသွားမှာတဲ့။ ဒါနဲ့ တစ်ခုခုတော့ မှားနေပြီလို့ ငါ သိလိုက်ပြီ။ ဘာဖြစ်လို့ သွားကြမှာလဲမေးတော့ ပိုးအိက ပြောတယ်ကွ။ ဖေဖေကြီး နောက်မိန်းမယူတော့မှာတဲ့။ မီးမီးက မိထွေးကိုကြောက်တယ်တဲ့။ ပုသိမ်က ကြီးကြီးဆီ သွားနေမလို့တဲ့။ ငါလည်း အကြောင်းစုံမေးကြည့်တော့ အောင်အောင် က ပြောပြတယ်'။

'မင်းတို့က မယူပါနဲ့လို့ မပြောဘူးလားလို့ ငါက မေးကြည့်တယ်ကွ၊ မပြောချင်ပါဘူး ဦးဦး၊ ဖေဖေ့ကို သနားပါတယ်၊ မေမေမရှိတော့ ဖေဖေ သိပ်ပင်ပန်းတာပဲတဲ့၊ ဖေဖေ ယူချင်ယူပါစေတဲ့၊ မမကလည်း ဖေဖေ့ကို မပြောကြပါနဲ့လို့ ပြောတယ်တဲ့၊ ဒါပေမဲ့ သားတို့ကတော့ မိထွေးနဲ့ အတူမနေချင်လို့ သွားမှာပါတဲ့၊ ဒါနဲ့ ငါလည်း သူတို့ကို ဦးဦး သင်္ဘောဆိပ်အထိကားနဲ့ လိုက်ပို့မယ်၊ ဦးဦးအခန်းမှာ ခဏနေကြဦးဆိုပြီး ထိန်းထားရတယ်ကွ၊ အဲဒီအချိန်မှာ ငါကလည်း ဆရာဝန်ကြီးနဲ့ လူနာတွေ လှည့်ကြည့်ရတဲ့အချိန် ဖြစ်နေတယ်၊ လှည့်လို့ပြီးတော့မှ ငါလည်း သူတို့ကို မနက်စာကျွေးပြီး မင့်ရုံးကို လိုက်လာတာ၊ မင်းတို့ ပုသိမ်တိုလိုက်ဖို့ သင်္ဘောပေါ်ရောက်နေပြီ ဆိုလို့ ဆက်လိုက်ခဲ့ရတာ၊ ကလေးတွေ သနားပါတယ်ကွာ'

ဒေါက်တာအောင်မိုးက သူ့ရှေ့မှ လက်ဖက်ရည်ပန်းကန်ကို



ယူ၍ တဲကျိုက်သောက်ရင်း ကိုကျော်ခိုင်ကိုလှမ်းကြည့်နေသည်။ ကိုကျော်ခိုင်သည် ဆိုင်အပြင်မှ ဟင်းလင်းပြင် လမ်းမကြီးဆီသို့ အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့်နေသည်။

ဒေါက်တာအောင်မိုးက လက်ဖက်ရည်ပန်းကန်ကို ပြန်ချပြီး သူ့စကားကို ဆက်၏။

'တောင်လဲရာမြက်ပြတ် ဆိုတဲ့ စကားရှိတယ်ကွ၊ အဲဒါက ရိုးရိုး တောင် ပြောတာ၊ ဒါပေမဲ့ မြင်းမိုရ်တောင်ကြီး ပြိုလဲရင်တော့ ဘဝလေးတွေပါ ပြတ်ကုန်နိုင်တာပေါ့ကွာ'

ကိုကျော်ခိုင်ထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

'တပင်လဲမှ တပင်ထူဆိုပြီး သူများတွေလည်း ယူနေကြတာပါ ပဲ အောင်မိုးရာ'

'အင်း. . . . မင်းပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ အိမ်ထောင်တစ်ခုနဲ့တစ်ခု တည်ဆောက်တဲ့ ပုံသဏ္ဍာန်ချင်း မတူဘူး ကွ၊ မိဘချင်း ကွာသလို သားသမီးချင်းလည်း ကွာတယ်၊ တချို့အိမ် ထောင်တွေမှာ မုဆိုးဖိုဖြစ်တဲ့ အဖေကလည်း နောက်အိမ်ထောင်ပြုချင် ရင် လွယ်လွယ်နဲ့ ပြုလိုက်ကြတာပဲ၊ တချို့ဆိုရင် အဖေရော အမေပါ ရှိလျက်နဲ့ အဖေက နောက်အိမ်ထောင် ယူသလို အမေကလည်း နောက်တစ်ယောက် ယူကြတယ်၊ သူတို့က မွေးတဲ့ကလေး ဘဝကတော့ ပျက်ကုန်တာပေါ့ကွာ၊ ဒါပေမဲ့ သူတို့က အဲဒါ အလေးအနက်ထားပြီး စဉ်းစားကြတာ မဟုတ်ဘူး။ သားသမီး ခပ်ပေါ့ပေါ့ သဘောထားနိုင်သူတွေ ခပ်လွယ်လွယ် ယူလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်'

ကိုကျော်ခိုင် ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

'အေး. . . . ဒါပေမဲ့ တချို့ကျတော့ လင်နဲ့မယား၊ မိဘနဲ့ သားသမီးရဲ့ မေတ္တာတွေကို အလေးအနက်ထားပြီး တည်ဆောက်ခဲ့ကြတယ်၊ အဲဒါဟာ မှန်ကန်တဲ့ အိမ်ထောင်ရေး သဘောထားတွေ၊ အဲဒီအိမ်ထောင်မျိုးမှာ လင်နဲ့မယား၊ မိဘနဲ့ သားသမီး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ သာယာပျော်ရွှင်တဲ့ မိသားစုဘဝလေး ဖြစ်နိုင်တယ်၊ အဖေနဲ့ အမေက ကလေးတွေကို သိပ်ချစ်တယ်၊ ကလေးတွေရဲ့ အနာဂတ်အတွက် တယုတယ ပြုစုပျိုးထောင်ပေးကြတယ်၊ ကလေးတွေကလည်း အဖေ အမေကို သိပ်ပြီး ချစ်ခင်အားကိုးတယ်၊ အဲဒီလို အိမ်ထောင် မိသားစုမှာ အခု ပြဿနာမျိုး ကြုံလာရတော့ ပိုခံစားကြရတယ်'

ကိုကျော်ခိုင် ဒုတိယအကြိမ် ခေါင်းညိတ် ထောက်ခံလိုက်ပြန်သည်။

'အဲဒီတော့ ငါ ဘာလုပ်သင့်တယ်ဆိုတာ မင်း အကြံပေးစမ်းပါဦး'

'ငါ အကြံမပေးချင်ပါဘူးကွာ၊ မင်းဘာသာ မင်းဆုံးဖြတ်ပါ၊ မင်းကလေးတွေကလည်း မင်းကို သိပ်ချစ်တော့ မင်းဆန္ဒကို ဆန့်ကျင်ကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့မှာတော့ ခံစားနေကြရတယ်ဆိုတာ အခု မင်းတွေ့နေရတာပဲ၊ အေး. . . . သူတို့ စိတ်ချမ်းသာဖို့ဆိုရင်တော့ မင်းဆန္ဒ မပြည့်တော့ဘူးပေါ့ကွာ အနစ်နာခံရမှာပေါ့၊ တဖက်ဖက်က



တော့ အနည်းနဲ့အများဆိုသလို အနစ်နာခံရမှာပေါ့ကွာ၊ အဖက်ဖ[illegible] ကနေ မင်းစဉ်းစားပေါ့'

'အောင်မိုး မင်းဟာ ဆရာဝန်တစ်ယောက်ဖြစ်သလို စဉ်းစား[illegible] ဆင်ခြင်တဲ့ နေရာမှာလည်း တော်တာပါပဲလား၊ တဖက်သား သဘော[illegible] ပေါက်အောင်လည်း ရှင်းပြတတ်တယ်ကွာ'

'ဟား. . . . ဟား ကျော်ခိုင်ရာ၊ ဒါကတော့ သူများကိစ္စကို စဉ်[illegible] စားပေးရတာမို့ပါ၊ ငါ့ကိစ္စကိုသာ ငါ့ဘာသာ စဉ်းစားရရင် ငါလည်[illegible] လုံးချာလည်နေမှာပါပဲ၊ ဒါကြောင့် ငါတို့ ဆေးပညာရှင်တွေတော[illegible] ကိုယ့်မိသားစုထဲက ခွဲစိတ်ကုသဖို့ လိုမယ်ဆိုရင် တတ်နိုင်သလော[illegible] ကိုယ်တိုင် ခွဲစိတ်တာကို ရှောင်ကြတယ်ကွ၊ စိတ်တည်ငြိမ်မှု မရှိရင် အမှားမှား အယွင်းယွင်း ဖြစ်မှာစိုးလို့၊ ဒီလိုပဲပေါ့ကွာ. . . . ကိုယ်ကိစ္စဆို[illegible] ရင် ကိုယ့်ဆန္ဒနဲ့ယှဉ်ပြီး ကိုယ်ဖြစ်ချင်တာကိုပဲ အလေးပေးမိတတ်တာ[illegible] ပေါ့၊ အဖက်ဖက်ကကြည့်ဖို့ မေ့သွားတတ်ကြတယ်၊ အချိန်ယူပြီး အေး[illegible] အေးဆေးဆေး စဉ်းစားပေါ့ကွာ၊ ပြီးမှ ဆုံးဖြတ်ပေါ့'

'ငါ အခု ဆုံးဖြတ်ပြီးပါပြီ'

'ဟ. . . . မြန်လှချည်လားကွ'

'အခုန မင်းပြောတာတွေ အားလုံးကို ကွန်ပျူတာထဲ [illegible] လိုက်မယ်ဆိုရင် အဖြေက ထွက်နေပြီလေကွာ'

'ဘယ်လိုထွက်တာလဲကွာ'

'ငါတစ်ယောက် အနစ်နာခံမလား၊ [illegible] အနစ်နာခံမလား၊ ငါက အဖေပဲကွာ၊ ငါသာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါကတစ်ယောက်တည်း သူတို့ကသုံးယောက်ပြီးတော့ ငါ နစ်နာတယ်ဆိုတာက မပြောပလောက်ပါဘူးကွာ၊ ငါ့ဆန္ဒမပြည့်ဝရုံတင် ပါ။ သူတို့မှာတော့ အညွန့်တလူလူဖြစ်နေတဲ့ လူငယ်တွေရဲ့ ဘဝလေး တွေ ပျက်သွားရမှာ၊ ဒီတော့ ငါတစ်ယောက်ပဲ အနစ်နာခံတော့မယ်၊ လူခြောက်ယောက် မနစ်နာစေတော့ဘူး'

'နောက်ထပ် သုံးယောက်က ဘယ်တ တိုးလာတာလဲကွ'

ဒေါက်တာ အောင်မိုး နားမလည်အောင် ဖြစ်သွားသည်။

'ကလေး သုံးယောက်တင် မကဘူးကွ၊ ငါ့ကို လက်ထပ်ဖို့ဆိုရင် ဝေဝေလည်း အနစ်နာ ခံရမှာပဲ၊ သူ့ကို ချစ်နေတဲ့ ဆောက်လုပ်ရေးက အင်ဂျင်နီယာလည်း စိတ်မကောင်းဖြစ်မှာပေါ့ကွာ၊ ဝေဝေ့အမေက လည်း လူပျိုလူလွတ် အင်ဂျင်နီယာနဲ့ပဲ သဘောတူမှာပေါ့'

ဒေါက်တာ အောင်မိုး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'ဒီအချိန်မှာ မင်းရင်ထဲတော့ ခံစားရမှာပေါ့ ကျော်ခိုင်ရာ'

ဒေါက်တာ အောင်မိုး စိတ်မကောင်းဖြစ်မိသည်။

'အို. . . . လူ့ဘဝဆိုတာ ခံစားချက်တွေနဲ့ လွတ်တာရယ်လို့ မရှိပါဘူးကွာ၊ ငါ ခံစားချင် ခံစားရပါစေ၊ အားလုံး ကောင်းဖို့အတွက်မို့ ငါ ခံစားရကျိုး နပ်တယ်လို့ပဲ ဖြေရမှာပေါ့ကွာ'

ဒေါက်တာ အောင်မိုးက နေရာမှထ၍ သူ၏လက်ကို တမ်းပေးလိုက်သည်။

ကိုကျော်ခိုင်က ဒေါက်တာ အောင်မိုး၏ လက်ကို ဆွဲ၍ နှုတ် ဆက်လိုက်သည်။ သို့သော် ကိုကျော်ခိုင်၏လက်သည် တင်းတင်းမာမာ



မရှိလှပါ။ မျက်လုံးများမှာလည်း ရီဝေလျက် ရှိပေသည်။

* * *

ပြုံးကမ္ဘာ အအေးဆိုင်ဝင်းအတွင်းရှိ ခရေပင်ကြီးပေါ်မှ ဥသြငှက်ကလေးသည် လွမ်းလွမ်းဆွေးဆွေးနှင့် အော်မြည်နေ၏။

ကိုကျော်ခိုင်သည် ခရေပင်ပေါ်သို့ ငေး၍ ကြည့်နေမိ၏။

'ဆရာ မနေ့က တော်တော် စိတ်မောမှာပေါ့နော်'

ဝေဝေက ကိုကျော်ခိုင်ကို ဂရုဏာ သက်မိသည်။

'စိတ်မောရုံတင် ဘယ်ကမလဲ ဝေဝေရယ်၊ ရင်ထဲမှာ ပူလောင် နေအောင် ခံစားရတယ်'

'ဆရာ၊ ကလေးတွေကို ပြောပြလိုက်တယ် မဟုတ်လား'

ကိုကျော်ခိုင် ခေါင်းညိတ်ပြသည်။

'အငိုလွယ်ပေမယ့် အရှိုက်ခက်တယ်ဆိုတာ တွေ့ပြီ မဟုတ် လား ဆရာ'

ကိုကျော်ခိုင် ခေါင်းညိတ်ရပြန်သည်။

'ဝေဝေလည်း ဆရာ ပြောတဲ့နေ့ညကပဲ မေမေ့ကို ပြောပြ တယ်'

'အဲဒီတော့ ဒေါ်ဒေါ်က ဘာပြောလဲ'

'အဲဒီလိုအထိ ဖြစ်လိမ့်မယ်လို့ ဝေဝေ မထင်မိဘူး ဆရာ၊ မေမေလေ ကလေးတစ်ယောက်လိုပဲ ရှိုက်ကြီးတငင် ငိုရှာတယ်'

'အို. . . .'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခိုင် စိတ်မကောင်းဖြစ်မိသည်။

'ဖြစ်မှ ဖြစ်ရလေ သမီးလေးရယ်လို့ ပြောပြီး ငိုတော့တာပါပဲ ဆရာ၊ သိပ်ကို သနားစရာ ကောင်းတာပဲ၊ မေမေ ငိုတော့ ဝေဝေလည်း ငိုရတာပေါ့ ဆရာ'

ကိုကျော်ခိုင် ဝေဝေ့အတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

'မနေ့ညကလည်း ဆရာ့ကလေးနှစ်ယောက်အကြောင်းကို ပြောပြတော့ မေမေ ငိုပြန်တယ် ဆရာ၊ ကလေးတွေကိုလည်း သနားလို့တဲ့၊ ဝေဝေ ငယ်ငယ်ကလည်း မေမေ့မှာ အားကိုး မရှိလို့ နောက်အိမ်ထောင်ပြုဖို့ ကြံစည်ဖူးတယ်တဲ့၊ ဒါပေမဲ့ ဝေဝေက ပထွေးဆိုတာကို ကြောက်လို့ဆိုပြီး ငိုတာနဲ့ မေမေ နောက်အိမ်ထောင် မပြုဖြစ်ခဲ့ဖူးတဲ့၊ ခုလည်း ကလေးတွေက မိထွေးကို ကြောက်ရှာမှာပေါ့လို့ ပြောတယ် ဆရာ၊ ဝေဝေ ကိုယ်တိုင်က ပထွေးကို ကြောက်ခဲ့ပြီး ခုတော့ မိထွေးကို ကြောက်ရှာကြတဲ့ ကလေးတွေရဲ့ မိထွေး မလုပ်ချင်ပါနဲ့ သမီးရယ်လို့ ပြောပြီး ငိုပါတယ် ဆရာ'

ကိုကျော်ခိုင် ခေါင်းညိတ်ပြသည်။

'ကောင်းတဲ့ မိထွေး ပထွေးတွေလည်း ရှိပါတယ် ဆရာ၊ မိဘနဲ့မခြား မေတ္တာထားသူတွေလည်း ရှိပါတယ်၊ ဒါပေမဲ့ အစွဲအလမ်းက မိထွေး ပထွေးဆိုရင် ကြောက်စရာလို့ ထင်နေကြတာ များပါတယ်'

'ဆရာ နားလည်ပါတယ် ဝေဝေ၊ ဆရာ ဝေဝေ့ကို ကျေနပ်ပါတယ်၊ ဝေဝေ့ မေမေကိုလည်း ပြောပါ၊ ဆရာလည်း ဝေဝေ့ မေမေလိုပဲ သားသမီးတွေရဲ့ဘဝ သာယာချမ်းမြေ့မှုကို ဆောင်ရွက်ပါမယ်လို့။



ဆရာ ဝေဝေ့ကို နှမလေးတစ်ယောက်လိုပဲ ချစ်ခင်ပါ့မယ်၊ တို့ . . . ဆောက်လုပ်ရေးက အင်ဂျင်နီယာလေးကို ကြည့်ရတာလည်း ဝေဝေ့ပေါ်မှာ တော်တော် မေတ္တာကြီးပုံရပါတယ်'

'တော်ပါတော့ ဆရာရယ်'

ဝေဝေ၏ နားထဲတွင် ခင်မမ၏ကက်ဆက်မှ ဖွင့်လေ့ရှိသော ကျွန်းကလေးပေါ်မှ ချစ်သူနှစ်ဦးအကြောင်း အင်္ဂလိပ်သီချင်းကို ကြားယောင်နေမိသည်။

သို့သော် ပင်လယ်ပြင်သို့ လှေကလေးဖြင့် ထွက်ခွာသွားသူမှာ ကိုကျော်ခိုင်မဟုတ်ပဲ ဝေဝေ ဖြစ်နေသည်။ လှိုင်းပုတ်နေသော ကျောက်ဆောင်ပေါ်တွင် ရပ်တည်လျက် ကျန်ရစ်သူမှာ ကိုကျော်ခိုင် ဖြစ်နေသည်။

ဝေဝေ၏ပါးပေါ်တွင် မျက်ရည်များက စီးဆင်းလာကြသည်။

ကိုကျော်ခိုင်သည် ဝေဝေ့ကို ငေးကြည့်နေရင်း ရင်ထဲတွင် နာနာကျင်ကျင် ခံစားရသည်။

ဤဘဝတွင်ဆုံဆည်းနိုင်ခွင့် ရှိတော့မည်မဟုတ်သော မိမိတို့၏အဖြစ်ကိုလည်း ဝမ်းနည်းကြေကွဲမိသည်။

ဝေဝေသည် စားပွဲပေါ်သို့ ကျသွားသော မျက်ရည်ပေါက်တလေးကို စက္ကူလက်သုတ်ပဝါဖြင့် သုတ်နေရှာသည်။

ဝေဝေ၏ ဖြူသွယ်သော လက်ကလေးကို ကိုကျော်ခိုင် ကြင်နာစွာ ဆုပ်ကိုင်၍ နှစ်သိမ့်အားပေးမိပါသည်။

ဝေဝေ၏ ပါးပြင်ပေါ်တွင် မျက်ရည်တို့က အဆက်မပြတ် စီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာကြပြန်၏။

'ဝေဝေ'

ကိုကျော်ခိုင်၏ အသံက လွမ်းမောနေ၏။

'ဆရာရယ်'

ဝေဝေ ရှိုက်၍ရှိုက်၍ ငိုလေပြီ။

ခရေပင်ပေါ်မှ ဥသြငှက်ကလေးသည် လွမ်းတွေးကို သီနေပြန်၏။ ငှက်ငယ်၏ အော်မြည်သံသည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ ပို၍ မြင့်တက်လာ၏။

'အော်ပေဦးတော့ ငှက်ကလေးရေ အော်မြည် တမ်းတပေဦးတော့'

ကိုကျော်ခိုင်သည် ရီဝေသော မျက်လုံးများနှင့် ခရေပင်ပေါ်မှ ဥသြငှက်ကလေးကို မျှော်ကြည့်မိသည်။ တောင်ပံခတ်သံနှင့်အတူ ငှက်မည်းညိုလေး ပျံလေပြီ။ ဝေးရာသို့ ပို၍ ပို၍ ဝေးရာဆီသို့။

ᨏ ᨏ ᨏ

သီတင်းကျွတ်လပြည့်နေ့ညသည် လောကတခွင် အလှဆင်သောည။ ကျက်သရေတင့်သော ည ဖြစ်သည်။

တစ်ရပ်ကွက်လုံး မီးရောင်စုံများ ထွန်းညှိထားကြသည်။

သီတာ၊ ပိုးအိနှင့် အောင်အောင်တို့သည် အိမ်ပြတင်းပေါက်များတွင် လှပသော မီးပုံးကလေးများကို ထွန်းညှိကြသည်။ မီးရောင်စုံအောက်တွင် သူတို့၏ မျက်နှာကလေးများမှာ ကြည်လင် တောက်ပနေကြသည်။



ကိုကျော်ခိုင်သည် တစ်နေ့လုံး အလုပ်လုပ်သောကြောင့် ကက်ဆက် အဒက်ပတာ ထရန်စဖော်မာ လေးခုပတ်၍ ပြီးခဲ့ပြီ။ ညပိုင်းတွင် အေးအေးဆေးဆေး အနားရနေသောကြောင့် သားသမီးများနှင့်အတူ မီးကူထွန်းသည်။ ဘုရားစင်ရှေ့တွင် ဆီမီးငါးတိုင် ထွန်းညှိ၍ ဘုရားကန်တော့ကြသည်။

ဘုရား ကန်တော့၍ ပြီးသောအခါ သီတာက ဘုရားစင်ရှေ့တွင် တစ်ယောက်ထိုင် သင်ဖြူးဖျာလေးကို ခင်းလိုက်သည်။

'ဖေဖေ ထိုင်လေ'

သီတာ၏ အစီအစဉ်အတိုင်း ကိုကျော်ခိုင် ထိုင်လိုက်သည်။

'ဖေဖေ၊ ခဏလေး နေဦးနော်'

မောင်နှမသုံးယောက် ဒေါ်သိန်းအခန်းထဲသို့ ဝင်သွားကြ၏။ ပြန်ထွက်လာသောအခါ လက်ထဲတွင် စက္ကူအိတ်တစ်ခုစီ ပါလာကြသည်။

'ဟ. . . . ဘာတွေလဲ၊ သားတို့ သမီးတို့ရဲ့'

ကိုကျော်ခိုင် နားမလည်ဖြစ်နေသည်။

'ဒါက သမီးရတဲ့ မုန့်ဖိုးကိုစုထားတဲ့ ငွေနဲ့ ဝယ်ထားတာပါ ဖေဖေ့အတွက် ထီးပါ'

ကိုကျော်ခိုင်သည် သီတာကို ကြည့်၍ ရင်ထဲတွင် ဆို့နင့်သွားအောင် ခံစားလိုက်ရသည်။ ကိုကျော်ခိုင် ဆုမပေးနိုင်သေး။

အောင်အောင်က သူ့လက်ထဲမှ စက္ကူအိတ်ကို ဖခင်၏ ရှေ့တွင် တရိုတသေ ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သားလည်း မုန့်ဖိုးကို စုပြီး ကန်တော့တာပါ၊ ဖေဖေ့အတွက် ဖိနပ်'

အောင်အောင် ကန်တော့သည်။

ပိုးအိက ဒူးကလေးတုပ်၍ ဖခင်၏ရှေ့တွင် သူ့လက်ထဲမှ အိတ်ကို ထားလိုက်ပြန်သည်။

'သမီးလည်း မုန့်ဖိုးကိုစုပြီး ဝယ်ထားတာပါ၊ ဖေဖေ့အတွက် လွယ်အိတ်'

ပိုးအိ ကန်တော့သည်။

ကိုကျော်ခိုင်၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေ၍ သမီးငယ်ကို ဝေဝေဝါးဝါးသာ မြင်ရသည်။

'ဪ. . . . သားတို့ သမီးတို့ရယ်'

ကိုကျော်ခိုင်၏ အသံမှာ တုန်နေ၏။

ကလေးများကို ဆုပေးနိုင်ရန်အတွက် ကိုကျော်ခိုင် စိတ်ကို မနည်း ထိန်းလိုက်သည်။

'ငါ့သား ငါ့သမီးတွေ ကိုယ်ကျန်းမာ စိတ်ချမ်းသာနဲ့ ပညာ ထူးချွန်ကြပါစေ၊ ဒီအဖေနဲ့ ဒီသားသမီးတွေ တသက်လုံးချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြရပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

သီတာ၏ပါးပေါ်တွင် မျက်ရည်များ စီးကျလာသည်။

'အို. . . . သမီးက ဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲကွယ်'

သီတာ မျက်ရည်ကျသည်ကို မြင်ရ၍ ကိုကျော်ခိုင် စိတ်မ



ကောင်း ဖြစ်မိ၏။

'သမီးတို့ စိတ်ချမ်းသာအောင် ဖေဖေ အနစ်နာခံတာကိုတွေး မိပြီး စိတ်မကောင်းဖြစ်လို့ပါ'

'အို. . . . သမီးရယ်၊ သမီးက ဒီလောက်အထိတောင် တွေးနေ တာကိုး၊ စိတ်မကောင်း မဖြစ်ပါနဲ့ သမီးရယ်၊ သားတို့ သမီးတို့နဲ့ပဲ ဖေဖေ ပျော်ပျော်ရွှင်ရွှင်နေမယ်၊ အခုဆိုရင် ဝင်ငွေကောင်းတဲ့ အလုပ် တစ်ခုလည်း ရနေပြီ၊ သားတို့ သမီးတို့ကို လောကအလယ်မှာ လူ တစ်လုံး သူတစ်လုံးဖြစ်အောင် ဖေဖေ ပြုစုမယ်၊ သမီးတို့ သားတို့က လိမ်လိမ်မာမာနဲ့ ပညာကို ထူးချွန်အောင် ကြိုးစားကြနော်'

'ဟုတ်ကဲ့ ဖေဖေ၊ သမီးတို့ သားတို့ ကြိုးစားပါ့မယ်'

ကလေးများက ကတိပေးကြသည်။

'ကဲ. . . . မေမေ့ကို ကန်တော့ကြ'

ကိုကျော်ခိုင်က သင်ဖြူးဖျာလေးပေါ်မှ ဖယ်ပေးရန်ထလိုက် သည်။

'ဟင့်အင်း၊ ဖေဖေ မထပါနဲ့ဦး၊ ပြန်ထိုင်ပါဦး'

သီတာက အတင်း ပြန်အထိုင်ခိုင်းနေ၍ ကိုကျော်ခိုင် အံ့ဩ မိသည်။

'သမီးတို့ သားတို့ မေမေ့ကို ကန်တော့ကြဦးလေ'

'ကန်တော့ပါမယ်၊ ဖေဖေ ပြန်ထိုင်ပါဦး'

သမီး၏ဆန္ဒအရ ကိုကျော်ခိုင် ပြန်ထိုင်ရသည်။

'သမီးတို့အတွက် ဖေဖေဟာ ဖေဖေလည်း ဖြစ်ပါတယ်၊ မေမေ လည်း ဖြစ်ပါတယ်၊ အခုတခါ ဖေဖေ့ကို ကန်တော့တာဟာ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



တွက် ဖြစ်ပါတယ်၊ သမီးတို့ သင်ဖြူးမျှာလေးမှာ ကွက်လပ်မရှိတော့ပါ ဘူး ဖေဖေ'

'ဩော်. . . . အခိုဝှာယ်တွေကလည်း အမြည့်ပါလား သမီး တို့ရယ်'

ကလေးများ ဖခင်ကို ဒုတိယအကြိမ် ကန်တော့ကြပြန်သည်။ ကိုကျော်ခိုင်၏ ရင်ထဲတွင် ဝမ်းသာ ဝမ်းနည်းမှုများဖြင့် ခံစားရလွန်း သည့် မျက်ရည်များက အလိုလို စီးဆင်းလာကြ၏။

အမိမဲ့သား ရေနည်းငါးဖြစ်နေကြသည့် ကလေးသုံးယောက် လည်း ဖခင်ကိုကြည့်၍ မျက်ရည်များ စီးကျနေကြသည်။

သားအဖတစ်တွေကို အခန်းပေါက်မှ ထိုင်ကြည့်နေသော ဒေါ်သိန်းသည် စီးကျလာသော မျက်ရည်များကို အင်္ကျီလက်ဖြင့်သုတ် ၍ မနိုင်ရှာပေ။

ကိုကျော်ခိုင်သည် မျက်ရည်ပူများနှင့်ပင် ကလေးများကို ပြုံးပြလိုက်သည်။ ကလေးတို့လည်း ပြန်၍ပြုံးပြကြသည်။ အပြုံးများ နှင့်အတူ. . . .

'ဖေဖေ'

သီတာက ဖခင်ကိုဖက်၍ မွှေးလိုက်သည်။

'ဖေဖေ'

'ဖေဖေ'

အောင်အောင်နှင့် ပိုးအိတို့ကလည်း ဖခင်ကိုဖက်၍ မွှေးကြ သည်။ အားလုံး၏ ပါးပြင်ပေါ်မှာတော့ မျက်ရည်များက ကိုယ်စီကိုယ်င စီးကျလျက်။



သို့သော်

ဝမ်းသာသော မျက်ရည်။

ပျော်သော မျက်ရည်။

ကြည်နူးသော မျက်ရည်။

* * *

## လယ်တွင်းသားစောချွန်

BURMESE CLASSIC .com

www.burmeseclassic.com